# သုခချမ်းသာလမ်းညွှန်

Ellen G. White ရေးသားသည့် Steps to Christ စာအုပ်ကို
ဦးစောဦးက “သုခချမ်းသာလမ်းညွှန်” အမည်ဖြင့်
မြန်မာပြန်ဆိုသည်။

## ရှေးဦးစကား

ဤစာစောင်၏အမည်မှာ "သုခချမ်းသာလမ်းညွှန်" ဟုခေါ်ဆိုထားသည်အတိုင်း ဖြောင့်မတ်ခြင်းတရားနှင့်ငြိမ်သက်ခြင်းချမ်းသာကို ရှာဖွေနေသောသူတို့သည် မိမိတို့ကိုယ်ကိုလုံးလုံးအပ်နှံလျက် အပြစ်သားတို့၏မိတ်ဆွေကြီး၌စွဲမြဲစွာအားထားယုံကြည်ခြင်းဖြင့်မိမိတို့၏ ရည်ရွယ်ချက်တည်းဟူသော ကောင်းချီးမင်္ဂလာကိုကြွယ်ဝစွာခံယူရရှိနိုင်ကြလေသည်။ ဤစာစောင်၌ဖော်ပြထားသောသြဝါဒများ၊ နှိုးဆော်ချက်များတို့သည် စိတ်ဒုက္ခရောက်သူတို့အား စိတ်သက်သာခြင်းနှင့်မျှော်လင့်ခြင်းအခွင့်ထူးများကိုချပေးလေပြီ။ တပည့်တော်အများတို့အား မိမိတို့၏ ရှေ့ဆောင်လမ်းပြကြီး၏ ခြေတော်ရာကို တစ်သဝေမတိမ်းလိုက်လျှောက်စေခြင်းငှာ သာ၍ယုံကြည်ကိုးစားလျက် သာ၍ပျော်မွေ့ခြင်းအခွင့်ကိုလည်း ရရှိစေလေပြီ။

ထိုအတူ ထိုသို့သောအကူအညီ အားပေးတိုက်တွန်းခြင်းကို အလိုရှိကြသောလူအများတို့အား သတင်းကောင်းများကို ဤစာစောင်က ဖော်ပြလိမ့်မည်ဟုမျှော်လင့်ပါသည်။ ဤ "သုခချမ်းသာလမ်းညွှန်" စာစောင်ကိုဖတ်သောအခါ ကောင်းကင်သုခချမ်းသာ၏အကြောင်းကို စာဖတ်သူတို့သည် တိုး၍သိမြင်လာကြပါလိမ့်မည်။

# မာတိကာ


လူသားအတွက်ဘုရားသခင်၏၏မေတ္တာတော်–––––––––––– ၁

ကယ်တင်ရှင်ကိုလိုလားသောအပြစ်သား ––––––––––––––– ၁၄

နောက်တတရား ––––––––––––––––––––––––––– ၂၃

အပြစ်ကိုဖေါ်ပြဝန်ချခြင်း –––––––––––––––––––––––– ၄၆

ဆက်ကပ်ပူဇော်ခြင်း ––––––––––––––––––––––––––– ၅၄

ယုံကြည်ခြင်းနှင့်လက်ခံတော်မူခြင်း ––––––––––––––––––– ၆၃

တပည့်တော်အဖြစ်ကိုစစ်ဆေးခြင်း –––––––––––––––––––– ၇၄

မြင့်မြတ်သောသူအဖြစ်သို့ကြီးပွားခြင်း–––––––––––––––––– ၈၉

အမှုဆောင်ခြင်းနှင့်အသက်ရှင်ခြင်း ––––––––––––––––––– ၁၀၄

ဘုရားသခင်ကိုသိကျွမ်းခြင်းပညာ ––––––––––––––––––– ၁၁၆

ဆုတောင်းခြင်းအခွင့်အရေး –––––––––––––––––––––––– ၁၂၉

ယုံမှားသံသယစိတ်ကင်းဝေးရေး –––––––––––––––––––– ၁၅၁

ဘုရားသခင်၌မွေ့လျော်ခြင်း –––––––––––––––––––––– ၁၆၆


–––ooo–––

# လူသားအတွက်ဘုရားသခင်၏
# မေတ္တာတော်

သဘာဝတွင်ထင်ရှားဖေါ်ပြထားသောအရာတို့သည် ဘုရားသခင်၏မေတ္တာတော်ကိုအတူတကွသက်သေခံကြလေသည်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဖခမည်းတော်သည် အသက်၊ ဉာဏ်ပညာနှင့်ဝမ်းမြောက်ခြင်း၏အမြစ်မူလဖြစ်တော်မူ၏။ သဘာဝ၏လှပတင့်တယ်အံ့ဩဖွယ်သောအရာဝတ္ထုများကိုကြည့်ပါ။ လူသာမက အသက်ရှင်သောသတ္တဝါအပေါင်းတို့၏လိုအင်ဆန္ဒနှင့်ပျော်မွေ့ခြင်းအဖို့ အံ့ဩဖွယ်ကောင်းလောက်အောင် စီမံဖန်တီးထားချက်များကိုဆင်ခြင်ကြည့်ပါ။ မြေကြီးကိုစိမ်းလန်းစိုပြည်စေလျက် နှစ်သက်ဖွယ်ဖြစ်သောနေရောင်နှင့်မိုးရေ၊ တောင်များ၊ ပင်လယ်များနှင့်လွင်ပြင်များအားလုံးတို့သည်ဖန်ဆင်းတော်မူသောဘုရားသခင်၏မေတ္တာတော်အကြောင်းကိုမြွက်ဆိုကြလေသည်။ မိမိ၏သတ္တဝါအပေါင်းတို့အတွက် နေ့စဉ်လိုအပ်သောအရာများကိုထောက်ပံ့တော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။ တင့်တယ်သောစကားများဖြင့် ဆာလံဆရာက အောက်ပါအတိုင်း ပြောဆိုထား၏။

ခပ်သိမ်းသောသတ္တဝါတို့သည် ကိုယ်တော်ကိုမျှော်ကြည့်၍ အချိန်တန်မှသူတို့ကိုကျွေးမွေးတော်မူ၏။လက်တော်ကိုဖွင့်၍ အသက်ရှင်သောသတ္တဝါအပေါင်းတို့ကို ရောင့်ရဲစေတော်မူ၏။ (ဆာလံကျမ်း ၁၄၅း၁၅၊၁၆။)

ဘုရားသခင်သည် လူကိုလုံးလုံးသန့်ရှင်း၍ပျော်ရွှင်ဖွယ်ကောင်းသောအဖြစ်၌ ပြုပြင်ဖန်ဆင်းထားတော်မူ၏။ ၎င်းပြင်လှပသောမြေကြီးသည် ဖန်ဆင်းတော်မူသောဘုရားသခင်၏လက်တော်မှဖြစ်ပေါ်လာစဉ်အခါက သိမ်မွေ့စွာစောင့်ရှောက်ပြုစုခြင်းအကြောင်း မိမိ၏သားသမီးများကိုပျက်စီးယိုယွင်းခြင်းလက္ခဏာ (သို့မဟုတ် ) ကျိန်ခြင်း၏အရိပ်အရောင်အနည်းငယ်မျှမပါမရှိခဲ့ပါ။ ချစ်ခြင်းမေတ္တာတော်တရားတည်းဟူသောဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးခြင်းသည် အပြစ်နှင့်သေခြင်းကိုယူဆောင်လာလေ၏။ သို့သော်အပြစ်ကြောင့် ခံစားရသောဒုက္ခဆင်းရဲခြင်းများအလယ်၌ ဘုရားသခင်၏မေတ္တာတော်သည် ထင်ရှားလျက်ရှိ၏ ။ ဘုရားသခင်သည် လူ၏အကျိုးအလို့ငှာ မြေကြီးအားကျိန်ခြင်းကိုခံစေတော်မူ၏ ဟုရေးသားထား၏ ။ (ကမ္ဘာဦးကျမ်း ၃း၁၇။) အပြစ်ကပေါ်လာစေသော ပျက်စီးယိုယွင်းခြင်းနှင့်ယုတ်ညံ့အောက်တန်ကျသောအခြေအနေမှဆွဲငင်ယူဖို့ ဘုရားသခင်၏အကြံအစည်တော်တွင်လိုအပ်သောသင်ခန်းစာတစ်ခုအဖြစ်နှင့် လူ၏အသက်တာကိုပင်ပန်း၍စိုးရမ်ကြောင့်ကြဖွယ်ဖြစ်စေသောခက်ခဲခြင်းများနှင့်စုံစမ်းခြင်းများတည်းဟူသောဆူးပင်နှင့်တောပင်များကို လူ၏ကောင်းကျိုးအလို့ငှာစီမံထားတော်မူ၏ ။ ကမ္ဘာမြေကြီးသည် ဆုံးရှုံးလျက်ရှိသော်လည်း အားလုံးတို့သည်ဝမ်းနည်းခြင်းနှင့်ဒုက္ခဆင်းရဲခြင်းတို့ကိုသက်ရောက်စေသည်မဟုတ်ပါ။ သဘာဝပစ္စည်းထဲမှာပင် မျှော်လင့်ခြင်း၊ သက်သာခြင်းနှင့်ဆိုင်သောသတင်းစကားများရှိပေသည်။ တောပင်များအပေါ်တွင်ပန်းများပွင့်နေလျက် နှင်းဆီပင်၏ဆူးများကိုလည်း ပန်းပွင့်များကဖုံးအုပ်ထားလျက်ရှိ၏ ။

## လူသားအတွက်ဘုရားသခင်၏မေတ္တာတော်

ပွင့်စပြုသောအဖူးနှင့် ပေါက်စပြုနေသောမြက်ပင်၏ထိပ်ဖျား အသီးအသီးအပေါ်တွင် ' ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏ ' ဟူသောအချက်ကိုရေးထားလျက်ရှိ၏။ နှစ်သက်ဖွယ်ရာကောင်းသောငှက်တို့သည် မိမိတို့၏သာယာသောသီချင်းသံများကိုလေထဲ၌ပေါ်ထါက်လာစေကြ၏။နူးညံ့လျက်ရောင်စုံအဆင်းနှင့်ပြည့်စုံသောပန်းများသည် စုံစုံလင်လင်ဖြင့်ပွင့်လာလျက် မိမိတို့၏အနံ့အသက်များအားဖြင့် လေကိုမွှေးကြိုင်နေစေ၏။ သစ်တောကြီးများတွင် အလွန်မြင့်လျက် စိမ်းလန်းစိုပြည်သောအရွက်များ၊ အကိုင်းအခက်များနှင့်ဝေဆာအုပ်ဆိုင်းနေသောသစ်ပင်ကြီးများတည်ရှိနေကြ၏။ဤအရာအားလုံးတို့သည် ကျွန်ုပ်တို့အဘဘုရားသခင်၏သိမ်မွေ့ဝမ်းမြောက်ရွှင်မြူးစေဖို့ရန် ကိုယ်တော်တိုင်အလိုရှိတော်မူကြောင်းကိုသက်သေခံကြ၏ ။

ဘုရားသခင်၏နှုတ်ထွက်စကားတော်သည် ဘုရားသခင်၏ဘုန်းတော်နှင့်သဘောတော်အကြောင်းကိုထင်ရှားစေ၏။ ဘုရားသခင်ကိုယ်တော်တိုင် မေတ္တာတော်နှင့်ကရုဏာတော်အကြောင်းကိုဖေါ်ပြထားတော်မူခဲ့ပြီ။ မောရှေသည် 'ကိုယ်တော်၏ဘုန်းတော်ကိုအကျွန်ုပ်အားပြတော်မူပါ ' ဟုတောင်းလျှောက်သောအခါ ထာဝရဘုရားက၊ 'ငါ၏ကောင်းမွန်ခြင်းရှိသမျှကိုသင့်ရှေ့၌ငါလျှောက်သွားစေမည် ' ဟုပြန်၍မိန့်တော်မူ၏။ (ထွက်မြောက်ရာကျမ်း ၃၃း၁၈၊၁၉။) ဤအရာသည် ဘုရားသခင်၏ဘုန်းတော်ဖြစ်ပေသည်။ ထာဝရဘုရားသည် မောရှေ၏ရှေ့၌ကြွသွားတော်မူ၍ 'ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်း၊ မေတ္တာ၊ ကရုဏာနှင့်ပြည့်စုံ၍စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော၊အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကိုစောင့်တော်မူထသော၊အတင်းအကျပ်ကျင့်ခြင်း၊ တရားတော်

ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကိုဖြေလွှတ်တော်မူ၏။'
(ထွက်မြောက်ရာကျမ်း ၃၄း၆၊၇။) 'ထာဝရဘုရား၌စိတ်ရှည်သော
သဘော၊ ကျေးဇူးပြုချင်သောသဘောရှိတော်မူ၏။(ယောနဝတ္ထု ၄း၂။)
အကြောင်းမူးကား ကိုယ်တော်သည် ကရုဏာ၌မွေ့လျော်သောကြောင့်
တည်း၊' (မိက္ခာအနာဂတ္တိကျမ်း ၇း၁၈။)

ကောင်းကင်နှင့်မြေကြီးပေါ်ရှိ မရေမတွက်နိုင်သောလက္ခဏာသက်သေများအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကိုမိမိထံတော်သို့ဆွဲငင်တုပ်နှောင်တော်မူ၏။ လူတို့၏စိတ်နှလုံးဖြင့်သိရှိနိုင်သောသဘာဝ၏ဝတ္ထုပစ္စည်းများနှင့်အနက်နဲဆုံး၊ နူးညံ့သိမ်မွေ့ဆုံးသောလောကချည်နှောင်ဆက်သွယ်ရာများအားဖြင့် ဘုရားသခင်သည် မိမိကိုယ်တိုင်ကိုကျွန်ုပ်တို့အားထင်ရှားဖေါ်ပြတော်မူရန် ကြံစည်တော်မူခဲ့ပြီ။ သို့ရာတွင် ဤအရာများအားဖြင့် ဘုရားသခင်၏မေတ္တာတော်ကိုစုံလင်စွာမထင်မရှားစေနိုင်သေးပါ။ ဤလက္ခဏာသက်သေအပေါင်းတို့ကိုထင်ရှားစွာဖေါ်ပြတော်မူသော်လည်း လူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့်မျှော်ကြည့်လျက် ကိုယ်တော်သည် ပြင်းထန်၍ အပြစ်လွှတ်တော်မမူသောဘုရားသခင်ဖြစ်သည်ဟု ထင်မြင်ကြမည်ကြောင်း ကောင်းမြတ်သောအရာ၏ရန်သူသည် သူတို့၏စိတ်သဘောကိုအမိုက်မှောင်နှင့်ဖုံးလွှမ်းစေ၏။ လူတို့သည်ဘုရားသခင်အား ခက်ထန်ကြမ်းကြုတ်သောတရားသူကြီး၊ စေ့စပ်သေချာ၍ကြမ်းတမ်းသောမြီရှင်ကဲ့သို့ထင်မှတ်စေရန်စာတန်သည် လူများကိုသွေးဆောင်တတ်၏။ ဘုရားသခင်သည် လူများတို့အားတရားစီရင်နိုင်မည်အကြောင်း ငြူစူသောမျက်နှာထားဖြင့်လူတို့၏မှားယွင်းချက်များနှင့်ယိုယွင်းချက်များတို့ကိုစစ်ဆေးရှာဖွေရန် ချောင်းမြောင်းလျက်နေသောသူကဲ့သို့စာတန်က သရုပ်ပေါ်အောင်ဖေါ်ပြ၏။

ဘုရားသခင်၏မေတ္တာတော်ကိုလောကအားဖေါ်ပြခြင်းဖြင့် ဤမှောင်ရိပ်ကိုဖယ်ရှားဖို့ရန်သခင်ယေရှုသည်လူတို့အထဲ၌လာရောက်နေထိုင်တော်မူခဲ့၏။

ခမည်းတော်၏အကြောင်းကိုထင်ရှားစေခြင်းငှာဘုရားသခင်၏သားတော်သည် ကောင်းကင်မှဆင်းသက်တော်မူ၏။ ဘုရားသခင်ကိုအဘယ်သူမျှမမြင်ဖူးသော်လည်းခမည်းတော်၏ရင်ခွင်၌ရှိသောတစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကိုထင်ရှားတော်မူပြီ။ (ယောဟန်ခရစ်ဝင် ၁း၁၈။)သားတော်နှင့်သားတော်သည်လင်းစေသောသူမှတစ်ပါးအဘယ်သူမျှခမည်းတော်ကိုမသိ။(မဿဲခရစ်ဝင် ၁၁း၂၇။) တစ်ယောက်သောတပည့်တော်က၊ 'ခမည်းတော်ကိုအကျွန်ုပ်တို့အားပြတော်မူပါ' ဟုလျှောက်သောအခါ၊ယေရှုက၊'ဖိလိပ္ပု၊ ဤမျှကာလပတ်လုံးငါသည်သင်တို့နှင့်အတူရှိပြီးမှသင်သည်ငါ့ကိုမသိသေးသလော။ ငါ့ကိုမြင်သောသူသည်ခမည်းတော်ကိုမြင်၏။သို့ဖြစ်လျှင် ခမည်းတော်ကိုကျွန်ုပ်တို့အားပြတော်မူပါဟု သင်သည်အဘယ်သို့ဆိုရသနည်း' ဟုပြန်၍မိန့်တော်မူတော်မူ၏။ (ယောဟန်ခရစ်ဝင် ၁၄း၈၊၉။)

မြေကြီးပေါ်၌ပြုလုပ်ဆောင်ရွက်ရမည့် အမှုတော်အကြောင်းကိုဖေါ်ပြရာတွင် ယေရှုက၊ 'ထာဝရဘုရားသည် ဆင်းရဲသားတို့အားဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှာ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကိုပျောက်စေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွတ်ခြင်းအကြောင်းနှင့်မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်စေခြင်းအကြောင်းကိုပြစေခြင်းငှာလည်းကောင်း၊ ညှင်းဆဲခံရသောသူတို့ကိုကယ်မစေခြင်းငှာလည်းကောင်း၊ ထာဝရဘုရား၏မင်္ဂလာနှင့်ကာလကိုကြားစေခြင်းငှာ

လည်းကောင်း။ ငါ့ကိုစေလွှတ်တော်မူပြီ’ ဟုမိန့်တော်မူ၏။ (လုကာ ခရစ်ဝင် ၄း၁၉။) ဤသည်ကား၊ ကိုယ်တော်၏အမှုတော်တည်း။ ကိုယ်တော်သည်ကျေးဇူးပြုလျက်စာတန်ညှဉ်းဆဲသောသူအပေါင်းတို့အား ချမ်းသာကိုပေးလျက် လှည့်လည်တော်မူ၏။ တစ်ရွာလုံးတွင် မည်သည့်အိမ်၌မျှအဖျားရောဂါကြောင့်ငိုကြွေးမြည်တမ်းနေရသောသူ မရှိသလောက်ဖြစ်ပေ၏။ အကြောင်းမူကား၊ ကိုယ်တော်သည်ထိုရွာများကို ဖြတ်ကျော်သွား၍ လူအပေါင်းတို့၏ရောဂါများကို ချမ်းသာပေးတော်မူ၏။ ကိုယ်တော်သည် ထာဝရဘုရား၏ဘိသိက်ကို ခံယူရရှိကြောင်း မိမိ၏အမှုတော်အားဖြင့်ထင်ရှားစေ၏။ မိမိ၏အသက်တာတွင် အမှု အသီးအသီး၌မေတ္တာ၊ ကရုဏာနှင့်ခရစ်ယာန်သာသနာကိုထင်ရှားစေ၏။ လူတို့၏သားသမီး၊ ကလေးသူငယ်များတို့အပေါ်၌ ကြင်နာထောက်ထားတတ် သောသဘောနှင့်ပြည့်ဝတော်မူ၏။ လူတို့၌လိုအပ်သောအချက်တို့ကို ဖြည့်စွက်အံ့သောငှာ ကိုယ်တော်သည်လူဇာတိအဖြစ်ကိုခံယူတော်မူ၏။ အဆင်းရဲဆုံးနှင့်အယုတ်ဆုံးသောသူတို့သည် ကိုယ်တော်ထံသို့ချဉ်းကပ် ရန်မကြောက်ရွံ့ကြချေ။ကလေးသူငယ်များပင်လျှင် ကိုယ်တော်ထံသို့ ချဉ်းကပ်လိုကြပေသည်။ သူတို့သည် ကိုယ်တော်၏ပေါင်ပေါ်သို့တက် လျက် တည်ကြည်၍ မေတ္တာနှင့်တောက်ပနေသောမျက်နှာတော်ကို ဖူးမြင်ကြလေ၏။

သခင်ယေရှုသည် သမ္မာတရားနှင့်ဆိုင်သောစကားတစ်ခွန်းကိုမျှ တင်းကျပ်စွာမိန့်မြွက်တော်မမူပါ။ အစဉ်သဖြင့် မေတ္တာနှင့်ဖေါ်ပြတော် မူတတ်၏။ ကိုယ်တော်သည်လူသားတို့နှင့်စကားစမြည်ပြောဆိုမိန့်မြွက် တော်မူရာတွင် အထူးသေချာတိကျစွာပြောဆိုတတ်ခြင်း၊ ဆင်ခြင် ကြင်နာစွာလူများအားဂရုစိုက်တတ်ခြင်းအမှုတို့ကိုပြုလေ့ရှိတော်မူ၏။

ကိုယ်တော်သည်ဘယ်သောခါမျှ ကြမ်းတမ်းစွာပြုတော်မမူ။ မလိုဘဲ ပြင်းထန်သောစကားကိုမိန့်တော်မမူ။ ထိခိုက်လွယ်သောဝိညာဉ် အား ဘယ်သောအခါမျှမလိုသောရောဂါကိုသက်ရောက်စေတော်မမူ။ လူတို့၏အားနည်းခြင်းအဖြစ်ကို ဘယ်သောအခါမျှ အပြစ်တင်တော် မမူ။ ကိုယ်တော်သည် မှန်ကန်သောတရားတော်ကိုဖေါ်ပြရာတွင် အစဉ်သဖြင့်မေတ္တာတော်ကိုပြတော်မူ၏။ ကိုယ်တော်သည်လျှို့ဝှက် လှည့်ဖြားခြင်း၊ ယုံမှားခြင်းနှင့်အပြစ်ပြုခြင်းအမှုတို့ကိုအပြစ်တင်ဆုံးမ တော်မူသော်လည်း ပြင်းထန်သောဆုံးမစကားကိုမိန့်မြွက်တော်မူစဉ် အခါမှာပင် ကိုယ်တော်သည်မျက်ရည်ကျတော်မူတတ်၏။ မိမိနှစ်သက် တော်မူသောမြို့ဖြစ်တော်မူသော်လည်း ကိုယ်တော်ကိုလည်းကောင်း၊ လမ်းခရီး၊ သမ္မာတရားနှင့်အသက်ကိုလည်းကောင်း ငြင်းပယ်သော ယေရုရှလင်မြို့အတွက် ကိုယ်တော်သည်ငိုကြွေးတော်မူခဲ့၏။ သူတို့သည် ကယ်တင်ရှင်တည်းဟူသော ကိုယ်တော်ကိုပယ်ကြသော်လည်း ကိုယ်တော်သည် သူတို့ကိုသနားကြင်နာစွာထောက်ထားစာနာတော်မူ ၏။ ကိုယ်တော်၏အသက်တာသည် မိမိကိုယ်ကိုငြင်းပယ်စွန့်စား၍ သူတစ်ပါးအတွက်ထောက်ထားညှာတာသောအသက်တာဖြစ်ပေသည်။ ဝိညာဉ်တိုင်းသည် ကိုယ်တော်၏မျက်မှောက်တွင်အဖိုးထိုက်တန်ကြပေ သည်။ ကိုယ်တော်သည်ဘုရားသခင်၏ဘုန်းတော်မျိုးနှင့်ပြည့်စုံတော် မူသောပုဂ္ဂိုလ်ဖြစ်တော်မူသော်လည်း ဘုရားသခင်၏အိမ်ထောင်သား အသီးအသီးတို့အား အလွန်ကြင်နာစွာထောက်ထားစာနာလျက် မစကူညီ ရန် မိမိကိုယ်ကိုညွတ်တော်မူတတ်၏။လူအပေါင်းတို့သည် မိမိကယ်တင် ရန် တာဝန်ဝတ္တရားရှိသောဝိညာဉ်များဖြစ်ကြသည်ကို သိမြင်တော် မူ၏။

ထိုကဲ့သို့သောအရာသည် ကိုယ်တော်၏အသက်တာ၌ထင်ရှားသော ကိုယ်တော်၏သဘောတော်ဖြစ်ပေသည်။ ဤအရာသည်ပင် ဘုရားသခင်၏သဘောတော်ဖြစ်ပေသည်။ သခင်ခရစ်တော်၌ ထင်ရှားသောကရုဏာတော်စမ်းရေသည် ခမည်းတော်၏နှလုံးတော်ထဲမှလူတို့၏ သားသမီးများထံသို့စီးဆင်းလျက်ရှိလေ၏။ ကြင်နာသနားတတ်သော ကယ်တင်ရှင်သခင်ယေရှုသည် 'ကိုယ်ခန္ဓာ၌ပေါ်ထွန်းတော်မူသော' ဘုရားသခင်ပင်ဖြစ်တော်မူ၏။ (၁တိမောသေ ၃း၁၆။)

ကျွန်ုပ်တို့ကိုရွေးနုတ်ကယ်ဆယ်တော်မူရန် သခင်ယေရှုသည် လူတို့တွင်နေထိုင်လျက် ဒုက္ခဆင်းရဲကိုခံ၍အသေခံတော်မူ၏။ ကျွန်ုပ်တို့သည် ထာဝရဝမ်းမြောက်ခြင်းအခွင့်ကိုခံစားထိုက်သောသူများဖြစ်ကြမည်အကြောင်း ကိုယ်တော်သည် 'ငြိုငြင်သောသူ' ဖြစ်လာတော်မူ၏။ ဘုရားသခင်၏ကရုဏာတော်၊ သစ္စာတော်နှင့်ပြည့်စုံတော်မူ၍ မိမိချစ်မြတ်နိုးတော်မူသောသားတော်ကိုမပြောပြနိုင်လောက်အောင် ဘုန်းတော်နှင့်ပြည့်ဝသောကမ္ဘာတစ်ခုမှ အပြစ်ကြောင့်ပျက်စီးယိုယွင်းလျက်သေခြင်း၏အရိပ်နှင့်ကျိန်ခြင်းကြောင့် မှောင်မိုက်နေသောကမ္ဘာတစ်ခုသို့ရောက်လာတော်မူစေရန် ခွင့်ပြုတော်မူ၏။ ဘုရားသခင်သည် ကိုယ်တော်အား မိမိ၏မေတ္တာတော်ရင်ခွင်ထဲမှာလည်းကောင်း၊ ကောင်းကင်တမန်တို့၏ရှိသေကိုင်းညွှတ်ခြင်းကိုခံစားရာနေရာမှာလည်းကောင်း၊ ရှုတ်ချခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်း၊ ဆင်းရဲခြင်း၊ မနာလိုငြူစူခြင်းနှင့်သေခြင်းကိုခံစေရန် ထွက်ခွာလာစေဖို့ခွင့်ပြုတော်မူ၏။ 'ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်များအားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။' (ဟေရှာယ ၅၃း၅)။ ကိုယ်တော်ကိုတောထဲ၌လည်း

ကောင်း၊ ဂေသရေမန်ဥယျာဉ်၌လည်းကောင်း၊ လက်ဝါးကပ်တိုင်ပေါ်၌လည်းကောင်း ကြည့်ရှုကြပါ။ စွန်းထင်းခြင်းကင်းတော်မူသောဘုရားသခင်၏သားတော်သည် မိမိကိုယ်တော်တိုင်အပြစ်၏ဝန်ထုပ်ကိုဆောင်ယူတော်မူ၏။ ဘုရားသခင်နှင့်အတူရှိတော်မူခဲ့သော ကိုယ်တော်သည် လူနှင့်ဘုရားသခင်၏စပ်ကြားတွင် အပြစ်ကဖန်တီးခဲ့သော ကြောက်မက်ဖွယ်ခွဲခွာရခြင်းအမှုကြီးကို မိမိ၏စိတ်ဝိညာဉ်ထဲ၌ကောင်းစွာတွေ့မြင်တော်မူ၏။ ဤအဖြစ်ကြောင့် ကိုယ်တော်၏နှုတ်တော်မှ 'အကျွန်ုပ်ဘုရားသခင်၊ အကျွန်ုပ်ဘုရားသခင်၊အဘယ်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း' ဟူသောခံစားမှုကိုပြင်းစွာနှင့်ကြွေးကြော်သံသည်ထွက်ပေါ်လာရ၏။ (မဿဲ၂၇း၄၆။) ဘုရားသခင့်သားတော်၏နှလုံးကိုကွဲသွားစေသောအရာသည်ကား အပြစ်၏ဝန်ထုပ်၊ ၎င်း၏ကြောက်မက်ဖွယ်ကြီးကျယ်သောအမှုကြီးအကြောင်းကိုသိမြင်ရခြင်း၊ ဘုရားသခင်ထံတော်မှအပြစ်ကြောင့် မိမိ၏ဝိညာဉ်သည်ခွဲခွာလာရခြင်းအကြောင်းများဖြစ်ပေသည်။

သို့ရာတွင် ခမည်းတော်၏စိတ်နှလုံးထဲ၌ချစ်ခြင်းမေတ္တာတော်နှင့်ပြည့်စုံတော်မူသောသဘောကို လူ့အပေါ်တွင်ဖြစ်ပေါ်လာစေရန်သော်လည်းကောင်း၊ ကယ်ဆယ်လိုသောအလိုဆန္ဒဖြစ်ပေါ်လာစေရန်သော်လည်းကောင်း ဤကဲ့သို့ကြီးကျယ်သောပူဇော်စွန့်စားခြင်းအမှုကြီးကိုပြုတော်မူသည်မဟုတ်။ အလျှင်းပင်မဟုတ်ပါ။ 'ဘုရားသခင်သည်မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင်လောကသားတို့ကိုချစ်တော်မူ၏။' (ယောဟန် ၃း၁၆။) ကြီးမြတ်သောအပြစ်ဖြေခြင်းအမှုကိုပြုရသောကြောင့် ခမည်းတော်သည် ကျွန်ုပ်တို့ကိုချစ်တော်မူသည်မဟုတ်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူ

သောကြောင့်သာ အပြစ်ဖြေခြင်းအမှုကိုစီမံတော်မူခဲ့၏။ ဘုရားသခင်သည် မိမိ၏မေတ္တာတော်ရေစင်ကို ကျဆုံးနေသောလောကကြီးအပေါ်သို့သွန်းလောင်းနိုင်မည်အကြောင်း သခင်ယေရှုသည်ကြားဖျန်ဖြေသူဖြစ်တော်မူ၏။ 'ဘုရားသခင်သည်ခရစ်တော်အထဲ၌တည်နေလျက် လောကသားတို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏။' (၂ကော ၅း၁၉။) ဘုရားသခင်သည် မိမိ၏သားတော်နှင့်အတူ ဒုက္ခခံတော်မူ၏။ ဂေသရေမန်ဥယျာဉ်တွင် ဆုတောင်းတော်မူစဉ်အခါ၌လည်းကောင်း၊ ကရာနိကုန်းတော်ပေါ်မှာ အသေခံတော်မူသောအခါ၌လည်းကောင်း သခင်ယေရှု၏နှလုံးတော်သည်ကျွန်ုပ်တို့အားရွေးနုတ်ရန်အခကို ဆပ်ပေးတော်မူပြီ။

သခင်ယေရှုက 'ငါသည်ကိုယ်အသက်ကိုစွန့်၍ နောက်တစ်ဖန်ယူဦးမည်ဖြစ်သောကြောင့်၊ငါ့ခမည်းတော်သည်ငါ့ကိုချစ်တော်မူ၏' ဟုမိန့်တော်မူ၏။(ယောဟန် ၁၀း၁၇။) တစ်နည်းအားဖြင့် 'ငါ့ခမည်းတော်သည် သင်တို့ကိုချစ်တော်မူသောကြောင့် သင်တို့ကိုရွေးနုတ်ရန် ငါ့အသက်ကိုစွန့်ခြင်းအတွက်ငါ့ကိုသာ၍ပင်ချစ်တော်မူ၏။ ငါ့အသက်ကိုအပ်နှံခြင်း၊သင်တို့လွန်ကျူးခြင်းအပြစ်တည်းဟူသောအကြွေးများကိုခံယူခြင်းအားဖြင့် သင်တို့၏ကိုယ်စားနှင့်အာမခံဖြစ်လာရာ၌ ခမည်းတော်သည် ငါ့ကိုသာ၍ချစ်တော်မူ၏။ အကြောင်းမူကား၊ငါ၏စွန့်စားဆက်ကပ်ခြင်းအမှုအားဖြင့် ဘုရားသခင်သည် တရားသောသူဖြစ်လာနိုင်တော်မူ၏။ ထိုမျှမကသေး၊ သခင်ယေရှုကိုယုံကြည်သောသူအားဖြောင့်မတ်ရာသို့ရောက်စေတော်မူသောသူဖြစ်လာနိုင်တော်မူသေး၏' ဟုဆိုလို၏။

ဘုရားသခင့်သားတော်မှတစ်ပါး မည်သူမျှကျွန်ုပ်တို့အားရွေးနုတ်ခြင်းအမှုကိုပြီးမြောက်အောင်မပြုလုပ်နိုင်ချေ။ အကြောင်းမူကား၊ ခမည်းတော်၏ရင်ခွင်တော်၌နေခဲ့သောသူသာလျှင် ထိုအမှုကိုပြုရန်ခမည်းတော်အားတောင်းဆိုနိုင်တော်မူ၏။ ဘုရားသခင့်မေတ္တာတော်၏အနံ၊ အလျား၊ အမြင့်ကိုသိနားလည်သောသူသာလျှင် ၎င်းမေတ္တာကိုထင်ရှားစေနိုင်တော်မူ၏။ ကျဆုံးသောလူတို့အတွက် သခင်ခရစ်တော်ပြုတော်မူသည့် အကန့်အသတ်မရှိသောစွန့်စားခြင်းမှတစ်ပါး မည်သည့်အရာမျှ ပျောက်ဆုံးသောလူသတ္တဝါတို့အပေါ်၌ထားတော်မူသောခမည်းတော်၏ မေတ္တာတော်ကိုမဖော်ပြနိုင်ချေ။

'ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကသားတို့ကိုချစ်တော်မူ၏။' ဘုရားသခင်သည် ကိုယ်တော်အားလူတို့တွင်နေထိုင်ရန် သူတို့၏အပြစ်ကိုဆောင်ရန်နှင့် သူတို့၏ယဇ်ပူဇော်သကာအဖြစ်နှင့်အသေခံရန်သာစွန့်တော်မူသည်မဟုတ်။ ဘုရားသခင်သည် ကိုယ်တော်ကိုကျဆုံးသောလူမျိုးအားအပ်ပေးတော်မူ၏။ သခင်ခရစ်တော်သည် လူတို့စိတ်ပါဝင်စား၍ လိုသောအရာများအကြောင်းကို မိမိကိုယ်တော်တိုင်အထင်အရှားသိရှိတော်မူရမည်။ ဘုရားသခင်နှင့်အတူရှိတော်မူခဲ့သောပုဂ္ဂိုလ်တစ်ပါးဖြစ်သူကိုယ်တော်သည် ဘယ်သောအခါမျှပျက်စီးမသွားနိုင်သောအချည်အနှောင်ဖြင့် လူ၏သားသမီးများနှင့်ဆက်သွယ်လျက်ရှိတော်မူပြီ။ သခင်ယေရှုသည် 'သူတို့ကိုညီအစ်ကိုဟူ၍ခေါ်ခြင်းငှာရှက်ကြောက်တော်မမူ။' (ဟေဗြဲ ၂း၁၁။) ကိုယ်တော်သည်ကျွန်ုပ်တို့၏ယဇ်ပူဇော်သကာ၊ ကျွန်ုပ်တို့၏အမှုဆောင်၊ ကျွန်ုပ်တို့၏အစ်ကိုသည် ခမည်းတော်၏ပလ္လင်တော်ရှေ့တွင် လူ၏ပုံသဏ္ဌာန်ကိုဆောင်လျက် ထာဝရကာလ

မိမိရွေးနုတ်တော်မူသောလူမျိုးနှင့်အတူရှိတော်မူသော သူတည်းဟူသော လူသားဖြစ်တော်မူ၏။ငင်းပြင် လူသည်အပြစ်ကြောင့် ပျက်စီးယိုးယွင်း နေသောအဖြစ်နှင့်ယုတ်ညံ့သောအခြေအနေမှထွက်မြောက်လာနိုင်မည် အကြောင်း၊ ၎င်းပြင် ဘုရားသခင်၏မေတ္တာတော်ကိုတစ်ဖန်ပြန်ထင် ရှားစေလျက် သန့်ရှင်းခြင်းချမ်းသာကိုဝေငှပေးကမ်းနိုင်မည်အကြောင်း ကိုယ်တော်သည် ဤကဲ့သို့သောအရာအားလုံးဖြစ်တော်မူ၏။

ကျွန်ုပ်တို့အားရွေးနုတ်ရန်အတွက်ပေးရသောအဖိုးအခ၊ကျွန်ုပ် တို့အတွက်မိမိသားတော်အားအသေခံရန်ပေးတော်မူရာ၌ ကောင်းကင် ခမည်းတော်၏အတိုင်းမရှိသောစွန့်စားခြင်းအမှုကို ထောက်ရှုခြင်းအား ဖြင့် ကျွန်ုပ်တို့သည်သခင်ခရစ်တော်အားဖြင့် မည်ကဲ့သို့သောသူများ ဖြစ်လာနိုင်ကြသည်အကြောင်းအားကျွန်ုပ်တို့သည်မြင့်မြတ်သောထင်မြင် ချက်ကိုရရှိသင့်ကြသည်။ ဝိညာဉ်တော်ကိုခံယူရရှိသောတမန်တော် ယောဟန်သည် ပျက်စီးနေသောလူမျိုးအပေါ်၌ထားတော်မူသောခမည်း တော်၏မေတ္တာတော်အနံ၊အလျားနှင့်အမြင့်တို့ကိုသိမြင်ရသောအခါ သူသည်အလွန်ကြည်ညို၍ရိုသေလျက်ရှိသဖြင့် ဤမေတ္တာတော်၏မြင့် မြတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းအကြောင်းကိုသင့်လျော်သောစကားဖြင့် ဖေါ်ပြခြင်းငှာမတတ်နိုင်သောကြောင့် ၎င်းမေတ္တာတော်ကိုထောက်ရှု ကြည့်ရန် သူသည်လောကအားခေါ်၍ပြောပြလျက်နေ၏။'ဘုရားသခင် ၏သားတော်ဟုခေါ်ဝေါ်ခြင်းအခွင့်ကိုငါတို့သည်ရမည်အကြောင်းဘုရား သခင်သည် ငါတို့ကိုဘယ်မျှလောက်ချစ်တော်မူသည်ကိုကြည့်ရှုဆင်ခြင် ကြလော့။' (၁ယော ၃း၁။) လူတို့အဖို့ဤအချက်သည် အဘယ်မျှ လောက်အဖိုးတန်သောအချက်ဖြစ်သနည်း။ တရားတော်ကိုလွန်ကျူးခြင်း အားဖြင့် လူသားများတို့သည် စာတန်၏ကျေးကျွန်များဖြစ်လာကြ၏။

သခင်ခရစ်တော်တည်းဟူသောအပြစ်ဖြေရာယဇ်ပူဇော်သကာ၌ ယုံကြည်ခြင်းအားဖြင့် အာဒံ၏သားများသည် ဘုရားသခင်၏သားများဖြစ်လာနိုင်ကြသည်။ သခင်ခရစ်တော်သည် လူ၏ဇာတိကိုခံယူခြင်းအားဖြင့် လူသတ္တဝါတို့အား ချီးမြှောက်တော်မူ၏။ ကျဆုံးသောလူများတို့သည် သခင်ခရစ်တော်နှင့်ဆက်သွယ်ရခြင်းဖြင့် 'ဘုရားသခင်၏သား' ဟု ဧကန်အမှန်ခေါ်ဝေါ်ခြင်းကိုခံထိုက်သောအခြေအနေသို့ရောက်ရှိလာကြလေသည်။

ထိုကဲ့သို့သောမေတ္တာသည် နှိုင်းယှဉ်၍မရနိုင်သောအရာဖြစ်သည်။ ကောင်းကင်ဘုရင်၏သားသမီးများပါတကား။ အဖိုးထိုက်သောကတိတော်ပါတကား။ အလွန်နက်နဲစွာဆင်ခြင်ဖို့ကောင်းသောအချက်ပါတကား။ ဘုရားသခင်ကိုမချစ်သောလောကအတွက် ဘုရားသခင်၏အတုမရှိသောမေတ္တာတော်ပါတကား။ ၎င်းအကြောင်းကို ဆင်ခြင်ခြင်းအားဖြင့် စိတ်ဝိညာဉ်ကိုအောင်မြင်နိုင်လျက် စိတ်သဘောအားဘုရားသခင်၏အလိုတော်ကိုဝန်ခံစေ၏။ လက်ဝါးကပ်တိုင်၏အလင်းရောင်တွင် ဘုရားသခင်၏သဘောတော်အကြောင်းကို ကျွန်ုပ်တို့သည် တိုး၍ဆင်ခြင်လေ့ကျက်ကြသောအခါ ကျွန်ုပ်တို့သည်ကရုဏာတော်၊ကြင်နာသနားတတ်သောသဘော၊ ၎င်းပြင်မျှတခြင်း၊တရားသဖြင့်စီရင်ခြင်းနှင့်ရောနှောနေသည့်အပြစ်လွှတ်တတ်သောသဘောတို့ကို သာ၍သိမြင်ရကြမည်။ ထိုမှတစ်ပါး၊အတိုင်းမရှိသောမေတ္တာတော်နှင့်လမ်းမှားနေသောမိမိ၏ကလေးအပေါ်၌ သက်ရောက်တတ်သောထောက်ထားစာနာခြင်းထက်သာလွန်သောကြင်နာခြင်းကရုဏာတော်၏မရေမတွက်နိုင်သောသက်သေများကို ကျွန်ုပ်တို့သည်သာ၍ထင်ရှားစွာသိမြင်ကြလေသည်။

---ooo---

လူသည်အစအဦး၌မြင့်မြတ်သောအစွမ်းသတ္တိများ၊ သမမှျတသောစိတ်သဘောများနှင့်ပြည့်စုံလျက်ရှိ၏။ သူ၏ကိုယ်ခန္ဓာတစ်ခုလုံးသည်စုံလင်လျက်ရှိ၍ ဘုရားသခင်နှင့်တူညီလျက်ရှိ၏။ သူ၏အကြံအစည်များသည် ဖြူစင်လျက်ရည်ရွယ်ချက်များသည်သန့်ရှင်း၏။ သို့ရာတွင် နားမထောင်ခြင်းအမှုအားဖြင့် သူ၏အစွမ်းသတ္တိများသည်ပြောင်းလဲသွား၍ မေတ္တာအစား ကိုယ်ကျိုးရှာတတ်သောသဘောများနှင့် ပြည့်ဝလာ၏။ လွန်ကျူးခြင်းအပြစ်ကြောင့်သူ၏အခြေအနေသည်အလွန်ပင်အားနည်းနေသဖြင့် သူသည်အပြစ်၏တန်ခိုးကိုမိမိ၏အစွမ်းသတ္တိဖြင့်ခုခံတားဆီးခြင်းငှာမတတ်နိုင်ချေ။ သူသည်စာတန်အားဖြင့်ချည်နှောင်ဖမ်းဆီးထားခြင်းခံနေရ၍ဘုရားသခင်သည် အထူးသဖြင့်ဝင်ရောက်ကူညီတော်မမူလျှင် သူသည်ထိုသို့ဖမ်းဆီးထားခြင်းကိုအစဉ်ထာဝရခံနေရလိမ့်မည်။သွေးဆောင်သောသူ၏အကြံကားလူကိုဖန်ဆင်းတော်မူရာ၌ ဘုရားသခင်စီမံထားတော်မူသောအကြံတော်ကိုပြောင်းလဲလျက် မြေကြီးပေါ်တွင်ဆင်းရဲမှု၊ ပျက်စီးယိုယွင်းခြောက်သွေ့နေသောအဖြစ်တို့နှင့်ပြည့်ဝနေစေရန်ဖြစ်သည်။၎င်းပြင်ဘုရားသခင်သည် လူကိုဖန်ဆင်းတော်မူခြင်းကြောင့် ဤဆိုးသွမ်းသောအမှုအပေါင်းတို့သည်ဖြစ်လာရကြသည်ဟု သူကအပြစ်တင်လိမ့်မည်။

လူသည်အပြစ်နှင့်ကင်းစင်နေစဉ်အခါက ‘ပညာဘဏ္ဍာ၊ ဥာဏ်ဘဏ္ဍာတို့သည်ဝှက်ထားလျက်ရှိ’ (ကောလောသဲ ၂း၃။) သောအရှင်သခင်နှင့်ပျော်ရွှင်စွာပေါင်းသင်းဆက်ဆံရသောအခွင့်ကိုရရှိခဲ့၏။ သို့ရာတွင်အပြစ်ပြုပြီးနောက် သူသည်သန့်ရှင်းခြင်းအမှု၌ပျော်မွေ့ခြင်းမရှိ

သဖြင့် ဘုရားသခင်၏မျက်မှောက်တော်မှပုန်းကွယ်နေရန် ကြိုးစား၏။ အသစ်ပြုပြင်ခြင်းမခံရသေးသောစိတ်နှလုံးရှိသူတို့သည် ထိုကဲ့သို့သော အခြေအနေမျိုး၌နေကြသေး၏။ ဘုရားသခင်၏သဘောတော်နှင့် မညီညွတ်သောကြောင့် ဘုရားသခင်၏ပေါင်းသင်းဆက်ဆံခြင်းအမှု၌ မွေ့လျော်ခြင်းမရှိ။ သန့်ရှင်းသောသူတို့နှင့်ပေါင်းသင်းရမည်ကိုသူသည် ရှက်ကြောက်နေလိမ့်မည်။ သူသည်ကောင်းကင်သို့ဝင်ဖို့ရန်အခွင့်ရသော်လည်း သူသည်ထိုအရပ်၌ပျော်မွေ့လိမ့်မည်မဟုတ်။ ဘုရားသခင်၏ စိတ်နှလုံးနှင့်တူညီသောစိတ်နှလုံးမျိုးရှိကြသဖြင့် ထိုအရိပ်၌ရှိသော သူတို့၏ကိုယ်ကျိုးမရှာသောမေတ္တာစိတ်သဘောသည် သူ၏စိတ်သဘော နှင့်ဆန့်ကျင်ဘက်ဖြစ်နေလိမ့်မည်။ သူ၏အကြံအစည်၊ သူ၏စိတ်ဝင်စား သောအရာ၊သူ၏ရည်ရွယ်ချက်တို့သည်ထိုအရပ်၌ရှိသည့်အပြစ်ကင်းသော သူများ၏စိတ်သဘော၊ ရည်ရွယ်ချက်တို့နှင့်ဆန့်ကျင်ဘက်ဖြစ်လိမ့် မည်။ သူ့အဖို့ကောင်းကင်၏သာယာသောအသံသည် ပျက်စီးစေသော အသံနှင့်တူလိမ့်မည်။ သူတို့အဖို့ကောင်းကင်သည် နှိပ်စက်ညှဉ်းဆဲ သောနေရာနှင့်တူနေလိမ့်မည်။ ကောင်းကင်၏အလင်းနှင့်ပျော်မွေ့ခြင်း ၏ဗဟိုဖြစ်တော်မူသောအရှင်ထံမှသူသည် ပုန်းကွယ်နေလို၏။ ကောင်းကင်မှဆီးသောသူတို့ကိုဖယ်ရှားထားခြင်းအမှုမှာ ဘုရားသခင် သည် မိမိသဘောအတိုင်းစီမံတော်မူသောအမိန့်တော်မဟုတ်ပါ။သူတို့ ကိုယ်တိုင်ကပင် ကောင်းကင်နှင့်ဆက်သွယ်ခြင်းငှာ မထိုက်တန်သဖြင့် ကောင်းကင်မှထွက်ခွာသွားရခြင်းအမှုဖြစ်ပေသည်။ ဘုရားသခင်၏ ဘုန်းတော်သည် သူတို့အဖို့လောင်သောမီးဖြစ်လိမ့်မည်။မိမိတို့ရွေးနုတ် ရန်သေခြင်းကိုခံတော်မူသောသူ၏မျက်နှာတော်မှကွယ်ထားစေနိုင် မည်အကြောင်း သူတို့သည်ပျက်စီးခြင်းကိုအလိုရှိကြလိမ့်မည်။

ကျွန်ုပ်တို့သည် နစ်မွန်းနေသောအပြစ်အတွင်းမှ မိမိတို့ကိုယ်တိုင်လွတ်မြောက်ရန်မတတ်စွမ်းနိုင်ကြ။ ကျွန်ုပ်တို့၏စိတ်နှလုံးများသည် ဆိုးသွမ်းနေကြလျက် ၎င်းတို့ကိုမပြောင်းလဲနိုင်ကြ။ 'မသန့်ရှင်းသောအရာထဲက သန့်ရှင်းသောအရာကိုအဘယ်သူထုတ်ဖေါ်နိုင်သနည်း။' (ယောဘ ၁၄း၄)။ 'ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏တရားတော်အလိုသို့မလိုက်တတ်။ ထိုမျှမကမလိုက်နိုင်။' (ရောမ ၈း၇။) ပညာသင်ကြားရေး၊ အကျင့်ပြုပြင်ရေး၊ စိတ်အလိုဆန္ဒကိုလေ့ကျင့်ရေး၊ လူတို့၏ကြံစည်ကြိုးစားသမျှ အမှုစသောအရာအပေါင်းတို့သည် မိမိတို့နေရာနှင့်သင့်လျော်ကြသော်လည်း ဤနေရာ၌၎င်းတို့သည် တန်ခိုးမရှိကြ။ ၎င်းတို့သည် အပြင်ပနှင့်ဆိုင်သောအကျင့်ဓလေ့တို့ကိုပြုပြင်နိုင်သော်လည်း စိတ်သဘောကိုမပြောင်းလဲနိုင်ကြချေ။ ၎င်းတို့သည်အသက်တာ၏အခြေအမြစ်ဖြစ်သောစိတ်သဘောကို မသန့်ရှင်းစေနိုင်။ လူသည်အပြစ်မှသန့်ရှင်းသောအဖြစ်သို့မပြောင်းလဲမီ အတွင်း၌ပြုပြင်နိုင်သောတန်ခိုးသည်တည်ရှိလျက် အထက်မှအသစ်သောအသက်ကိုရရှိရမည်။ ထိုတန်ခိုးကား၊ သခင်ခရစ်တော်ဖြစ်၏။ ကိုယ်တော်၏ကျေးဇူးကရုဏာတော်သာလျှင် ဝိညာဉ်၏သေနေသောသတ္တိများကို ထကြွနိုးကြားလျက် ဘုရားသခင်ထံတော်သို့လည်းကောင်း၊ သန့်ရှင်းခြင်းအဖြစ်သို့လည်းကောင်း ဆွဲဆောင်တော်မူလိမ့်မည်။

ကယ်တင်ရှင်က 'လူသည်အထက်မှမွေးခြင်းကိုမခံလျှင်' အသစ်သောစိတ်နှလုံး၊ အသစ်သောဆန္ဒများ၊ ရည်ရွယ်ချက်များနှင့်အကြံအစည်များကိုမရရှိလျှင် 'ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ' ဟုမိန့်တော်မူ၏။ (ယောဟန် ၃း၃။) လူတွင်ဇာတိအားဖြင့်ပါရှိလာသည့်

ကောင်းမြတ်သောသဘောကို တိုးတက်ကောင်းမွန်အောင်ပြုပြင်ဖို့လို သည်ဟူသောလှည့်ဖြားခြင်းအမှုသာဖြစ်သည်။ 'ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကိုမခံမယူ။ ထိုအရာတို့သည်မိုက်မဲ သောအရာဖြစ်သည်ဟုထင်တတ်သည်။ ထိုအရာတို့သည် ဝိညာဉ်အား ဖြင့်သာပိုင်းခြား၍နားလည်နိုင်သောကြောင့် ဇာတိပကတိလူသည် နားမလည်နိုင်။' (၁ကော ၂း၁၀။) 'ဒုတိယမွေးခြင်းခံရမည်ဟုငါဟော ပြောသည်ကို အံ့သြခြင်းမရှိနှင့်။' (ယော ၃း၇။) သခင်ခရစ်တော် အကြောင်းနှင့်စပ်ဆိုင်၍ 'ထိုနှုတ်ထွက်စကားတော်၌အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏' (ယောဟန် ၁း၄။) 'ကောင်းကင်အောက်လူတို့တွင် ငါ့ကိုကယ်တင်နိုင်သော တစ်ခုတည်း သောနာမ' သာလျှင်ဖြစ်၏။ (တမန်တော် ၄း၁၂) ဟု ရေးထား၏။

ဘုရားသခင်၏ချစ်သနားခြင်းကရုဏာတော်၊ ကျေးဇူးပြုတတ် သောသဘောတော်၊ ဖခင်ကဲ့သို့ကြင်နာထောက်ထားတတ်သောသဘော၊ ဘုရားသခင်၏ဘုန်းတော်ကိုသိမြင်ရုံနှင့်မလုံလောက်သေးပါ။ ဘုရား သခင်၏တရားတော်၌ ထင်ရှားသောဉာဏ်ပညာနှင့်ဖြောင့်မတ်ခြင်း အဖြစ်ကို ပိုင်းခြားသိနားလည်၍ ၎င်းတရားတော်သည် မေတ္တာနှင့် ဆိုင်သောထာဝရအခြေခံဥပဒေအပေါ်၌ အခြေတည်လျက်ရှိကြောင်း သိမြင်ရုံနှင့်မလုံလောက်သေးပါ။ 'ပညတ်တရားဖြောင့်သည်ဟုငါဝန်ခံ ၏' (ရောမ ၇း၁၆) ဟုတမန်တော်ပေါလုကကြွေးကြော်သောအခါ သူသည်ဤအမှုအရာအားလုံးကိုသိမြင်၏။ 'တရားတော်သည်သန့်ရှင်း ခြင်းရှိ၏။ ပညတ်တရားလည်းသန့်ရှင်းခြင်း၊ဖြောင့်မတ်ခြင်း၊ ကောင်း မြတ်ခြင်းရှိ၏။' သို့ရာတွင်သူသည် ပြင်းစွာစိတ်ဒုက္ခရောက်၍ စိတ် ပျက်သောအခါ၌ 'ငါမူကားဇာတိပကတိရှိ၏။ အပြစ်တရားလက်၌

ကျေးကျွန်ဖြစ်၏' ဟုဆက်လက်ပြောဆို၏။ (ရောမ ၇း၁၂၊၁၄။) သူသည်သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်းကိုအလွန်အလိုရှိ၏။ သို့ရာတွင် မိမိကိုယ်တိုင်၌ကား၊ ၎င်းကိုရရှိနိုင်ရန်အစွမ်းသတ္တိမရှိသဖြင့် 'ငါသည် ငြိုငြင်သောသူဖြစ်ပါသည်တကား။ဤအသေကောင်မှငါ့ကိုအဘယ်သူ ကယ်လွှတ်မည်နည်း' ဟုကြွေးကြော်၏။ (ရောမ ၇း၂၄။) အရပ်ရပ် တိုင်း၌ကာလအဆက်ဆက်မိမိတို့စိတ်နှလုံးထဲ၌ လေးလံသောဝန်ကို ထမ်းနေရသောသူတို့သည်ထိုကဲ့သို့ကြွေးကြော်ကြလေပြီ။ထိုသူအပေါင်း တို့အဖို့ 'ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့' ဟူသောအဖြေတစ်ခုသာရှိပေသည်။ (ယောဟန် ၁း၂၉။)

ဘုရားသခင်၏ဝိညာဉ်တော်သည် ဤသမ္မာတရားကိုပုံဆောင်၍ ပြရန်၊ ၎င်းပြင်အပြစ်ဒဏ်၏ဝန်ထုပ်မှလွတ်မြောက်ရန်၊ ကြာမြင့်စွာ တောင့်တနေသောဝိညာဉ်များအားရှင်းလင်းစွာဖော်ပြရန် ဥပမာများ ရှိပေသည်။ ယာကုပ်သည် ဧသောကိုလိမ်လည်လှည့်ဖြားခြင်းဖြင့် အပြစ်ပြုပြီးနောက် မိမိ၏ဖခင်အိမ်မှထွက်ပြေးသောအခါ သူသည်ထိုအပြစ် ဝန်ထုပ်နှင့်လေးလံလျက်ရှိသည်ကိုတွေ့မြင်ရလေ၏။ သူသည် မိမိ အထင်အတိုင်းတစ်ယောက်တည်းရပ်ဝေး၌စွန့်ပစ်ခြင်းကိုခံရ၍ မိမိ၏ အသက်တာတွင်ခင်တွယ်ခဲ့သောအရာအားလုံးနှင့်ခွဲခွာနေရစဉ်အခါ အခြားသောအရာများထက် သူ၏စိတ်ဝိညာဉ်ကိုညှဉ်းဆဲနှိပ်စက်နေသော ထင်ခြင်းချက်တစ်ခုကား၊ သူ၏အပြစ်သည် သူ့အားဘုရားသခင်ထံတော်မှ ဝေးကွာစေလျက် ကောင်းကင်ဘုံရှင်သည် သူ့ကိုစွန့်ပစ်တော်မူပြီဟု စိုးရိမ်ပူပန်နေခြင်းပင်ဖြစ်သည်။ သူသည်စိတ်ပျက်ခြင်းနှင့်မြေကြီးပေါ် တွင်လဲလျောင်းလိုက်လေ၏။ သူ၏ပတ်လည်တွင်ပျင်းစရာကောင်းသော

တောင်များ၊ သူ၏အထက်တွင်ကြယ်များနှင့်တောက်ပနေသောကောင်းကင်ရှိ၏။ သူသည်အိပ်ပျော်နေစဉ် ထူးခြားသောအလင်းသည် အိပ်မက်ထဲ၌ပေါ်လာ၏။ ထိုနောက် ကြည့်ရှုနေစဉ် သူအိပ်နေသောကွင်းပြင်မှကောင်းကင်၏တံခါးဝများတိုင်အောင် အလွန်ကြီးမားသောလှေကားကြီးတစ်ခုသည် ထင်ပေါ်လာလေ၏။ ၎င်းပြင်ထိုလှေကားပေါ်တွင် ဘုရားသခင်၏ကောင်းကင်တမန်တို့သည် ဆင်းလျက်တက်လျက်ရှိကြ၏။ ထိုအခါအထက်အရပ်ဘုန်းတော်နှင့်ပြည့်ဝရာနေရာမှ စိတ်သက်သာမျှော်လင့်ဖွယ်ရာသတင်းစကားကို ဘုရားသခင်ကိုယ်တော်တိုင်မိန့်မြွက်တော်မူသံကိုကြားရလေ၏။ ထိုနည်းအားဖြင့် ယာကုပ်၏ဝိညာဉ်ကအလိုရှိနေ၍ တောင့်တနေသောကယ်တင်ရှင်ကိုသူ့အားထင်ရှားဖော်ပြတော်မူလေပြီ။အပြစ်ရှိနေသောယာကုပ်သည် ဘုရားသခင်နှင့်တစ်ဖန်ပြန်၍ ပေါင်းဖက်ဆက်ဆံရသောနည်းလမ်းတစ်ခုဖော်ပြထားသည်ကို ဝမ်းမြောက်ခြင်းနှင့်လည်းကောင်း၊ ကျေးဇူးတင်သောသဘောနှင့်လည်းကောင်း တွေ့မြင်ရလေ၏။ သူ၏အိပ်မက်တွင်ထိုနက်နဲသောလှေကားသည် ဘုရားသခင်နှင့်လူတို့၏စပ်ကြားတွင် တစ်ခုတည်းသောအဆက်အသွယ်ဖြစ်တော်မူသော သခင်ယေရှုကိုပုံဆောင်ထား၏။

သခင်ခရစ်တော်သည် နာသနေလနှင့်စကားပြောနေတော်မူစဉ် 'ကောင်းကင်ဖွင့်လှစ်သည်ကိုလည်းကောင်း၊ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူသားအပေါ်၌ဆင်းလျက်တက်လျက်ရှိသည်ကိုလည်းကောင်း သင်တို့မြင်ရကြလတ္တံ့' (ယော ၁း၅၁။) ဟုကိုယ်တော်က မိန့်တော်မူသောအခါ ဤပုံပမာကိုပင် ကိုယ်တော်ကညွှန်ပြတော်မူ၏။ ဖေါက်ပြန်ခြင်းအမှုတွင် လူသည် ဘုရားသခင်ထံမှမိမိကိုယ်ကိုခွဲခွာသွားစေ၏။ မြေကြီးသည် ကောင်းကင်နှင့်အဆက်ပြတ်လျက်ရှိ၏။

၎င်းတို့စပ်ကြား၌တည်ရှိနေသောချောက်ကြီးကိုဖြတ်ကျော်သွားခြင်းငှာ မတတ်နိုင်ချေ။ သို့ရာတွင် သခင်ခရစ်တော်အားဖြင့်မြေကြီးသည် ကောင်းကင်နှင့်တစ်ဖန်ဆက်သွယ်လာပြန်၏။ အမှုတော်ဆောင်ရွက်နေကြသောကောင်းကင်တမန်တို့သည် လူတို့နှင့်ဆက်သွယ်ပေါင်းသင်းနိုင်မည်အကြောင်း သခင်ခရစ်တော်သည် အပြစ်ကပြုလုပ်ခဲ့သောချောက်ကြီးကို မိမိ၏ကောင်းမှုအားဖြင့်ဖြတ်ကျော်ရန် တံတားထိုးပေးတော်မူပြီ။ သခင်ခရစ်တော်သည် ကျဆုံးပျက်စီးနေသောလူကိုသူ၏အားနည်း၊ ခိုကိုးရာမဲ့နေသောအဖြစ်၌ပင် တန်ခိုးကိုချပေးတော်မူသောဘုရားသခင်နှင့်ဆက်သွယ်ပေးတော်မူပြီ။

သို့သော်လူများတို့သည် ကျဆုံးပျက်စီးနေသောလူမျိုးအတွက် ချပေးတော်မူသောမျှော်လင့်ခြင်းနှင့်မစကူညီခြင်းကို အစပြုတော်မူသောအရှင်အား ဂရုမစိုက်အမှုမထားဘဲနေကြလျှင် တိုးတက်ကြီးပွားရေးနှင့်စပ်ဆိုင်သောလူတို့၏ကြံစည်တွေးဆချက်များသည် အချည်းနှီးဖြစ်ကြ၏။ လူသတ္တဝါတို့၏အခြေအနေကို ကောင်းမွန်လာအောင်မြှင့်တင်ရေးအတွက် ကြံစည်ကြိုးစားမှုအပေါင်းတို့သည်လည်း အချည်းနှီးဖြစ်ကြ၏။ ‘ကောင်းမြတ်စုံလင်သောဆုကျေးဇူးရှိသမျှတို့သည် ဘုရားသခင်ထံတော်မှသက်ရောက်၏။’ (ယာ ၁း၁၇။) ဘုရားသခင်ထံတော်မှလွဲ၍ ကောင်းမြတ်သောအကျင့်အမှန်မရှိနိုင်ချေ။ ၎င်းပြင် ဘုရားသခင်ထံတော်သို့ရောက်ရန် တစ်ခုတည်းသောလမ်းကား သခင်ခရစ်တော်ပင်ဖြစ်သတည်း။ ‘ကိုယ်တော်က၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့မရောက်ရဟု မိန့်တော်မူ၏။’ (ယော ၁၄း၆။)

ဘုရားသခင်၏စိတ်နှလုံးသည် လောကရှိမိမိ၏သားသမီးများတို့ကိုသေခြင်းထက်ပြင်းထန်သောမေတ္တာတော်နှင့်တောင့်တလျက်ရှိတော်မူ၏။ မိမိ၏သားတော်ကိုစွန့်တော်မူရာ၌ ဘုရားသခင်သည် တစ်ခုတည်းသောဆုကျေးဇူးတော်တွင် ကျွန်ုပ်တို့အားကောင်းကင်၌ရှိသမျှကိုသွန်းလောင်းချပေးတော်မူပြီ။ ကယ်တင်ရှင်၏အသက်တာ၊ အသေခံတော်မူခြင်းအမှုနှင့်ကြားဖျန်ဖြေခြင်းအမှု၊ ကောင်းကင်တမန်တို့ဆောင်ရွက်နေကြသောအမှု၊ ဝိညာဉ်တော်၏တောင်းပန်နေခြင်းအမှု၊ ကောင်းကင်သတ္တဝါများတို့၏မနေမနားစိတ်ပါဝင်စားခြင်းအမှုမှစသောအမှုအရာအပေါင်းတို့သည် လူတို့အားရွေးနုတ်ခြင်းအမှုတွင်ပါဝင်သက်ဆိုင်ကြ၏။

ကျွန်ုပ်တို့အတွက်ပြုတော်မူခဲ့သည့် အလွန်အံ့ဩဖွယ်ကောင်းသောပူဇော်စွန့်စားခြင်းအမှုကြီးကို ကျွန်ုပ်တို့ဆင်ခြင်ကြည့်ကြစို့။ ပျောက်ဆုံးနေသောသူတို့ကိုပြန်လည်သိမ်းပိုက်လျက် ခမည်းတော်၏အိမ်တော်သို့ပြန်၍ယူဆောင်လာရန် ကောင်းကင်သည် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေသောအမှုကို ကျွန်ုပ်တို့သဘောကျနှစ်သက်ကြဖို့ ကြိုးစားကြပါ။ သာ၍ပြင်းထန်သောစိတ်အလိုဆန္ဒများနှင့်သာ၍ခွန်အားကြီးသောကိုယ်စားတော်များသည် ဘယ်အခါကမျှ ဤမျှလောက်မကြံစည်မပြုလုပ်နိုင်ခဲ့ချေ။ ဖြောင့်မတ်စွာပြုသောအမှုအတွက်ထူးမြတ်သောဆုလာဘ်များ ကောင်းကင်၌စည်းစိမ်ခံစားရမှု၊ ကောင်းကင်တမန်များနှင့်ပေါင်းသင်းဆက်ဆံရခြင်းအမှု၊ ဘုရားသခင်နှင့်လည်းကောင်း၊ သားတော်နှင့်လည်းကောင်း မိတ်သဟာယဖွဲ့ရခြင်းအခွင့်၊ ဘုရားသခင်နှင့်သားတော်တို့၏မေတ္တာတော်ကိုခိုလှုံရခြင်းအမှု၊ ထာဝရကာလအဆက်ဆက် ကျွန်ုပ်တို့၏စွမ်းအားသတ္တိရှိသမျှတို့ကို မြင့်တင်တိုးပွား

စေခြင်းအမှုမှစသော ဤဆုကျေးဇူးများသည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့်ရွေးနုတ်ရှင်အား စိတ်ရောကိုယ်ပါချစ်ခင်နှစ်သက်စွာနှင့် ကိုးကွယ်ဝတ်ပြုလျက် အမှုတော်ကိုဆောင်ရွက်စေရန် ကျွန်ုပ်တို့၏စိတ်ကိုအားကြီးစွာတိုက်တွန်းနှိုးဆော်လျက်နေကြသည်မဟုတ်ပါလော။

ဎင်းပြင် တစ်နည်းအားဖြင့် အပြစ်၏တစ်ဖက်၌ ဘုရားသခင်စီရင်ချက်ချတော်မူမည့်အကြောင်းအရာများ၊ မလွဲမရှောင်သာနိုင်အောင်အကျိုးအပြစ်ကို ဆပ်ပေးတော်မူခြင်းအမှု၊ ကျွန်ုပ်တို့၏အကျင့်များကိုယုတ်ညံ့ပျက်စီးစေခြင်းအမှုနှင့် နောက်ဆုံးဖျက်ဆီးပယ်ရှင်းတော်မူခြင်းအမှုများတို့ကား စာတန်၏လက်အောက်၌မနေကြစေရန် ဘုရားသခင်၏နှုတ်ထွက်စကားတော်တွင် ကျွန်ုပ်တို့အားသတိပေးလျက်ဖော်ပြထားသောအချက်များဖြစ်ပေသည်။

ဘုရားသခင်၏ကရုဏာတော်ကို ကျွန်ုပ်တို့သည် ဂရုမစိုက်အမှုမထားဘဲနေကြမည်လော။ ဘုရားသခင်သည် ထိုမျှထက်မကသာ၍ပြုတော်မူဦးမည်လော။ ကျွန်ုပ်တို့အားအလွန်အံ့သြဖွယ်ကောင်းသောမေတ္တာနှင့်ချစ်တော်မူသော ဘုရားသခင်နှင့်ကျွန်ုပ်တို့သည် မှန်ကန်စွာဆက်သွယ်လျက်ရှိနေသောအခြေအနေ၌အမြဲတည်ရန် ကြိုးစားကြစို့။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ပုံသဏ္ဌာန်တော်သို့ပြောင်းလဲလာကြလျက်အမှုဆောင်နေကြသော ကောင်းကင်တမန်များနှင့်ပေါင်းသင်းဆက်ဆံခွင့်၊ ခမည်းတော်နှင့်လည်းကောင်း၊ သားတော်နှင့်လည်းကောင်း ညီညွတ်လျက် မိတ်သဟာယဖွဲ့ခြင်းအခွင့်ကိုပြန်၍ရနိုင်မည်အကြောင်း ကျွန်ုပ်တို့အတွက်စီမံချပေးထားသောနည်းလမ်းများကို ကျွန်ုပ်တို့ကိုယ်တိုင်သိရှိအသုံးချနိုင်ကြရန် ကြိုးစားကြပါစို့။

---ooo---

လူသည် ဘုရားသခင်ရှေ့တော်၌မည်ကဲ့သို့နည်းအားဖြင့် ဖြောင့်မတ်သောသူဖြစ်နိုင်မည်နည်း။ အပြစ်သားသည် မည်ကဲ့သို့ဖြောင့်မတ်ခြင်းသို့ရောက်နိုင်မည်နည်း။ ကျွန်ုပ်တို့သည်သခင်ခရစ်တော်အားဖြင့်သာ ဘုရားသခင်နှင့်ညီညွတ်ခြင်း၊ သန့်ရှင်းခြင်းအဖြစ်သို့ရောက်ရှိနိုင်ကြသည်။ သို့သော် ကျွန်ုပ်တို့သည် သခင်ခရစ်တော်ထံသို့ မည်ကဲ့သို့ရောက်ရှိနိုင်ကြမည်နည်း။ ပင်တေကုတ္တေပွဲနေ့၌ လူပရိသတ်တို့သည် မိမိတို့၏အပြစ်ကိုသိမြင်လာကြသောအခါ၊ 'ကျွန်ုပ်တို့သည်မည်ကဲ့သို့ပြုကြရပါမည်နည်း' ဟုမေးလျှောက်သည်နည်းတူ အများ သောသူတို့သည်လည်း ဤကဲ့သို့မေးမြန်းလျက်နေကြသည်။ ပေတရုကပြန်ဖြေသောအချက်တွင် 'နောင်တရကြလော့' ဟူသောစကားသည် ပထမစကားဖြစ်၏။ (တမန်တော် ၂း၃၈။) နောက်များမကြာမီ အခြားသောအချိန်၌ သူက၊ 'သင်တို့အပြစ်များကိုပြေစေခြင်းငှာနောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့' ဟုပြောဆိုသေး၏။ (တမန်တော် ၃း၂၀။)

နောင်တရခြင်းအမှုတွင် အပြစ်အတွက် ဝမ်းနည်းခြင်းနှင့်ၚင်းအပြစ်ကိုရှောင်ရှားခြင်းအမှုများပါဝင်သည်။ ကျွန်ုပ်တို့သည် အပြစ်သဘောကိုမသိဘဲ အပြစ်ကိုစွန့်ပစ်ကြလိမ့်မည်မဟုတ်။ ကျွန်ုပ်တို့သည် စိတ်နှလုံး၌အပြစ်ကိုမရှောင်၊ မပယ်ရှားဘဲနေသမျှကာလပတ်လုံး အသက်တာ၌အမှန်ပြောင်းလဲခြင်းရှိလိမ့်မည်မဟုတ်။

နောင်တ၏သဘောကို မှန်ကန်စွာမသိနားမလည်ကြသေးသောသူအများရှိကြသည်။ မိမိတို့၏မှားသောအကျင့်တို့သည် မိမိတို့အပေါ်သို့အခက်ခဲများကိုသက်ရောက်စေလိမ့်မည်ဟု သူတို့သည်စိုးရိမ်ကြောက်လန့်ကြသောကြောင့် မိမိတို့ပြုခဲ့သောအပြစ်များအတွက် အများ

သောသူတို့သည် ဝမ်းနည်းကြွေလျက်အပြင်အပအားဖြင့် ပြောင်းလဲပြုပြင်ခြင်းအမှုကိုပင်ဖော်ပြတတ်ကြသေးသည်။ သို့ရာတွင် ဤအမှုသည်ကျမ်းစာ၏သဘောအရ နောင်တရခြင်းမဟုတ်။ သူတို့သည် အပြစ်ထက်ခက်ခဲမှုအတွက်ညည်းတွားကြသည်။ ဧသောသည် သားဦးအရာကိုတစ်ခါတည်းဆုံးရှုံးလက်လွတ်သွားသောအခါ ဝမ်းနည်းခြင်းသည်ထိုသို့သောဝမ်းနည်းခြင်းမျိုးဖြစ်သတည်း။ ဓါးကိုရွယ်လျက် မိမိ၏လမ်းတွင်ရပ်နေသော ကောင်းကင်တမန်ကိုကြောက်ရွံ့ပြီး မိမိသေရမည်ကိုစိုးရိမ်သဖြင့် ဗာလမ်သည် မိမိ၏အပြစ်ကိုဝန်ချတောင်းပန်၏။ သို့ရာတွင် အပြစ်အတွက် အမှန်နောင်တရခြင်းမရှိ။ မိမိ၏အကြံအစည်ကိုမပြောင်းမလဲဘဲ အပြစ်ကိုရွံ့ရှာပယ်ရှားခြင်းမရှိ။ ယုဒရှကာရုတ်သည် မိမိ၏သခင်ကိုသစ္စာဖေါက်ပြီးနောက် "အကျွန်ုပ်ပြစ်မှားပါပြီ၊အပြစ်မရှိသောသူ၏အသွေးကိုအပ်မိပါပြီ" ဟုပြောဆို၏။ (မဿဲ ၂၇း၄)။

မိမိ၏အပြစ်ကြောင့်အပြစ်သင့်သည်ဟုဆုံးဖြတ်လျက် မိမိအားအပြစ်ဒဏ်စီရင်မည်ကို သိမြင်စိုးရိမ်လာသောကြောင့်သာ မိမိ၏အပြစ်ကိုဝန်ခံရ၏။ မိမိအပေါ်၌သက်ရောက်မည့်ကံကြမ္မာသည် သူ့အားထိတ်လန့်ကြောက်ရွံ့စေ၏။ သို့ရာတွင် သူသည်အပြစ်ကင်းသောဘုရားသခင့်သားတော်ကိုအပ်နှံလျက် ဣသရေလလူမျိုးတို့၏သန့်ရှင်းသောအရှင်ကိုငြင်းပယ်ခဲ့ပြီဟု မိမိစိတ်ထဲ၌လွန်စွာကြေကွဲဝမ်းနည်းသောသဘောမရှိချေ။ ဖါရောမင်းသည် ဘုရားသခင်စီရင်သောအပြစ်ဒဏ်ကိုခံနေရသောအခါ အပြစ်ဒဏ်ကိုထပ်မံဆက်လက်၍မခံရမည်အကြောင်း မိမိ၏အပြစ်ကိုဝန်ခံ၏။ သို့ရာတွင် ဘေးဒဏ်များသည် ရပ်စဲသွားသည်နှင့်တစ်ပြိုင်နက် သူသည် ကောင်းကင်ဘုံရှင်ကိုဆန့်ကျင်ဘက်ပြုပြန်၏။ ဤအရာတို့

ကား အပြစ်ကြောင့်ခံရမည့်ကံကြမ္မာတို့ကိုမြင်၍ ညည်းတွားခြင်းသာ ဖြစ်၏။ အပြစ်အတွက် မှန်သောဝမ်းနည်းခြင်းမျိုးမဟုတ်ချေ။

သို့သော်ဘုရားသခင်၏ဝိညာဉ်တော်ပြုပြင်ခြင်း စိတ်နှလုံးသည် လက်ခံသောအခါ ဝေဖန်ပိုင်းခြားတတ်သောစိတ်သည် ထကြွနိုးကြား လာ၍ ကောင်းကင်နှင့်မြေကြီးပေါ်တွင် ဘုရားသခင်၏အုပ်စိုးခြင်း အာဏာစက်၌ အခြေအမြစ်ဖြစ်သည့် သန့်ရှင်းသောတရားတော်၏ နက်နဲခြင်း၊ သန့်ရှင်းခြင်းအဖြစ်ကိုအပြစ်သားသည် ဝေဖန်ပိုင်းခြား သိနားလည်လာ၏။ 'ဤလောကသို့ကြွလာလျက် ခပ်သိမ်းသော လူအပေါင်းတို့အား အလင်းကိုပေးသောသူတည်းဟူသော အလင်းတော် သည် စိတ်ဝိညာဉ်၏လျှို့ဝှက်ရာနေရာများကိုထွန်းလင်းစေသဖြင့် မှောင်မိုက်၌ဝှက်ထားသောအရာများသည် ထင်ရှားလာလေ၏။ ယောဟန် ၁း၉။ စိတ်နှလုံးထဲ၌အပြစ်ကိုထင်ရှားစွာသိမြင်တတ်သော သဘောသည် ဖြစ်ပေါ်လာ၏။ အပြစ်သားသည် ထာဝရဘုရား၏ စစ်ဆေးရှာဖွေတော်မူသောဘုရားသခင်၏ရှေ့တော်သို့ မိမိ၏အပြစ်ရှိသော အဖြစ်၊ မသန့်ရှင်းသောအဖြစ်၌ ချဉ်းကပ်တိုးဝင်ရန်ကြောက်လန့်စိုးရိမ် လျက်နေလေ၏။ သူသည် ဘုရားသခင်၏မေတ္တာတော်၊ သန့်ရှင်းခြင်း ၏တင့်တယ်ခြင်း၊ ဖြူစင်ခြင်း၏ပျော်ရွှင်မှုတို့ကိုသိမြင်လာသဖြင့် သန့်ရှင်းခြင်းသို့ရောက်လျက် ကောင်းကင်ဘုံရှင်နှင့်တစ်ဖန်ပြန်၍ ဆက်ဆံပေါင်းသင်းခွင့်ကိုရရှိရန် တောင့်တလေ၏။

ဒါဝိဒ်မင်းကြီးသည် အပြစ်ပြုပြီးနောက် သူ၏ဆုတောင်းချက် သည်အပြစ်အတွက် အမှန်ဝမ်းနည်းခြင်းသဘောကိုထင်ရှားစေ၏။ သူ၏ နောင်တသည် မှန်ကန်လေးနက်၏။ သူ၏ဆုတောင်းချက်တွင် အပြစ်

ကိုပေါ့စေရန်မကြံစည်၊ ခြိမ်းခြောက်သောအပြစ်ဒဏ်မှလွတ်မြောက်ရန်မတောင့်တချေ။ မိမိ၏ကျူးလွန်ခြင်းအပြစ်သည် အလွန်ကြီးကျယ်ကြောင်းကို ဒါဝိဒ်မင်းကြီးသိမြင်လာ၏။ သူသည်အပြစ်ကိုရွံရှာလာ၏။ သူသည်အပြစ်လွှတ်ခြင်းအခွင့်အတွက်သာမဟုတ်ဘဲ စိတ်နှလုံးဖြူစင်သန့်ရှင်းခြင်းအတွက်လည်းဆုတောင်း၏။ သူသည်သန့်ရှင်းခြင်းဖြင့်ခံစားရသောဝမ်းမြောက်ခြင်း၊ ဆက်ဆံပေါင်းသင်းခြင်းအခွင့်ကိုတောင့်တ၏။ အောက်ပါဆုတောင်းချက်သည် သူ၏စိတ်ထဲက ထွက်ပေါ်လာသောစကားများဖြစ်သည်။

'အပြစ်မှကင်းလွတ်ခြင်း၊ အပြစ်ကိုဖုံးအုပ်ခြင်းသို့ရောက်သောသူသည် မင်္ဂလာရှိ၏။ ထာဝရဘုရား အပြစ်တင်တော်မူခြင်းနှင့်လွတ်၍ လှည့်စားတတ်သောစိတ်သဘောနှင့် ကင်းစင်သောသူသည်မင်္ဂလာရှိ၏။' (ဆာလံကျမ်း ၃၂း၁၊၂)။

'အိုဘုရားသခင်၊ ကျေးဇူးပြုချင်သောစေတနာစိတ်တော်ရှိသည်အတိုင်း အကျွန်ုပ်ကိုသနားတော်မူပါ။ စုံမက်တော်မူခြင်း ကရုဏာများပြားသည်နှင့်အညီ အကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကိုဖြေတော်မူပါ။... အကျွန်ုပ်လွန်ကျူးပါပြီဟုဝန်ချလျက်၊ ကိုယ်အပြစ်ကိုအစဉ်မပြတ်အောက်မေ့လျက်နေပါ၏။ ........ အကျွန်ုပ်ကိုစင်ကြယ်စေခြင်းငှာဟုသုပ်ပင်ညွှန့်နှင့်သန့်ရှင်းခြင်းမင်္ဂလာကိုပေးတော်မူပါ။ အကျွန်ုပ်ကိုမိုးပွင့်ထက်သာ၍ဖြူစေခြင်းငှာဆေးကြောတော်မူပါ။ အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ။ အကျွန်ုပ်ကိုအထံတော်အထဲက နှင်ထုတ်တော်မမူပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်ကိုရုပ်သိမ်းတော်မမူပါနှင့်။ ကယ်တင်တော်မူခြင်းနှင့်ယှဉ်သောဝမ်းမြောက်

ခြင်းအခွင့်ကို ပြန်၍ပေးသနားတော်မူပါ။ ကြည်ညိုသောစေတနာစိတ် သဘောသည် အကျွန်ုပ်ကိုထောက်မပါစေသော။ …အိုဘုရားသခင် အကျွန်ုပ်ကိုကယ်တင်တော်မူသောဘုရားသခင်၊ လူအသက်ကိုသတ်ခြင်း အပြစ်နှင့် အကျွန်ုပ်ကိုကင်းလွတ်စေတော်မူပါ။ တရားသဖြင့်စီရင် တော်မူခြင်းကို အကျွန်ုပ်လျှာသည် ရွှင်လန်းစွာသီချင်းဆိုပါမည်။' (ဆာလံကျမ်း ၅၁း၁–၁၄)။

ဤကဲ့သို့သောနောင်တမျိုးကို ကျွန်ုပ်တို့ကိုယ်တိုင်၏အစွမ်းသတ္တိ အားဖြင့်မရရှိနိုင်ကြချေ။ ကောင်းကင်ဘုံသို့တက်ကြွသွား၍ လူတို့အား ဆုကျေးဇူးများကို ချပေးတော်မူသော သခင်ခရစ်တော်အားဖြင့်သာ ထိုနောက်တမျိုးကိုရရှိနိုင်သည်။

အများသောသူတို့မှားတတ်ကြသောအချက်သည် ဤအချက်ပင် ဖြစ်၏။ ထိုကြောင့် သခင်ခရစ်တော်က သူတို့အားပေးတော်မူသော အကူအညီကို သူတို့သည်မရရှိတတ်ကြချေ။ သူတို့သည်နောင်တမရဘဲ သခင်ခရစ်တော်ထံသို့မလာနိုင်။ ၎င်းပြင်နောင်တသည် မိမိတို့အပြစ် များကိုလွတ်စေဖို့ပြင်ဆင်ပြုပြင်ပေးသည်ဟု သူတို့ကထင်မှတ်ကြသည်။ အပြစ်များကိုဖြေလွှတ်ခြင်းအဦး၊ နောင်တရခြင်းအမှုရှိရမည်မှာ မှန်ပေ သည်။အကြောင်းမူကား၊ ကြေကွဲနှိမ့်ချသောစိတ်နှလုံးသာလျှင် ကယ်တင် ရှင်တစ်ပါးကိုအလိုကြောင်းသိရှိလိမ့်မည်။ သို့ရာတွင် အပြစ်သားသည် သခင်ယေရှုထံသို့မလာမီ နောင်တရသည့်တိုင်အောင် စောင့်ဆိုင်းနေရ မည်လော။အပြစ်သားနှင့်ကယ်တင်ရှင်၏စပ်ကြားတွင် နောင်တရခြင်း အမှုသည် တားဆီးပိတ်ပင်ထားသောအရာတစ်ခုဖြစ်နေရမည်လော။

'ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့၊ ငါသည်ချမ်းသာပေးမည်' ဟု သခင်ခရစ်တော်ကဖိတ်ခေါ်လျက်နေ

သည်ကို လက်မခံသတိမပြုမီ အပြစ်သားသည် နောင်တရသင့်သည်ဟု ကျမ်းစာကသွန်သင်မထားချေ။ (မဿဲ ၁၁း၂၈)။ မှန်သောနောင်တ ကိုဖြစ်စေသောအရာကား သခင်ခရစ်တော်ထံမှသက်ရောက်လာသော ပြုပြင်ခြင်းတန်ခိုးတော်ပင်ဖြစ်ပါသည်။ ပေတရုက၊ 'ဣသရေလလူတို့ အား နောင်တတရားနှင့်အပြစ်လွှတ်ခြင်းအခွင့်ကိုပေးစေခြင်းငှာ ထိုလူကို အစိုးရသောအရှင်အရာ၌လည်းကောင်း၊ ကယ်တင်သောသခင်အရာ၌ လည်းကောင်း ဘုရားသခင်ခန့်ထား၍ မိမိလက်ယာလက်တော်နှင့် ချီးမြှင့်တော်မူပြီ' ဟုပြောဆိုသောအခါ၊ သူသည် ဤအချက်ကို ဣသရေလလူတို့အားထင်ရှားစေ၏။ (တမန်တော် ၅း၃၁။) သခင် ခရစ်တော်မပါဘဲ ကျွန်ုပ်တို့သည်အပြစ်လွှတ်ခြင်းအခွင့်ကိုမရရှိနိုင်သည် ထက် ဝေဖန်ပိုင်းခြားတတ်သောစိတ်ကိုနှိုးဆော်ရန် သခင်ခရစ်တော်၏ ဝိညာဉ်တော်မပါလဲ နောင်တတရားကို ကျွန်ုပ်တို့သည် သာ၍မရနိုင် ကြချေ။

သခင်ခရစ်တော်သည်မှန်ကန်သောအရာကိုပြုစေရန် တိုက်တွန်း နှိုးဆော်တတ်သောသဘောရှိသမျှတို့၏အခြေခံဖြစ်တော်မူ၏။ ကိုယ် တော်တစ်ပါးတည်းသာလျှင် အပြစ်ကိုရွံရှာမုန်းတီးသောသဘောကို စိတ်နှလုံးထဲ၌ဖန်းတီးပေးနိုင်တော်မူ၏။ မှန်သောအရာနှင့်သန့်ရှင်းသော အရာတို့ကိုပြုလုပ်လိုသောဆန္ဒရှိသမျှ၊ ကျွန်ုပ်တို့၏အပြစ်ရှိသောအခြေ အနေကိုဝေဖန်သိမြင်နိုင်သောသဘောရှိသမျှတို့ကား ကျွန်ုပ်တို့၏စိတ် နှလုံးထဲ၌ ကိုယ်တော်၏ဝိညာဉ်တော်လှုပ်ရှားနေကြောင်း ထင်ရှားသော သက်သေဖြစ်သည်။

သခင်ယေရှုက၊ 'ငါသည်လည်းမြေကြီးနှင့်ခွာ၍ မြှောက်ထား ခြင်းကိုခံရလျှင် လူအပေါင်းတို့ကိုငါ့ထံသို့ဆွဲမည်' ဟုမိန့်တော်မူပြီ။

(ယော၊ ၁၂း၃၂။) သခင်ခရစ်တော်သည် လောက၏အပြစ်များအတွက် အသေခံတော်မူသော ကယ်တင်ရှင်အဖြစ်နှင့်အပြစ်သားတို့အား ထင်ရှားတော်မူရမည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ကရာနိကုန်းပေါ်ရှိလက်ဝါးကပ်တိုင်၌ ဘုရားသခင်၏သိုးသငယ်ကိုကြည့်ရှုကြသောအခါ ရွေးနုတ်ခြင်းနှင့်ဆိုင်သောနက်နဲရာအချက်သည် ကျွန်ုပ်တို့စိတ်ထဲ၌ထင်ပေါ်လာ၍ ဘုရားသခင်၏ကောင်းမြတ်ခြင်းကရုဏာတော်သည် ကျွန်ုပ်တို့အား နောင်တ တရားသို့လမ်းညွှန်လေ၏။ အပြစ်သားတို့အတွက် အသေခံတော်မူခြင်းဖြင့် မသိနားမလည်နိုင်သောမေတ္တာတော်ကို သခင်ခရစ်တော်သည် ထင်ရှားစေတော်မူ၏။ ၎င်းပြင် အပြစ်သားသည် ဤမေတ္တာတော်ကိုသိမြင်လာသောအခါ ၎င်းသည် သူ၏စိတ်နှလုံးကိုနူးညံ့စေလျက် နှိမ့်ချကြေကွဲသောသဘောကို ဖြစ်ပေါ်လာစေလေ၏။

မိမိတို့သည် သခင်ခရစ်တော်ထံသို့ဆွဲငင်ယူခြင်းခံနေရသည်ကို လူများတို့သည် မသိရှိမီကပင် တစ်ခါတစ်ရံ မိမိတို့၏အပြစ်ရှိသော အပြုအမူများအတွက် ရှက်ကြောက်လာလျက် မကောင်းသောအကျင့်အချို့ကိုစွန့်ပယ်တတ်ကြသည်။ မှန်ကန်သောအမှုကိုပြုရန် ရိုးဖြောင့်သောသဘောနှင့်ပြုပြင်ပြောင်းလဲရန် ကြိုးစားကြသောအခါတိုင်း သခင်ခရစ်တော်၏တန်ခိုးတော်သည် သူတို့ကိုဆွဲငင်ယူလျက်နေ၏။ သူတို့မသိသောတန်ခိုးတော်သည် သူတို့၏စိတ်ဝိညာဉ်ကိုပြုပြင်နေလျက် သူတို့၏စိတ်သည် ထကြွနိုးကြားလာ၍ အပြင်အသက်တာသည် ပြောင်းလဲလာ၏။ သူတို့၏အပြစ်များက ထိုးဖေါက်ခဲ့သောကိုယ်တော်ကိုမြင်ရန် လက်ဝါးကပ်တိုင်ပေါ်သို့မျှော်ကြည့်ဖို့ သခင်ခရစ်တော်က သူတို့ကိုဆွဲငင်တော်မူသောအခါ ပညတ်တော်သည် သိတတ်သော စိတ်သဘောရှိသောအရပ်သို့ ပြန်ရောက်လေ၏။ သူတို့အသက်တာ၏

ဆိုးရွားမှု၊ စိတ်ဝိညာဉ်၌အမြစ်စွဲလျက်ရှိသောအပြစ်ကို သူတို့အား ထင်ရှားစေ၏။ သူတို့သည် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းအကြောင်း ကိုသိရှိနားလည်လာကြလျက်၊ 'အပြစ်၏ချည်နှောင်ခြင်းခံရသော သူအားရွေးနုတ်ရန် ထိုမျှလောက်သောစွန့်စားပူဇော်ခြင်းကိုပြုဖို့လိုရသည် မှာ အပြစ်သည်အဘယ်အရာဖြစ်သနည်း။ကျွန်ုပ်တို့သည်ပျက်စီးခြင်း သို့မရောက်ဘဲ ထာဝရအသက်ကိုရမည်အကြောင်း ဤမျှလောက်မြတ် သောမေတ္တာ၊ဤမျှလောက်ကြီးသောဒုက္ခဆင်းရဲခြင်း၊ ဤမျှလောက်ယုတ်ညံ့ သောနှိမ့်ချခြင်းကိုတောင်းဆိုရသလော' ဟုကြွေးကြော်ကြ၏။

အပြစ်သားသည် ဤမေတ္တာကိုငြင်းပယ်၍ သခင်ခရစ်တော်ထံ ဆွဲငင်ခြင်းအမှုကိုအလိုမရှိဘဲနေလိမ့်မည်။ သို့ရာတွင် သူသည်မငြင်းပယ် လျှင် သခင်ယေရှုထံသို့ သူ့ကိုဆွဲငင်လိမ့်မည်။ ကယ်တင်ခြင်းအကြံ အစည်တော်အကြောင်း သိကျွမ်းခြင်းအမှုသည် ဘုရားသခင်၏သားတော် ကို ဒုက္ခဆင်းရဲခြင်းခံစေခဲ့သော သူ၏အပြစ်များအတွက် နောင်တရသော သဘောနှင့် သူ့အားလက်ဝါးကပ်တိုင်၏ခြေရင်းသို့ပို့ဆောင်လိမ့်မည်။

သဘာဝ၏အရာဝတ္ထုတို့ကို ပြုပြင်စီမံလျက်ရှိသော အလားတူ ဘုရားသခင့်သဘောတော်သည် လူတို့၏စိတ်နှလုံးကိုနှိုးဆော်နေလျက် မိမိတို့၌မရှိသောအရာကို မဖော်ပြနိုင်လောက်အောင် တောင့်တနေခြင်း စိတ်ကိုဖြစ်ပေါ်လာစေရန် ပြုပြင်ဖန်တီးလျက်နေ၏။ လောက၏အရာ ဝတ္ထုတို့သည် သူတို့တောင့်တသောအရာကိုမဖြည့်စွမ်းနိုင်ချေ။ ဘုရား သခင်၏ဝိညာဉ်တော်သည် ငြိမ်သက်ခြင်းနှင့်စိတ်ချမ်းသာခြင်းအခွင့် တို့ကိုပေးနိုင်သောအရာတည်းဟူသော သခင်ခရစ်တော်၏ကျေးဇူးတော်၊ သန့်ရှင်းခြင်း၏စည်းစိမ်ချမ်းသာကိုရှာစေရန် သူတို့အားနှိုးဆော်လျက် ရှိတော်မူ၏။ မြင်ရသောအရာ၊ မမြင်ရသောအရာတို့၏သတ္တိအားဖြင့်

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် လူတို့၏စိတ်ကိုအပြစ်၏မပြေစေနိုင်သောပျော်မွေ့ခြင်းများမှ ကိုယ်တော်၌ သူတို့ရရှိနိုင်သောကောင်းချီးမင်္ဂလာများသို့စွဲလမ်းလာစေရန် အစဉ်ပြုပြင်လျက်ရှိတော်မူသည်။ ဤလောက၏ပျက်စီးနေသော ရေလှောင်စည်ကြီးများမှ ရေသောက်ရန်အချည်းနှီးကြံစည်ကြိုးစားကြသော ဤဝိညာဉ်အပေါင်းတို့အား၊ 'ရေငတ်သောသူသည်လာပါစေ၊ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲအသက်ရေကိုယူပါစေ' ဟူသောဘုရားသခင်၏သတင်းစကားကိုကြားပြောလျက်ရှိပါသည်။ (ဗျာ၊ ၂၂း၁၇။)

ဤလောကတွင်ရရှိနိုင်သောအရာများထက် သာ၍ကောင်းသောအရာကို မိမိတို့၏စိတ်နှလုံးထဲ၌ တောင့်တသောသင်သည် ဤတောင့်တခြင်းအမှုကို သင်၏စိတ်နှလုံးအား ဘုရားသခင်မိန့်တော်မူသောစကားတော်ကဲ့သို့ အသိအမှတ်ပြုလာ၏။ သင့်အားနောင်တတရားကိုပေးတော်မူရန်သော်လည်းကောင်း၊ သခင်ခရစ်တော်၏မေတ္တာ စုံလင်သောဖြူစင်ခြင်းတွင် ကိုယ်တော်ကို သင့်အားထင်ရှားစေဖို့ရန်သော်လည်းကောင်း တောင်းလျှောက်လော့။ ကယ်တင်ရှင်၏အသက်တာ၌ ဘုရားသခင်နှင့်လူအချင်းချင်းတို့အား ချစ်ခြင်းတည်းဟူသောပညတ်တော်၏အခြေခံတရားများကိုစုံလင်စွာပုံသက်သေပြထား၏။ ကိုယ်တော်၏အသက်တာတွင် ကျေးဇူးပြုတတ်သောသဘောနှင့်ကိုယ်ကျိုးငဲ့ကွက်သောသဘောများထင်ရှား၏။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုကြည့်ရှုနေကြစဉ်ကျွန်ုပ်တို့၏ကယ်တင်ရှင်ထံမှအလင်းသည် ကျွန်ုပ်တို့အပေါ်သို့ထွန်းတောက်လျက်နေသောအခါ အကျွန်ုပ်တို့သည် မိမိတို့၏စိတ်နှလုံးထဲ၌အပြစ်ရှိနေသောအဖြစ်ကို တွေ့မြင်ရကြပေသည်။

ကျွန်ုပ်တို့၏အသက်တာသည် ဖြောင့်မတ်၍အကျင့်သည်လည်း မှန်ကန်သည်ဟု ကျွန်ုပ်တို့သည်နိကောဒင်ကဲ့သို့ မိမိကိုယ်ကိုချီးမြှောက်ကြလျက် ရိုးရိုးအပြစ်သားကဲ့သို့ ဘုရားသခင်၏ရှေ့တော်၌စိတ်နှိမ့်ချဖို့မလိုဟုထင်မှတ်တတ်ကြသည်။ သို့သော်သခင်ခရစ်တော်ထံမှအလင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ထွန်းတောက်လာသောအခါ ကျွန်ုပ်တို့သည်မည်မျှညစ်ညူးကြသည်ကို သိမြင်လာကြလိမ့်မည်။အသက်တာ၏အပြုအမူတိုင်းကိုညစ်ညူးစေခဲ့သော ဘုရားသခင်နှစ်သက်တော်မမူသည့်ကိုယ်ကျိုးရှာတတ်သောသဘောကိုလည်း ကောင်းစွာနားလည်လာကြလိမ့်မည်။ ထိုနောက် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသည် ညစ်ညူးသောအဝတ်စုတ်ကဲ့သို့ အမှန်ဖြစ်သဖြင့် သခင်ခရစ်တော်၏အသွေးတော်သာလျှင် အပြစ်၏ညစ်ညူးခြင်းကိုဆေးကြော၍ ကိုယ်တော်နှင့်တူရန် ကျွန်ုပ်တို့၏စိတ်နှလုံးကိုအသစ်ပြုပြင်နိုင်မည်ကို ကျွန်ုပ်တို့သိရှိလာလိမ့်မည်။

ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်တစ်သွယ်၊ သခင်ခရစ်တော်၏ဖြူစင်ခြင်းရောင်ခြည်တစ်ဖြာသည် စိတ်ဝိညာဉ်ထဲသို့ ထိုးဖေါက်ဝင်သွားသောအခါ ညစ်ညူးသောအစွန်းအထင်းရှိသမျှတို့ကို အလွန်သေချာစွာထင်ရှားသိသာစေ၍ ချို့တဲ့ပျက်စီးယိုယွင်းနေသောအရာများကိုထင်ပေါ်လာစေလိမ့်မည်။ မသန့်ရှင်းသောအလိုဆန္ဒများ၊ စိတ်နှလုံးထဲ၌ သစ္စာဖေါက်ခြင်းသဘော၊ မသန့်ရှင်းသောနှုတ်ထွက်စကားများတို့ကိုလည်း သိမြင်လာစေ၏။ ဘုရားသခင်၏ပညတ်တော်ကိုပယ်ဖျက်ခြင်းဖြင့် အပြစ်သား၏သစ္စာမရှိသောအမှုကို သူသည်ထင်ရှားစွာမြင်လာ၍ ဘုရားသခင်၏ဝိညာဉ်တော်က စစ်ဆေးရှာဖွေပြုပြင်ခြင်းတန်ခိုးအားဖြင့် သူတို့၏စိတ်ဝိညာဉ်သည် ဆင်းရဲမှုခံစားနေရလျက် ဒုက္ခရောက်

နေ၏။ သခင်ခရစ်တော်၏သန့်ရှင်း၊ အစွန်းအထင်းကင်းသောအကျင့်ကိုသိမြင်ရသောအခါ သူသည် မိမိကိုယ်ကိုပင်ရွံရှာ၏။

ပုရောဖက်ဒံယေလသည် မိမိထံသို့စေလွှတ်လိုက်တော်မူသော ကောင်းကင်တမန်၏ပတ်လည်ရှိ ဘုန်းရောင်ကိုမြင်ရသောအခါ သူသည်မိမိကိုယ်တိုင်၌ရှိနေသောအားနည်းခြင်း၊ မစုံလင်ခြင်းအဖြစ်တို့ကို ထင်ရှားစွာသိမြင်လာလေ၏။ အံ့သြဖွယ်ကောင်းသောမြင်ခြင်းကြောင့် မိမိ၌ဖြစ်ပျက်နေသောအခြေအနေကို သူကဤကဲ့သို့ဖော်ပြထား၏။ 'ခွန်အားလျော့၍မျက်နှာပျက်လျက် ကိုယ်၌အစွမ်းသတ္တိအလျှင်းမရှိဖြစ်လေ၏။ (ဒံယေလ၊ ၁၀း၈)။ ထိုကဲ့သို့ထိခိုက်ခြင်းခံရသော စိတ်ဝိညာဉ်သည် ၎င်း၏ကိုယ်ကျိုးရှာသောသဘောကိုလည်းကောင်း၊ ကိုယ်ကိုကိုယ်ချစ်ခင်နှစ်သက်သောသဘောကိုလည်းကောင်း ရွံရှာစက်ဆုပ်လာ၍ သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းတန်ခိုးအားဖြင့် ဘုရားသခင်၏ပညတ်တော်နှင့်လည်းကောင်း၊ သခင်ခရစ်တော်၏ အကျင့်သဘောတော်နှင့်လည်းကောင်း ညီညွတ်သောစိတ်နှလုံးသန့်ရှင်းခြင်းအဖြစ်ကိုရှာကြလိမ့်မည်။

ရှင်ပေါလုက၊ 'ပညတ်တရားအားဖြင့်ရသောဖြောင့်မတ်ခြင်းကိုမေးပြန်သော်' အပြင်အပ အပြုအမူတို့နှင့်သက်ဆိုင်လျှင် သူသည် 'အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူဖြစ်၏' ဟုပြောဆို၏။(ဖိလိပ္ပိ၊ ၃း၆)။ သို့ရာတွင်ပညတ်တရား၏ဝိညာဉ်သဘောကို သိမြင်လာသောအခါ မိမိကိုယ်တိုင်သည် အပြစ်ရှိသောသူဖြစ်သည်ကိုမြင်ရလေ၏။ လူများတို့သည် ပညတ်တရားကိုမိမိတို့၏အပြင်အပအသက်တာနှင့် နှိုင်းစာကြည့်သကဲ့သို့ ပညတ်တရားကိုအပေါ်ယံကလောက် စစ်ဆေးကြည့်လျှင် သူသည်အပြစ်နှင့်ကင်းစင်၏။ သို့ရာတွင် ၎င်း၏သန့်ရှင်း

သောတရားများကိုနက်နဲစွာဆင်ခြင်စစ်ဆေးကြည့်သဖြင့်ဘုရားသခင်
သည် သူ့အားမြင်သကဲ့သို့ သူသည်မိမိကိုယ်ကိုမြင်လာသောအခါ
သူသည် မိမိကိုယ်ကိုနှိမ့်ချဦးညွှတ်လျက် မိမိ၏အပြစ်ကိုဝန်ခံလေ၏။
'အထက်ကပညတ်တရားမရှိသဖြင့် ငါသည်အသက်ရှင်၏။ ပညတ်
တရားပေါ်သောအခါ အပြစ်တရားသည်ရှင်ပြန်၏။ ငါလည်းသေ၏၊'
ဟုသူကပြောဆို၏။ (ရောမ၊ ၇း၉)။ သူသည်ပညတ်တရား၏ဝိညာဉ်
သဘောကိုသိမြင်လာသောအခါ အပြစ်တရားသည် အမုန်ကြောက်မက်
ဖွယ်ကောင်းသောအခြေအနေ၌ထင်ပေါ်လာ၍ သူ၏ကိုယ်ကိုချီးမြှောက်
တတ်သောသဘောသည် ကွယ်ပျောက်သွားလေ၏။

ဘုရားသခင်သည်အပြစ်အားလုံးကို အတူတူပင်သဘောထား
တော်မမူပါ။ လူတို့၏အထင်အမြင်မှာကဲ့သို့ပင် ဘုရားသခင်၏အထင်
အမြင်၌ အပြစ်အမျိုးမျိုးအစားစားရှိသည်။ သို့ရာတွင် လူတို့၏မျက်
မှောက်၌ မှားသော၍အမှု (သို့မဟုတ်) ထိုအမှုသည် မည်မျှလောက်
သေးငယ်သည်ဟုထင်ရသော်လည်း ဘုရားသခင်၏ရှေ့တော်၌ မည်သည့်
အပြစ်မျှမသေးငယ်ပါ။ ဘုရားသခင်မူကား ခပ်သိမ်းသောအမှုတို့ကို
တကယ်ပင်တည်ရှိသောအခြေအနေအတိုင်းထင်မှတ်တော်မူ၏။ အရက်
ကိုစက်ဆုပ်ရွံရှာတော်မူ၍ အရက်၏အပြစ်သည် သောက်သူအားကောင်းကင်
မှပယ်ထုတ်လိမ့်မည်ဟုမိန့်တော်မူ၏။ မာနထောင်လွှားခြင်းကို ကိုယ်
ကျိုးရှာခြင်းဖြင့် တပ်မက်ခြင်းသဘောရှိသောသူတို့ကိုလည်း မကြာခဏ
ဆုံးမပဲ့ပြင်တော်မူ၏။ သို့ရာတွင်ဘုရားသခင်ကိုသာ အထူးသဖြင့်
ပြစ်မှားသောအပြစ်များလည်းရှိသေး၏။ အကြောင်းကား၊ ၎င်းတို့သည်
ဘုရားသခင်၏ကျေးဇူးပြုတတ်သောသဘောနှင့်လည်းကောင်း၊ မဖေါက်
ပြန်သောမိုးကုပ်စက်ဝိုင်းတစ်ဝန်းလုံးတွင်ရှိ ကိုယ်ကျိုးမရှာသောမေတ္တာနှင့်

လည်းကောင်း ဆန့်ကျင်ဘက်ဖြစ်ကြ၏။ သာ၍ကြီးသောပြစ်မှုများကို ပြုမိသောသူသည် မိမိ၌ရှက်ဖွယ်သောအဖြစ်၊ဆင်းရဲသောအဖြစ်နှင့် သခင်ခရစ်တော်၏ကျေးဇူးကရုဏာတော်ကို လိုနေသောအဖြစ်မျိုးရှိနေသည်ကို သိရှိကောင်းသိရှိလိမ့်မည်။ သို့ရာတွင် မာနထောင်လွှားခြင်းစိတ်ရှိသူကား ၎င်းကိုမလိုဟုထင်သဖြင့် ၎င်းသဘောမျိုးသည် မိမိ၏စိတ်နှလုံးထဲ၌ သခင်ခရစ်တော်ကိုလည်းကောင်း၊ ကိုယ်တော်ပေးတော်မူသည့်ကောင်းချီးမင်္ဂလာတို့ကိုလည်းကောင်း လက်မခံချေ။

'အိုဘုရားသခင်၊ အပြစ်များသောအကျွန်ုပ်ကိုသနားကရုဏာစိတ်ရှိတော်မူပါ။' (လုကာ၊ ၁၈း၁၃) ဟုဆုတောင်းသောအခွန်ခံသည် မိမိကိုယ်ကိုအလွန်ဆိုးသောသူဟုသဘောထား၏။ အခြားသောသူတို့ကလည်း ထိုကဲ့သို့ထင်မှတ်ကြ၏။ သို့ရာတွင်သူသည် မိမိ၌လိုနေသောအရာကို သိမြင်သဖြင့် အပြစ်ဝန်ထုပ်နှင့်လည်းကောင်း၊ ရှက်ကြောက်ခြင်းနှင့်လည်းကောင်း ဘုရားသခင်၏ရှေ့တော်သို့ရောက်လာလျက် သနားခြင်းကရုဏာတော်ကိုတောင်းလျှောက်လေ၏။ ဘုရားသခင်၏ဝိညာဉ်တော်သည် ၎င်း၏ကျေးဇူးရှိသောအမှုကိုပြုလုပ်၍ သူ့အားအပြစ်၏တန်ခိုးမှကယ်လွှတ်စေရန် သူသည် မိမိ၏စိတ်နှလုံးကိုဖွင့်ပေး၏။ ဖါရိရဲ၏စိတ်နှလုံးမူကား၊ ဘုရားသခင်၏ဝိညာဉ်တော်ပြုပြင်ခြင်းတန်ခိုးကိုငြင်းပယ်လျက်ရှိကြောင်း ကြွားဝါသောသဘော၊ ကိုယ့်ကိုကိုယ်ဖြောင့်မတ်သည်ဟုထင်သောသဘောနှင့် ဆုတောင်းခြင်းဖြင့်ပြ၏။ သူသည် ဘုရားသခင်နှင့်ဝေးကွာနေသောကြောင့် ဘုရားသခင်၏စုံလင်သောသန့်ရှင်းခြင်းအဖြစ်နှင့်နှိုင်းစာလိုက်သောအခါ မိမိကိုယ်တိုင်၌ညစ်ညူးနေသောအဖြစ်ကို မသိမမြင်ခဲ့ချေ။ သူ၌ဘာမျှမလိုဟုထင်မှတ်သဖြင့် သူသည် မည်သည့်အရာကိုမျှမရခဲ့ချေ။

သင်၌အပြစ်ရှိနေသောအဖြစ်ကိုသိမြင်လျှင် သင့်ကိုယ်ကိုသာ၍ကောင်းလာအောင်ပြုကျင့်နိုင်လာသည်တိုင်အောင် စောင့်ဆိုင်းမနေပါနှင့်။ မိမိတို့သည် သခင်ခရစ်တော်ထံသို့ချဉ်းကပ်ရလောက်အောင် ကောင်းသောသူများမဟုတ်ကြဟုထင်မှတ်သူ ဘယ်နှစ်ယောက်ရှိကြသနည်း။ မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှုဖြင့် သာ၍ကောင်းလာရန်သင်သည် မျှော်လင့်သလား။ 'အဲသယောပိလူသည် မိမိ၏အဆင်းကိုလည်းကောင်း၊ ကျားသစ်သည် အကွက်အကျားတို့ကိုလည်းကောင်း ပြောင်းလဲနိုင်သလော။ ပြောင်းလဲနိုင်လျှင် အပြစ်ပြုလေ့ရှိသောသူတို့သည် အပြစ်ကိုမပြုခြင်းငှာတတ်နိုင်ကြလိမ့်မည်။' (ယေရမိ၊ ၁၃း၂၃)။ ကျွန်ုပ်တို့သည်ဘုရားသခင်ထံမှသာ အကူအညီကိုရရှိနိုင်ကြသည်။ ကျွန်ုပ်တို့သည် သာ၍ပြင်းသောတိုက်တွန်းနှိုးဆော်ချက်၊ သာ၍ကောင်းသောအခွင့်ထူး (သို့မဟုတ်) သာ၍သန့်ရှင်းသောသဘောထားများရဖို့ရန်အတွက် စောင့်ဆိုးနေ၍မသင့်ပေ။ ကျွန်ုပ်တို့သည် မိမိကိုယ်တိုင်ဘာမျှမပြုလုပ်နိုင်ကြ။ မိမိ၌ရှိနေသောအဖြစ်မျိုးဖြင့်ပင် သခင်ခရစ်တော်ထံသို့လာရကြမည်။

သို့ရာတွင်ဘုရားသခင်သည် မိမိ၏ကျေးဇူးတော်ကိုငြင်းပယ်သောသူတို့ကိုပင် မိမိ၏မဟာမေတ္တာတော်နှင့်ကရုဏာတော်အားဖြင့် ကယ်တင်တော်မူလိမ့်မည်ဟု မည်သူမျှမိမိတို့ကိုယ်ကိုမလှည့်ဖြားစေကြနှင့်။ လက်ဝါးကပ်တိုင်၏အလင်း၌သာလျှင် အပြစ်သည်မည်မျှကြီးလေးယုတ်ညံ့ကြောင်းကိုသိရှိနိုင်သည်။ ဘုရားသခင်သည် အပြစ်ရှိသောသူတို့ကိုမစွန့်ပယ်နိုင်လောက်အောင် အလွန်ကောင်းမြတ်တော်မူသည်ဟု လူများကနှိုးဆော်သောအခါ သူတို့အားကရာနိကုန်းကိုမျှော်ကြည့်ကြပါစေ။ အကြောင်းမူကား၊ လူသည်ကယ်တင်ခြင်းခံစားဖို့ရန် အခြားနည်းမရှိချေ။

အကြောင်းမှုကား၊ ဤလောကစွန့်စားပူဇော်ခြင်းမရှိလျှင် လူသတ္တဝါ
သည် အပြစ်၏ညစ်ညူးစေသောသတ္တိမှကင်းလွတ်စေခြင်းငှာလည်း
ကောင်း၊သန့်ရှင်းသောသတ္တဝါတို့နှင့်ပေါင်းသင်းဆက်ဆံရန်အခွင့်ကို
ပြန်၍ရရှိခြင်းငှာလည်းကောင်း မတတ်နိုင်ချေ။ ဝိညာဉ်အသက်တာမျိုး
ကိုတစ်ဖန်ပြန်၍ခံယူနိုင်ခွင့်ရရှိခြင်းငှာမတတ်နိုင်။ ဤအကြောင်းကြောင့်
ပင် သခင်ခရစ်တော်သည် နားမထောင်သောသူ၏အပြစ်ကိုမိမိအပေါ်
၌ယူဆောင်လျက် အပြစ်သား၏ကိုယ်စားဒုက္ခဆင်းရဲကိုခံတော်မူ၏။
ဘုရားသခင့်သားတော်၏မေတ္တာတော်၊ ဒုက္ခဆင်းရဲနှင့် အသေခံတော်မူ
ခြင်းအမှုအားလုံးတို့က အပြစ်၏အလွန်ကြောက်မက်ဖွယ် ကြီးမားသော
အပြစ်ကို ထင်ရှားစေလေပြီ။ ၎င်းပြင်သခင်ခရစ်တော်အား မိမိကိုယ်ကို
အပ်နှံခြင်းမပြုဘဲ အပြစ်၏တန်ခိုးမှကင်းလွတ်ခြင်း၊ မြင့်မြတ်သော
အသက်တာအတွက် မျှော်လင့်ခြင်းတို့ကိုမရနိုင်ဟု ဖေါ်ပြထားသေး၏။

နောင်တရသောသူတို့သည် တစ်ခါတစ်ရံ ခရစ်ယာန်ဟုအခေါ်
ခံနေကြသောသူတို့၏အကြောင်းကိုအစွဲပြု၍ 'ကျွန်ုပ်သည်သူတို့လောက်
ကောင်းပါသေးသည်။ သူတို့သည် သူတို့၏အကျင့်များတွင် ကျွန်ုပ်
ထက်သာ၍ကိုယ်ကိုငြင်းပယ်ခြင်း၊ ဣန္ဒြေစောင့်ခြင်း၊ မြော်မြင်ဝီရိယ
စိုက်ခြင်းမရှိကြပါ။ ကျွန်ုပ်ကဲ့သို့ပင် သူတို့လည်း အပျော်အပါး၌ပျော်မွေ့
ခြင်း၊ ကိုယ့်အလိုသို့လိုက်ခြင်းကိုနှစ်သက်ကြသည်' ဟုဆင်ခြေပေး
တတ်ကြသည်။ ထိုနည်းအားဖြင့် အခြားသူတို့၏အပြစ်များကိုဖေါ်ပြ
ခြင်းဖြင့် မိမိတို့တာဝန်ပျက်ကွက်မှုကိုဆင်ခြေပေးတတ်ကြသည်။
သို့ရာတွင် အခြားသူတို့၏အပြစ်များနှင့် ချို့ယွင်းချက်များကိုထောက်
လျက် တစ်စုံတစ်ယောက်သောသူ၏အပြစ်ကိုမလွှတ်နိုင်။ အကြောင်း

မူကား၊ ထာဝရဘုရားသည် ကျွန်ုပ်တို့အားမှားယွင်းသောလူကို ပုံသက်သေအဖြစ်နှင့်ဖေါ်ပြထားတော်မမူ။ အစွန်းအထင်းကင်းသောဘုရားသခင်ကို ကျွန်ုပ်တို့၏ပုံသက်သေအဖြစ်ပေးတော်မူ၏။ ၎င်းပြင်ခရစ်ယာန်ဟုခေါ်ဝေါ်နေသောသူတို့၏အမှားကိုစွပ်စွဲနေသောသူတို့သည် သာ၍ကောင်းသောအသက်တာ၊ သာ၍မြင့်မြတ်သောပုံသက်သေကိုပြဖို့သင့်သောသူများဖြစ်ကြသည်။ ခရစ်ယာန်သည်မည်ကဲ့သို့ဖြစ်အပ်သည်ဟုသူတို့၌ ထိုမျှလောက်မြင့်မြတ်သောစိတ်ကူးရှိခဲ့လျှင် သူတို့၏အပြစ်သည် ထိုမျှလောက်ပင်ကြီးကျယ်သည်မဟုတ်လော။ သူတို့သည် အဘယ်အရာမှန်သည်ကိုသိသော်လည်း ၎င်းအမှုကိုပြုကျင့်ရန်ငြင်းပယ်ကြ၏။

နေ့ရက်ရွေ့ဆိုင်းမနေပါနှင့်။ သင်၏အပြစ်ကိုစွန့်ပစ်၍ သခင်ယေရှုအားဖြင့်စိတ်နှလုံးဖြူစေရန် ရှာဖွေခြင်းအမှုကိုရက်ရွေ့မနေပါနှင့်။ ဤအချက်၌ထောင်ပေါင်းများစွာသောသူတို့သည် ထာဝရဆုံးရှုံးခြင်းသို့ရောက်သည်တိုင်အောင်မှားခဲ့ကြပြီ။ အသက်တာသည် တိုတောင်း၍မသေချာကြောင်းကိုအထူးပြောမနေလိုပါ။ သို့ရာတွင် အပြစ်တွင်နစ်မွန်းလျက်နေရန်ရွေးချယ်ခြင်းဖြင့် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်က တောင်းပန်နှိုးဆော်သောအသံတော်ကိုလိုက်နာဖို့ရန်နှောင့်နှေးခြင်း၌ကြောက်စရာကောင်းသောဘေးဥပဒ်ရှိ၏။ ဤကဲ့သို့အပြစ်၌နေလိုသည့်အတွက်ပင် ဇကန်အမှန်နှောင့်နှေးနေခြင်းဖြစ်၏။ အပြစ်သည် မည်မျှလောက်သေးငယ်သည်ဟုထင်ရသော်လည်း ၎င်းကိုကျင့်လျှင် အကန့်အသတ်မရှိသောဆုံးရှုံးခြင်းကိုသာဖြစ်စေလိမ့်မည်။ ကျွန်ုပ်တို့မအောင်မြင်သောအရာသည် ကျွန်ုပ်တို့ကိုနိုင်နင်းလျက် ကျွန်ုပ်တို့အား ပျက်စီးခြင်းသို့ရောက်စေရန်စီမံလိမ့်မည်။

အာဒံနှင့်ဧဝတို့က တားမြစ်ထားသောအပင်၏အသီးကိုစားခြင်းလောက် သေးငယ်သောအမှုကလေးအတွက် ဘုရားသခင်၏မိန့်မှာတော်မူသည်အတိုင်း ကြောက်စရာကောင်းသောအကြောင်းအရာဖြစ်နိုင်လိမ့်မည်မဟုတ်ဟု မိမိတို့စိတ်၌တွေးထင်ကြလေ၏။ သို့ရာတွင် ဤသေးငယ်သောအမှုကလေးသည် ဘုရားသခင်၏မပြောင်းလဲ သန့်ရှင်းသောပညတ်တရားတော်ကို လွန်ကျူးခြင်းကြောင့် ထိုအမှုသည် လူအားဘုရားသခင်နှင့်ဝေးကွာစေလျက် ကျွန်ုပ်တို့၏လောကထဲသို့သေခြင်းတရားလမ်း၏တံခါးများကိုဖွင့်ပေး၍ မပြောပြနိုင်အောင်များသောအပြစ်တို့ကိုသက်ရောက်စေလေပြီ။ လူ၏နားမထောင်ခြင်းအမှုကြောင့် ကာလအဆက်ဆက် ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးမှငိုကြွေးသံများကိုအစဉ်သဖြင့် ကြားနေရကြလျက် ဖန်ဆင်းထားသောအရာအပေါင်းတို့သည် ရောဂါခံစားနေရကာ ညည်းညူဒုက္ခရောက်လျက်ရှိကြ၏။ လူသည်ဘုရားသခင်ကိုပုန်ကန်ခြင်းကြောင့် ကောင်းကင်၌ပင်ထိခိုက်ခြင်းခံရ၏။ကရာနိကုန်းသည် ပညတ်တော်ကိုလွန်ကျူးခြင်းအပြစ်အားဖြေလွှတ်ရန်အတွက် လိုအပ်သည့်အလွန်အံ့သြဖွယ်စွန့်စားပူဇော်ခြင်း၏အထိမ်းအမှတ်အဖြစ်နှင့်တည်ရှိနေ၏။ အပြစ်ကို သေးငယ်ပေါ့ဆသောအရာကလေးကဲ့သို့ ကျွန်ုပ်တို့သည်မထင်မမှတ်အပ်ပေ။

လွန်ကျူးခြင်းအမှုတိုင်း သခင်ခရစ်တော်၏ကျေးဇူးတော်ကိုအမှုမထား ငြင်းပယ်သောအမှုတိုင်းတို့သည် သင့်အပေါ်၌ပြန်၍ထိခိုက်လိမ့်မည်။ စိတ်နှလုံးကိုခိုင်မာစေ၍ စိတ်ဆန္ဒကိုဆုတ်ယုတ်စေပြီး သိနားလည်တတ်သောဉာဏ်ကိုထုံထိုင်းစေလျက် ဘုရားသခင်၏ဝိညာဉ်တော်က ကြင်နာစွာနှိုးဆော်တိုက်တွန်းနေသည်ကိုလိုက်နာလိုသောစိတ်

နည်းပါးလာသည်သာမက လိုက်နာနိုင်သောသတ္တိကိုပင် ယုတ်လျော့သွားစေလိမ့်မည်။

အများသောသူတို့သည် မိမိတို့အလိုရှိသည့် မကောင်းသောလမ်းကိုရှောင်ရှားနိုင်လိမ့်မည်ဟုထင်မှတ်လျက် မိမိတို့အထဲ၌လှုပ်ရှားထကြွနေသော စိတ်ကိုဆိတ်ငြိမ်နေစေတတ်ကြသည်။ ကရုဏာတော်နှင့်ဖိတ်ခေါ်ခြင်းကို သူတို့သည် အရေးမစိုက်ဘဲနေနိုင်၍ မကြာခဏထပ်ခါထပ်ခါ ဤဖိတ်ခေါ်ခြင်းကိုကြားနိုင်သည်ဟု ထင်မှတ်ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်ကိုအငြိုးထားလျက် စာတန်၏အလိုသို့လိုက်နေကြပြီးနောက် အလွန်ကြောက်မက်ဖွယ်သောအကောင်းဆုံးအချိန်၌ သူတို့သည် မိမိတို့၏လမ်းကိုပြောင်းလွဲနိုင်ကြသည်ဟုထင်မှတ်ကြသည်။ သို့ရာတွင် ဤအမှုကိစ္စကိုအလွယ်တကူနှင့်မပြုလုပ်နိုင်ချေ။ အသက်တာတစ်လျှောက်လုံးတွင် တွေ့ကြုံသင်ကြားခဲ့ရသောဗဟုသုတတို့သည် အကျင့်ကိုလုံးလုံးစီမံဖန်တီးနေသဖြင့် အနည်းငယ်သောသူတို့သာ ထိုအချိန်အခါ၌ သခင်ယေရှု၏ပုံသဏ္ဌာန်ကိုလက်ခံရန်လိုလားတတ်ကြသည်။

မှားသောအကျင့်တစ်ခု၊ အပြစ်ရှိသောအလိုဆန္ဒတစ်ခုပင်လျှင်ဆက်လက်ပြုကျင့်ကြံစည်နေခဲ့သော် ဧဝံဂေလိတရား၏တန်ခိုးတော်အားလုံးကို အဆုံး၌ပြယ်ပျောက်သွားစေလိမ့်မည်။ အပြစ်၌နှစ်မွှန်းနေသောအပြစ်ရှိသမျှသည် ဘုရားသခင်ကိုမနှစ်သက်စေရန် စိတ်ဝိညာဉ်ကိုခိုင်မာစေ၏။ ဘုရားသခင်ကိုမကြည်ညိုသောသဘောတွင် စိတ်ခိုင်မာသောသူ (သို့မဟုတ်) သမ္မာတရားတော်ကိုမိုက်မဲစွာအမှုမထားသောသူသည် မိမိစိုက်ပျိုးသောအရာ၏ အသီးအနှံကိုအဆုံး၌ရိတ်ရလေသည်။ ဆိုးသောအမှုကိုပေါ့ပေါ့ဆဆထင်မှတ်တတ်သောသူတို့အကြောင်းနှင့်သက်ဆိုင်

၍ ကျမ်းစာတွင်အပြစ်ပြုသောသူသည် ‘မိမိအပြစ်ကြီးတို့ဖြင့် ချည်နှောင်ခြင်းကိုခံရလိမ့်မည်’ ဟု ပညာရှိတစ်ပါးပြောထားသောစကားများ ထက်သာ၍ ကြောက်စရာကောင်းသော သတိပေးစကားမရှိတော့ချေ။ (သု၊ ၅း၂၂)။

သခင်ခရစ်တော်သည် ကျွန်ုပ်တို့အားအပြစ်မှကယ်လွတ်ရန် အသင့်ရှိတော်မူ၏။ သို့သော်ကျွန်ုပ်တို့အလိုမတူဘဲ အတင်းအကျပ်ပြုတော်မမူ။ အပြစ်ကိုဆက်လက်ကျူးလွန်နေခြင်းဖြင့် မကောင်းမှုအပြစ်ဘက်၌သာ လုံးလုံးစိတ်ညွတ်နေ၍ အပြစ်မှလွတ်ဖို့ရန် ကျွန်ုပ်တို့သည် အလိုမရှိကြလျှင်၊ ကိုယ်တော်၏ကျေးဇူးတော်ကို လက်မခံလိုကြလျှင် ကိုယ်တော်သည်မည်ကဲ့သို့ပြုလုပ်နိုင်တော်မူဦးမည်နည်း။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ မေတ္တာတော်ကို အသေအချာငြင်းပယ်ခြင်းဖြင့် မိမိတို့ကိုယ်ကိုဖျက်ဆီးခဲ့ကြပြီ။ ‘ယခုပင်နှစ်သက်ဖွယ်သောအချိန်ရှိ၏၊ ယခုပင်ကယ်တင်ရာနေ့ရက်ကာလရှိ၏။’ ‘ယနေ့တွင် သင်တို့သည် မိန့်မှာချက်ကိုကြားလျက်ရှိသည်ဖြစ်၍ ခိုင်မာသောစိတ်နှလုံးမရှိကြနှင့်။’ (၂ကော၊ ၆း၂။ ဟေဗြဲ၊ ၃း၇၊၈)။

‘လူသည်အဆင်းသဏ္ဍာန်ကိုကြည့်ရှုတတ်၏။ ထာဝရဘုရားသခင်မူကား နှလုံးကိုကြည့်ရှုတတ်သည်။’ (၁ရာ၊ ၁၆း၇)။ လူ၏စိတ်နှလုံးသည် အတွင်း၌ဝမ်းမြောက်ခြင်းနှင့်ဝမ်းနည်းခြင်းတို့၏ တိုက်လှန်ခြင်းနှင့်ပြည့်ဝနေ၏။ လမ်းမှာလျက်ထင်ရာရောက်နေသောစိတ်ဖြစ်၍ ညစ်ညူးခြင်း၊ လှည့်ဖြားခြင်းအမျိုးမျိုးနှင့်ပြည့်ဝလျက်ရှိသောနေရာဖြစ်၏။ ကိုယ်တော်သည် လူ၏စိတ်နှလုံးတွင်ရှိသောအကြံအစည်၊ ရည်ရွယ်ချက်နှင့်အလိုဆန္ဒများကိုသိရှိတော်မူ၏။ သင်၏စိတ်ဝိညာဉ်သည် ထိုသို့စွန်းထင်းနေသည်အတိုင်းပင် ကိုယ်တော်ထံသို့ချဉ်းကပ်

လော့။ အလုံးစုံတို့ကိုသိမြင်တော်မူသောအရှင်အား မိမိ၏စိတ်နှလုံး အခန်းကိုဖွင့်ပေးလျက် ဆာလံဆရာကဲ့သို့ ‘ အိုဘုရားသခင်၊အကျွန်ုပ် ကိုစစ်ကြော၍ အကျွန်ုပ်နှလုံးကိုသိမှတ်တော်မူပါ။ စုံစမ်း၍စိတ်အထင် များကိုလည်း သိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့အကျွန်ုပ်လိုက်သည် မလိုက်သည်ကိုကြည့်ရှု၍ ထာဝရလမ်းထဲသို့ဆောင်တော်မူပါ ’ ဟုကြွေးကြော်ပါလော့။ (ဆာလံကျမ်း၊ ၁၃၉း၂၃၊၂၄)။

အများသောသူတို့သည် ဘုရားသခင်၌မွေ့လျော်ခြင်းတစ်မျိုးဖြစ် သည့် အသိဉာဏ်တရားနှင့်စပ်ဆိုင်သော ဘာသာတရားတစ်မျိုးကို လက်ခံကြသည်။ သင်၏ဆုတောင်းချက်ကား၊ ‘အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌စင်ကြယ်သောနှလုံးကိုဖန်ဆင်းတော်မူပါ။ မြဲမြံတည် ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ ’ ဟူသောအချက်ဖြစ် ပါစေ။ (ဆာလံကျမ်း၊ ၅၁း၁၀)။ သင်၏စိတ်ဝိညာဉ်နှင့်မှန်ကန်စွာ ပြုပါ။ သင်၏သေတတ်သောအသက်တာသည် ဒုက္ခရောက်နေလျှင် သင်သည်တတ်နိုင်သမျှစိတ်အားကြီးစွာနှင့် ဆက်လက်ကြိုးစားပါ။ ဤအမှုသည် သင်၏စိတ်ဝိညာဉ်နှင့်ဘုရားသခင်၏စပ်ကြားတွင် ထာဝရ ကာလအတွက် ဆုံးဖြတ်ရမည့်အမှုဖြစ်ပေသည်။ စိတ်ကူးနှင့်သာမန် မျှော်လင့်နေလျှင် ဘာမျှထပ်မံမပြုလုပ်ဘဲနေလျှင် သင်သည်အမှန် ပျက်စီးခြင်းသို့ရောက်လိမ့်မည်။

ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို ဆုတောင်းလျက်လေ့ကျက် ပါ။ထိုနှုတ်ထွက်စကားတော်တွင်ပါရှိသော ဘုရားသခင်၏ပညတ်တော်ကို လည်းကောင်း၊ သခင်ခရစ်တော်၏အသက်တာအကြောင်း၌လည်း ကောင်း သန့်ရှင်းခြင်းနှင့်ဆိုင်သောအခြေခံတရားကြီးကို သင်တို့အား ဖေါ်ပြထားပါသည်။ ဤကဲ့သို့သော ‘သန့်ရှင်းခြင်းမရှိလျှင် အဘယ်

သူမျှထာဝရဘုရားသခင်ကိုမဖူးမမြင်ရ။' (ဟေဗြဲ၊ ၁၂း၁၄။) ၎င်းသည် အပြစ်ကိုဖေါ်ပြ၏။ ကယ်တင်ရာလမ်းကိုလည်းထင်ရှားစွာဖေါ်ပြ၏။ သင်၏စိတ်ဝိညာဉ်အား ဘုရားသခင်မိန့်တော်မူသောစကားသံကဲ့သို့ ၎င်းကိုသတိပြုပါ။

အပြစ်၏ကြီးကျယ်သောအဖြစ်ကိုသင်သည်သိမြင်လျှင်၊ သင့်ကိုယ်တိုင်တကယ်ပင်ဖြစ်နေသောအခြေအနေကို သင်သည် ကိုယ်တိုင်သိမြင်နားလည်လျှင်စိတ်မပျက်ပါနှင့်။သခင်ခရစ်တော်သည် အပြစ်ရှိသောသူတို့ကိုကယ်တင်အံ့သောငှာကြွလာတော်မူ၏။ ဘုရားသခင်အား ကျွန်ုပ်တို့နှင့်မိတ်သဟာယဖွဲ့စေရန် ကျွန်ုပ်တို့ကသွား၍ တောင်းပန်နေရသည်မဟုတ်။ဘုရားသခင်သည် သခင်ခရစ်တော်၌ 'လောကအားကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏။' (၂ကော၊ ၅း၁၉)။ အို၊ မည်မျှအံ့ဩဖွယ်ကောင်းသောမေတ္တာဖြစ်သနည်း၊ ကိုယ်တော်သည် မိမိ၏သိမ်မွေ့သောမေတ္တာတော်အားဖြင့် မှားနေသောသားသမီးတို့၏ စိတ်နှလုံးကိုဆွဲငင်လျက်နေတော်မူ၏ ဘုရားသခင်သည် ကယ်ဆယ်ရန် ရှာကြံနေသောသူတို့၏အပြစ်နှင့်မှားသောအမှုများကိုသည်းခံတော်မူသကဲ့သို့ မည်သည့်လောကမိဘတစ်ယောက်မျှ သည်းခံနိုင်မည်မဟုတ်။ အပြစ်ပြုသောသူကို မည်သူမျှကြင်နာစွာတောင်းပန်တိုက်တွန်းနေကြမည်မဟုတ်၊ လမ်းမှားလျက် လှည့်လည်နေသောသူအား ဘုရားသခင်ထက်မည်သူသည် သာ၍ကြင်နာစွာ တောင်းပန်နေလိမ့်ဦးမည်နည်း။ ဘုရားသခင်၏ကတိတော်နှင့်သတိပေးစကားအပေါင်းတို့ကား မပြောပြနိုင်လောက်အောင် ကြီးကျယ်သောမေတ္တာ၏အရှိန်ပင်ဖြစ်၏။

သင်သည်အပြစ်များသောသူဖြစ်သည်ဟုပြောဆိုရန် စာတန်သည် သင့်ထံလာသောအခါ သင်၏ရွေးနုတ်ရှင်ကိုမျှော်ကြည့်လျက် ကိုယ်တော်

၏ကောင်းမှုအကြောင်းကိုပြောပြလေ့။ သင့်အားမစကူညီမည်အရာ
သည် ကိုယ်တော်၏အလင်းကိုကြည့်ခြင်းအမှုဖြစ်သည်။ သင်၏အပြစ်ကို
ဝန်ခံပြီးနောက် 'ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကိုကယ်တင်ခြင်း
၄ှာ ဤလောကသို့ကြွလာတော်မူသည် ' ဟု ရန်သူအားပြောပြလေ့။
(၁တိမောသေ၊ ၁း၁၅)။ ၎င်းပြင် ကိုယ်တော်၏မနှိုင်းယှဉ်နိုင်သော
မေတ္တာတော်အားဖြင့် သင်သည် ကယ်တင်ခြင်းခံရလိမ့်မည်ဟုပြောပြ
ဦးလေ့။သခင်ယေရှုသည် ရှိမုန်အားအကြွေးရှိသောသူနှစ်ဦးအကြောင်း
နှင့်စပ်ဆိုင်၍ မေးခွန်းတစ်ခုကိုမေးတော်မူ၏။ တစ်ဦးသည် မိမိသခင်
အားအနည်းငယ်သောအကြွေးကိုပေးစရာရှိ၏။ အခြားတစ်ဦး၌ အလွန်
များသောအကြွေးကိုပေးစရာရှိ၏။သို့ရာတွင် သခင်သည် နှစ်ဦးစလုံး
ကိုအပြစ်လွှတ်၏။ ထိုနောက် သခင်ခရစ်တော်က ရှိမုန်အား အဘယ်
သူသည် မိမိသခင်ကိုသာ၍ချစ်နည်းဟုမေးတော်မူ၏။ ရှိမိန်က၊
'သာ၍ကျေးဇူးခံရသောသူသည် သာ၍ချစ်လိမ့်မည်' ဟုပြန်ဖြေ၏။
(လုကာ၊ ၇း၄၃)။ ကျွန်ုပ်တို့သည်အပြစ်များသောသူများဖြစ်ခဲ့ကြပြီ။
သို့သော် သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကိုဖြေလွှတ်စေခြင်း
၄ှာ အသေခံတော်မူ၏။ ကိုယ်တော်၏စွန့်စားဆက်ကပ်ခြင်းတည်းဟူ
သောကောင်းမှုတော်ကြီးသည် ကျွန်ုပ်တို့အတွက် ခမည်းတော်ရှေ့တွင်
ဆက်ကပ်ရန် လုံလောက်ပေ၏။ ကိုယ်တော်က များစွာအပြစ်
လွှတ်တော်မူခြင်းခံရသောသူတို့သည် ကိုယ်တော်ကိုများစွာချစ်ခင်
ကြ၍ ကိုယ်တော်၏မေတ္တာတော်နှင့် စွန့်စားပူဇော်ခြင်းအတွက်
ကိုယ်တော်ကိုချီးမွမ်းရန် သူတို့သည် ကိုယ်တော်နှင့်အနီးကပ်ဆုံးနေ
ကြလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာတော်အကြောင်း
ကို အလွန်ရှင်းလင်းစုံလင်စွာ သိနားလည်လာကြသောအခါ၌ ကျွန်ုပ်

တို့သည် အပြစ်၏ကြီးလေးသောအဖြစ်ကိုကောင်းစွာသိရှိလာကြ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံသို့ချပေးလိုက်သောမေတ္တာကြိုး၏အရှည်နှင့် အလျားကို ကျွန်ုပ်တို့သိမြင်ရကြသောအခါ၊ ကျွန်ုပ်တို့အတွက် သခင် ခရစ်တော်ပြုတော်မူသော စွန့်စားပူဇော်ခြင်းအကြောင်းကို ကျွန်ုပ်တို့သည်၏ သိရှိနားလည်လာကြသောအခါ ကျွန်ုပ်တို့၏စိတ်နှလုံးသည် နူးညံ့ကြေကွဲ ခြင်းနှင့်ညွှတ်ပျောင်းလာကြ၏။

---ooo---

'မိမိအပြစ်ကိုဝှက်ထားသောသူသည် ချမ်းသာမရ။ မိမိအပြစ်ကို ဖော်ပြဝန်ချ၍ စွန့်ပစ်သောသူမူကား ကရုဏာတော်ကိုခံရလိမ့်မည်။' (သု၊ ၂၈း၁၃)။

ဘုရားသခင်ထံတော်ကိုခံစားဖို့ရန် လိုက်နာ အပ်သောစည်းကမ်းချက်များသည် လွယ်ကူဖြောင့်မှန်ပေသည်။ ကျွန်ုပ်တို့သည်အပြစ်လွတ်ခြင်းအခွင့်ကိုရရှိကြမည်အကြောင်း ကျွန်ုပ် တို့အား စိတ်ဒုက္ခရောက်စေသောအမှုအချို့ကိုပြုစေဖို့ရန် ထာဝရဘုရား သခင်သည် အလိုရှိတော်မမူပါ။ ဘုရားသခင်အား မိမိတို့၏စိတ်နှလုံးကို အပ်နှံရန်သော်လည်းကောင်း၊ မိမိတို့၏လွန်ကျူးခြင်းအပြစ်များကို လွှတ်တော်မူစေရန်သော်လည်းကောင်း ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ် ရေးအတွက် ဝေးလံပင်ပန်းသောခရီးကိုသွားဖို့မလိုပါ။ ရောဂါ သက်ရောက်စေသောကိုယ်ကိုဆုံးမခြင်း၊ အပင်ပန်းခံသောအကျင့်များကို ကျင့်ဖို့မလိုချေ။ မိမိ၏အပြစ်ကိုဖော်ပြဝန်ချ၍ စွန့်ပယ်သောသူသည်ကား ကရုဏာတော်ကိုခံစားရလိမ့်မည်။

တမန်တော်တစ်ပါးက၊ 'အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ကိုယ်အပြစ်ကိုဖော်ပြတောင်းပန်ကြလော့၊ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဖို့ဆုတောင်းကြလော့' ဟုပြောဆို၏။ (ယာကုပ်၊ ၅း၁၆)။ ဘုရားသခင်သာလျှင်အပြစ်ကိုဖော်ပြဝန်ချလော့၊ ၎င်းပြင် အချင်း ချင်း တစ်ယောက်ကိုတစ်ယောက် အပြစ်ကိုဖော်ပြတောင်းပန်ကြလော့။ သင်သည် သင်၏မိတ်ဆွေ (သို့မဟုတ်) အိမ်နီးချင်းအားပြစ်မှားမိခဲ့လျှင်

သင်၏အမှားကိုဖေါ်ပြတောင်းပန်ရမည်။ ထိုအခါသင်၏အပြစ်ကို လုံးလုံးဖြေလွှတ်ဖို့ရန် သူ၌တာဝန်ရှိပေသည်။ ထိုနောက်နစ်နာထိခိုက်စေရာ၌ သင်သည်သူ၏ဖန်ဆင်းရှင်နှင့်ရွေးနုတ်ရှင်အား ပြစ်မှားသောကြောင့် သင်သည် ဘုရားသခင်အားအပြစ်လွှတ်တော်မူစေရန် တောင်းလျှောက်ရမည်။ တစ်ပါးတည်းဖြစ်၍ မှန်ကန်သောဖျန်ဖြေသူဖြစ်သည့် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းရှေ့တော်သို့ ဤအမှုကိုတင်ပြရလေသည်။ ထိုယဇ်ပုရောဟိတ်မင်းသည် 'ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကိုခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် အပြစ်နှင့်ကင်းလွတ်တော်မူ၏။' ၎င်းပြင် 'ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ် 'သဖြင့် အပြစ်၏အစွန်းအထင်းရှိသမျှတို့ကို ဆေးကြောပယ်ရှင်းခြင်းငှာ တတ်နိုင်တော်မူ၏။ (ဟေဗြဲ၊ ၄း၁၅)။

မိမိ၏အပြစ်ကိုဖေါ်ပြဝန်ချရာ၌ ဘုရားသခင်၏ရှေ့တော်တွင် မိမိတို့၏စိတ်နှလုံးကိုမနှိမ့်ချသောသူသည် ဘုရားသခင်လက်ခံတော်မူစေရန် လိုက်နာအပ်သောပထမစည်းကမ်းချက်ကို ပြည့်စုံစွာမလိုက်မနာခဲ့သေးပါ။ ကျွန်ုပ်တို့သည် အမှန်နောင်တရသောသဘောမျိုးမရှိခဲ့၊ အပြစ်ကိုအလွန်ရွံရှာစွန့်ပစ်လျက် အမှန်စိတ်နှိမ့်ချ၍ စိတ်နှလုံးကြေကွဲခြင်းမရှိဘဲ မိမိတို့၏အပြစ်ကိုဖေါ်ပြဝန်ချလျှင် ကျွန်ုပ်တို့သည် အပြစ်လွှတ်တော်မူဖို့ရန် ဧကန်အမှန်ပင် ဘယ်အခါမျှ မတောင်းလျှောက်ခဲ့ကြသေးပါ။ ၎င်းအပြင်၊ ဘယ်အခါမျှမတောင်းလျှောင်ခဲ့သေးလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ငြိမ်သက်ခြင်းမျိုးကို ဘယ်အခါမျှမရရှိခဲ့ကြသေးပါ။ ကျွန်ုပ်တို့သည် လွန်ခဲ့သောအပြစ်များမှ အဘယ်ကြောင့် ကင်းလွတ်ခြင်းအခွင့်မရရှိခဲ့သည့်အကြောင်းရင်းတစ်ခုကား၊ ကျွန်ုပ်တို့

သည် မိမိတို့၏စိတ်နှလုံးကိုနှိမ့်ချလိုသောစိတ်သဘောမရှိ။ သမ္မာတရားနှင့်ဆိုင်သော နှုတ်ထွက်စကားတော်၏စည်းကမ်းချက်တို့ကို မလိုက်နာသောကြောင့်သာဖြစ်သတည်း။ ဤအမှုကိစ္စနှင့်သက်ဆိုင်သောသွန်သင်ဩဝါဒပေးချက်ကိုအထင်အရှားဖော်ပြထားပေသည်။ လူအများရှေ့၌လည်းကောင်း၊ လျှို့ဝှက်သောနေရာ၌လည်းကောင်း အပြစ်ကိုဖော်ပြဝန်ချခြင်းအမှုသည် အပြစ်သားအား အတင်းအကျပ်တိုက်တွန်းသဖြင့်ပြုရသောအမှုကိစ္စမျိုးမဖြစ်ရ။ ၎င်းအမှုကိုပေါ့ပေါ့ဆဆအမှတ်တမဲ့မပြုအပ်၊ (သို့မဟုတ်) အပြစ်ကိုရွံရှာစက်ဆုပ်ခြင်းသဘောကို ကောင်းစွာမသိနားမလည်သေးသောသူအား အတင်းအကျပ်ပြုစေအပ်သောအမှုမဟုတ်။ စိတ်ပါလျက်ပွင့်လင်းစွာဖော်ပြဝန်ချမှုကို ဘုရားသခင်သည်လက်ခံတော်မူ၏။ ဆာလံဆရာက၊ 'ထာဝရဘုရားသခင်သည်ကျိုးပဲ့သောစိတ်ရှိသောသူတို့နှင့်နှလုံးကြေကွဲသောသူတို့ကို နီးတော်မူ၏။ နောင်တရ၍ စိတ်နှိမ့်ချသောသူတို့ကိုလည်း ကယ်တင်တော်မူ၏' ဟုပြောဆိုထား၏။ (ဆာလံကျမ်း၊ ၃၄း၁၈)။

မှန်ကန်သောဝန်ချတောင်းပန်ခြင်းသည် သီးခြားသက်ဆိုင်သောအပြစ်မျိုးနှင့်အမြဲသက်ဆိုင်၍ ထူးခြားသောအပြစ်မျိုးဖြစ်ကောင်း ထိုအပြစ်များကား ဘုရားသခင်ကိုသာဖော်ပြရသောအပြစ်မျိုးဖြစ်ကောင်းဖြစ်လိမ့်မည်၊ ထိုအပြစ်တို့ကြောင့် နစ်နာထိခိုက်ခြင်းခံရသော လူအသီးအသီးတို့အား ဖော်ပြတောင်းပန်ရသောအပြစ်မျိုးဖြစ်ကောင်းဖြစ်လိမ့်မည်၊ (သို့မဟုတ်) လူအများနှင့်သက်ဆိုင်၍ လူအများရှေ့တွင်ဖော်ပြတောင်းပန်ရသောအပြစ်မျိုးလည်းဖြစ်ကောင်းဖြစ်လိမ့်မည်။သို့ရာတွင် ဝန်ချတောင်းပန်မှုမရှိသောသူတို့တွင် သေချာ၊ အချက်ကျလျက် ကိုယ်တိုင်အသေအချာလွန်ကျူးသောအပြစ်များကိုဝန်ခံရမည်။

ရှမွေလလက်ထက်၌ ဣသရေလလူတို့သည် ဘုရားသခင်အထံတော်မှရောင်ဖယ်သွားကြ၏။ သူတို့သည် မိမိတို့အပြစ်အတွက် ဆိုးကျိုးများကိုခံစားနေရကြ၏။ အကြောင့်မူကား၊ သူတို့သည် ဘုရားသခင်၌ယုံကြည်အားထားခြင်းကင်းမဲ့ခဲ့ကြ၏။ နိုင်ငံကိုအုပ်စိုးနိုင်သောတန်ခိုးနှင့်ဉာဏ်ပညာတော်ကိုဝေဖန်ပိုင်းခြားနိုင်သောသဘောကင်းမဲ့ကြ၏။ ရန်သူတို့ကိုကာကွယ်နိုင်၍ မိမိအကြောင်းကိုအခိုင်အမာထင်ရှားစေနိုင်တော်မူသောစွမ်းအားသတ္တိတော်၌ သူတို့၏ယုံကြည်အားထားခြင်းကင်းမဲ့လာခဲ့၏။ သူတို့သည်မိုးကုပ်စကိဝိုင်းကိုအုပ်စိုးတော်မူသောအရှင်ထံမှလွဲသွားကြ၍ သူတို့၏ပတ်လည်၌ရှိသောလူမျိုးများနည်းတူ အုပ်စိုးခြင်းကိုခံယူလိုကြ၏။ သူတို့သည်ငြိမ်သက်ခြင်းမရရှိကြမီ ဤကဲ့သို့သေချာသောခံဝန်ချက်ကိုပြုကြ၏။ 'အကျွန်ုပ်တို့သည် ရှင်ဘုရင်ကိုတောင်းသောအားဖြင့် အထက်အပြစ်များတို့အပေါ်မှာ ထပ်၍အပြစ်ကိုပြုမိပါပြီ။' (၁ရော၊ ၁၂း၁၉။) သူတို့ပြုခဲ့ကြောင်း ထင်ရှားသောအပြစ်ကို သူတို့သည်ဖေါ်ပြဝန်ချတောင်းပန်ရကြပြီ။ သူတို့၏ကျေးဇူးကင်းမဲ့ခြင်းအမှုသည်သူတို့၏စိတ်နှလုံးညှဉ်းဆဲနှိပ်စက်၍ သူတို့အားဘုရားသခင်ထံမှကွဲကွာသွားစေ၏။

အမှန်ပင်နောင်တရ၍ပြောင်းလဲပြုပြင်ခြင်းမရှိဘဲ ဝန်ချတောင်းပန်မှုကို ဘုရားသခင်သည် လက်ခံတော်မမူပါ။ အသက်တာတွင်ထင်ရှားစွာပြောင်းလဲမှုရှိရမည်။ ဘုရားသခင်အား မှားမိသောအပြစ်ရှိသမျှကိုစွန့်ပစ်ရမည်။ အပြစ်အတွက်အမှန်ဝမ်းနည်းခြင်းကြောင့်ဤအခြေအနေမျိုးဖြစ်ပေါ်လာလိမ့်မည်။ ကျွန်ုပ်တို့ပြုလုပ်အပ်သောတာဝန်အကြောင်းကိုထင်ရှားစွာ ကျွန်ုပ်တို့အားဖေါ်ပြထားပါသည်။ 'ကိုယ်ကိုကိုယ်ဆေးကြောကြလော့၊ ကိုယ်ကိုကိုယ်စင်ကြယ်စေကြလော့။

သင်တို့၏အပြစ်များကို ငါ့မျက်မှောက်မှပယ်ရှားကြလော့၊ မကောင်းသောအကျင့်ကိုဖြတ်ကြလော့၊ ကောင်းသောအကျင့်ကိုကျင့်အံ့သောငှာ သင်ကြားလော့၊ တရားသဖြင့်ပြုခြင်းကိုရှာကြံကြလော့၊ ကောက်သောအရာကိုဖြောင့်စေကြလော့၊ မိဘမရှိသောသူတို့အဖို့ တရားသဖြင့် စီရင်ကြလော့၊ မဆိုးမတို့၏အမှုကိုစောင့်ကြလော့။' (ဟေရှာယ ၁း၁၆၊၁၇)။ 'ပေါင်ထားသောဥစ္စာကိုမသိမထား၊ လုယူသောဥစ္စာကို ပြန်ပေးလျက် အဓမ္မအမှုကိုမပြုဘဲ အသက်ရှင်ရာပညတ်တရားလမ်းသို့လိုက်လျှင် အသေမခံရဘဲ စင်စစ်အသက်ရှင်ရလိမ့်မည်။' (ယေဇကျေလ ၃၃း၁၅)။ နောင်တရခြင်းအမှုအကြောင်းနှင့်စပ်ဆိုင်၍ ဖေါ်ပြရာ၌ ပေါလုက၊ 'ဘုရားသခင်၏အလိုတော်နှင့်ညီသော သင်တို့၏ဝမ်းနည်းခြင်းသည် သင်တို့၌အဘယ်သို့သောသတိပြုခြင်း၊ ကိုယ်အပြစ်ကိုဖြေခြင်း၊ အမျက်ထွက်ခြင်း၊ကြောက်ရွံ့ခြင်း၊ အလွန်တောင့်တခြင်း၊ ငါ၏အကျိုးအလိုငှာစိတ်အားကြီးခြင်း၊ တရားသဖြင့် ဒဏ်စီရင်ခြင်းတို့ကို ပြုပြင်သည်ကိုကြည့်ရှုကြလော့။ သင်တို့သည် ဤအမှု၌အပြစ်ကင်းသည်ကို အရာရာအားဖြင့်ထင်ရှားပြကြပြီ' ဟု ပြောဆိုထား၏။ (၂ကောရိန်သု ၇း၁၁)။

အပြစ်သည် အကျင့်ကိုကောင်းမွန်သိမြင်နားလည်တတ်သောသဘောကို ပျောက်ပျောက်သွားစေသောအခါ အမှားကိုပြုသောသူသည် မိမိအကျင့်တွင်ချို့ယွင်းသောအချက်တို့ကိုမသိမမြင်ချေ။ မိမိကျူးလွန်သောအပြစ်၏အလွန်ကြီးကျယ်ခြင်းအဖြစ်ကိုလည်း မသိမမြင်ချေ။ ၎င်းပြင် အပြစ်ကိုဖေါ်ပြထင်ရှားစေသည့် သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ခြင်းတန်ခိုးကိုမခံမယူလျှင် သူသည် မိမိအပြစ်ကိုမမြင်ဘဲ နေလိမ့်မည်။ သူ၏ဝန်ခံပြောပြချက်တို့မှာ ရိုးဖြောင့်မှန်ကန်ခြင်း၊

စိတ်အားထက်သန်ခြင်းမရှိချေ။ သူ၏အပြစ်တို့ကို ဝန်ခံပြောပြသော အခါတိုင်း အကြောင်းအရာတစ်စုံတစ်ခုကြောင့်မဟုတ်လျှင် မိမိအား ဆုံးမခြင်းခံရသောအပြစ်ကို ပြုမိသည်မဟုတ်ဟု မိမိအပြစ်အတွက် ဆင်ခြေပေးလျက်တောင်းပန်တတ်သည်။

အာဒံနှင့်ဧဝတို့သည် တားမြစ်ထားသောအပင်၏အသီးကိုစားပြီး နောက် သူတို့သည်ရှက်ကြောက်ခြင်း၊ ထိတ်လန့်ခြင်းသဘောနှင့်ပြည့်လာ ကြ၏။ ပထမဦးစွာသူတို့သည် မိမိအပြစ်အတွက် မည်ကဲ့သို့ဆင်ခြေ ပေးလျက် ကြောက်မက်ဖွယ်သောသေဒဏ်မှ လွတ်ကင်းရပါမည်နည်း ဟူ၍သာ စဉ်းစားဆင်ခြင်မိကြ၏။ ထာဝရဘုရားကသူတို့၏အဖြစ် အကြောင်းမေးမြန်းတော်မူသောအခါ အာဒံသည် အပြစ်ကို ဘုရား သခင်အပေါ်၌တစ်ဝက်၊ မိမိအပေါ်၌တစ်ဝက်တင်လျက် 'ကျွန်တော်၌ အပ်ပေးတော်မူသောမိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော် စားမိပါသည်' ဟုပြန်လျှောက်လေ၏။ မိန်းမသည် အပြစ်ကိုမြွေအပေါ် ၌တင်လျက် 'မြွေသည် ကျွန်မကိုလှည့်စား၍ ကျွန်မသည် စားမိပါပြီ' ဟုပြောဆိုလေ၏။ (ကမ္ဘာဦးကျမ်း ၃း၁၂၊၁၃။) ကိုယ်တော် သည်အဘယ်ကြောင့်မြွေကို ဖန်ဆင်းထားတော်မူရသနည်း။ အဘယ် ကြောင့်သူ့အားဧဒင်ဥယျာဉ်ထဲသို့ဝင်လာဖို့ အခွင့်ပြုတော်မူရသနည်း။ သူမ၏ဆင်ခြေ၌ ဤကဲ့သို့သောမေးခွန်းများကိုမေးရာရောက်သဖြင့် သူက၏ပျက်စီးဆုံးပါးရခြင်းမှာ ဘုရားသခင်၏တာဝန်ဖြစ်သည်ဟု ဘုရားသခင်အားအပြစ်တင်ရာရောက်၏။ မိမိကိုယ်တိုင်သာဖြောင့်မတ် မှန်ကန်သည်ဟူသောသဘောသည် မုသား၏အဘမှအစဖြစ်ပေါ်လာ၍ အာဒံ၏သားသမီးအပေါင်းတို့တွင် ဤသဘောသည်ထင်ရှားပါရှိလာ လေ၏။ ဤကဲ့သို့သောဝန်ချတောင်းပန်ခြင်းမျိုးသည် ဝိညာဉ်တော်နှင့်

နှိုးဆော်တိုက်တွန်းခြင်းကြောင့်မဟုတ်သဖြင့် ဘုရားသခင်သည် လက်ခံတော်မမူပါ။ မှန်သောနောင်တသည် အပြစ်သားအားမိမိ၏အပြစ်ကို မိမိကိုယ်တိုင်ခံစေလျက် လိမ်လည်လှည့်ဖြားခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းမရှိဘဲ ဝန်ခံစေ၏။ သနားစရာကောင်းသောအခွန်ခံကဲ့သို့ ကောင်းကင်သို့မျှော်မကြည့်ဘဲခေါင်းငုံ့လျက်၊ 'အိုဘုရားသခင်၊အပြစ်များသောအကျွန်ုပ်ကိုသနားခြင်းကရုဏာစိတ်ရှိတော်မူပါ' ဟုလျှောက်ထားလိမ့်မည်။ ၎င်းပြင် မိမိတို့၏အပြစ်ကိုဝန်ခံသောသူတို့သည် ဖြောင့်မတ်ရာသို့ရောက်လိမ့်မည်။ အကြောင်းမူကား၊ သခင်ယေရှုသည် နောင်တရသောဝိညာဉ်အတွက် မိမိ၏အသွေးအားဖြင့်တောင်းပန်ပြောဆိုတော်မူလိမ့်မည်။

မှန်သောနောင်တ၊ နှိမ့်ချခြင်းတို့အကြောင်းနှင့်သက်ဆိုင်၍ ဘုရားသခင်၏နှုတ်ထွက်စကားတော်တွင် ပုံသက်သေများသည် အပြစ်အတွက် ဆင်ခြေပေးခြင်း၊ (သို့မဟုတ်) မိမိကိုယ်တိုင်သာဖြောင့်မတ်သည်ဟူသော သဘောများမပါမရှိသော ဝန်ချတောင်းပန်ခြင်းမျိုးကို ထင်ရှားစွာ ဖေါ်ပြထားကြ၏။ ပေါလုသည် မိမိကိုယ်ကိုကာကွယ်ပြောဆိုရန် မကြိုးစား၊ မိမိ၏အပြစ်များကိုလျှော့၍ပြရန် မကြံစည်၊ ၎င်းအပြစ်တို့ကို အမည်းဆုံးသောဆေးရောင်ဖြင့်ခြယ်လှယ်ပြထား၏။ 'ယဇ်ပုရောဟိတ်အကြီးတို့ထံ၌အခွင့်ရပြီးလျှင် သန့်ရှင်းသူအများတို့ကို ထောင်ထဲမှာ လှောင်ထားပါ၏။ သူတို့သည် အသေသတ်ခြင်းကိုခံရသောအခါ အကျွန်ုပ်သည်ဝန်ခံပါ၏။ ထိုသူတို့သည် ဘုရားသခင်ကိုနှုတ်ဖြင့်ပြစ်မှားစေခြင်းငှာ အကျွန်ုပ်သည် အနိုင်အထက်ပြု၍ ခပ်သိမ်းသောတရားဇရပ်တို့၌ ကြိမ်ဖန်များစွာဒဏ်ပေးပါ၏။ ပြင်းစွာသောအမျက်ဒေါသနှင့် တစ်ကျွန်းတစ်နိုင်ငံတိုင်အောင် သူတို့ကိုညှဉ်းဆဲနှိပ်စက်ပါ၏' ဟု

သူကဖေါ်ပြထား၏။ (တမန်တော် ၂၆း၁၀၊၁၁)။ 'သခင်ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကိုကယ်တင်ရန် ဤလောကသို့ကြွလာတော်မူ၏။ ထိုသူတို့တွင် ငါသည် အပြစ်အကြီးဆုံးသောသူဖြစ်၏' ဟု သူကမဆိုင်းမလင့်ဘဲ ဆက်လက်ဖေါ်ပြသေး၏။ (၁တိမောသေ၊ ၁း၁၅)။

မှန်ကန်သောနောင်တအားဖြင့် စိတ်နှိမ့်ချလျက် စိတ်နှလုံးကြေကွဲသောသူသည် ဘုရားသခင်၏မေတ္တာတော်အကြောင်းနှင့် ကရာနိကုန်း၏တန်ဖိုးအကြောင်းကို ကောင်းစွာသိရှိနားလည်လျက် လေးစားလိမ့်မည်။ ၎င်းပြင် ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသောဖခင်အား ဝန်ချတောင်းပန်သောသားကဲ့သို့ အမှန်နောင်တရသောသူသည် မိမိ၏အပြစ်ရှိသမျှတို့ကို ဘုရားသခင်၏ရှေ့တော်သို့ယူဆောင်လာလိမ့်မည်။ 'ကိုယ်အပြစ်တို့ကိုဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ အပြစ်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းနှင့်လည်းကောင်း ပြည့်စုံတော်မူ၏' ဟု ကျမ်းစာတွင်ရေးသားထား၏။ (၁ယောဟန်ဩဝါဒစာ ၁း၉)။

---ooo---

'ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့ရှာလျှင် တွေ့ကြလိမ့်မည်။' (ယေရမိ ၂၉း၁၃) ဟူသောအချက်သည် ဘုရားသခင်၏ကတိတော်ဖြစ်သည်။

စိတ်နှလုံးကိုဘုရားသခင်ကို လုံးလုံးအပ်နှံရမည်။ သို့မဟုတ်လျှင် ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့်တူညီခြင်းအခွင့်ကို ပြန်ရရှိနိုင်မည်အကြောင်း ပြောင်းလဲပြုပြင်ခြင်းအခွင့်ကို ဘယ်အခါမျှမပြုလုပ်နိုင်။ ကျွန်ုပ်တို့သည်သဘာဝအားဖြင့် ဘုရားသခင်နှင့်ဆန့်ကျင်လျက်ရှိကြသည်။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့၏အခြေအနေကို ဤစကားများဖြင့်ဖေါ်ပြထား၏။ 'ထိုအပြစ်၌သေလျက်နေသော' (ဧဖက် ၂း၂။) 'ဦးခေါင်းသည်အနာသက်သက်ရှိ၏။ နှလုံးသည်လည်းခွန်အားအလျှင်းမရှိ။...ကျန်းမာခြင်းမရှိ။' (ဟေရှာယ ၁း၅၊၆။) ကျွန်ုပ်တို့သည် စာတန်၏ကျော့ကွင်း၌မိနေကြ၏။ 'စာတန်၏အလိုအတိုင်း ဖမ်းမိနေကြ၏။' (၂တိမောသေ ၂း၂၆။) ဘုရားသခင်သည် ကျွန်ုပ်တို့အားကျန်းမာစေရန်အလိုရှိတော်မူ၏။ ကယ်လွှတ်ရန်အလိုရှိတော်မူ၏။ သို့ရာတွင် ဤသို့ပြုဖို့ရန် လုံးလုံးပြုပြင်ပြောင်းလဲခြင်း၊ ကျွန်ုပ်တို့၏နဂိုအခြေအနေတစ်ခုလုံးကို အသစ်ပြုပြင်ခြင်းကိုလိုသေးသောကြောင့် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင် ကိုယ်တော်ကိုလုံးလုံးအပ်နှံရကြလိမ့်မည်။

တိုက်ခိုက်သောစစ်ပွဲတို့တွင် မိမိကိုယ်နှင့်တိုက်လှန်ရသောစစ်ပွဲသည် အကြီးဆုံးစစ်ပွဲဖြစ်၏။ မိမိကိုယ်ကိုအပ်နှံခြင်း၊ အလုံးစုံတို့ကိုဘုရားသခင်၏အလိုတော်သို့အပ်ပေးခြင်းအမှုတွင် ကြီးစွာအားထုတ်ရ

ခြင်းအလုပ်ကိုလိုပေသည်။ သို့ရာတွင် စိတ်ဝိညာဉ်သည်သန့်ရှင်းခြင်း သို့ရောက်ရန် အသစ်ပြုပြင်ခြင်းမခံရမီ ၎င်းကိုဘုရားသခင်အား ဆက်ကပ်အပ်နှံရမည်။

စာတန်ကထင်မှတ်စေသည့်အတိုင်း ဘုရားသခင်အုပ်ချုပ်စီမံတော်မူခြင်းအမှုသည် မသိနားမလည်သောကျိုးနွံခြင်း၊ အကြောင်းမရှိသောစိုးရိမ်ခြင်းအပေါ်၌ အခြေတည်ထားသည်မဟုတ်။ ၎င်းသည် အသိဉာဏ်နှင့်ပြည့်စုံလျက် ဝေဖန်ပိုင်းခြားတတ်သောစိတ်ကို နှိုးဆော်တောင်းပန်လျက်ရှိ၏။ 'လာကြ၊ တရားစီရင်ကြကုန်အံ့' ဟု ဖန်ဆင်းရှင်က မိမိဖန်ဆင်းတော်မူခဲ့သောသတ္တဝါတို့အားဖိတ်ခေါ်လျက်ရှိတော်မူ၏။ ဘုရားသခင်သည်မိမိ၏သတ္တဝါတို့အား အတင်းအကျပ်အလိုတော်ကိုဝန်ခံစေရန်ပြုတော်မမူပါ။ စဉ်းစားဆင်ခြင်လျက် စိတ်ပါစွာမပြုသောရှိသေကိုင်းညွတ်ခြင်းအမှုကို ဘုရားသခင်သည်လက်ခံတော်မမူ။ အတင်းအကျပ်ကျိုးနွံစေသောအမှုသည် စိတ် (သို့မဟုတ်) အကျင့်စရိုက်ကို တကယ်ပင်တိုးပွားစေသောအမှုကိုပိတ်ပင်လိမ့်မည်။ ၎င်းသည် လူအားစက်ရုပ်ကဲ့သို့အလိုရှိရာပြုလုပ်စေသောအရာဖြစ်လိမ့်မည်။ ဖန်ဆင်းတော်မူရှင်၏ရည်ရွယ်ချက်ကား ထိုသို့မဟုတ်။ မိမိ၏ဖန်ဆင်းခြင်းတန်ခိုးကိုထင်ရှားစေရာတွင် အထွတ်အထိပ်ဖြစ်သောလူအား အမြင့်မြတ်ဆုံးသောတိုးပွားခြင်းအဖြစ်သို့ရောက်ရှိစေရန်အလိုရှိတော်မူ၏။ ကျွန်ုပ်တို့အား မိမိ၏ကျေးဇူးတော်အားဖြင့် မြင့်မြတ်သောကောင်းချီးမင်္ဂလာကိုခံစားစေဖို့ရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုရှေ့၌မြင့်မြတ်သောစံနမူနာကိုထားတော်မူ၏။ ကိုယ်တော်သည်မိမိအလိုတော်အတိုင်း ကျွန်ုပ်တို့အထဲ၌ ပြုပြင်နိုင်မည်အကြောင်း မိမိကိုယ်ကို ကိုယ်တော်အား ဆက်ကပ်ရန် ကျွန်ုပ်အားဖိတ်ခေါ်နေတော်မူ၏။ ဘုရားသခင်၏သားများ

ခံစားရသောဘုန်းရှိသည့်လွတ်လပ်ခွင့်ကိုပါဝင်ခံစားရရှိရန် ကျွန်ုပ်တို့သည် အပြစ်၏ချည်နှောင်ခြင်းမှလွတ်မြောက်ခွင့်အား အလိုရှိမရှိကို ကျွန်ုပ်တို့၌ရွေးချယ်ဖို့တာဝန်သာရှိပေတော့သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်အား မိမိတို့ကိုယ်ကိုဆက်ကပ်ရာ၌ ကျွန်ုပ်တို့အား ဘုရားသခင်မှခွဲခွာသွားမည့်အရာအားလုံးကို စွန့်ပစ်ပယ်ရှားရကြမည်။ ထိုကြောင့်ကယ်တင်ရှင်က 'သင်တို့တွင်အကြင်သူသည် မိမိ၌ရှိသမျှကိုမစွန့်ဘဲနေ၏။ ထိုသူသည်ငါ့တပည့်မဖြစ်နိုင်ရာဟုမိန့်တော်မူ၏။'(လုကာ ၁၄း၃၃)။ စိတ်နှလုံးကိုဘုရားသခင်ထံမှ ဆွဲငင်သွားသောအရာရှိသမျှတို့ကို စွန့်ပစ်ရမည်။ လောကစည်းစိမ်သည် အများသောသူတို့၏ဘုရားသခင်ဖြစ်၏။ ငွေကိုတပ်မက်ခြင်း၊ လောကဘဏ္ဍာ၌ကြွယ်ဝလိုသောဆန္ဒရှိခြင်းအမှုတို့ကား သူတို့အားစာတန်နှင့်ဆက်သွယ်ထားသောရွှေကြိုးဖြစ်၏။ အခြားသောလူစားက ထင်ရှားကျော်စောမှုနှင့် လောကဂုဏ်အသရေကိုမက်မောကြ၏။ ကိုယ်ကျိုးရှာလျက် စည်းစိမ်ခံလိုခြင်း၊ သူတစ်ပါးအားကူမစရန် တာဝန်နှင့်ကင်းလွတ်စွာနေလိုခြင်း၏ အသက်တာမျိုးကား အခြားသူတို့၏ဘုရားသခင်ဖြစ်၏။ သို့ရာတွင် ဤကဲ့သို့ မိမိအား ကျွန်ခံစေခဲ့သောအချည်အနှောင်များကိုပယ်ဖြတ်ရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အဖို့တစ်ဝက်နှင့် လောကအဖို့တစ်ဝက်မဖြစ်နိုင်။ ကျွန်ုပ်တို့သည် လုံးလုံးဘုရားသခင်၏သားသမီးများမဖြစ်ကြမျှင် တကယ်ပင် ဘုရားသခင်၏သားသမီးများမဖြစ်ကြချေ။ ဘုရားသခင်ကို ကိုးကွယ်ဝတ်ပြုကြသည်ဟုပြောဆိုနေကြသော်လည်း ပညတ်တရားတော်ကိုလိုက်နာရန်သော်လည်းကောင်း၊ မှန်သောအကျင့်ကိုပြုကျင့်၍ ကယ်တင်ခြင်းကိုရရှိစေရန်သော်လည်းကောင်း မိမိတို့၏အစွမ်းသတ္တိများကို အားကိုးနေကြသေးသောသူများရှိကြသည်။ သူတို့၏စိတ်နှလုံး

များသည် သခင်ခရစ်တော်၏မေတ္တာတော်ကိုသိရှိရခြင်းဖြင့် အနည်းငယ်မျှလုပ်ရှားနှုးညွှတ်ခြင်းမဖြစ်ကြဘဲ ခရစ်ယာန်အသက်တာ၏ဝတ္တရားများကို ကောင်းကင်သို့ဝင်ခွင့်ရရှိရန် ဘုရားသခင်က မိမိတို့အားပြုစေလိုတော်မူသောအမှုများကဲ့သို့ ဆောင်ရွက်လိုကြသည်။ ဤကဲ့သို့သောဘာသာတရားသည် တန်ဖိုးမရှိ။ သခင်ခရစ်တော်သည် စိတ်နှလုံးထဲ၌ကိန်းအောင်းတော်မူသောအခါ စိတ်ဝိညာဉ်သည် ကိုယ်တော်၏မေတ္တာတော်နှင့်လည်းကောင်း၊ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့ရခြင်းဖြင့်ဝမ်းမြောက်ခြင်းနှင့်လည်းကောင်း ပြည့်ဝနေသဖြင့် စိတ်နှလုံးသည်ကိုယ်တော်နှင့်ဆက်သွယ်လျက်ရှိလိမ့်မည်။ ၎င်းပြင် ကိုယ်တော်၏အကြောင်းကို ဆင်ခြင်အောက်မေ့ခြင်းဖြင့် မိမိကိုယ်ကိုမေ့လျော့နေလိမ့်မည်။ ပြုမူသောအမှုရှိသမျှတို့တွင် သခင်ခရစ်တော်၏မေတ္တာတော်ကိုထင်ရှားစေလိမ့်မည်။ ဘုရားသခင်၏အနိုင်အထက်ဆွဲငင်တတ်သောမေတ္တာတော်အကြောင်းကို သိနားလည်သောသူတို့သည် ဘုရားသခင်၏အလိုတော်နှင့်ညီညွတ်စေရန် မည်မျှနည်းစွာပေးအပ်ရမည်နည်းဟုမမေးကြချေ။ သူတို့သည်အနိမ့်ဆုံးသောစံနမူနာကိုမတောင်းကြချေ။ သို့သော် မိမိတို့အားရွေးနုတ်တော်မူသောအရှင်၏အလိုဆန္ဒနှင့်လုံးလုံးညီညွတ်စေရန် ရည်ရွယ်ကြလေ၏။ သူတို့သည်စိတ်အားထက်သန်သောသဘောနှင့်ရှိသမျှတို့ကိုအပ်နှံကြလျက် မိမိတို့ရှာကြံနေသောအရာနှင့်တန်ဖိုးချင်းညီမျှသောစိတ်အားကြီးခြင်းလက္ခဏာကို ထင်ရှားစေကြ၏။ ချစ်ခြင်းမေတ္တာမရှိဘဲ သခင်ခရစ်တော်၏အကြောင်းကိုဝန်ခံပြောဆိုနေခြင်းအမှုသည် အပေါ်ယံကစကား၊ အဓိပ္ပါယ်မရှိသောဟန်၊ ပင်ပန်းသောဝန်ထုပ်တစ်ခုသာဖြစ်ပေသည်။

သခင်ခရစ်တော်အားရှိသမျှကိုအပ်နှံခြင်းသည် အလွန်ကြီးသော စွန့်စားပူဇော်ခြင်းဖြစ်သည်ဟုသင်ထင်ပါသလား။ သခင်ခရစ်တော်သည် 'ငါ့အတွက်အဘယ်အရာကိုစွန့်တော်မူပြီနည်း' ဟုသင့်ကိုယ်ကိုမေးမြန်းကြည့်ပါ။ ဘုရားသခင်၏သားတော်သည် ကျွန်ုပ်တို့အားရွေးနုတ်ကယ်တင်ရန်အတွက် အသက်၊ ချစ်ခြင်းမေတ္တာနှင့်ဒုက္ခခံရခြင်းမှစ၍ ရှိသမျှတို့ကိုစွန့်တော်မူ၏။ ထိုမျှလောက်ကြီးကျယ်သောမေတ္တာတော်နှင့်မထိုက်မတန်သောအရာဖြစ်သည့်ကျွန်ုပ်တို့သည် ကိုယ်တော်အားမိမိတို့၏စိတ်နှလုံးကိုမပေးမအပ်ဘဲနေလျှင် သင့်လျော်နိုင်ပါသလား။ ကျွန်ုပ်တို့၏အသက်တာတွင် အချိန်ရှိသမျှ ကိုယ်တော်၏ကျေးဇူးတော်ကြောင့်ရရှိသောကောင်းချီးမင်္ဂလာကို ကျွန်ုပ်တို့သည် ခံစားနေခဲ့ရကြပြီ။ ၎င်းပြင် ဤအကြောင်းကြောင့်ပင် ကျွန်ုပ်တို့လွတ်မြောက်လာခဲ့ကြသောမိုက်မဲခြင်းနှင့်ဒုက္ခဆင်းရဲခြင်း၏အနက်ကို ကျွန်ုပ်တို့သည် လုံးလုံးမသိနားမလည်နိုင်ကြပေ။ ကျွန်ုပ်တို့၏အပြစ်များက ထိုးဖေါက်ခဲ့သောကိုယ်တော်ကို မျှော်ကြည့်လျက်နှင့်ပင် ကိုယ်တော်၏မေတ္တာတော်နှင့်စွန့်စားပူဇော်တော်မူခြင်းအမှုရှိသမျှတို့ကို ကျွန်ုပ်တို့သည် ငြင်းပယ်လိုသောဆန္ဒရှိနိုင်ကြပါမည်လား။ ဘုန်းတော်နှင့်ပြည့်ဝတော်မူသောဘုရားသခင်၏အကန့်အသတ်မရှိသော နှိမ့်ချခြင်းကိုထောက်ရှုလျက် ကျွန်ုပ်တို့သည်တိုက်လှန်ခြင်း၊ ကိုယ်ကိုကိုယ်ရှုတ်ချခြင်းအားဖြင့်သာထာဝရအသက်ကိုဝင်စားနိုင်သည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ညည်းညူရကြမည်လော။

မာနစိတ်ရှိသောသူတို့က 'ဘုရားသခင်သည် ကျွန်ုပ်ကိုလက်ခံတော်မူကြောင်း အသေအချာမသိရမီ ကျွန်ုပ်သည် အဘယ်အတွက်ကြောင့် နောင်တရလျက် နှိမ့်ချခြင်းနှင့် ဘုရားသခင်ထံကိုသွားဖို့လို

သနည်း' ဟုမေးကြသည်။ သင့်အား ကျွန်ုပ်က သခင်ခရစ်တော်ထံသို့ ညွှန်ပြပါသည်။ ကိုယ်တော်သည်အပြစ်ကင်းတော်မူသည်သာမက ကောင်းကင်တွင်မင်းသားဖြစ်တော်မူ၏။ သို့ရာတွင် လူအတွက်အပြစ်ရှိသောသူဖြစ်လာတော်မူ၏။ 'ကိုယ်တော်သည် မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်းသို့ရောက်သဖြင့် လူများတို့၏အပြစ်များကိုဆောင်ရွက်၍ မတရားသောသူတို့အဖို့တောင်းပန်တော်မူ၏။' (ဟေရှာ ၅၃း၁၂)။

သို့ရာတွင် ကျွန်ုပ်တို့သည် ရှိသမျှတို့ကိုအပ်ပေးကြသောအခါ မည်သည့်အရာများကို ကျွန်ုပ်တို့သည်စွန့်ရကြသနည်း။ သခင်ယေရှုသည် မိမိ၏အသွေးတော်နှင့်ဆေးကြော၍ ဖြူစင်စေလျက် မိမိ၏မနှိုင်းယှဉ်နိုင်သောမေတ္တာတော်ဖြင့်ကယ်ဆယ်မည်အကြောင်း ကိုယ်တော်အား အပြစ်နှင့်ညစ်ညူးနေသောနှလုံးကိုအပ်ပေးရမည်။ သို့သော်ရှိသမျှကိုစွန့်ရန်ခက်ခဲသည်ဟုလူတို့ကထင်မှတ်ကြသည်။ ဤသို့ပြောဆိုသည်ကိုကြားရ၍ ၎င်းအကြောင်းကိုရေးသားဖော်ပြရန် ကျွန်ုပ်သည်ရှက်ပါသည်။

ကျွန်ုပ်တို့၌ထိန်းသိမ်းထားဖို့အကောင်းဆုံးအရာကိုအပ်စေရန် ဘုရားသခင်အလိုတော်မရှိပါ။ ကိုယ်တော်ပြုတော်မူသမျှသောအရာတို့မှာလည်း မိမိသားသမီးများ၏နောင်ရေးကောင်းကျိုးအတွက်သာ ပြုတော်မူ၏။ သခင်ခရစ်တော်ကိုမရွေးချယ်သေးသောသူတို့ကိုယ်တိုင်ရှာဖွေနေကြသောအရာများထက် သာ၍ကောင်းသောအရာကို သူတို့အား ပေးတော်မူရန် သခင်ခရစ်တော်၌ရှိတော်မူသည်ကို သူတို့သိသိရှိအပ်ပေသည်။ လူသည်ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်သောအမှုများကိုကြံစည်ပြုလုပ်နေသောအခါ သူသည် မိမိ၏စိတ်ပညာအား အကြီးအကျယ်ဆုံးသောထိခိုက်နာကျင်မှုနှင့် မတရားသောအမှုကိုပြုလျက်နေလေသည်။ ဘယ်အရာသည် အကောင်းဆုံးဖြစ်သည်ကိုသိလျက်

မိမိဖန်ဆင်းထားသောသတ္တဝါများ၏ကောင်းကျိုးအတွက် စီမံထားတော်မူသောအရှင်က တားမြစ်ထားသောလမ်းတွင် ဧကန်အမှန်ပျော်မွေ့ခြင်းကို မတွေ့ရှိနိုင်။ အပြစ်၏လမ်းကား ဆင်းရဲဒုက္ခနှင့်ပျက်စီးခြင်းသို့ပို့သော လမ်းတည်း။

ဘုရားသခင်သည် မိမိ၏သားသမီးများ၌ဒုက္ခရောက်နေသည်ကို ကြည့်မြင်လိုတော်မူသည်ဟူသောထင်မြင်ချက်သည်မှားပေသည်။လူ၏ ပျော်ရွှင်ရေးအတွက် ကောင်းကင်တစ်ဝန်းလုံးကပင် စိတ်ဝင်စားလျက် ရှိကြ၏။ ကျွန်ုပ်တို့၏ကောင်းကင်ခမည်းတော်သည် မိမိ၏သတ္တဝါများ အတွက် ပျော်ရွှင်ရာလမ်းများကိုပိတ်ထားတော်မမူပါ။ ကျွန်ုပ်တို့အား ဒုက္ခဆင်းရဲခြင်းနှင့်စိတ်ပျက်ခြင်းသို့ရောက်စေလျက် ပျော်မွေ့ခြင်းနှင့် ကောင်းကင်တံခါးကိုပိတ်ထားသောအရာများအားရှောင်ကြဉ်ရန် ဘုရားသခင်က ကျွန်ုပ်တို့အားသတိပေးတော်မူ၏။ လောက၏ရွေးနုတ်ရှင်သည် လူများအားမိမိတို့နဂိုအခြေအနေအတိုင်း မိမိတို့၌လိုနေသော အပြစ်၊ မစုံလင်သောအပြစ်၊ အားနည်းသောအပြစ်၌ပင် လက်ခံတော်မူ၏။ ကိုယ်တော်သည်မိမိအသွေးတော်အားဖြင့် ကျွန်ုပ်တို့ကိုအပြစ်မှ ဆေးကြောလျက် ရွေးနုတ်တော်မူသည်သမက ကိုယ်တော်၏ထမ်းပိုးနှင့်ဝန်ထုပ်ကိုထမ်းဆောင်ရန် အလိုရှိသောသူအပေါင်းတို့တောင့်တသော အရာကို ဖြည့်စွက်ပေးတော်မူလိမ့်မည်။ အသက်မုန့်အတွက် ကိုယ်တော်ထံလာသောသူအပေါင်းတို့အား ငြိမ်သက်ချမ်းသာခြင်းကိုပေးဖို့ရန် ကိုယ်တော်သည် ရည်ရွယ်တော်မူ၏။ နာမထောင်သောသူတို့ဘယ်အခါမျှမရနိုင်သော ကောင်းချီးမင်္ဂလာ၏မြင့်မြတ်သောအခြေအနေသို့ ကျွန်ုပ်တို့အား ပို့ဆောင်သောတာဝန်များကိုသာ ကျွန်ုပ်တို့အားဆောင်ရွက်စေရန် ကိုယ်တော်သည်အလိုရှိတော်မူ၏။ လူ၏အမှန်ပျော်မွေ့ဖွယ်အသက်တာ

ကား မိမိ၏စိတ်နှလုံးထဲ၌ ဘုန်းအသရေကိုမျှော်လင့်ခြင်းတည်းဟူသော သခင်ခရစ်တော်ကို တည်နေစေတော်မူခြင်းတည်း။

ကျွန်ုပ်သည် ဘုရားသခင်အား မိမိကိုယ်ကိုမည်ကဲ့သို့အပ်နှံရမည်နည်းဟု အများသောသူတို့ကမေးကြသည်။ သင်သည် မိမိကိုယ်ကိုကိုယ်တော်အားပေးအပ်လိုသည်။ သို့ရာတွင် သင်သည်အကျင့်တရား၌အားနည်း၍ ယုံမှားခြင်းရှိ၏။ အစေကိုခံနေရလျက် အပြစ်နှင့်ပြည့်ဝသောသင့်အသက်တာ၏အကျင့်ဆိုးများအားဖြင့် အုပ်စိုးခြင်းခံနေရသည်။ သင်၏ကတိများနှင့်စိတ်ပြဋ္ဌာန်းချက်များသည် သဲနှင့်လုပ်သောကြိုးကဲ့သို့ဖြစ်ကြသည်။ သင်သည် သင်၏အကြံအစည်၊ စိတ်အလိုဆန္ဒ၊ လိုလားချက်များတို့ကို မထိန်းသိမ်းနိုင်ချေ။ သင်၏ကတိခံဝန်ချက်များပျက်ကွက်သွားသည်ကိုသိရသောအခါ သင်သည် သင်၏စိတ်ကိုပင်အားကိုးခြင်းနည်းလာလျက် ဘုရားသခင်သည် သင့်ကိုလက်မခံနိုင်ဟုသင့်အားထင်မှတ်စေ၏။ သို့သော် သင်သည် စိတ်ပျက်ဖို့မသင့်။ သင်သိလိုသောအရာသည် စိတ်အလိုဆန္ဒ၏မှန်ကန်သောနှိုးဆော်ခြင်းသတ္တိဖြစ်သည်။ ဤအရာသည်လူ၏သဘာဝသဘော၌ စိုးမိုးနေသောသတ္တိ၊ ဆုံးဖြတ်ရွေးချယ်နိုင်သောသတ္တိပင်ဖြစ်သည်။ အရာရာတိုင်းသည်စိတ်ဆန္ဒ၏မှန်ကန်သောအပြုအမူအပေါ်၌တည်ရှိ၏။ ဘုရားသခင်သည်လူအားရွေးချယ်နိုင်သောသတ္တိကိုပေးတော်မူ၏။ ၎င်းသည် သူတို့အသုံးပြုရမည့်အရာဖြစ်သည်။ သင်သည် သင်၏စိတ်နှလုံးကိုမပြောင်းလဲနိုင်။ သင်၏စိတ်နှလုံးထဲ၌ရှိသည့်ချစ်နှစ်သက်သောသဘောများကို ဘုရားသခင်အား သင့်ကိုယ်တိုင်မပေးအပ်နိုင်။ သို့ရာတွင်သင်သည် ဘုရားသခင်ကိုကိုးကွယ်ရန် ရွေးချယ်နိုင်သည်။ သင်၏စိတ်အလိုဆန္ဒကို ဘုရားသခင်အားပေးအပ်နိုင်၏။ ထိုအခါသင်သည် အလိုရှိစေခြင်းငှာ

လည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း သင်၏အထဲ၌ စေတနာတော်အားဖြင့် ဘုရားသခင်သည် ပြုပြင်တော်မူမည်။ ထိုနည်းအားဖြင့် သင်၏စိတ်နှလုံးသည် သခင်ခရစ်တော်၏ဝိညာဉ်တော် လက်အောက်၌အုပ်စိုးခြင်းကိုခံနေရလိမ့်မည်။ သင်၏စိတ်သည် ကိုယ်တော်အပေါ်၌သာစွဲလမ်းခြင်းကိုခံနေရလိမ့်မည်။ သင်၏စိတ်သည် ကိုယ်တော်အပေါ်၌သာစွဲလမ်းနေ၍ သင်၏အကြံအစည်များသည် ကိုယ်တော်၏အလိုတော်နှင့်ညီညွတ်လိမ့်မည်။

ကောင်းမြတ်ခြင်းနှင့်သန့်ရှင်းခြင်းကိုလိုလားသောစိတ်သည် ကောင်းပါသည်။ သို့ရာတွင် ထိုမျှနှင့်တင်းတိမ်နေလျှင် အကျိုးပေးလိမ့်မည်မဟုတ်။ ခရစ်ယာန်ဖြစ်ဖို့ရန် မျှော်လင့်တောင့်တနေစဉ်အခါမှာပင် အများသောသူတို့သည် ဆုံးရှုံးခြင်းသို့ရောက်ကြလိမ့်မည်။ သူတို့သည် ဘုရားသခင်အား မိမိတို့၏စိတ်ဆန္ဒကိုအပ်နှံသောအခြေအနေတိုင်အောင်မရောက်ကြချေ။ သူတို့သည် ယခု ခရစ်ယာန်ဖြစ်ဖို့ မရွေးချယ်ကြသေး။

အလိုဆန္ဒ**ကိုမှန်ကန်စွာအသုံးချခြင်းဖြင့် သင်၏အသက်တာတွင် လုံးလုံးပြောင်းလဲလာခြင်းဖြစ်လိမ့်မည်။ သင်၏အလိုဆန္ဒကို သခင်ခရစ်တော်ကိုအပ်နှံခြင်းအားဖြင့် သင်သည်အထွတ်အမြတ်၊ အာဏာစက်တို့ထက်သာ၍ မြင့်မြတ်သောအာဏာတန်ခိုးရှိသောသူနှင့်မိတ်ဖွဲ့ရလေပြီ။ သင့်အားတည်ကြည်မြဲမြံစေရန် သင်သည် ကောင်းကင်မှခွန်အားကိုရရှိလိမ့်မည်။ ၎င်းပြင် ထိုသို့ဘုရားသခင်အား အမြဲအပ်နှံထားခြင်းဖြင့် သင်သည်အသစ်သောအသက်တာ၊ ယုံကြည်ခြင်းနှင့်ပြည့်ဝသောအသက်တာ၌ အသက်ရှင်နေနိုင်လိမ့်မည်။**

---ooo---

# ယုံကြည်ခြင်းနှင့်လက်ခံတော်မူခြင်း

သင်၏စိတ်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ထကြွနိုးကြားလာသဖြင့် သင်သည်အပြစ်၏မကောင်းမှု၊ ၎င်း၏တန်ခိုး၊ ၎င်း၏ဒဏ်၊ ၎င်း၏ဆိုးကျိုးများတို့ကိုသိမြင်လာ၍ သင်သည် အပြစ်ကိုရွံရှာသောသဘောနှင့်ကြည့်ရှုမိ၏။ အပြစ်သည်သင့်အား ဘုရားသခင်ထံမှခွဲခွာသွားစေလျက် သင်သည် အပြစ်၏တန်ခိုးအားဖြင့် ချည်နှောင်ခြင်းခံနေရသည်ဟု သင်ထင်မှတ်လာ၏။ ၎င်းမှလွတ်မြောက်ရန်သာကြိုးစားလေသည်။ သင်သည်အားကိုးရာမဲ့ဖြစ်နေသည်ကို သာ၍သိမြင်လာလေဖြစ်၏။ သင်၏စိတ်အကြံအစည်များသည် ညစ်ညူး၍ သင်၏စိတ်နှလုံးသည်မစင်ကြယ်၊ သင်၏အသက်တာသည် တစ်ကိုယ်ကောင်းကြံခြင်းနှင့်လည်းကောင်း၊ အပြစ်နှင့်လည်းကောင်း ပြည့်ဝလျက်နေသည်ကိုသိမြင်၏။ သင်သည်အပြစ်လွတ်ခြင်းခံရရန်၊ ဆေးကြောခြင်းခံရရန်၊ လွတ်ကင်းချမ်းသာခွင့်ရရှိရန်တောင့်တနေ၏။ ဘုရားသခင်နှင့်ညီညွတ်ခြင်း၊ ဘုရားသခင်နှင့်တူညီခြင်းအခွင့်ကိုရရှိရန် သင်သည် မည်ကဲ့သို့ပြုလုပ်နိုင်သနည်း။

သင်လိုသောအရာကား ငြိမ်သက်ခြင်း၊ စိတ်ဝိညာဉ်၌ကောင်းကင်မှအပြစ်လွတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ချစ်ခြင်းမေတ္တာဖြစ်၏။ ၎င်းကိုငွေနှင့်မဝယ်နိုင်။ ဉာဏ်ပညာအစွမ်းအားဖြင့်မဖြစ်ပေါ်လာစေနိုင်။ ပညာအားဖြင့် ၎င်းကိုမရနိုင်။ သင်သည် သင်၏အစွမ်းသတ္တိအားဖြင့် ၎င်းကိုရရှိဖို့ရန် ဘယ်အခါမျှမမျှော်လင့်နိုင်။ သို့ရာတွင် ဘုရားသခင်သည် သင့်အားဆုကျေးဇူးအဖြစ်နှင့် ‘ငွေမပါဘဲ၊ အဖိုးကိုမပေးဘဲ’ ပေးကမ်းတော်မူ၏။ (ဟေရှာယ ၅၅း၁)။ သင်သည်လက်လှမ်း၍ကိုင်ယူ

လျှင် ၎င်းသည်သင်၏ဥစ္စာဖြစ်လာ၏။ ထာဝရဘုရားက ‘သင်တို့ အပြစ်သည် နီသောအဆင်းရှိသော်လည်း မိုးပွင့်ကဲ့သို့ဖြူလိမ့်မည်။ ကတ္တီပါနှင့်အမျှနီသော်လည်း သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်’ ဟုမိန့်တော်မူ၏။ (ဟေရှာယ ၁း၁၈)။ ‘စိတ်နှလုံးသစ်ကိုငါပေးမည်။ သဘော သစ်ကိုသွင်းထားမည်။’ (ယေဇကျေလ ၃၆း၂၆)။

သင်သည် သင်၏အပြစ်များကိုဖော်ပြတောင်းပန်ခဲ့၍ စိတ်နှလုံး ထဲမှ အပြစ်ကိုပယ်ရှားပြီ။ သင့်ကိုယ်ကိုဘုရားသခင်အားအပ်ပေးရန် ဆုံးဖြတ်ခဲ့ပြီ။ ယခုဘုရားသခင်ထံတော်သို့သွား၍ သင်၏အပြစ်များကို ဆေးကြောတော်မူ၍ သင့်အားအသစ်သောနှလုံးကိုပေးတော်မူစေရန် တောင်းလျှောက်လော့။ ထိုနောက်ဘုရားသခင်သည် ကတိထားတော်မူ ခဲ့ပြီဖြစ်သည်အတိုင်းပြုတော်မူသည်ကိုယုံကြည်လော့။ ဘုရားသခင် ကတိထားတော်မူသောဆုကျေးဇူးကို ကျွန်ုပ်တို့သည်ရရှိကြမည်ဟု ကျွန်ုပ်တို့ယုံကြည်ရကြမည်။ ၎င်းပြင်ထိုဆုကျေးဇူးတော်သည် ကျွန်ုပ် တို့၏ဥစ္စာဖြစ်သည်ဟု သခင်ယေရှုကမြေကြီးပေါ်၌ရှိတော်မူစဉ် သွန်သင် တော်မူခဲ့သောသင်ခန်းစာသည် ဤအရာပင်ဖြစ်ပေသည်။ လူများတို့ သည် သခင်ယေရှု၏တန်ခိုးတော်ကိုယုံကြည်ကြသောအခါ ကိုယ်တော် သည် သူတို့၏ရောဂါကိုကုသ၍ ကျန်းမာပျောက်ကင်းစေတော် မူ၏။ သူတို့မြင်ရသောအရာများ၌ ကိုယ်တော်သည်သူတို့အားမစကူညီ တော်မူ၏။ ထိုနည်းအားဖြင့် မိမိတို့မမြင်နိုင်သောအရာနှင့်စပ်ဆိုင်၍ ကိုယ်တော်၌ယုံကြည်အားထားသောစိတ်သဘောသည် သူတို့၌ရှိလာရန် ပြုပြင်နှိုးဆော်တော်မူ၏။ အပြစ်ကိုလွှတ်ပိုင်သောတန်ခိုးသည် ကိုယ် တော်၌ရှိတော်မူကြောင်းကို သူတို့အားယုံကြည်စေတော်မူ၏။ ‘လူသား သည်မြေကြီးပေါ်၌ အပြစ်လွှတ်ပိုင်သည်ကိုသင်တို့သိစေခြင်းငှာ ထလော့၊

ကိုယ့်အိပ်ရာကိုဆောင်၍ အိမ်သို့သွားလော့’ ဟု လက်ခြေသေသော သူအားမိန့်တော်မူ၏။ (မဿဲ ၉း၆)။ ထိုနည်းတူဧဝံဂေလိအမှုဆောင် ယောဟန်က သခင်ခရစ်တော်၏အံ့ဖွယ်အမှုတို့ကိုအကြောင်းပြု၍ ‘ယေရှုခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူ သည်ကို သင်တို့သည်ယုံကြည်မည်အကြောင်း ထိုသို့ယုံ၍နာမတော် အားဖြင့် အသက်ကိုရမည်အကြောင်း ဤမျှလောက်ရေးထားလျက် ရှိသတည်း’ ဟုဖော်ပြထား၏။ (ယောဟန် ၂၀း၃၁)။

သခင်ယေရှုသည်လူနာကို မည်ကဲ့သို့ကုသတော်မူကြောင်း ကျမ်းစာ၌လွယ်ကူစွာဖော်ပြထားသောအကြောင်းအရာကို ထောက်ရှု ခြင်းဖြင့် အပြစ်လွတ်ခြင်းခံစားဖို့ရန် ကိုယ်တော်၌မည်ကဲ့သို့ယုံကြည်ခြင်း ရှိရမည်အကြောင်း ကျွန်ုပ်တို့သည် သင်ခန်းစာကိုရရှိနိုင်ကြသည်။ ဗေသေသဒရေကန်နား၌ လက်ခြေသေနေသောသူ၏အကြောင်းကို ပြန်၍ကြည့်ကြစို့။ ထိုဒုက္ခရောက်နေသူသည် အားကိုးရာမဲ့ဖြစ်နေ၏။ သူသည်လက်ခြေသေနေသည်မှာ သုံးဆယ့်ရှစ်နှစ်ရှိပြီ။ သို့ရာတွင် သခင်ယေရှုက၊ ‘ထလော့၊ ကိုယ့်အိပ်ရာကိုဆောင်၍လှမ်းသွားလော့’ ဟုမိန့်တော်မူ၏။ လူနာက ‘သခင်ဘုရား၊ ကိုယ်တော်သည်အကျွန်ုပ် အားကျန်းမာခြင်းငှာအလိုတော်ရှိလျှင် အကျွန်ုပ်သည်ကိုယ်တော်၏ စကားကိုနားထောင်ပါမည်’ ဟုပြောဆိုကောင်းပြောဆိုလိမ့်မည်။ သို့ရာတွင် ဘာမျှမပြောချေ။ သူသည်သခင်ခရစ်တော်၏စကားတော်ကို ယုံကြည်၏။သူသည်ကျန်းမာခြင်းသို့ရောက်ပြီဟုယုံကြည်၍ ချက်ချင်း ထရန်ကြိုးစား၏။ လှမ်းသွားရန်ဆန္ဒရှိလာ၍ သူသည်လှမ်းသွား၏။ သူသည် သခင်ခရစ်တော်၏စကားအတိုင်းပြုမူ၍ ဘုရားသခင်သည် သူအားတန်ခိုးကိုပေးတော်မူ၏။ သူသည်ကျန်းမာသွားလေပြီ။

ထိုနည်းတူသင်သည် အပြစ်ရှိသောသူတစ်ယောက်ဖြစ်၏။ သင်၏လွန်ခဲ့သောအပြစ်များအတွက် အပြစ်ဖြေခြင်းအမှုကိုသင့်ကိုယ်တိုင်မပြုလုပ်နိုင်။ သင်၏စိတ်နှလုံးကိုမပြောင်းလဲနိုင်။ သင့်ကိုယ်ကိုသန့်ရှင်းအောင်မပြုလုပ်နိုင်။သို့ရာတွင် ဘုရားသခင်က သခင်ခရစ်တော်အားဖြင့် သင့်အတွက် ဤအမှုအရာအပေါင်းတို့ကိုပြုလုပ်ပေးတော်မူမည်ဟုကတိထားတော်မူ၏။ သင်သည် ထိုကတိတော်ကိုယုံကြည်၏။ သင်သည် သင်၏အပြစ်များကိုဖေါ်ပြတောင်းပန်၍ သင့်ကိုယ်ကိုဘုရားသခင်အားအပ်နှံ၏။ သင်သည်ဘုရားသခင်ကိုကိုးကွယ်ရန် စိတ်ဆန္ဒရှိလာ၏။ သင်သည် ဤကဲ့သို့ဧကန်အမှန်ကိုပြုသည်နည်းတူ ဘုရားသခင်သည် သင့်အားပေးသောကတိတော်ကိုပြည့်စုံစေတော်မူမည်။ သင်သည် ကတိတော်ကိုယုံလျှင်၊ သင်သည်အပြစ်လွှတ်ခြင်းခံရ၍ အပြစ်မှဆေးကြောခြင်းခံရပြီဟုယုံလျှင် ဘုရားသခင်သည် သင်၏ယုံကြည်ချက်အတိုင်း ဧကန်အမှန်ပြုတော်မူ၏။ လက်ခြေသေသောသူသည် မိမိကျန်းမာလာပြီဟု ယုံကြည်သောအခါ သခင်ယေရှုက ထိုသူအားလှမ်းသွားနိုင်သောတန်ခိုးကိုပေးတော်မူသည်နည်းတူ သင်သည်လည်းသန့်ရှင်းခြင်းသို့ရောက်လေပြီ။ သင်သည် ယုံကြည်လျှင် ထိုသို့အမှန်ဖြစ်၏။

သင်သည် သန့်ရှင်းခြင်းသို့ရောက်ပြီဟုသိရှိလာသည်တိုင်အောင်စောင့်ဆိုင်းမနေပါနှင့်။ ကျွန်ုပ်သည်သန့်ရှင်းခြင်းသို့ရောက်ပြီဟုယုံကြည်ပါသည်။ ထိုသို့ဖြစ်သည်ဟုသိရသောကြောင့်မဟုတ်ဘဲ ဘုရားသခင်သည်ကတိထားတော်မူခဲ့ပြီဖြစ်သောကြောင့် ထိုသို့ယုံကြည်ပါသည်ဟုပြောဆိုလော့။

'သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှကိုရကြလိမ့်မည်' ဟု သခင်ယေရှုကမိန့်တော်မူ၏။ (မာကု ၁၁:၂၄)။ ဤကတိတော်ကိုပြည့်စုံစေရန် လိုက်နာအပ်သော စည်းကမ်းချက်တစ်ခုရှိပေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလို တော်နှင့်အညီဆုတောင်းရကြမည်။သို့သော် ဘုရားသခင်၏အလိုတော် ကား ကျွန်ုပ်တို့အားအပြစ်မှဆေးကြောရန် ကျွန်ုပ်တို့အားဘုရားသခင်၏ သားသမီးများဖြစ်လာစေရန်နှင့် ကျွန်ုပ်တို့အားသန့်ရှင်းသောအသက်တာ ၌အသက်ရှင်နိုင်စေရန်ဖြစ်သတည်း။ ထိုကြောင့် ကျွန်ုပ်တို့သည် ဤကောင်းချီးမင်္ဂလာများကိုတောင်းလျှောက်နိုင်ကြ၍ ၎င်းတို့ကိုရရှိ ကြသည်ဟုယုံကြည်လျက် ကျွန်ုပ်တို့သည် ၎င်းတို့ကိုရရှိကြပြီဖြစ်သော ကြောင့် ဘုရားသခင်အားကျေးဇူးတင်ကြသည်။ သခင်ယေရှုထံတော် သို့သွား၍ ဆေးကြောစင်ကြယ်ခြင်းသို့ရောက်လျက် ရှက်ကြောက်စရာ (သို့မဟုတ်) နောင်တတရားမလိုတော့ဘဲ ပညတ်တရားရှေ့၌ရပ်တည်နေ နိုင်ရန် ကျွန်ုပ်တို့၌အခွင့်အရေးရှိလေပြီ။ 'ယေရှုခရစ်၌တည်၍ ဇာတိ ပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။' (ရောမ ၈:၁)။

ထိုအခါမှစ၍ သင့်ကိုယ်ကိုသင်မပိုင်။ သင့်အားအဖိုးနှင့်ဝယ်ယူ တော်မူပြီ။ 'ရွှေ၊ငွေအစရှိသောဖေါက်ပြန်ပျက်စီးတတ်သောဥစ္စာနှင့် သင်တို့ကိုရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ ညစ် အကြေးနှင့်ကင်းစင်သောသိုးသငယ်ကဲ့သို့သော ခရစ်တော်၏အသွေး တော်မြတ်နှင့်ရွေးတော်မူသည်။' (၁ပေတရု ၁:၁၈၊၁၉။) ဘုရားသခင်ကို ယုံကြည်ခြင်းတည်းဟူသော ဤလွယ်ကူသောအမှုအားဖြင့် သန့်ရှင်း သောဝိညာဉ်တော်သည် သင်၏စိတ်နှလုံးထဲ၌ အသစ်သောအသက်တာကို

ဖြစ်ပွားစေတော်မူပြီ။ သင်သည်ဘုရားသခင်၏အိမ်ထောင်၌မွေးဖွား သောသားသမီးကဲ့သို့ဖြစ်လာ၍ ဘုရားသခင်သည် မိမိ၏သားတော်ကို ချစ်သကဲ့သို့ သင့်ကိုချစ်တော်မူ၏။

ယခုသင်သည်သခင်ယေရှုအား သင့်ကိုယ်ကိုအပ်ပေးပြီး နောက် မဆုတ်ပါနှင့်၊ သင့်ကိုယ်ကိုတော်ထံမှပြန်မယူပါနှင့်။ နေ့စဉ်ရက် ဆက် 'ငါသည်သခင်ခရစ်တော်၏လူဖြစ်လာပြီ၊ ငါ့ကိုယ်ကို ကိုယ်တော်အား ငါပေးအပ်ခဲ့ပြီ' ဟုပြောဆိုနေလော့။ ၎င်းပြင် ကိုယ် တော်၏ဝိညာဉ်တော်ကိုသင့်အားပေး၍ ကိုယ်တော်၏ကျေးဇူးတော်အား ဖြင့် သင့်ကိုစောင့်ထိန်းရန် ကိုယ်တော်အားတောင်းလျှောက်လော့။ ဘုရားသခင်အားအပ်ပေး၍ ဘုရားသခင်ကိုယုံကြည်ခြင်းအားဖြင့် သင်သည် ဘုရားသခင်၏သားသမီးဖြစ်လာသည့်အလျောက် သင်သည် ဘုရားသခင်၌အသက်ရှင်ရမည်။ 'ထို့ကြောင့်သင်တို့သည် သခင်ယေရှု ခရစ်ကိုခံယူပြီးသည်ဖြစ်၍......ထိုသခင်၌ကျင်လည်ကြလော့။' (ကောလောသဲ ၂း၆) ဟုတမန်တော်ကပြောဆို၏။

အချို့သောသူတို့က မိမိတို့သည် စုံစမ်းစစ်ဆေးနေသည့်အချိန် တွင်ရှိနေသေး၍ မိမိတို့သည် ကိုယ်တော်၏ကောင်းချီးမင်္ဂလာများကို မတောင်းဆိုမီ မိမိတို့ကိုယ်တိုင်၌ပြောင်းလဲပြုပြင်ခြင်းရှိကြောင်း ထာဝရ ဘုရားအားသက်သေပြရကြမည်ဟုထင်မှတ်ကြ၏။ သို့သော် လူတို့ သည်ယခုပင်ဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုတောင်းဆိုနိုင်သည်။ သူတို့အားနည်းခြင်းအဖြစ်ကိုကူညီမစရန် သူတို့၌ဘုရားသခင်၏ကျေးဇူး တော်တည်းဟူသော သခင်ခရစ်တော်၏ဝိညာဉ်တော်ကိုရရှိသင့်ကြသည်။ သို့မဟုတ်လျှင် သူတို့သည် မကောင်းသောအမှုအရာတို့ကိုမတားဆီး နိုင်ကြ။ ကျွန်ုပ်တို့သည် အပြစ်ရှိ၍ခိုကိုးရာမဲ့လျက် တစ်စုံတစ်ဦးကို

မှီခိုလိုနေသည့်အခါမှာပင် ကျွန်ုပ်တို့အား မိမိထံတော်သို့ချဉ်းကပ်ရန် သခင်ယေရှုသည် အလိုရှိတော်မူ၏။ ကျွန်ုပ်တို့သည် အားနည်းသော အဖြစ်၊ မိုက်မဲသောအဖြစ်၊ အပြစ်ရှိနေသောအဖြစ်အပေါင်းတို့နှင့်ပင် ကိုယ်တော်ထံသို့ချဉ်းကပ်၍ နောင်တရခြင်းနှင့် ကိုယ်တော်၏ခြေတော် ရင်း၌ ပျပ်ဝပ်ကိုးကွယ်ရကြမည်။ ကိုယ်တော်သည်ကျွန်ုပ်တို့အား မိမိ၏မေတ္တာလက်တော်နှင့်ပိုက်ပွေ့ခြင်း၊ ကျွန်ုပ်တို့၏အနာများကို ပတ်စည်းပေးခြင်းနှင့် ကျွန်ုပ်တို့အားအပြစ်အပေါင်းမှဆေးကြောပေးခြင်း အမှုတို့ကား ကိုယ်တော်၏ဘုန်းတော်ဖြစ်ပေသည်။

ဤနေရာ၌ထောင်ပေါင်းများစွာသောသူတို့သည် မအောင်မြင်ကြ ချေ။ သခင်ယေရှုသည် လူအသီးအသီးတို့အား ကိုယ်တိုင်အပြစ်လွှတ် တော်မူသည်ကို သူတို့သည်မယုံကြည်ကြချေ၊ သူတို့သည် ဘုရားသခင် ၏စကားတော်ကိုမယုံကြည်မအားကိုးကြချေ။ အပြစ်ရှိသမျှအတွက် အပြစ်လွှတ်ခြင်းအခွင့်ကိုရက်ရောစွာပေးသနားတော်မူသည်ကို စည်းကမ်း ချက်များအတိုင်းလိုက်နာကြသောသူရှိသမျှတို့ကို ကိုယ်တိုင်သိရှိနားလည် ခွင့်ရရှိကြပေသည်။ ဘုရားသခင်၏ကတိတော်များသည် 'သင့်အဖို့ မဟုတ်' ဟူသောယုံမှားသံသယရှိသမျှတို့ကိုဖယ်ရှားလော့။ ၎င်းတို့ကား နောင်တရသောအပြစ်ကျူးလွန်သူတိုင်းအဖို့ဖြစ်ကြသည်။ သခင်ခရစ် တော်အားဖြင့်ချပေးတော်မူသော ခွန်အားနှင့်ကျေးဇူးတော်တို့ကိုယုံကြည် သောသူတိုင်းတို့ထံသို့စောင့်ရှောက်ပြုစုသောကောင်းကင်တမန်များက ယူဆောင်လာကြပြီ။ သူတို့အတွက်အသေခံတော်မူသောသခင်ယေရှု၌ ခွန်အား၊ သန့်ရှင်းဖြူစင်ခြင်းနှင့်ဖြောင့်မတ်ခြင်းတို့ကိုမတွေ့ရှိနိုင်လောက် အောင် မည်သူမျှအပြစ်ကြီးကျယ်လှသည်မဟုတ်။ အပြစ်နှင့်ညစ်ညူး စွန်းထင်းနေသောဝတ်ရုံများကိုချွတ်ပယ်၍ ဖြောင့်မတ်ခြင်းတည်းဟူသော

ဝတ်ရုံဖြူကိုခြုံပေးရန် ကိုယ်တော်သည်စောင့်ဆိုင်းနေတော်မူ၏။ ကိုယ်တော်က သူတို့ကိုမသေစေဘဲ အသက်ရှင်စေဖို့မိန့်မှာတော်မူ၏။

အကန့်အသတ်ရှိသောလူသည် အချင်းချင်းတို့ကိုပြုမူသကဲ့သို့ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုပြုတော်မမူပါ။ ကိုယ်တော်၏အကြံအစည်များကား ကရုဏာ၊ မေတ္တာနှင့်အနူးအညွှတ်ဆုံးကြင်နာသနားခြင်းတို့နှင့်ပြည့်စုံ၏။ ကိုယ်တော်က၊ 'ဆိုးသောသူသည် မိမိ၏လမ်းကိုလည်းကောင်း၊ မတရားသောသူသည် မိမိအကြံတို့ကိုလည်းကောင်း စွန့်ပစ်၍ ထာဝရဘုရားထံတော်သို့ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ဘုရားသခင်ထံတော်သို့ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့်အပြစ်ကိုလွှတ်တော်မူလိမ့်မည်။' (ဟေရှာယ ၅၅း၇။) 'သင်၏အပြစ်တို့ကိုတိမ်တိုက်ကဲ့သို့လည်းကောင်း၊ သင်၏အပြစ်တို့ကိုတိမ်လွှာကဲ့သို့လည်းကောင်း ငါချေပြီ။' (ဟေရှာယ ၄၄း၂၂။) ဟုမိန့်တော်မူ၏။

'အသေခံရသောသူ၏အသေခံခြင်းအမှု၌ ငါသည်ပျော်မွေ့ခြင်းမရှိ။ ထိုကြောင့် ပြောင်းလဲ၍အသက်ရှင်ကြလော့ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။' (ယေဇကျေလ ၁၈း၃၂။) စာတန်သည် ဘုရားသခင်၏မင်္ဂလာကတိတော်များကိုခိုးယူသွားရန် အသင့်ရှိနေ၏။ သူသည် လူတို့အထဲမှမျှော်လင့်ခြင်းအရိပ်အရောင်နှင့် အလင်းရောင်တိုင်းကိုဖယ်ရှားရန်အလိုရှိ၏။ သွေးဆောင်သူ၏စကားကိုနားမထောင်ဘဲ၊ 'ငါသည်အသက်ရှင်မည်အကြောင်း သခင်ယေရှုသည် အသေခံတော်မူပြီ။ ကိုယ်တော်သည် ငါ့ကိုချစ်၍ ငါ့အားပျက်စီးစေဖို့ရန် အလိုတော်မရှိပါ။ ငါ၌သနားကြင်နာတတ်သော ကောင်းကင်ခမည်းတော်ရှိ၏။ ငါသည် ကိုယ်တော်၏မေတ္တာတော်ကိုရှုတ်ချ၍ ငါ့အားပေးတော်မူသော

ကောင်းချီးမင်္ဂလာများကိုဖြုန်းတီးခဲ့သော်လည်း၊ ငါသည်ထ၍ ငါ့ခမည်းတော်ထံသို့သွားပြီး အကျွန်ုပ်သည် ဘုရားသခင်ကိုလည်းကောင်း၊ ကိုယ်တော်ကိုလည်းကောင်း ပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏ သားဟုခေါ်ခြင်းကိုမခံထိုက်ပါ။ သူငှားအရာ၌ အကျွန်ုပ်ကိုထားတော်မူပါဟုငါပြောမည်' ဟု၍ ပြန်ပြောလေ၏။ အိမ်မှထွက်ခွာသွားနေသောသူအား မည်ကဲ့သို့လက်ခံပြုစုကြောင်းကို ဥပမာကသင့်အားဖော်ပြလိမ့်မည်။ 'သွား၍ဝေးသောအခါ အဘသည် သူ့ကိုမြင်လျှင် သနားသောစိတ်ရှိသည်နှင့်ပြေးသွား၍ သား၏လည်ပင်းကိုပိုက်ဖက်လျက် နမ်းရှုပ်လေ၏။' (လုကာ ၁၅း၁၈–၂၀)။

သို့ရာတွင်နူးညံ့သိမ်မွေ့၍ စိတ်ထိခိုက်ဖွယ်ဖြစ်သော ဤဥပမာပင်ကောင်းကင်အဖခမည်းတော်၏မေတ္တာတော်ကို ပြည့်စုံအောင် မဖော်ပြနိုင်ချေ။ 'အကယ်စင်စစ် ထာဝရမေတ္တာနှင့်သင့်ကိုငါချစ်၏။ ထိုကြောင့်ကရုဏာကျေးဇူးကိုသင်၌ကြာမြင့်စွာပြ၏' ဟုထာဝရဘုရားက မိမိ၏ပုရောဖက်အားဖော်ပြတော်မူ၏။ (ယေရမိ ၃၁း၃။) အပြစ်ရှိသောသူသည် မယုံကြည်သူတို့၏နိုင်ငံ၌ မိမိ၏ဥစ္စာများကိုဖြုန်းတီးလျက် ခမည်းတော်၏အိမ်မှဝေးကွာလျက်ရှိနေသောအခါ၌ပင် ခမည်းတော်သည် သူ့အားတောင့်တမျှော်လင့်လျက်နေတော်မူ၏။ ဘုရားသခင်ထံပြန်လာရန် လူ၏စိတ်ဝိညာဉ်နိုးကြားထကြွလာသောတောင့်တစိတ်ကား ဘုရားသခင်၏ဝိညာဉ်တော်က လေလွင့်နေသူအား မိမိခမည်းတော်၏မေတ္တာတော်ကို ဆွဲငင်သွေးဆောင်လျက် ကြင်နာစွာတောင်းပန်နေခြင်းမျှသာလျှင်ဖြစ်ပေသည်။

သင့်ရှေ့၌ သမ္မာကျမ်းစာတော်မြတ်၏ ကတိတော်များရှိလျက်ပင် သင်သည် ယုံကြည်ခြင်းရှိနိုင်ဦးမည်လော။ သနားစရာကောင်းသော

အပြစ်သားသည် မိမိ၏အပြစ်များကိုစွန့်လျက်ပြန်လာရန် တောင့်တနေသောအခါ ထာဝရဘုရားသည် သူ့အားမိမိ၏ခြေတော်ရင်းသို့နောင်တရခြင်းနှင့်ပြန်မလာစေရန် တင်းမာစွာတားဆီးကန့်ကွက်တော်မူသည်ဟုသင်ထင်မှတ်နိုင်သလော။ ဤကဲ့သို့ထင်မြင်ချက်တို့ကိုဖယ်ရှားပါ။ ကျွန်ုပ်တို့၏ကောင်းကင်ခမည်းတော်အကြောင်း ထိုသို့ထင်မှတ်ခြင်းထက်ဘယ်အခါမျှ သင်၏စိတ်ဝိညာဉ်ကိုသာ၍ထိခိုက်နာကြည်းခြင်းကိုမဖြစ်စေနိုင်။ ကိုယ်တော်သည်အပြစ်ကိုမုန်းသော်လည်း အပြစ်သားကိုချစ်တော်မူသဖြင့် အလိုရှိသောသူအပေါင်းတို့သည် ကယ်တင်ခြင်းခံရ၍ ဘုန်းတော်နိုင်ငံတွင် ထာဝရဘုရားကောင်းချီးမင်္ဂလာကိုခံစားနိုင်ကြမည်အကြောင်း သခင်ခရစ်တော်ကိုယ်တော်တိုင်အားဖြင့် ဘုရားသခင်သည်မိမိကိုယ်ကိုစွန့်တော်မူ၏။ ကျွန်ုပ်တို့အပေါ်၌ထားတော်မူသော မိမိ၏မေတ္တာတော်အကြောင်းကိုဖေါ်ပြရန် ဘုရားသခင်ကိုယ်တော်တိုင်ရွေးချယ်ဖေါ်ပြသောစကားများထက် မည်သည့်စကားများသည် သာ၍လေးနက်၊ သာ၍နူးညံ့သိမ်မွေ့နိုင်ဦးမည်နည်း။ 'မိန်းမသည် မိမိဖွားသောသားကိုမသနားသည်တိုင်အောင် မိမိနို့စို့သူငယ်ကို မေ့လျော့နိုင်သလော။ အကယ်၍မေ့လျော့သော်လည်း သင့်ကိုငါမမေ့လျော့' ဟုဘုရားသခင်ကဖေါ်ပြတော်မူ၏၊ (ဟေရှာယ ၄၉း၁၅)။

သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် အပြစ်ဖြေခြင်းအမှုကိုပြုရန်အသက်ရှင်လျက်ရှိတော်မူသောကြောင့် ယုံမှားကြောက်ရွံ့တုန်လှုပ်လျက်ရှိသောအသင်သည် မျှော်ကြည့်လော့။ မိမိ၏ချစ်သောသားတော်ကိုပေးတော်မူသည့်အတွက် ဘုရားသခင်ကိုကျေးဇူးတင်လော့။ ၎င်းပြင်ကိုယ်တော်သည်သင့်အတွက်အသေခံတော်မူခြင်းအမှုသည် အချည်းနှီးမဖြစ်စေရန်ဆုတောင်းပါ။ ဝိညာဉ်တော်ကသင့်အား ယနေ့ဖိတ်ခေါ်လျက်

နေတော်မူ၏။ သခင်ယေရှုထံတော်သို့စိတ်နှလုံးအကြွင်းမဲ့လာလော့။ ၎င်းပြင် ကိုယ်တော်၏ကောင်းချီးမင်္ဂလာများကို တောင်းလျှောက်နိုင်လိမ့်မည်။

သင်သည်ကတိတော်များကိုဖတ်နေစဉ်အခါ ၎င်းတို့ကားနှုတ်ဖြင့်မဖော်ပြနိုင်သောမေတ္တာတော်နှင့်ကရုဏာတော်အကြောင်းကို ဖော်ပြချက်များဖြစ်ကြောင်းကိုသတိပြုပါ။ မေတ္တာနှင့်ပြည့်စုံတော်မူသောအရှင်၏ကြီးမြတ်သောစိတ်နှလုံးသည် အကန့်အသတ်မရှိသောကရုဏာတော်အားဖြင့် အပြစ်သား၏စိတ်ကိုဆွဲငင်လျက်ရှိ၏။ 'ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသောရွေးနုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏။' (ဧဖက် ၁း၇)။ မှန်ပေသည်။ ဘုရားသခင်သည် သင့်အားကူညီမစတော်မူသောသူဖြစ်တော်မူသည်ဟုသာယုံကြည်ပါ။ လူ၏အထဲ၌အကျင့်နှင့်ဆိုင်သောမိမိ၏ပုံသဏ္ဍာန်တော်ကိုပြန်၍ပြုပြင်ပေးရန် ဘုရားသခင်သည်အလိုရှိတော်မူ၏။ သင်သည်အပြစ်ကိုဝန်ချတောင်းပန်လျက် နောင်တရသောစိတ်နှင့်ဘုရားသခင်ထံတော်သို့ချဉ်းကပ်သောအခါ ဘုရားသခင်သည် သင့်အနားသို့ကရုဏာနှင့်လည်းကောင်း၊ အပြစ်လွှတ်ခြင်းအခွင့်နှင့်လည်းကောင်း ချဉ်းကပ်တော်မူမည်။

---ooo---

'လူမည်သည်ကားခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ၏' (၂ကောရိန်သု ၅း၁၇)။

လူတစ်စုံတစ်ယောက်သည် မိမိစိတ်နှလုံးပြောင်းလဲလာခြင်းကိစ္စနှင့်ပတ်သက်သောအဖြစ်အပျက်အပေါင်းတို့၏အချိန်ကာလ၊ နေရာဒေသနှင့်အကြောင်းရင်းရှိသမျှကို သေချာဂနစွာမဖော်ပြနိုင်ချေ။ သို့သော် ဤသို့မပြုလုပ်နိုင်သောကြောင့် သူသည်ပြောင်းလဲခြင်းမရှိဟုမစွပ်စွဲနိုင်ချေ။ သခင်ခရစ်တော်က နိကောဒင်အား 'လေသည်အလိုရှိသည်အတိုင်းသွားလေ၏။ လေ၏အသံကိုသင်သည် ကြားရသော်လည်းအဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကိုမသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်' ဟုမိန့်တော်မူ၏။ (ယောဟန် ၃း၈)။ လေသည်မမြင်ရသော်လည်း လေ၏လှုပ်ရှားခြင်းကြောင့် ဖြစ်ပေါ်လာသောအမှုအရာတို့ကိုတွေ့မြင်သိရှိရသကဲ့သို့ ဘုရားသခင်၏ဝိညာဉ်တော်သည် လူတို့၏စိတ်နှလုံးကိုပြုပြင်နေတော်မူခြင်းအမှုကိုသိရှိနိုင်ပေသည်။ လူ၏မျက်စိဖြင့်မမြင်နိုင်သော ထိုပြုပြင်ပြောင်းလဲခြင်းတန်ခိုးသည် လူ၏စိတ်ထဲ၌အသစ်သာသဘော၊ အသစ်သောအသက်တာကိုဖြစ်ပေါ်လာစေ၏။ ၎င်းသည်ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ အသစ်သောသတ္တဝါကိုပြုပြင်ဖန်ဆင်းပေး၏။

ဝိညာဉ်တော်၏အလုပ်သည် ဆိတ်ငြိမ်၍မမြင်နိုင်ရသော်လည်း ၎င်း၏အကျိုးကျေးဇူးများကား သိသာထင်ရှားပေသည်။ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် စိတ်နှလုံးသည် အသစ်ပြုပြင်ခြင်းခံရသော်

အသက်တာသည် ထိုအကြောင်းကိုသက်သေထင်ရှားစေလိမ့်မည်။ ကျွန်ုပ်တို့သည် မိမိတို့၏စိတ်နှလုံးကိုပြောင်းလဲစေခြင်းငှာ ဘာမျှမတတ်နိုင်။ ဘုရားသခင်၏အလိုတော်နှင့်ညီညွတ်စေရန် ကျွန်ုပ်တို့၏ကိုယ်ကိုမပြုပြင်နိုင်။ သို့သော်လည်း ဘုရားသခင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့အထဲ၌ကိန်းအောင်းလျက်ရှိမရှိကို ကျွန်ုပ်တို့၏အသက်တာက ထင်ရှားစေလိမ့်မည်။ အကျင့်စလေ့၊ အပြုအမူ၊ အလုပ်အကိုင်တို့၌ပြောင်းလဲမှုကိုတွေ့မြင်ရလိမ့်မည်။ ခြားနားချက်ကိုထင်ရှားစွာသိမြင်ရလျက် အထက်ကမည်ကဲ့သို့ဖြစ်ပျက်ခဲ့၍ ယခုမည်ကဲ့သို့ဖြစ်နေသည့်အချက်တို့အားဖြင့် ဆုံးဖြတ်စစ်ဆေးကြည့်နိုင်သည်။ မကြာခဏဖြစ်ပေါ်လာသည့် ကောင်းမှုများနှင့်ဆိုးသောအမှုများအားဖြင့်မဟုတ်ဘဲ ပြောဆိုလေ့ရှိသော စကားများနှင့်ပြုကျင့်လေ့ရှိသောအလုပ်အားဖြင့် အကျင့်ကိုထင်ရှားစေ၏။

သခင်ခရစ်တော်၏အသစ်ပြုပြင်ခြင်းတန်ခိုးမရှိဘဲ အပြစ်လက္ခဏာအားဖြင့် အကျင့်စလေ့တို့ကိုပြုပြင်ခြင်းရှိကောင်းရှိမည်မှာ အမှန်ဖြစ်ပေသည်။ ဩဇာအာဏာလွှမ်းမိုးမှုကိုနှစ်သက်သောသဘောနှင့် သူတစ်ပါးတို့၏ချစ်ကြည်လေးစားခြင်းကိုခံလိုသောသဘောတို့ကြောင့် သေသပ်တင့်တယ်သောအသက်တာမျိုးကို ဖြစ်ပေါ်စေတတ်ပေသည်။ မိမိကိုယ်ကိုရိုသေလေးစားသောသဘောသည် ကျွန်ုပ်တို့အား အပြစ်ကိုပေါ်မလာစေရန် ဖုံးကွယ်ထားကောင်းထားလိမ့်မည်။ ကိုယ်ကျိုးရှာတတ်သောစိတ်သဘောမျိုးသည် ကြင်နာတတ်သောအပြုအမူကိုပြုတတ်ပေမည်။ ထိုသို့ဖြစ်လျှင် ကျွန်ုပ်တို့သည် မည်သူ့ဘက်၌ရှိနေကြကြောင်း မည်ကဲ့သို့ဆုံးဖြတ်ရကြမည်နည်း။

မည်သူသည် စိတ်နှလုံးကိုပိုင်ဆိုင်သနည်း။ ကျွန်ုပ်တို့၏အကြံအစည်များသည် မည်သူ၏အကြောင်းများဖြစ်ကြသနည်း။ ကျွန်ုပ်တို့သည် မည်သူ၏အကြောင်းကို အချင်းချင်းဆွေးနွေးပြောဆိုရန်နှစ်သက်ကြသနည်း။ ကျွန်ုပ်တို့သည် မည်သူ့ကိုအထူးသဖြင့်ချစ်ခင်လေးစား၍ ကျွန်ုပ်တို့၏အကောင်းဆုံးစွမ်းအားသတ္တိများကို မည်သူသည်ပိုင်ဆိုင်လိမ့်မည်နည်း။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏လူများဖြစ်ကြလျှင် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူဆင်ခြင်တွေးဆ၍ ကိုယ်တော်၏အကြောင်းကိုဆင်ခြင်ရန်နှစ်သက်ကြလိမ့်မည်။ ကျွန်ုပ်တို့၌ရှိသမျှတို့ကို ကိုယ်တော်အားဆက်ကပ်ပူဇော်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဍာန်ကိုဆောင်ရန်၊ ကိုယ်တော်သည် ဝိညာဉ်တော်ကိုခံယူရန်၊ ကိုယ်တော်၏အလိုတော်ကိုလိုက်နာရန်နှင့် အရာခပ်သိမ်းတို့၌ ကိုယ်တော်အားနှစ်သက်တော်မူစေရန် တောင့်တလိုလားကြလိမ့်မည်။

သခင်ယေရှုခရစ်၌ အသစ်သောသတ္တဝါဖြစ်လာသောသူတို့သည် ‘ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်သိခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ အပျော်အပါးချုပ်တည်းခြင်းဟူသော ဝိညာဉ်ပကတိ၏အကျိုးကျေးဇူးများ’ ကိုဖြစ်ထွန်းစေလိမ့်မည်၊ (ဂလာတိ ၅း၂၂၊၂၃။) သူတို့သည် အထက်က တပ်မက်ခြင်းများအတိုင်းမကျင့်ကြဘဲ ဘုရားသခင်သားတော်၌ ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်၏ခြေတော်ရာသို့လိုက်လျှောက်လျက် ကိုယ်တော်၏သဘောတော်ကို မိမိတို့အသက်တာ၌ပြန်၍ထင်ရှားစေပြီးလျှင် ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ မိမိတို့ကိုယ်ကိုသန့်ရှင်းစေကြလိမ့်မည်။ တစ်ခါက သူတို့မုန်းခဲ့သောအရာတို့ကို ယခုသူတို့သည်

ချစ်ခင်နှစ်သက်ကြလိမ့်မည်။ ၎င်းပြင်တစ်ခါက သူတို့နှစ်သက်ခဲ့သော အရာတို့ကို ယခုသူတို့သည်ရွံရှာမုန်းတီးကြလိမ့်မည်။ မာနကြီး၍ ကိုယ့်ကိုယ်ကိုအထင်ကြီးသောသူသည် စိတ်နှလုံးနှိမ့်ချသောသူဖြစ်လာ၏။ ဝါကြွား၍စိတ်ကြီးဝင်သောသူသည် တည်ကြည်မှန်ကန်၍ဖော်ရွေစွာ ပြောဆိုတတ်သောသူဖြစ်၏။ အရက်သမားသည် ကျွန်ုပ်ရှိသောသူ၊ ဆိုးသွမ်းသောသူသည် သန့်ရှင်းသောသူဖြစ်လာ၏။ လောက၏ကြွား ဝါတတ်သောအကျင့်ဓလေ့အပြုအမူအနေအထိုင်တို့သည် ပျောက်ကွယ် သွားလေ၏။ ခရစ်ယာန်တို့သည် 'အပြင်တန်ဆာဆင်ခြင်း' ကိုမရှာဘဲ၊ 'နူးညံ့ငြိမ်သက်သောသဘောတည်းဟူသော မဖေါက်ပြန်မပျက်စီးတတ် သောတန်ဆာဆင်ခြင်းရှိသောစိတ်နှလုံး၏အတွင်းလူဖြစ်စေကြလိမ့်မည်။' (၁ပေတရု ၃း၃၊၄)။

ပြုပြင်ပြောင်းလဲခြင်းအမှုမရှိလျှင် အမှန်နောင်တရခြင်း၏ လက္ခဏာသက်သေမရှိ။ သူသည်ကတိခံဝန်ချက်ကိုပြန်၍အတည်ဖြစ်စေ လျက် မိမိလုယူသောအရာကိုပြန်ပေး၊ မိမိအပြစ်များကိုဖေါ်ပြဝန်ချ၊ ဘုရားသခင်နှင့်လူအချင်းချင်းကို ချစ်ခင်နှစ်သက်လျှင် အပြစ်သားသည် သေခြင်းမှအသက်ရှင်ခြင်းသို့ကူးမြောက်ကြောင်း အသေအချာသိရှိရ လိမ့်မည်။

ကျွန်ုပ်တို့သည်မှားယွင်းနေလျက် အပြစ်ရှိသောသူအဖြစ်နှင့် သခင်ခရစ်တော်ထံသို့လာရောက်၍ ကိုယ်တော်၏အပြစ်လွှတ်ခြင်း ကျေးဇူးတော်ကိုခံစားရကြသောအခါ မေတ္တာသည် စိတ်နှလုံးထဲ၌ပေါ် လာ၏။ ဝန်ထုပ်ရှိသမျှသည် ပေါ့ပါးသွား၏။ အကြောင်းကား သခင် ခရစ်တော်တင်တော်မူသောထမ်းပိုးသည်ထမ်းလွယ်၏။ ဝတ္တရားသည် ဝမ်းမြောက်ဖွယ်ဖြစ်၍ စွန့်စားအနာခံခြင်းအမှုသည် နှစ်သက်ဖွယ်ဖြစ်

လာ၏။ အထက်ကမှောင်မိုက်ဖြင့်ဖုံးလွှမ်းနေသည်ဟုထင်ရသောလမ်း ခရီးသည် ဖြောင့်မတ်ခြင်းတရားနေမင်း၏အလင်းရောင်နှင့်တောက်ပ လာ၏။

သခင်ခရစ်တော်၏သဘောတော်တွင် ထင်ရှားသောနှစ်သက်ဖွယ် လက္ခဏာများကို ကိုယ်တော်၏တပည့်တော်များ၌လည်း တွေ့မြင်ရလိမ့် မည်။ ကိုယ်တော်သည်ဘုရားသခင်၏အလိုတော်ကိုဆောင်ရာ၌ အားရဝမ်းမြောက်တော်မူ၏။ ကျွန်ုပ်တို့ကယ်တင်ရှင်၏အသက်တာတွင် စိုးမိုးလျက်ရှိသောသတ္တိကား ဘုရားသခင်ကိုချစ်ခြင်း၊ ဘုရားသခင်၏ ဘုန်းတော်ကိုဖေါ်ပြရန် စိတ်အားကြီးခြင်းဖြစ်သတည်း။မေတ္တာတော် သည် ကိုယ်တော်၏အပြုအမူရှိသမျှတို့ကိုတင့်တယ်မြင့်မြတ်စေ၏။ မေတ္တာသည် ဘုရားသခင်နှင့်သက်ဆိုင်၏။ ဆက်ကပ်ပူဇော်ခြင်းမရှိသော စိတ်နှလုံးတွင် ၎င်းမေတ္တာသည်စေမပြုနိုင်။ မဖြစ်ပေါ်လာနိုင်။ သခင် ယေရှုစိုးမိုးကိန်းအောင်းတော်မူရာအရပ်၌သာ ၎င်းကိုတွေ့ရ၏။ ‘ဘုရား သခင်သည် ငါတို့ကိုရှေးဦးစွာချစ်တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏။’ (၁ယော ၄း၁၉။) ကျေးဇူးတော်အားဖြင့် ပြန်၍အသစ်ပြုပြင်ခြင်းခံရသောစိတ်နှလုံးတွင် ချစ်ခြင်းမေတ္တာသည် အပြုအမူ၏အခြေခံတရားဖြစ်၏။ ၎င်းသည် အကျင့်ကိုပြုပြင် ပြောင်းလဲပေး၏။ စိတ်ဓာကိုအုပ်ချုပ်၏။ ထက်မြက်သောစိတ်ကို စိုးမိုး၏။ ခိုက်ရန်ဒေါသကိုနှိမ်၍ စုံမက်တတ်သောသဘောကိုချီးမြှင့် ၏။ လူ၏အထဲ၌တိုးပွားလျက်ရှိသော ဤချစ်ခြင်းမေတ္တာသည် အသက် တာကိုနှစ်သက်ဖွယ်ဖြစ်စေ၍ အနားပတ်ဝန်းကျင်တွင်ရှိသမျှတို့အပေါ် ၌ သန့်ရှင်းဖြူစင်သောဩဇာအာဏာကိုလွှမ်းမိုးစေသည်။

ဘုရားသခင်၏သားသမီးများ၊ အထူးသဖြင့်ကိုယ်တော်၏ကျေးဇူးတော်ကိုခိုလှုံရန် မကြာမီကချဉ်းကပ်ကြသောသူတို့ အထူးရှောင်ကြဉ်ရန် သင့်သောအမှားနှစ်ခုရှိ၏။ ပထမအချက်မှာ၊ ပြောဆိုဖေါ်ပြခဲ့ပြီးသည်အတိုင်း ဘုရားသခင်၏အလိုတော်နှင့်ညီညွတ်အောင် ပြုလုပ်နိုင်မည်ဟုထင်မှတ်လျက် မိမိတို့၏အကျင့်ကိုအားကိုးနေခြင်းတည်း။ ပညတ်တရားကိုစောင့်ရှောက်ရာ၌ မိမိ၏အကျင့်အားဖြင့် သန့်ရှင်းလာစေရန်ကြိုးစားနေသောသူသည် မဖြစ်နိုင်သောအမှုကိုကြံစည်နေ၏။ သခင်ခရစ်တော်မပါဘဲ လူပြုလုပ်သမျှသောအမှုအပေါင်းတို့သည် ကိုယ်ကျိုးရှာခြင်းနှင့်အပြစ်တို့ဖြင့် ညစ်ညူးလျက်ရှိ၏။ သခင်ခရစ်တော်၏ကျေးဇူးတော်သာလျှင် ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ကိုသန့်ရှင်းစေနိုင်၏။

ဆန့်ကျင်ဘက်ဖြစ်၍ ဘေးမကင်းလှသောအမှားကား 'သခင်ခရစ်တော်ကိုယုံကြည်ခြင်းသည် လူတို့အားဘုရားသခင်၏ပညတ်တရားတော်ကိုစောင့်ရှောက်ခြင်းတာဝန်မှကင်းလွတ်စေပြီ' ဟူသောအချက်တည်း။ ၎င်းပြင်ယုံကြည်ခြင်းအားဖြင့်သာ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ကျေးဇူးတော်ကိုခံစားထိုက်သောသူများဖြစ်လာကြသောကြောင့် ကျွန်ုပ်တို့၏အကျင့်သည် ကျွန်ုပ်တို့အားရွေးနုတ်ခြင်းအမှုနှင့်အနည်းငယ်မျှမသက်ဆိုင်ဟူသောအချက်ဖြစ်သည်။

သို့ရာတွင် နားထောင်ခြင်းအမှုသည် အပြင်ပန်းလက္ခဏာအားဖြင့်လိုက်နာခြင်းမဟုတ်ဘဲ မေတ္တာအားဖြင့်ထင်ရှားသောအလုပ်ဖြစ်သည်ကိုသတိပြုပါ။ ဘုရားသခင်၏ပညတ်တရားသည် ဘုရားသခင်၏သဘောတော်ကိုပင်ထင်ရှားစေသောအရာဖြစ်သည်။ မေတ္တာ၏အခြေခံတရားကြီးကို စုပေါင်းထည့်သွင်းထားသောတရားဖြစ်သည်။ ထို့ကြောင့်

၎င်းတရားသည် ကောင်းကင်နှင့်မြေကြီးတွင် ဘုရားသခင်၏အုပ်စိုးခြင်း အာဏာစက်၏အခြေအမြစ်ဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ဘုရားသခင်၏သဘောတော်နှင့်ညီညွတ်စွာပြုပြင်ခြင်းခံရလျှင်၊ မေတ္တာ တော်သည် စိတ်ဝိညာဉ်ထဲ၌စွဲမြဲတည်ရှိလာသောအခါ လူသည် မိမိအားဖန်ဆင်းတော်မူသောအရှင်၏ပုံသဏ္ဍာန်နှင့်တူညီလာအောင် အသစ်ပြုပြင်ခြင်းခံရသောအခါ 'ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့၏နှလုံးထဲမှာပေးသွင်းမည်။ သူတို့၏စိတ်ဝိညာဉ်အပေါ်မှာ ရေးထားမည်။' (ဟေဗြဲ ၁၀း၁၆။) ဟူသောပဋိညာဉ်သစ်နှင့်ဆိုင်သော ကတိတော်သည် ပြည့်စုံခြင်းသို့ရောက်လိမ့်မည်။ ၎င်းပြင် ပညတ်တရား သည် စိတ်နှလုံးထဲ၌တည်မြဲနေလျှင် ၎င်းသည်အသက်တာကိုပြုပြင် ပေးလိမ့်မည်မဟုတ်လော။ မေတ္တာအလုပ်တာဝန်တည်းဟူသော နားထောင်ခြင်းသည် တပည့်တော်ဖြစ်ခြင်း၏လက္ခဏာအစစ်ဖြစ်သည်။ ထို့ကြောင့် ကျမ်းစာကဤကဲ့သို့ဖော်ပြထား၏။ 'ပညတ်တော်တို့ကို စောင့်ခြင်းအရာသည် ဘုရားသခင်ကိုချစ်ရာရောက်၏။' 'သခင်ကို ငါသိ၏ဟုပညတ်တော်ကိုမစောင့်ဘဲနေလျက်ဆိုသောသူသည် မုသား သုံးသောသူဖြစ်၍ ထိုသူ၌သစ္စာမရှိ။' (၁ယောဟန် ၅း၃။ ၂း၄)။ လူအား နားထောင်ခြင်းအမှုမှကင်းလွတ်စေမည့်အစား ကျွန်ုပ်တို့အား သခင် ခရစ်တော်၏ကျေးဇူးတော်ကိုခံစားခွင့်ရရှိစေသော ယုံကြည်ခြင်းသာလျှင် ကျွန်ုပ်တို့အားနားထောင်ခြင်းအမှုကိုပြုလုပ်စေနိုင်၏။

ကျွန်ုပ်တို့သည် နားထောင်ခြင်းအမှုအားဖြင့် ကယ်တင်ခြင်းကို ခံယူရရှိကြသည်မဟုတ်။ အကြောင်းကား၊ ကယ်တင်ခြင်းသည်

ဘုရားသခင်ကအခမဲ့ပေးသနားတော်မူသောဆုကျေးဇူးဖြစ်၍ ယုံကြည်ခြင်းအားဖြင့်ခံယူရမည်။ သို့ရာတွင် နားထောင်ခြင်းသည် ယုံကြည်ခြင်း၏အကျိုးကျေးဇူးဖြစ်၏။ 'ကိုယ်တော်သည် ငါတို့၏အပြစ်များကိုဆောင်သွားခြင်းငှာထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြ၏။ ကိုယ်တော်၌လည်းအပြစ်မရှိ။ ကိုယ်တော်၌တည်နေသောသူမည်သည်ကား အပြစ်မပြုတတ်။ အပြစ်ကိုပြုတတ်သောသူမည်သည်ကား ကိုယ်တော်ကိုမသိမမြင်ရသေး။' (၁ယောဟန် ၃း၅၊၆။) ဤနေရာ၌ မှန်ကန်သောစစ်ဆေးခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌တည်နေလျှင်၊ ဘုရားသခင်၏မေတ္တာတော်သည် ကျွန်ုပ်တို့အထဲ၌တည်ရှိနေလျှင် ကျွန်ုပ်တို့၏စိတ်သဘော၊ ကျွန်ုပ်တို့၏အကြံအစည်တို့သည် ဘုရားသခင်၏သန့်ရှင်းသောပညတ်တရားတော်တွင်ဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏အလိုတော်နှင့်ညီညွတ်ကြလိမ့်မည်။ 'ချစ်သားတို့၊ သင်တို့ကိုအဘယ်သူမျှမလှည့်စားစေနှင့်။ အကြင်သူသည်ဖြောင့်မတ်ခြင်းတရားကိုကျင့်၏။ ကိုယ်တော်ဖြောင့်မတ်တော်မူသည်နည်းတူ ထိုသူသည်ဖြောင့်မတ်ခြင်းရှိ၏။' (၁ယောဟန် ၃း၇။) သိနာတောင်ပေါ်တွင်ပေးသောပညတ်တော်ဆယ်ပါး၌ဖော်ပြထားသည့်အတိုင်း ဖြောင့်မတ်ခြင်းတရားကို ဘုရားသခင်၏သန့်ရှင်းသောတရားတော်တည်းဟူသောစံနမူနာတရားကြီးတွင် အဓိပ္ပါယ်ဖော်ပြထားပေသည်။

ဘုရားသခင်၏ပညတ်တော်ကိုလိုက်နာဖို့ရန် တာဝန်မှလူတို့အားကင်းလွတ်စေပြီဟုပြောဆိုလျက် သခင်ခရစ်တော်ကိုယုံကြည်သည်ဟူသောအချက်သည် မှန်ကန်သောယုံကြည်ခြင်းမျိုးမဟုတ်။ အလွဲထင်မြင်ချက်သာဖြစ်သည်။ 'ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်

ကယ်တင်ခြင်းသို့ရောက်ရ၏။' သို့ရာတွင် 'အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည်......အသေဖြစ်၏။' (ဧဖက် ၂း၈။ ယာကုပ် ၂း၁၇)။ သခင်ယေရှုသည် မြေကြီးပေါ်သို့ကြွလာတော်မမူမီက မိမိ၏အကြောင်း နှင့်သက်ဆိုင်၍ 'အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုတော်ကို ဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏ တရားတော်သည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏' ဟုမိန့်တော်ခဲ့ ၏။ (ဆာလံ ၄၀း၈)။ တစ်ဖန်ကောင်းကင်သို့တက်ကြွသွားတော်မမူမီ အချိန်အနည်းငယ်အတွင်း ကိုယ်တော်က၊ 'ငါသည် ငါ့ခမည်းတော် ၏ပညတ်တို့ကိုစောင့်ရှောက်၍ ခမည်းတော်၏မေတ္တာ၌တည်နေ၏' ဟုမိန့်တော်မူခဲ့ပြန်၏။ (ယောဟန် ၁၅း၁၀။) 'ထိုသခင်ကိုကိုယ်တိုင် သိကျွမ်းသည်ကို အဘယ်သို့သိရသနည်းဟူမူကား၊ ပညတ်တော်တို့ကို စောင့်ရှောက်လျှင်သိရသတည်း။......ထိုသခင်၌ငါတည်၏ဟုဆိုသော သူသည် ထိုသခင်ကျင့်တော်မူသည်နည်းတူကျင့်ရမည်။' (၁ယောဟန် ၂း၃–၆။) 'အကြောင့်မူကား၊ ခရစ်တော်သည် ငါတို့အတွက်ခံတော် မူသည်ဖြစ်၍ ခြေတော်ရာကိုလျှောက်လိုက်စေခြင်းငှာ ပုံသက်သေကို ထားတော်မူပြီ' (၁ပေတရု ၂း၂၁။) ဟုကျမ်းစာကဖော်ပြထား၏။

ယခုထာဝရအသက်ကိုရရှိဖို့ရန် လိုအပ်သောစည်းကမ်းချက်ကား၊ အစဉ်ရှိခဲ့ပြီးသောအချက်၊ ကျွန်ုပ်တို့၏ပထမမိဘများအပြစ်မပြုမီကပင် ပရဒိသုဘုံ၌ထားခဲ့သောစည်းကမ်းချက်တည်းဟူသော ဘုရားသခင်၏ ပညတ်တရားတော်ကိုစုံလင်စွာလိုက်နာခြင်း၊ စုံလင်သောဖြောင့်မတ်ခြင်း ဖြစ်သည်။ ဤစည်းကမ်းချက်ထက်လျှော့ထားသောစည်းကမ်းချက် တစ်စုံတစ်ခုကိုအမှီပြု၍ ထာဝရအသက်ကိုချပေးတော်မူလျှင် မိုးကုပ်စက်ဝိုင်း တစ်ဝန်းလုံး၏ပျော်ရွှင်ရေးသည် ပျက်ကွက်သွားလိမ့်မည်။ အပြစ်

နှင့်တကွ ဆိုးကျိုးဆင်းရဲခြင်းအပေါင်းတို့သည် ထာဝရကာလပတ်လုံး တည်ရှိနေဖို့ လမ်းပွင့်နေလိမ့်မည်။

အာဒံသည် အပြစ်မပြုမီက ဘုရားသခင်၏ပညတ်တရားတော်ကို လိုက်နာခြင်းအားဖြင့် ဖြောင့်မတ်သောအကျင့်ကိုကျင့်နိုင်၏။ သို့သော် သူသည် ဤကဲ့သို့ပြုလုပ်ဖို့ရန်ပျက်ကွက်ခဲ့၍ သူ၏အပြစ်ကြောင့် ကျွန်ုပ်တို့၏ဇာတိသဘောများပျက်စီးသွားရကြလျက် မိမိတို့ကိုယ်ကို ဖြောင့်မတ်စေခြင်းငှာမပြုလုပ်နိုင်ကြ။ ကျွန်ုပ်တို့သည်အပြစ်ရှိလျက် မသန့်ရှင်းကြသဖြင့် သန့်ရှင်းသောပညတ်တရားတော်ကိုစုံလင်စွာ မလိုက်နာနိုင်ကြချေ။ ဘုရားသခင်၏ပညတ်တရားတော်က တောင်းဆိုသောအရာကိုလိုက်လျောနိုင်စေခြင်းငှာ ကျွန်ုပ်တို့ကိုယ်တိုင်၌ဖြောင့်မတ်ခြင်းတရားမရှိကြချေ။ သို့ရာတွင်သခင်ခရစ်တော်သည် ကျွန်ုပ်တို့အတွက်လွတ်မြောက်ရာလမ်းကိုစီမံတော်မူခဲ့ပြီ။ ကိုယ်တော်သည်မြေကြီးပေါ်၌ ကျွန်ုပ်တို့ခံရကြမည့်စုံစမ်းနှောင့်ယှက်ခြင်း၊ သွေးဆောင်ခြင်းတို့အထဲတွင် နေထိုင်တော်မူခဲ့၏။ ကိုယ်တော်၏အသက်တာသည် အပြစ်နှင့်ကင်းစင်၏။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက်အသေခံတော်မူ၍ ယခုကျွန်ုပ်တို့၏အပြစ်များကိုယူဆောင်လျက် ကျွန်ုပ်တို့အား ဖြောင့်မတ်ခြင်းတရားကိုပေးရန်ဖိတ်ခေါ်တော်မူသည်။ သင့်ကိုယ်ကို ကိုယ်တော်အားအပ်ပေး၍ ကိုယ်တော်ကိုသင်၏ကယ်တင်ရှင်အဖြစ်နှင့် လက်ခံလျှင် သင်၏အသက်တာသည် အပြစ်နှင့်ပြည့်ဝခဲ့သော်လည်း ကိုယ်တော်အတွက် သင်သည် ဖြောင့်မတ်သည်ဟုမှတ်ယူခြင်းခံရ၏။ ဘုရားသခင်တော်၏အကျင့်သည် သင်၏အကျင့်နေရာ၌ တည်ရှိလာ၍ ဘုရားသခင်၏ရှေ့တော်၌ သင့်အားအပြစ်မပြုခဲ့ဖူးသောသူကဲ့သို့ လက်ခံတော်မူ၏။

ထိုမျှမက၊ သေးသခင်ခရစ်တော်သည် စိတ်နှလုံးကိုပြောင်းလဲစေတော်မူ၏။ ကိုယ်တော်သည်ယုံကြည်ခြင်းအားဖြင့် သင်၏စိတ်နှလုံးထဲ၌တည်နေတော်မူ၏။ သင်သည် ဤကဲ့သို့သခင်ခရစ်တော်နှင့်ဆက်သွယ်မှုကိုယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ သင်၏အလိုဆန္ဒကို ကိုယ်တော်အား အစဉ်အပ်နှံထားခြင်းဖြင့်လည်းကောင်း ဆက်လက်တည်မြဲနေစေရမည်။ ၎င်းပြင်သင်သည် ဤသို့ဆက်လက်ပြုကျင့်နေသမျှကာလပတ်လုံး ဘုရားသခင်၏သဘောတော်အတိုင်းအလိုရှိ၍ အကျင့်ကျင့်စေခြင်းငှာ သင်၏အထဲ၌ကိုယ်တော်သည်ပြုပြင်တော်မူ၏။ ထိုသို့အားဖြင့်၊ 'ကိုယ်ခန္ဓာ၌ ယခုရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ကိုယ်ကိုစွန့်တော်မူ၏' ဟုသင်သည်ပြောဆိုနိုင်လိမ့်မည်၊ (ဂလာတိ ၂း၂၀။) 'သင်တို့အလိုအလျောက်ပြောကြသည်မဟုတ်။ သင်တို့အဘ၏ဝိညာဉ်တော်သည် သင်တို့အားဖြင့်ပြောတောမူ၏' ဟုသခင်ယေရှုကလည်း မိမိ၏တပည့်တော်တို့အားမိန့်တော်မူ၏။ (မဿဲ ၁၀း၂၀)။ ထိုအခါသခင်ခရစ်တော်သည် သင်၏အထဲ၌ပြုပြင်တော်မူသောအားဖြင့် သင်သည် အထက်ဆိုခဲ့ပြီးသောသဘောကိုထင်ရှားစေ၍ အထက်ဆိုခဲ့ပြီးသောအကျင့်တည်းဟူသောဖြောင့်မတ်ခြင်း၏အကျင့်နှင့်နားထောင်ခြင်း၏အကျင့်ကိုပြုကျင့်လာလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်တိုင်၌ ကြွားဝါစရာအကြောင်းတစ်ခုမျှမရှိချေ။ ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်အထင်ကြီးစရာအကြောင်းမရှိ။ ကျွန်ုပ်တို့မျှော်လင့်စရာအကြောင်းတစ်ခုကား၊ ကျွန်ုပ်တို့အားသခင်ခရစ်တော်က ပေးတော်မူသောဖြောင့်မတ်ခြင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့အထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်းကောင်း၊

ကိုယ်တော်၏ဝိညာဉ်တော်က ပြုပြင်တော်မူသောအမှု၌လည်းကောင်း တည်ရှိပေသည်။

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအကြောင်းကိုပြောဆိုကြသောအခါ ခြားနားသောအရာတစ်ခုရှိသည်ကို သတိပြုရကြမည်။ ယုံကြည်ခြင်းနှင့် လုံးလုံးခြားနားသောအယူဝါဒတစ်ခုရှိသည်။ ဘုရားသခင်တည်ရှိတော်မူခြင်း၊ ဘုရားသခင်၏တန်ခိုးတော်၊ ဘုရားသခင်၏နှုတ်တော်ထွက် သမ္မာတရားတို့ကို စာတန်နှင့်သူ၏လူများတို့သည် ငြင်းဆိုခြင်းငှာ လုံးလုံးမတတ်နိုင်ကြ။ 'နတ်ဆိုးတို့သည် ကြောက်ရွံ့၍ တုန်လှုပ်ကြ၏။' (ယာကုပ် ၂း၁၉။) ဟု ကျမ်းစာကဖေါ်ပြထား၏။ သို့သော် ၎င်းသည် ယုံကြည်ခြင်းမဟုတ်။ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို ယုံကြည်သည်သာမက မိမိ၏အလိုဆန္ဒများကိုဘုရားသခင်၏အလိုတော် နှင့်ညီလျော်အောင်ပြုကျင့်သောအခါ၊ စိတ်နှလုံးကိုဘုရားသခင်အား အပ်နှံ၍ ဘုရားသခင်၌သာစွဲလမ်းချစ်ခင်သောအခါ ယုံကြည်ခြင်း၌ ရှိလာ၏။ မေတ္တာအားဖြင့်ပြုပြင်လျှင် စိတ်ဝိညာဉ်ကိုသန့်ရှင်းစေသော ယုံကြည်ခြင်းဖြစ်သတည်း။ ဤယုံကြည်ခြင်းအားဖြင့် စိတ်နှလုံးသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ အသစ်ပြုပြင်ခြင်းခံရ၏။ ၎င်းပြင် အသစ်ပြုပြင်ခြင်းမခံရသောအခြေ၌ရှိသောစိတ်နှလုံးသည် ဘုရားသခင် ၏ပညတ်တော်ကိုမကျင့်၊ ထိုမျှမက မကျင့်နိုင်သော်လည်း ယခုသန့်ရှင်း သောပညတ်တရားများ၌မွေ့လျော်လာ၍ ဆာလံဆရာနှင့်အတူ 'ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန်နှစ်သက်ပါ၏။ တစ်နေ့ လုံးဆင်ခြင်းအောက်မေ့လျက်နေပါ၏' ဟုပြောဆိုလိမ့်မည်။ (ဆာလံ ၁၁၉း၉၇။) ၎င်းပြင် 'ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိ အတိုင်းကျင့်သော' ကျွန်ုပ်တို့အထဲ၌ပညတ်တရား၏ဖြောင့်မတ်ခြင်း သည်ပြည့်စုံခြင်းသို့ရောက်၏။ (ရောမ ၈း၁။)

သခင်ခရစ်တော်၏အပြစ်လွှတ်တတ်သောမေတ္တာတော်ကို သိနားလည်၍ ဘုရားသခင်၏သားသမီးများဇကန်အမှန်ဖြစ်လိုသောသူများရှိကြသည်။ သို့ရာတွင် မိမိတို့၏အကျင့်သည်မစုံလင်၊ မိမိတို့၏အသက်တာသည် အပြစ်နှင့်ပြည့်ဝလျက်ရှိသည်ကိုသိရကြသဖြင့် မိမိတို့၏စိတ်နှလုံးသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်ပြုပြင်ခြင်းခံရသည်မခံရသည်ကို ယုံမှားလျက်ရှိနေကြသေး၏။ စိတ်မပျက်ပါနှင့်ဟု ဤကဲ့သို့သောသူတို့အားပြောလိုပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ပေါ့လျော့မှုများနှင့်အမှားများကြောင့် သခင်ယေရှု၏ခြေတော်ရင်း၌မကြာခဏဦးညွှတ်လျက် ငိုကြွေးကြလိမ့်မည်။သို့ရာတွင် ကျွန်ုပ်တို့သည် စိတ်ပျက်အားလျော့ခြင်းမရှိရကြ။ ကျွန်ုပ်တို့အားရန်သူကပင်အောင်မြင်သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အားငြင်းပယ်စွန့်ပစ်ထားတော်မမူ။ သခင်ခရစ်တော်သည် ဘုရားသခင်၏လက်ယာတော်ဘက်တွင်ရှိတော်မူလျက် ကျွန်ုပ်တို့အတွက်ဖျန်ဖြေခြင်းအမှုကိုပြုလျက်နေတော်မူ၏။ ကိုယ်တော်ချစ်တော်မူသောယောဟန်က၊ 'သင်တို့သည်အပြစ်မပြုစေခြင်းငှာ ဤအရာများကိုသင်တို့အားငါရေး၍ပေးလိုက်၏။ တစ်စုံတစ်ယောက်သောသူသည် အပြစ်ကိုပြုမိလျှင် ဖြောင့်မတ်တော်မူသောအရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏' ဟုဖေါ်ပြထား၏။ (၁ယောဟန် ၂း၁။) 'ခမည်းတော်သည်ကိုယ်တော်တိုင် သင်တို့ကိုချစ်တော်မူ၏' ဟုသခင်ခရစ်တော်မိန့်တော်မူသောစကားများကိုမမေ့ကြပါနှင့်။ (ယောဟန် ၁၆း၂၇)။ ကိုယ်တော်သည်သင့်အား ကိုယ်တော်တိုင်ကဲ့သို့ပြန်ဖြစ်စေတော်မူလျက် သင်၏အထဲ၌ကိုယ်တော်၏သန့်ရှင်းခြင်းနှင့် ဖြူစင်ခြင်းမျိုးကိုဖြစ်ပေါ်လာစေရန် အလိုရှိတော်မူ၏။ ၎င်းပြင်

သင်သည် မိမိကိုယ်ကိုကိုယ်တော်အားအပ်နှံထားခဲ့လျှင် သင်၏အထဲ၌ ကောင်းသောအမှုကိုအစပြုတော်မူခဲ့သောကိုယ်တော်သည် သခင်ယေရှု ခရစ်၏နေ့တိုင်အောင် ထိုအမှုကိုဆက်လက်ပြုပြင်တော်မူလိမ့်မည်။ သာ၍စိတ်အားကြီးစွာဆုတောင်းပြီး သာ၍စုံလင်စွာယုံကြည်အားကိုးပါ။ ကျွန်ုပ်တို့သည် မိမိတို့၏ခွန်အား၌ ယုံကြည်ခြင်းကင်းမဲ့လားသောအခါ ကျွန်ုပ်တို့အားရွေးနုတ်တော်မူသောအရှင်၏ခွန်အားတန်ခိုးကို ယုံကြည် အားကိုးကြစို့။ ထိုအခါ ကျွန်ုပ်တို့ကိုကယ်တင်တော်မူသောအရှင်ကို ကျွန်ုပ်တို့သည် ချီးမွမ်းထောမနာပြုကြလိမ့်မည်။

သင်သည်သခင်ခရစ်တော်ထံသာ၍နီးကပ်စွာချဉ်းကပ်လေ၊ သင်သည် သာ၍အပြစ်များသောသူဖြစ်သည်ကို သိမြင်လေဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သင်၏အမြင်အာရုံသည် သာ၍ကြည်လင်လာပြီး သင်၏မစုံလင်သောအဖြစ်သည် ကိုယ်တော်၏စုံလင်သောသဘောတော် နှင့် လွန်စွာကွဲပြားခြားနားလျက်ရှိသည်ကို သိမြင်ရလိမ့်မည်။ စာတန်၏ သွေးဆောင်လှည့်ဖြားခြင်းတန်းခိုးများသည် ပျောက်ပျက်သွားကြောင်း ဤအရာသည်သက်သေဖြစ်၏။ ၎င်းပြင်ဘုရားသခင်၏ဝိညာဉ်တော် အားဖြင့် သင်၏အထဲ၌အသက်ရှင်စေသောတန်ခိုးသည် ထင်ရှားလျက် ရှိကြောင်းကိုလည်း သက်သေဖြစ်၏။

မိမိ၏အပြစ်ရှိသောအခြေအနေကို မသိမမြင်သောသူ၏စိတ် နှလုံးထဲ၌ သခင်ယေရှုကိုစွဲလမ်းသောမေတ္တာမတည်မရှိနိုင်။ သခင်ခရစ် တော်၏ကျေးဇူးတော်အားဖြင့် ပြောင်းလဲသောဝိညာဉ်သည် ကိုယ်တော် ၏သဘောတော်ကိုမြတ်နိုးဂရုပြုလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် မိမိတို့၏အကျင့်၌ ချို့ယွင်းနေသောအရာများကိုမမြင်ကြလျှင် သခင် ခရစ်တော်၏ကောင်းမြတ်ခြင်းအကြောင်းကို မသိမမြင်ကြသေးသည်မှာ မမှားနိုင်သောသက်သေဖြစ်ပေသည်။

ကျွန်ုပ်တို့သည်မိမိကိုယ်ကို သာ၍ထေင်အမြင်သေးလေ၊ ကျွန်ုပ်တို့ကယ်တင်ရှင်၏သန့်ရှင်းခြင်းနှင့်နှစ်သက်ဖွယ်ဖြစ်ခြင်းကို ကျွန်ုပ်တို့သည် သာ၍လေးစားမြတ်နိုးဖြစ်၏။ ကျွန်ုပ်တို့၌အပြစ်ရှိသောအဖြစ်ကိုသိမြင်ခြင်းဖြင့် ကျွန်ုပ်တို့သည် အပြစ်လွှတ်နိုင်တော်မူသောအရှင်ထံသို့ပြေးလာကြသည်။ ၎င်းပြင်ဝိညာဉ်သည်မိမိ၏အားကိုးရာမဲ့အခြေအနေကိုသိမြင်လျက် သခင်ခရစ်တော်ထံသို့ လှမ်းသွားသောအခါကိုယ်တော်သည် မိမိကိုယ်တော်တိုင် တန်ခိုးတော်နှင့်ထင်ရှားတော်မူလိမ့်မည်။ ကျွန်ုပ်တို့၌ လိုနေသောအဖြစ်ကိုသိရှိသဖြင့် ကိုယ်တော်ထံသို့လည်းကောင်း၊ ဘုရားသခင်၏နှုတ်ထွက်စကားတော်သို့လည်းကောင်း ကျွန်ုပ်တို့သည် သာ၍လှမ်းလေ၊ ကိုယ်တော်၏သဘောကိုသာ၍လေးမြတ်ချီးမြှောက်လျက် ကိုယ်တော်၏ပုံသဏ္ဍာန်တော်ကို မိမိတို့ကိုယ်၌ သာ၍ပြည့်စုံစွာထင်ရှားစေလေဖြစ်၏။

---ooo---

စိတ်နှလုံးပြောင်းလဲခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်လာကြသည်။ ဤပြောင်းလဲခြင်းကိုကျမ်းစာ၌ မွေးဖွားခြင်းဟုခေါ်ဆိုထား၏။ ၎င်းပြင် လယ်ရှင်ကကြဲထားသည့်ကောင်းသောမျိုးစေ့သည် အပင်ပေါက်၍ကြီးပွားလာခြင်းအကြောင်းနှင့် နှိုင်းယှဉ်ထား၏။ ထိုနည်းတူ မကြာမီကသခင်ခရစ်တော်ထံသို့ပြောင်းလဲလာကြသောသူတို့သည် သခင်ခရစ်တော်၌ ကြီးရင့်သောယောကျာ်း၊ မိန်းမများဖြစ်လာသည်တိုင်အောင် ကြီးပွားလာရမည့်ဖွားစသောသူငယ် (၁ပေတရု ၂း၂။ ဧဖက် ၄း၁၅။) များကဲ့သို့ဖြစ်ကြသည်၊ (သို့မဟုတ်) လယ်ထဲ၌ကြဲထားသည့်ကောင်းသောမျိုးစေ့ကဲ့သို့ သူတို့သည်ကြီးပွား၍ အသီးများကိုသီးရကြမည်။ ဟေရှာယကသူတို့သည် 'ဖြောင့်မတ်ခြင်းသပိတ်ပင်၊ ဘုန်းအသရေတော်ဖို့ ထာဝရဘုရားစိုက်ပျိုးတော်မူသောအပင်ဟူ၍ သမုတ်ခြင်းကိုခံကြလိမ့်မည်ဟုဆိုထား၏။ (ဟေရှာယ ၆၁း၃)။ ထိုသို့အားဖြင့် ဝိညာဉ်တော်အသက်နှင့်ဆိုင်သောနက်နဲရာသမ္မာတရားကို ကျွန်ုပ်တို့သည် သာ၍နားလည်စေခြင်းငှာ သဘာဝအသက်တာမှပုံပမာများကိုဖော်ပြထား၏။

သဘာဝတွင်အငယ်ဆုံးသောအရာဝတ္ထုကလေးကိုပင် အသက်ရှင်စေခြင်းငှာ လူ၏ဉာဏ်သတ္တိ၊ အစွမ်းသတ္တိရှိသမျှအားဖြင့်မပြုလုပ်နိုင်။ ဘုရားသခင်က စီမံချပေးထားခဲ့သောအသက်တာအားဖြင့်သာလျှင် သစ်ပင်နှင့်တိရစ္ဆာန်တို့သည် အသက်ရှင်နိုင်ကြသည်။ ထိုနည်းတူ ဘုရားသခင်ထံတော်မှသက်ရောက်သောအသက်အားဖြင့်သာလျှင် လူတို့၏စိတ်နှလုံးထဲ၌ဝိညာဉ်အသက်သည် ဖြစ်ပွားလာနိုင်၏။ လူသည်

ဒုတိယမွေးခြင်း (ယောဟန် ၃း၃။) ကိုမခံရလျှင် သခင်ခရစ်တော် ပေးတော်မူသောအသက်ကိုမခံမယူနိုင်။

အသက်ရှင်ခြင်းကဲ့သို့ ကြီးပွားခြင်းသည်လည်းဖြစ်ပေသည်။ အဖူးများကိုပွင့်စေ၍ အပွင့်များကိုသီးစေတော်မူသောသူသည် ဘုရားသခင်ဖြစ်တော်မူ၏။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် မျိုးစေ့သည် ကြီးပွား၏။ 'ဦးစွာအညှောင့်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှာ အောင်မာသောအဆန်ကိုဖြစ်စေတတ်၏။' (မာကု ၄း၂၈)။ ဣသရေလလူတို့အကြောင်းနှင့်ပတ်သက်၍ ပုရောဖက်ဟောရှေက 'သူတို့သည် နှင့်ပွင့်ကဲ့သို့ပွင့်လိမ့်မည်။.........သူတို့သည် မျိုးစေ့သဖွယ်ပြန်ပေါက်၍ စပျစ်နွယ်ပင်ကဲ့သို့တိုးပွားလိမ့်မည်။' (ဟောရှေ ၁၄း၅၊၇။) ဟု ပြောဆိုထား၏။ 'နှင်းပင်တို့သည်အဘယ်သို့အားဖြင့် ကြီးပွားသည်ကို ကြည့်ရှုဆင်ခြင်ကြလော့' ဟု သခင်ယေရှုကလည်း ကျွန်ုပ်တို့အား မှာထားတော်မူ၏။ (လုကာ ၁၂း၂၇။) သစ်ပင်နှင့်ပန်းပင်တို့သည် မိမိတို့ကိုယ်တိုင်၏စိုးရိမ်ပူပန်၊ ကြိုးစားအားထုတ်မှုအားဖြင့် ကြီးပွားရကြမည်မဟုတ်။ မိမိတို့အသက်ရှင်ရေးအတွက် ဘုရားသခင်စီမံခန့်ထားတော်မူသောသတ္တိကိုရရှိခြင်းဖြင့်သာလျှင် ကြီးပွားရကြသည်။ ကလေးသူငယ်သည် မိမိကိုယ်တိုင်၏ပူပန်သောကကြိုးစားအားထုတ်မှုအားဖြင့် မိမိ၏အရပ်အမောင်းကိုတိုးပွားစေလိမ့်မည်မဟုတ်။ သင်သည်လည်း မိမိ၏ပူပန်သောကကြိုးစားအားထုတ်မှုအားဖြင့် ဝိညာဉ်ကြီးပွားရေးကို မရနိုင်။ သစ်ပင်နှင့်ကလေးသူငယ်တို့သည် မိမိတို့၏ပတ်ဝန်းကျင်ရှိ အသက်ရှင်စေဖို့ပြုပြင်ပေးသော လေ နေရောင်ခြည်နှင့်အစားအသောက်တို့ကိုရရှိခြင်းဖြင့် တိုးပွားကြီးမားလာရပေသည်။ သဘာဝချပေးသော ဤအရာတို့သည် တိရစ္ဆာန်နှင့်သစ်ပင်တို့အဖို့ဖြစ်သကဲ့သို့ သခင်ခရစ်တော်

သည် ကိုယ်တော်ကိုယုံကြည်သောသူတို့အဖို့ဖြစ်တော်မူ၏။ ကိုယ်တော်သည် သူတို့၏ 'ထာဝရအလင်း၊' 'နေနှင့်အကွယ်အကာ' လည်းဖြစ်တော်မူ၏။ (ဟေရှာ ၆၀း၁၉။ ဆာလံ ၈၄း၁၁။) ကိုယ်တော်သည် 'နှင့်ကဲ့သို့ကွက်သရလအပေါ်မှာ' နေတော်မူမည်။ (ဟောရှေ ၁၄း၅။) 'ထိုမင်း၏သက်ရောက်ခြင်းသည် ရိတ်သောမြက်ပင်ပေါ်မှာ ရွာသောမိုးကဲ့သို့ဖြစ်လိမ့်မည်။' (ဆာလံကျမ်း ၇၂း၆။) ကိုယ်တော်သည် အသက်စမ်းရေ 'ကောင်းကင်မှဆင်းသက်၍ လောကသားတို့အား အသက်ကိုပေးသောဘုရားသခင်၏မုန့်' ဖြစ်တော်မူ၏။ (ယောဟန် ၆း၃၃)။

ဘုရားသခင်သည် မိမိ၏သားတော်ကိုပြိုင်ဘက်ကင်းသောနည်းဖြင့် စွန့်တော်မူခြင်းအမှုတွင် မြေကြီးကိုလွှမ်းမိုးဝန်ဝိုင်းလျက်ရှိသောလေသည် တကယ်ပင်ရှိသကဲ့သို့ ဘုရားသခင်သည် တစ်လောကလုံးကိုမိမိ၏ကရုဏာကျေးဇူးတော်တည်းဟူသောအငွေ့အထုံနှင့်လွှမ်းမိုးဝန်းရံစေတော်မူ၏။ ဤကဲ့သို့သောအသက်ရှင်စေသည့် အငွေ့အထုံကိုရှူရှိုက်ဖို့အလိုရှိသောသူတို့သည် သခင်ယေရှု၌ကြီးရင့်သောယောကျာ်း၊ မိန်းမများဖြစ်လာသည်တိုင်အောင် အသက်ရှင်လျက်ကြီးပွားကြလိမ့်မည်။

တောက်ပသောအလင်းရောင်းသည် ပန်းပွင့်၏လှပတင့်တယ်ခြင်း၊ အချိုးအစားကျနခြင်းအဖြစ်ကိုစုံလင်စွာရရှိစေဖို့ အကူအညီဖြစ်စေနိုင်မည်အကြောင်း ၎င်းပန်းပွင့်သည် နေဘက်သို့လှည့်နေရသည်နည်းတူ ကျွန်ုပ်တို့အကျင့်များသည် သခင်ခရစ်တော်၏အကျင့်ကဲ့သို့တိုးပွားစေခြင်းငှာ ကောင်းကင်အလင်းသည် ကျွန်ုပ်တို့အပေါ်သို့ထွန်းတောက်မည်အကြောင်း ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းတရား၏နေမင်းထံသို့ မျက်နှာလှည့်နေရကြမည်။

သခင်ယေရှုက ထိုနည်းတူပြုရန်သွန်သင်တော်မူလျက်၊ ‘ငါ၌တည်နေကြလော့၊ ငါသည်လည်းသင်တို့၌တည်နေမည်။စပျစ်ခက်သည် အပင်၌မတည်လျှင် ကိုယ်အလိုအလျောက်အသီးမသီးနိုင်သကဲ့သို့ သင်တို့သည် ငါ၌မတည်လျှင့်အသီးမသီးနိုင်ကြ။.........ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်။’ (ယောဟန် ၁၅း၄၊၅) ဟုမိန့်တော်မူ၏။ အခက်သည်ကြီးပွား၍ အသီးသီးခြင်းငှာ ပင်မကြီးပေါ်၌အမှီပြုရသကဲ့သို့ သင်တို့သည် သန့်ရှင်းသောအသက်တာမျိုး၌နေထိုင်ရန် သခင်ခရစ်တော်အပေါ်၌ အမှီပြုရကြသည်။ ကိုယ်တော်နှင့်ကွာလျှင် သင်တို့သည် အသက်မရှင်နိုင်ကြ။ သွေးဆောင်ခြင်းကိုတားဆီးရန် (သို့မဟုတ်) ကျေးဇူးတော်၌လည်းကောင်း၊ သန့်ရှင်းခြင်း၌လည်းကောင်းကြီးပွားရန် သင်တို့ကိုယ်တိုင်၌တန်ခိုးမရှိ။ ကိုယ်တော်၌တည်နေလျှင် သင်တို့သည်ကြီးပွားတိုးတက်လိမ့်မည်။ ကိုယ်တော်ထံမှအသက်ကိုရယူလျှင် သင်သည်မညှိုးနွမ်း၊ အသီးမသီးဘဲမနေ၊ မြစ်နားမှာစိုက်ထားသောအပင်ကဲ့သို့ဖြစ်လိမ့်မည်။

ကြီးပွားမှုနှင့်ဆိုင်သောတာဝန်အချို့ကို မိမိတို့ကိုယ်တိုင်သာဆောင်ရွက်ရကြမည်ဟုအများသောသူတို့က ထင်မှတ်ကြသည်။ သူတို့သည် အပြစ်လွတ်ခြင်းအတွက် သခင်ခရစ်တော်ကိုယုံကြည်အားကိုးကြသော်လည်း ယခုကောင်းမွန်မှန်ကန်စွာအသက်ရှင်စေဖို့ မိမိတို့၏အစွမ်းသတ္တိကိုအားကိုးနေကြသည်။ သို့သော် ထိုသို့ကြိုးပမ်းမှုသည်ပျက်ကွက်သွားရမည်။ သခင်ယေရှုက၊ ‘ငါနှင့်ကွာလျှင် သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်’ ဟုမိန့်တော်မူ၏။ ကျေးဇူးတော်၌ ကျွန်ုပ်တို့၏ကြီးပွားခြင်း၊ ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်း၊ ကျွန်ုပ်တို့၏အသုံးဝင်သောအဖြစ်မှစ၍ ရှိသမျှတို့သည် သခင်ခရစ်တော်နှင့်ဆက်ဆံခြင်း

အပေါ်၌အမှီပြုပေသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အစအဦးစီရင်တော်မူသောသူမဟုတ်၊ အဆုံးတိုင်အောင် စုံလင်စေတော်မူသောသူလည်းဖြစ်တော်မူ၏။ အစအဦး၊ အဆုံးနှင့်အစဉ်အမြဲတည်တော်မူသောသူကား သခင်ခရစ်တော်ဖြစ်တော်မူ၏။ အမှန်ပင်ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ အစအဦးနှင့်အဆုံး၌သာမက လမ်းခရီး၏ခြေလှမ်းတိုင်း၌ရှိတော်မူလိမ့်မည်။ 'ငါသည် ထာဝရဘုရားကိုအစဉ်မပြတ်မျက်မှောက်ပြု၏။ အကြောင်းမူကား၊ ငါ့လက်ယာဘက်၌တည်ရှိတော်မူသည်ဖြစ်၍ ငါသည်လှုပ်ရှားခြင်းမရှိရ' ဟု ဒါဝိဒ်မင်းကပြောဆိုထားသည်။ (ဆာလံ ၁၆း၈။)

ကျွန်ုပ်သည် သခင်ခရစ်တော်၌အဘယ်သို့တည်နိုင်ပါမည်နည်းဟု သင်ကမေးသလား။ ပထမဦးစွာကိုယ်တော်ကိုလက်ခံစဉ်အခါကပြုသည်နည်းတူပြုပါ။ 'ထိုကြောင့်သင်တို့သည် သခင်ယေရှုခရစ်ကိုခံယူပြီးသည်ဖြစ်၍.......ထိုသခင်၌ကျင်လည်ကြလော့။' (ကောလောသဲ ၂း၆၊၇)။ 'ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအား အသက်ရှင်လိမ့်မည်။' (ဟေဗြဲ ၁၀း၃၈)။ သင့်ကိုယ်ကိုဘုရားသခင်အဖို့လုံးလုံးဖြစ်စေခြင်းငှာလည်းကောင်း၊ဘုရားသခင်ကိုကိုးကွယ်၍ စကားတော်ကိုလိုက်နာခြင်းငှာလည်းကောင်း သင်သည်ဘုရားသခင်အား သိင်ကိုယ်ကိုအပ်ပေး၍ သခင်ခရစ်တော်ကို သင်၏ကယ်တင်ရှင်အဖြစ်လက်ခံပြီး သင့်ကိုယ်တိုင်သင်၏အပြစ်များအတွက် အပြစ်ဖြေလွှတ်ခြင်းအမှုကိုမပြုလုပ်နိုင်။ သင်၏စိတ်နှလုံးကိုမပြောင်းလဲစေနိုင်။သို့ရာတွင် သင့်ကိုယ်ကိုဘုရားသခင်အားအပ်ပေးရာ၌ သခင်ခရစ်တော်၏အကျိုးကိုထောက်လျက် ဘုရားသခင်သည် ဤအမှုကိစ္စအားလုံးကို သင့်အဖို့ပြုတော်မူခဲ့သည်ကို သင်သည်ယုံကြည်၏။ ယုံကြည်ခြင်းအားဖြင့် သင်သည် ခရစ်တော်

ပိုင်ဆိုင်ရာဖြစ်လာ၏။ ၎င်းပြင်ယုံကြည်ခြင်းအားဖြင့် သင်သည် သခင်ခရစ်တော်၌ကြီးပွားရလိမ့်မည်။ ပေးခြင်းနှင့်ယူခြင်းအားဖြင့်ဆိုလိုသည်။ သင်၏စိတ်နှလုံး၊ သင်၏အလိုဆန္ဒ၊ သင်၏အလုပ်၊ သင့်ကိုယ်တိုင်မှစ၍ရှိသမျှကို ကိုယ်တော်၏အလိုတော်ကိုလိုက်နာရန် ကိုယ်တော်အားအပ်ပေးရမည်။ ၎င်းပြင်သင်၏စိတ်နှလုံးထဲ၌ ကိန်းအောင်းနေစေရန်သော်လည်းကောင်း၊ သင်၏ခွန်အား၊ သင်၏ဖြောင့်မတ်ခြင်း၊ သင်၏ထာဝရအကူအညီဖြစ်စေရန်သော်လည်းကောင်း၊ သင့်အားနားထောင်နိုင်သောတန်ခိုးကိုပေးရန်သော်လည်းကောင်း၊ ကောင်းချီးမင်္ဂလာအပေါင်း၏ပြည့်စုံခြင်းဖြစ်သောသခင်ခရစ်တော်ကိုသော်လည်းကောင်း သင်သည်အလုံးစုံခံယူရမည်။

နံနက်ချိန်တွင် သင့်ကိုယ်ကိုဘုရားသခင်အားဆက်ကပ်ပူဇော်လော့။ ဤအမှုသည်သင်၏ပထမဆုံးအလုပ်ဖြစ်ပါစေ။ 'အိုထာဝရဘုရား၊ ကိုယ်တော်အဖို့လုံးလုံးဖြစ်စေခြင်းငှာ အကျွန်ုပ်ကိုလက်ခံတော်မူပါ။ အကျွန်ုပ်၏အကြံအစည်ရှိသမျှကို ကိုယ်တော်၏ခြေတော်ရင်း၌ချထားပါ၏။ ကိုယ်တော်၏အမှုတော်တွင် ယနေ့အကျွန်ုပ်ကိုအသုံးပြုတော်မူပါ။ အကျွန်ုပ်၌တည်နေတော်မူ၍ အကျွန်ုပ်၏အမှုကိစ္စရှိသမျှသည် ကိုယ်တော်၌ပြီးမြောင်စေပါ' ဟုဆုတောင်းပါ။ ဤအမှုသည်နေ့စဉ်ပြုရသောကိစ္စဖြစ်သည်။ နံနက်တိုင်းတစ်နေ့လုံးအတွက် သင့်ကိုယ်ကိုဘုရားသခင်အားဆက်ကပ်ပူဇော်လော့၊ ကိုယ်တော်စီမံတော်မူသည်အတိုင်းပြီးမြောက်အောင်ဆောင်ရွက်စေခြင်းငှာ (သို့မဟုတ်) ပယ်ရှားစေခြင်းငှာ သင်၏အကြံအစည်ရှိသမျှအားလုံးကို ကိုယ်တော်အားအပ်နှံလော့။ ထိုနည်းအားဖြင့် သင်သည်သင်၏အသက်တာကို ဘုရားသခင်၏လက်ထဲသို့ တစ်နေ့ပြီးတစ်နေ့အပ်နှံလိမ့်မည်။ ၎င်းပြင် ထိုသို့

အားဖြင့် သင်၏အသက်တာသည် သခင်ခရစ်တော်၏အသက်တာ
နည်းတူ သာ၍ပြုပြင်ခြင်းခံရလိမ့်မည်။

သခင်ခရစ်တော်၌တည်သောအသက်တာသည် ငြိမ်သက်ခြင်းနှင့် ယှဉ်သောအသက်တာဖြစ်၏။ အလွန်အမင်အားရဝမ်းမြောက်ခြင်းစိတ်သဘောမျိုးမရှိ၊ သို့သော်တည်မြဲငြိမ်သက်သောယုံကြည်အားထားမှုရှိလိမ့်မည်။ သင်၏မျှော်လင့်ချက်သည် သင့်ကိုယ်တိုင်အပေါ်၌မရှိ၊ သခင်ခရစ်တော်၌သာရှိ၏။ သင်၏အားနည်းခြင်းအဖြစ်သည် ကိုယ်တော်၏ ခွန်အား၌လည်းကောင်း၊ သင်၏မသိနားမလည်မှုသည် ကိုယ်တော်၏ဉာဏ်ပညာ၌လည်းကောင်း၊ သင်၏အားအင်ချည့်နဲ့ခြင်းအဖြစ်သည် ကိုယ်တော်၏တည်မြဲသောအင်အား၌လည်းကောင်း ပူးပေါင်းလာ၏။ ထိုကြောင့် သင်သည် သင့်ကိုယ်ကိုမကြည့်ရှုရ။ သင့်ကိုယ်တိုင်အကြောင်းကိုသာစိတ်မစွဲလမ်းရ၊ သခင်ခရစ်တော်ကိုသာကြည့်ရှုရမည်။ ကိုယ်တော်၏မေတ္တာတော်အကြောင်း၊ ကိုယ်တော်၏တင့်တယ်စုံလင်သောသဘောတော်အကြောင်းကိုသာ စိတ်စွဲလမ်းရမည်။ ကိုယ်ကိုငြင်းပယ်ခြင်း၊ ကိုယ်ကိုကိုယ်နှိမ့်ချခြင်း၊ သန့်ရှင်းခြင်း၊ ဖြူစင်ခြင်း၊ မတုပြိုင်နိုင်သောမေတ္တာနှင့်ပြည့်စုံခြင်းအမှုတို့၌ တည်ရှိနေသောသခင်ခရစ်တော်၏အခြေအနေ၊ ဤအကြောင်းကိုသာလျှင် ဝိညာဉ်တော်သည် ဆင်ခြင်တွေးတောရမည်။ ကိုယ်တော်ကိုချစ်ခြင်း၊ ကိုယ်တော၏ ပုံသက်သေကိုလိုက်လျှောက်ခြင်း၊ ကိုယ်တော်အပေါ်၌ လုံးလုံးအားကိုးခြင်းအားဖြင့် သင်သည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့် အညီ ပြုပြင်ပြောင်းလဲခြင်းရှိရမည်။

သခင်ယေရှုက၊ “ ငါ၌တည်နေကြလော့ ” ဟုမိန့်တော်မူ၏။ ဤစကားသည်ငြိမ်သာ်ခြင်း၊ တည်မြဲခြင်း၊ ယုံကြည်အားထားခြင်း

သဘောများသက်ဝင်၏။ တစ်ဖန်ကိုယ်တော်က၊ "ငါ့ထံသို့လာကြ လော့၊ ငါသည်ချမ်းသာပေးမည်" ဟုမိန့်တော်မူ၏။ (မဿဲ ၁၁း၂၈)။ "ထာဝရဘုရားရှေ့မှာငြိမ်ဝပ်စွာနေ၍ ကိုယ်တော်ကိုငံ့လင့်လော့။" (ဆာလံ ၃၇း၇။) ဟူသော ဆာလံကျမ်းရေးသူ၏စကားများသည်လည်း ဤကဲ့သို့ပင်သဘောသက်ဝင်၏။ "ငြိမ်သပ်စွာနေခြင်း၊ ယုံကြည်ခြင်း အားဖြင့် ခွန်အားအစွမ်းကိုရကြလိမ့်မည်" (ဟေရှာယ ၃၀း၁၅။) ဟု ဟေရှာယက ကတိထား၏။ ဤငြိမ်သက်ခြင်းကိုဘာမျှမလုပ်ကိုင်ဘဲ နေခြင်း၌တွေ့ရမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ကယ်တင်ရှင်၏ ဖိတ်ခေါ်ခြင်းစကားတော်တွင် အမှုဆောင်ရွက်ရန် ဖိတ်ခေါ်နေခြင်းနှင့် အတူ ပူးပေါင်းလျက် ငြိမ်သက်ခြင်းကိုကတိထားတော်မူ၏။ "ငါ့ထမ်းပိုး ကိုတင်၍ထမ်းကြလော့။.....သင်တို့စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။" (မဿဲ ၁၁း၂၉။) ဟု သခင်ခရစ်တော်အပေါ်၌ လုံးလုံး တည်နေသောစိတ်နှလုံးသည် ကိုယ်တော်အတွက်အမှုတော်ဆောင်ရွက် ရာတွင် အလွန်ပင်စိတ်အားထက်သန်၍ ထကြွလှုပ်ရှားခြင်းရှိလိမ့်မည်။

မိမိကိုယ်၌သာ စိတ်စွဲလမ်းနေသောအခါ ခွန်အားနှင့်အသက်တာ၏ အခြေအမြစ်ဖြစ်သော သခင်ခရစ်တော်ထံမှဝေးကွာလျက်ရှိနေသည်။ သို့ဖြစ်၍ လူတို့အားသခင်ခရစ်တော်ကိုဂရုမစိုက်စေခြင်းငှာ စာတန် သည် အမြဲကြိုးစားလျက်ရှိ၍ ထိုနည်းအားဖြင့်ဝိညာဉ်ကို သခင်ခရစ် တော်နှင့်ဆက်ဆံရင်းနှီးခြင်းမရှိစေရန် ပိတ်ပင်တားဆီး၏။ လောက အပျော်အပါးလိုက်စားခြင်း၊ သက်တာ၏စိုးရိမ်ကြောင့်ကြခြင်း၊ ပူဆွေး ခြင်း၊ သူတစ်ပါး၏အပြစ်ကိုရှာခြင်း၊ ကိုယ်တိုင်၏အပြစ်နှင့်မစုံလင် သောအဖြစ်ကိုကြည့်နေခြင်း စသောအရာတစ်စုံတစ်ခု၊ (သို့မဟုတ်) ဤအရာအားလုံးတို့အားဖြင့် စိတ်ကိုလွဲသွားစေရန် သူသည်ကြံစည်

ကြိုးစားလိမ့်မည်။ သူ၏သွေးဆောင်ကြံစည်မှုအားဖြင့်လမ်းလွဲကို မလိုက်ပါနှင့်။ ဧကန်အမှန်ပင်ဖြောင့်မှန်သောစိတ်သဘောရှိ၍ ဘုရားသခင်အတွက် အသက်ရှင်ဖို့အလိုရှိသောသူများအား မိမိတို့၏အပြစ်များနှင့်အားနည်းခြင်းအဖြစ်များကို စိတ်စွဲလမ်းစေရန် စာတန်သည် မကြာခဏသွေးဆောင်၍ ထိုသို့သောအားဖြင့် သူတို့အား သခင်ခရစ်တော်ထံမှခွာလျက် မိမိ၏အကြံအောင်မြင်စေဖို့ရန် သူသည်မျှော်လင့်၏။ ကျွန်ုပ်တို့သည်မိမိတို့ကိုယ်ကိုသာဗဟိုထားလျက် မိမိတို့သည် ကယ်တင်ခြင်းခံရပါမည်လားဟုစိုးရိမ်ပူပန်နေဖို့မသင့်ပေ။ ဤအရာရှိသမျှတို့သည် ကျွန်ုပ်တို့ခွန်အား၏အခြေအမြစ်ဖြစ်သောအရှင်ထံမှ ဝိညာဉ်တို့ကိုလမ်းလွဲသွားစေတတ်၏။ သင်၏စိတ်ဝိညာဉ်ကို ဘုရားသခင်၌သာစွဲလမ်း၍ အားကိုးပါစေ။ သခင်ယေ ရှုအကြောင်းကိုသာဆင်ခြင်လျက်ပြောဆိုပါ။ ကိုယ်တော်၌စွဲလမ်းရာတွင် ကိုယ်ကိုသာကြည့်တတ်သောစိတ်ကိုပယ်ပျောက်သွားပါစေ။ ယုံမှားခြင်းရှိသမျှကို ဖယ်ရှားပါ။ စိုးရိမ်ခြင်းရှိသမျှကိုဖျောက်ဖျက်လိုက်ပါ။ "အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ကိုယ်ကိုကိုယ်စွန့်တော်မူ၏" ဟုရှင်ပေါလုကဲ့သို့ပြောဆိုပါ။ (ဂလာတိ၊ ၂း၂၀။) ဘုရားသခင်၌ အားကိုးအားထားခြင်းရှိလော့။ သင်အပ်ပေးထားပြီးသောအရာကို ဘုရားသခင်သည် စောင့်ရှောက်ပြုစုနိုင်တော်မူ၏။ သင်သည် သင့်ကိုယ်ကိုဘုရားသခင်၏လက်တော်ထဲ၌အပ်နှံထားလျှင် သင့်ကိုချစ်တော်မူသောကိုယ်တော်အားဖြင့် ဘုရားသခင်သည် သင့်အားနှိမ်နင်းနေသူ၏လက်မှ သာ၍ကယ်တင်တော်မူလိမ့်မည်။



သခင်ခရစ်တော်သည် လူဇာတိအဖြစ်ကို မိမိကိုယ်၌ယူဆောင်

တော်မူသောအခါ ကိုယ်တော်သည် မေတ္တာအနှောင်အဖွဲ့အားဖြင့် မိမိ ကိုယ်တော်တိုင်ကို သတ္တဝါနှင့်ချည်နှောင်ထားတော်မူ၏။ သူ၏အလိုဆန္ဒ မရှိဘဲ မည်သည့်တန်ခိုးမျှ ၎င်းအနှောင်အဖွဲ့ကိုမဖျက်ဆီးနိုင်ချေ။ ကျွန်ုပ်တို့အား ဤအနှောင်အဖွဲ့ကိုပယ်ဖျက်ရန် သခင်ခရစ်တော်ထံမှ ကျွန်ုပ်တို့အား ကွဲကွာစေလိုသောဆန္ဒဖြစ်ပေါ်လာစေရန် စာတန်သည် ဖြားယောင်းလှည့်ဖြားခြင်းအမှုကို အမြဲပြုလုပ်လိမ့်မည်။ ကျွန်ုပ်တို့သည် အခြားသောသခင်ကိုရွေးချယ်ဖို့ သွေးဆောင်ခြင်းမခံရမည်အကြောင်း ဤနေရာ၌ ကျွန်ုပ်တို့သည် သတိနှင့်စောင့်ကြည့်နေဖို့၊ ကြိုးစားအားထုတ်ဖို့လိုပေသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကိုအစဉ်စိုက်ကြည့်နေကြစို့။ ထိုအခါ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုစောင့်ထိန်းတော်မူမည်။ သခင်ယေရှုကိုကြည့်ရှုခြင်းဖြင့် ကျွန်ုပ်တို့သည် ဘေးကင်းလုံခြုံကြလိမ့်မည်။ အဘယ်အရာမျှ ကိုယ်တော်၏လက်တော်ထဲမှနုတ်ယူ မသွားနိုင်ချေ။ အစဉ်အမြဲကိုယ်တော်ကိုကြည့်ရှုခြင်းဖြင့်၊ "ဝိညာဉ်တော်တရား၏အရှင်သည် ဘုန်းတော်အလင်းကိုလွှတ်တော်မူသည်အတိုင်း ငါတို့သည် ဘုန်းအသရေကိုပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏။" (၂ကောရိန်သု ၃း၁၈)။

ထိုသို့အားဖြင့် ရှေးဦးတပည့်တော်တို့သည် ကယ်တင်ရှင်၏ ပုံသဏ္ဍာန်တော်ကို မိမိတို့ကိုယ်၌ရရှိကြ၏။ ထိုတပည့်တော်တို့သည် သခင်ယေရှုမိန့်တော်မူသောစကားများကိုကြားရကြသောအခါ မိမိတို့ ကိုယ်၌ ကိုယ်တော်ကိုအလိုရှိနေကြောင်းသိမြင်လာကြ၏။ သူတို့သည် ကိုယ်တော်ကိုရှာဖွေတွေ့ရှိကြလျက် ကိုယ်တော်၏နောက်တော်သို့လိုက်ကြ၏။ သူတို့သည် ကိုယ်တော်နှင့်အတူ အိမ်ထဲ၌လည်းကောင်း၊ စားပွဲ၌လည်းကောင်း၊ ဆိတ်ညံရာအရပ်၌လည်းကောင်း၊ လယ်ပြင်ထဲ၌

လည်းကောင်းရှိကြ၏။ တပည့်များသည် ဆရာနှင့်ရှိသကဲ့သို့သူတို့သည် ကိုယ်တော်နှင့်အတူရှိလျက် ကိုယ်တော်၏နှုတ်တော်မှသန့်ရှင်းသော သမ္မာတရား၏သင်ခန်းစာများကိုနေ့စဉ်ခံယူရရှိကြ၏။ အစေခံသည် မိမိ၏သခင်ကိုကြည့်သကဲ့သို့ မိမိတို့၏တာဝန်ကိုသိနားလည်ရန် သူတို့သည် ကိုယ်တော်ကိုစောင့်ကြည့်နေကြ၏။ ထိုတပည့်တော်တို့သည် "ငါတို့ကဲ့သို့သောလောကတရား၌ကျင်လည်သောလူများဖြစ်ကြ၏။" (ယာ ၅း၁၇)။ သူတို့သည်အပြစ်နှင့်တိုက်လှန်ရသော အလားတူစစ်ပွဲမျိုးကိုလည်း ကြုံတွေ့ခဲ့ရကြ၏။ သူတို့သည်သန့်ရှင်းသောအသက်တာမျိုး၌နေထိုင်ရန် အလားတူကျေးဇူးတော်ကိုလည်းအလိုရှိခဲ့ကြ၏။

သခင်ခရစ်တော်နှင့်အတူဆုံးသောသူဖြစ်၍ ကိုယ်တော်ကိုချစ်ခင်တော်မူသောယောဟန်ပင် ထိုနှစ်သက်ဖွယ်အကျင့်မျိုးနှင့်ဇာတိအားဖြင့်မပြည့်စုံပေ။ သူသည် ကိုယ်ကျိုးကိုရှာ၍ ဂုဏ်အသရေကိုမက်မောသည်သာမက အနစ်နာခံရသောအခါ၌ အလွန်စိတ်မြန်၍ဒေါသထွက်လွယ်သောသူဖြစ်၏။ သို့သော် ကိုယ်တော်၏သဘောတော်ကို သူ့အားထင်ရှားစွာဖေါ်ပြထားသောအခါ မိမိ၏ချို့တဲ့သောအပြစ်ကိုမြင်၍ မိမိကိုယ်ကိုနှိမ့်ချလေ၏။ ဘုရားသခင့်သားတော်၏နေ့စဉ်အသက်တာ၌ ခွန်အားနှင့်သည်းခံခြင်းသဘော၊ ဘုန်းတန်ခိုးနှင့်နူးညံ့သိမ်မွေ့ခြင်းသဘော၊ မြင့်မြတ်ခြင်းနှင့်နှိမ့်ချခြင်းသဘောတို့ကိုသူသည်တွေ့မြင်ရခြင်းအားဖြင့် သူ၏စိတ်ဝိညာဉ်သည် အံ့သြမြတ်နိုးခြင်း၊ ချစ်ခင်နှစ်သက်ခြင်းသဘောများနှင့်ပြည့်ဝလာ၏။ မိမိ၏သခင်ကိုချစ်ခင်ရာ၌ ကိုယ်ကျိုးရှာတတ်သောစိတ်များပျောက်ပျက်သွားသည်တိုင်အောင် တစ်နေ့ပြီးတစ်နေ့သူ၏စိတ်နှလုံးသည် သခင်ခရစ်တော်ထံ



သို့ဆွဲဆောင်သွားခြင်းခံရလေ၏။ သူ၏စိတ်မြန်ဒေါသထွက်လွယ်သဘော

သဘော၊ ဂုဏ်အသရေကိုမက်မောသောသဘောများတို့ကို သခင်ခရစ်တော်၏ပြုပြင်တတ်သောတန်ခိုးလက်ထဲသို့အပ်နှံလေ၏။ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်သောတန်ခိုးသည် သူ၏စိတ်နှလုံးကိုအသစ်ဖြစ်စေလေပြီ။ သခင်ခရစ်တော်၏မေတ္တာတော်တန်ခိုးသည် သူ၏အကျင့်ကိုပြုပြင်ပြောင်းလဲပေးလေပြီ။ သခင်ယေရှုနှင့်ဆက်ဆံပေါင်းသင်းရခြင်းဖြင့် အမှန်ခံစားရသောအကျိုးကား ဤအရာပင်ဖြစ်၏။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ကိန်းအောင်းတော်မူသောအခါ လူ၏အခြေအနေတစ်ခုလုံးသည်ပြောင်းလဲ၍ အသစ်ဖြစ်လာ၏။ သခင်ခရစ်တော်၏ဝိညာဉ်၊ ကိုယ်တော်၏မေတ္တာတော်သည် စိတ်နှလုံးကိုနူးညံ့စေ၏။ ဝိညာဉ်ကိုနှိမ့်ချစေ၏။ ၎င်းပြင် အကြံအစည်နှင့်လိုအင်ဆန္ဒများကို ဘုရားသခင်နှင့်ကောင်းကင်ထံသို့မြှင့်တင်ပို့ပေး၏။

သခင်ခရစ်တော်သည် ကောင်းကင်သို့တက်ကြွသွားတော်မူသောအခါ မိမိ၏တပည့်တော်တို့နှင့်အတူ ကိုယ်တော်သည်တည်ရှိနေတော်မူသေးကြောင်းသိရှိရ၏။ ကိုယ်တော်သည် မေတ္တာနှင့်လည်းကောင်း၊ အလင်းတရားနှင့်လည်းကောင်းပြည့်ဝလျက် သူတို့နှင့်အတူ ကိုယ်တိုင်နေတော်မူခြင်းဖြစ်၏။ သူတို့နှင့်အတူလမ်းလျှောက်၊ စကားပြော၊ ဆုတောင်းတော်မူ၍ သူတို့အားမျှော်လင့်ရာစကားကိုမိန့်တော်မူလျက် သူတို့၏စိတ်နှလုံးကို သက်သာစေတော်မူသောကယ်တင်ရှင်သခင်ယေရှုသည် မိမိ၏နှုတ်တော်မှငြိမ်သက်ခြင်းသတင်းစကားကို မိန့်တော်မူလျက်နေစဉ် ကောင်းကင်သို့ယူဆောင်ခြင်းကိုခံတော်မူရ၍ ကောင်းကင်တမန်များပါဝင်သောမိုးတိမ်သည် ကိုယ်တော်ကိုခံယူလျက်နေစဉ် ကိုယ်တော်၏စကားသံကို ဤသို့ကြားရ၏။ “ငါသည်လည်း ကပ်ကမ္ဘာကုန်သည်



တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်။” (မဿဲ ၂၈း၂၀)။

ကိုယ်တော်သည်ကောင်းကင်သို့လူ၏ပုံသဏ္ဍာန်ကိုဆောင်လျက် တက်ကြွတော်မူ၏။ ကိုယ်တော်သည်ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင် သူတို့၏မိတ်ဆွေနှင့်ကယ်တင်ရှင်အဖြစ်နှင့်ပင် တည်ရှိနေသေးသည်ကိုလည်းကောင်း၊ ကိုယ်တော်၏ထောက်ထားစာနာခြင်းအမှုများသည် မပြောင်းလဲဘဲရှိနေသေးသည်ကိုလည်းကောင်း၊ ကိုယ်တော်သည် ဝေဒနာခံစားရသောလူပုံသဏ္ဍာန်ကိုပင်ဆောင်လျက် နေတော်မူ သေးသည်ကိုလည်းကောင်း သူတိုပသည်သိရှိကြ၏။ မိမိရွေးချယ်တော်မူသောသူတို့အဖို့ပေးတော်မူခဲ့သောအဖိုးအခကို သတိရစေရန် မိမိ၏လက်နှင့်ခြေတော်တို့တွင်ရှိဒဏ်ရာများကိုပြလျက် ကိုယ်တော်သည် အဖိုးထိုက်သောမိမိအသွေးတော်၏ကောင်းမှုများကို ဘုရားသခင်၏ရှေ့တော်၌ဆက်သလျက်နေတော်မူ၏။ ကိုယ်တော်သည် သူတို့အတွက်နေစရာအရပ်များကိုပြင်ဆင်ရန် ကောင်းကင်သို့တက်ကြွသွား၍ တစ်ဖန်ကြွလာပြီးလျှင် သူတို့ကိုကိုယ်တော်ထံသို့သိမ်းဆည်းတော်မူလိမ့်မည်ဟု သူတို့သိရှိကြ၏။

ကိုယ်တော်တက်ကြွသွားတော်မူပြီးနောက် သူတို့သည် စုရုံးကြသောအခါ သူတို့အလိုရှိသောအရာများသည် သခင်ယေရှု၏နာမတော်အားဖြင့် ခမည်းတော်ထံတောင့်လျှောက်ရန် စိတ်အားထက်သန်ကြလေ၏။ သူတို့သည်ရှိသေကြောက်ရွံ့ခြင်းနှင့် ဦးညွှတ်ဆုတောင်းကြစဉ်အောက်ပါကတိကိုပြန်၍မြွက်ဆိုကြ၏။ "သင်တို့သည် ငါ၏နာမကိုအမှီပြု၍ ခမည်းတော်မှာဆုတောင့်သမျှတို့ကို ခမည်းတော်သည်ပေးတော်မူမည်။ ယခုတိုင်အောင် ငါ၏နာမကိုအမှီပြု၍ သင်တို့သည်အဘယ်ဆုကိုမျှမတောင်းကြသေး။ သင်တို့သည်ဝမ်းမြောက်စရာအကြောင်းစုံလင်



စေခြင်းငှာ တောင်းကြလော့။ ထိုသို့တောင်းလျှင်ရကြလိမ့်မည်။"

(ယောဟန် ၁၆း၂၃၊၂၄)။ “အသေခံ၍ ခံသည်သာမက သေခြင်းမှ ထမြောက်၍ ဘုရားသခင်၏လက်ယာတော်ဘက်၌နေလျက်၊ ငါတို့အဖို့ ဆုတောင်းသောသူကား ခရစ်တော်ပေတည်း။” (ရောမ ၈း၃၄။) ဟူသော ပြင်းထန်သည့်ထုချေချက်နှင့် သူတို့သည် ယုံကြည်ခြင်းလက်ကိုသာ၍ မြင့်စွာကမ်းလှမ်းကြလေ၏။ သခင်ခရစ်တော်က “ထိုသူသည်သင်နှင့်အတူ နေမည်” ဟုမိန့်တော်မူသည်အတိုင်း ပင်တေကုတ္တေပွဲ၌ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့နှင့်အတူရှိနေတော်မူ၏။ ၎င်းပြင် ကိုယ်တော်က ထပ်မံ၍ “ငါသွားလျှင်၊ သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား ငါမသွားလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ဆီသို့မလာ။ ငါသွား လျှင် ထိုသူကိုသင်တို့ဆီသို့ငါစေလွှတ်မည်”ဟုမိန့်တော်မူ၏။(ယောဟန် ၁၄း၁၇။ ၁၆း၁၇။) ထိုအခါမှစ၍ သခင်ခရစ်တော်သည် မိမိ၏သား သမီးများတို့စိတ်ထဲ၌ ဝိညာဉ်တော်အားဖြင့် အစဉ်အမြဲကိန်းအောင်း နေတော်မူရမည်။ ယခုသူတို့သည် ကိုယ်တော်နှင့်ဆက်ဆံပေါင်းသင်းရ ခြင်းအမှုကား မြေကြီးပေါ်၌ရှိစဉ် သူတို့နှင့်အတူ ကိုယ်တော်တိုင်နေထိုင် သွားလာခဲ့ရသည်ထက်သာ၍နီးကပ်၏။ မိမိတို့အထဲ၌ ကိန်းအောင်း နေတော်မူသော သခင်ခရစ်တော်၏အလင်း၊ မေတ္တာနှင့်တန်ခိုးတော် တို့သည် သူတို့အားဖြင့် ထွန်းတောက်ထင်ရှားသဖြင့် ၎င်းတို့ကိုမြင် ရသောလူများတို့သည် “အံ့ဩ၍နေကြ၏။ ထိုသူတို့သည် အထက်က ယေရှုနှင့်အတူရှိသည်ကို သတိရကြ၏။” (တမန်တော် ၄း၁၃)။

ရှေးဦးတပည့်တော်တို့အတွက် ခရစ်တော်သည် ဖြစ်ခဲ့သမျှသော အရာတို့သည် ယခုခေတ်ကာလရှိ မိမိ၏သားသမီးများအတွက်လည်း ဖြစ်စေဖို့ ကိုယ်တော်ကအလိုရှိတော်မူ၏။ အကြောင်းမူကား မိမိ၏



ပတ်လည်၌ တပည့်တော်အနည်းငယ်ကိုစုဝေးစေလျက် နောက်ဆုံး

အကြိမ်ဆုတောင်းရာတွင် ကိုယ်တော်က၊ "ထိုသူတို့အဖို့သာ အကျွန်ုပ် ဆုတောင်းသည်မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကို ယုံကြည်သောသူတို့အဖို့ကိုလည်းဆုတောင်းပါ၏" ဟုမိန့်တော်မူခဲ့ပြီ။ (ယောဟန် ၁၇း၂၀)။

သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် ဆုတောင်းတော်မူ၍ ကိုယ်တော်သည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းရှိသကဲ့သို့ ကျွန်ုပ် တို့သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်စေမည်အကြောင်း ကိုယ်တော်ကတောင်းလျှောက်တော်မူ၏။ မည်မျှစည်းလုံးခြင်းဖြစ် သနည်း။ "သားတော်သည် မိမိအလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်။" "ငါပြုသောအမှုကိုကား၊ ငါ၌တည်သောခမည်းတော်သည် ပြုတော်မူ၏။ (ယောဟန် ၅း၁၉။ ၁၄း၁၀။) ဟု ကယ်တင်ရှင်သည် မိမိကိုယ်တိုင် ၏အကြောင်းကို အစွဲပြုလျက်မိန့်တော်မူ၏။ ထိုအခါသခင်ခရစ်တော် သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌တည်နေတော်မူလျှင် သင်တို့သည် "အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း သင်တို့အထဲ၌စေတနာအားဖြင့် ကိုယ်တော်သည်ပြုပြင်တော်မူလိမ့်မည်။" (ဖိ ၂း၁၃)။ ကိုယ်တော်ဆောင်ရွက်တော်မူသည်နည်းတူ ကျွန်ုပ်တို့သည် လည်းဆောင်ရွက်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏သဘော မျိုးကိုပင် ထင်ရှားစေကြလိမ့်မည်။ ထိုနည်းအားဖြင့် ကိုယ်တော်ကို ချစ်ခင်နှစ်သက်၍ ကိုယ်တော်၌တည်နေခြင်းဖြင့် ကျွန်ုပ်တို့သည် "ဦးခေါင်းတည်းဟူသောခရစ်တော်မှာအရာရာ၌ ကြီးပွားကြမည် အကြောင်းတည်း။" (ဧဖက် ၄း၁၅)။

---ooo---

ဘုရားသခင်သည် မိုးကုပ်စက်ဝိုင်းကြီးအတွက် အသက်ရှင်ရေး၊ အလင်းနှင့်ဝမ်းမြောက်ပျော်ရွှင်ရေးတို့၏အခြေအမြစ်ဖြစ်တော်မူ၏။ နေမှထွက်လာသော အလင်းရောင်ကဲ့သို့လည်းကောင်း၊ စီးထွက်နေသောစမ်းရေမှထွက်လာသော ရေစီးကြောင်းများကဲ့သို့လည်းကောင်း ဘုရားသခင်ထံတော်မှကောင်းချီးမင်္ဂလာများသည် ကိုယ်တော်၏သတ္တဝါအပေါင်းတို့ထံသက်ရောက်လာကြ၏။ လူတို့၏စိတ်နှလုံးထဲ၌ ဘုရားသခင်၏အသက်သည် တည်ရှိနေလျှင် ၎င်းသည် အခြားသူများထံသို့ မေတ္တာနှင့်ကောင်းချီးမင်္ဂလာများကိုသက်ရောက်စေလိမ့်မည်။

ကျွန်ုပ်တို့ကယ်တင်ရှင်၏ပျော်မွေ့ဖွယ်အမှုကား ကျဆုံးပျောက်လွင့်နေသောလူများကိုမြှင့်တင်လျက် ရွေးနုတ်ကယ်တင်ခြင်းအလုပ်တွင် တည်ရှိ၏။ ဤအတွက်ကြောင့် ကိုယ်တော်သည် မိမိ၏အသက်ကို နှမြောတောမမူဘဲ လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းကိုခံလျက် ရှက်ဖွယ်သောအမှုကိုပမာဏပြုတော်မမူပါ။ ထိုကြောင့် ကောင်းကင်တမန်တို့သည် သူတစ်ပါး၏ပျော်ရွှင်ဝမ်းမြောက်ရေးအတွက် ဆောင်ရွက်မှုတွင် အမြဲပင်ပါဝင်ကြလေသည်။ ဤအမှုသည် သူတို့၏ပျော်မွေ့ဖွယ်ရာဖြစ်၏။ အကျင့်နှင့်အဆင့်အတန်းတို့တွင် နေရာတိုင်း၌ပင် ယုတ်ညံ့၍ အောက်တန်းကျသောသူတို့အား စောင့်ရှောက်ပြုစုခြင်းအမှုကို တစ်ကိုယ်ကောင်းကြံစည်တတ်သောစိတ်ရှိသူတို့က အလွန်နိမ့်ကျသောအမှုဟုသဘောထားတတ်ကြသော်လည်း ထိုအမှုပင်လျှင် အပြစ်ကင်းသော ကောင်းကင်တမန်တို့၏အလုပ်ဖြစ်သည်။ သခင်ခရစ်တော်၏ကိုယ်ကိုစွန့်သောမေတ္တာနှင့်ပြည့်ဝသောစိတ်သဘောမျိုးသည် ကောင်းကင်တစ်ဝန်းလုံးကို လွှမ်းမိုးသောသဘောဖြစ်သည်။ ဤသဘောမျိုးသည်



သခင်ခရစ်တော်၏တပည့်တော်တို့၌ရှိရကြမည့်သဘော၊ ဤအလုပ်သည်

သူတို့ပြုရကြမည့်အလုပ်ဖြစ်၏။

သခင်ခရစ်တော်၏မေတ္တာတော်သည် စိတ်နှလုံးထဲ၌ကိန်းအောင်းနေသောအခါ မွှေးကြိုင်သောအနံ့အထုံကဲ့သို့ ၎င်းကိုဖုံးအုပ်၍မထားနိုင်။ ကျွန်ုပ်တို့နှင့်ဆက်ဆံမိကြသောသူအပေါင်းတို့သည် ၎င်း၏သန့်ရှင်းခြင်းတန်ခိုးကိုသိမြင်ရကြလိမ့်မည်။ စိတ်နှလုံးထဲ၌ရှိသော သခင်ခရစ်တော်၏သဘောမျိုးသည် သဲကန္တာရထဲတွင်ရှိသောစမ်းရေတွင်းနှင့်တူလျက် သတ္တဝါအပေါင်းတို့ကိုအားဖြည့်လန်းဆန်းစေရန် စီးဆင်း၍ပျက်စီးတော့မည်ဖြစ်သောသူတို့အား အသက်ရေကိုသောက်ရန် စိတ်အားထက်သန်လာစေ၏။

လူသတ္တဝါတို့အပေါ်၌ ကောင်းကျိုးသက်ရောက်၍ သူတို့၏အခြေအနေကိုမြှင့်တင်ဖို့အတွက် ကိုယ်တော်သည်အမှုဆောင်ရွက်သည်နည်းတူ ဆောင်ရွက်လိုသောဆန္ဒ၌ သခင်ယေရှု၏မေတ္တာတော်သည်ထင်ရှားလာလိမ့်မည်။ ထိုဆန္ဒသည် ကောင်းကင်ခမည်းတော်၏စောင့်ရှောက်ပြုစုခြင်းခံရသောသတ္တဝါအပေါင်းတို့အပေါ်၌ မေတ္တာ၊ ကြင်နာသနားခြင်းနှင့် ထောက်ထားစာနာခြင်းတို့ကို ထားရှိလာစေလိမ့်မည်။

မြေကြီးပေါ်၌ သခင်ခရစ်တော်နေထိုင်တော်မူခဲ့သောအသက်တာသည်အေးဆေး၍ ကိုယ်ကျိုးကိုသာငဲ့ကွက်သောအသက်တာမျိုးမဟုတ်ဘဲ ကိုယ်တော်သည် ပျောက်ဆုံးနေသောလူသတ္တဝါတို့ကိုကယ်တင်ရေးအတွက် မနေမနား၊ စိတ်အားထက်သန်စွာကြိုးစား၍ အမှုဆောင်ရွက်တော်မူ၏။ နွားစာခွက်မှ ကရာနိကုန်းတိုင်အောင် ကိုယ်ကိုငြင်းပယ်သောလမ်းကိုလျှောက်လိုက်၍ ခက်ခဲသောအလုပ်တာဝန်၊ ပင်ပန်းသောခရီး၊ အားအင်ကုန်ခန်းစေသောစိုးရိမ်သောကနှင့်အလုပ်ကြမ်းများကို



ရှောင်ကြဉ်ရန် ကြံစည်တော်မမူပါ။ ကိုယ်တော်က၊ "လူသားသည်

သူတစ်ပါးကိုစေစားခြင်းငှာမလာ၊ သူတစ်ပါး၏အစေကိုခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှာလည်းကောင်းကြွလာသည်" ဟုမိန့်တော်မူ၏။ (မဿဲ ၂၀း၂၈။) ဤအရာသည်ကိုယ်တော်၏အသက်တာတွင် အကြီးဆုံးရည်ရွယ်ချက်ဖြစ်သည်။ ဤအရာမှလွဲ၍ အခြားသောအမှုများသည် ၎င်းအရာ၏တစ်ဆင့်ခံမှီခိုနေသောအရာများဖြစ်သတည်း။ ဘုရားသခင်၏အလိုတော်ကိုဆောင်လျက် အမှုတော်ကိုပြီးစီးခြင်းသည် ကိုယ်တော်၏စားစရာဖြစ်၏။ ကိုယ်တော်၏အမှုတော်တွင် ကိုယ်ကိုအမှူးထား၍ ကိုယ်ကျိုးရှာခြင်းသဘောများမရှိချေ။

ထိုကြောင့်အခြားသောသူတို့သည် ကောင်းကင်ဆုလာဘ်လက်ဆောင်ကိုပါဝင်ခံစားခွင့်ရရှိမည်အကြောင်း သခင်ခရစ်တော်၏ကျေးဇူးတော်ကိုခံယူရရှိသောသူတို့သည် စွန့်စားခြင်းအမှုတစ်စုံတစ်ခုကိုပြုလုပ်ရန် အသင့်ရှိကြလိမ့်မည်။ သူတို့နေထိုင်ဖို့ရန်အတွက် လောကအားသာ၍ကောင်းစေရန်တတ်နိုင်သမျှပြုပြင်ကြလိမ့်မည်။ ဤသဘောမျိုးသည် အမှန်စိတ်နှလုံးပြောင်းလဲသောသူတို့မှဧကန်အမှန်ပေါ်ထွက်လာသောအရာဖြစ်သည်။ တစ်စုံတစ်ယောက်သည် သခင်ခရစ်တော်ထံသို့ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် သခင်ယေရှုသည် အဖိုးထိုက်သောမိတ်ဆွေဖြစ်သည်ကို သူတစ်ပါးအားဖော်ပြလိုသောဆန္ဒသည် သူ၏စိတ်ထဲ၌ဖြစ်ပေါ်လာ၏။ ကျွန်ုပ်တို့သည်သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကိုခြုံရ၍ မိမိတို့အထဲ၌ကိန်းအောင်းနေတော်မူသော ဝိညာဉ်တော်၏ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝလာလျှင် မိမိတို့ရရှိသောငြိမ်သက်ခြင်းကိုမိမိတို့အဖို့သာ သိမ်းထားနိုင်ကြလိမ့်မည်မဟုတ်။ ထာဝရဘုရားသည်



ကောင်းမြတ်တော်မူသည်ကို မြည်းစမ်းလျက်သိမြင်ရလျှင် ကျွန်ုပ်တို့

သည် တစ်စုံတစ်ရာကိုပြောပြလိုကြလိမ့်မည်။ ဖိလိပ္ပုကဲ့သို့ကိုယ်တော်ကို တွေ့ရှိသောအခါ အခြားသောသူများကို ကျွန်ုပ်တို့သည် ကိုယ်တော်ထံ သို့ယူဆောင်လာကြလိမ့်မည်။ ကျွန်ုပ်တို့သည်သူတို့အား သခင်ခရစ် တော်၏နှစ်သက်ဖွယ်သောအကြောင်းများနှင့် ယခုမမြင်ရသေးသော် လည်း နောင်ကာလ၌ ဤလောကတွင်ပင် တကယ်ပင်တည်ရှိမည် ဖြစ်သောစည်းစိမ်များအကြောင်းကိုဖော်ပြလိုကြလိမ့်မည်။ သခင်ယေရှု လျှောက်တော်မူသောလမ်းကိုလိုက်လျှောက်ရန် ပြင်းထန်သောအလိုဆန္ဒ ရှိလိမ့်မည်။ မိမိတို့ပတ်လည်၌ရှိသောသူတို့သည် "ဤလောက၏အပြစ် ကိုဆောင်သော ဘုရားသခင်၏သိုးသငယ်" ကိုကြည့်ရှုနိုင်ကြမည် အကြောင်း ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌စိတ်အားကြီးသောတောင့်တခြင်း ရှိလိမ့်မည်။

ငင်းပြင် အခြားသောသူတို့အား ကောင်းချီးပေးရန် ကြိုးစား ခြင်းအမှုသည် ကျွန်ုပ်တို့အပေါ်၌ကောင်းချီးမင်္ဂလာများသက်ရောက် စေခြင်းအမှုကို ပြန်၍ဖြစ်စေလိမ့်မည်။ ဤအမှုကားရွေးနုတ်ခြင်းစီမံ ကိန်းတွင် ကျွန်ုပ်တို့အားပါဝင်ဆောင်ရွက်ခွင့်ပေးတော်မူရာ၌ ဘုရား သခင်၏ရည်ရွယ်ချက်ဖြစ်ပေသည်။ ဘုရားသခင်ဇာတိကိုခံယူရရှိလာစေရန် အခွင့်ကို ဘုရားသခင်ကလူအားပေးတော်မူခဲ့၍ တစ်မန်သူတို့မှတစ်ဆင့် အခြားလူများအား ကောင်းချီးမင်္ဂလာများကိုဝေငှပေးကမ်းတော်မူ၏။ လူတို့အပေါ်၌ ဘုရားသခင်သည် ဤအခွင့်အရေးကိုချပေးနိုင်တော်မူ ခြင်းအမှုသည် အမြင့်မြတ်ဆုံးအသရေနှင့်အကြီးဆုံးသော ဝမ်းမြောက် ခြင်းဖြစ်၏။ ထိုသို့အားဖြင့် မေတ္တာနှင့်ပြည့်ဝသောအလုပ်များတွင် ပါဝင်ခံစားခွင့်ရရှိကြသောသူတို့သည် မိမိတို့ဖန်ဆင်းရှင်နှင့်အနီးကပ်ဆုံး ရောက်ရှိလာကြလေသည်။



ဘုရားသခင်သည် ဧဝံဂေလိသတင်းစကားကိုလည်းကောင်း၊

မေတ္တာနှင့်ဆောင်ရွက်ရသောအလုပ်ရှိသမျှကိုလည်းကောင်း ကောင်းကင်တမန်များအားအပ်ပေးနိုင်တော်မူ၏။ မိမိ၏ရည်ရွယ်ချက်ပြီးမြောက်စေခြင်းငှာ အခြားသောနည်းလမ်းများကိုအသုံးပြုနိုင်တော်မူ၏။ သို့သော်ဤကိုယ်ကျိုးမရှာသောအမှုဆောင်ရွက်ခြင်းအားဖြင့် အကျိုးခံစားရသောကောင်းချီးမင်္ဂလာ၊ ဝမ်းမြောက်ခြင်းနှင့်ဝိညာဉ်ရေးတွင် မြင့်တင်ရေးတို့ကို ကျွန်ုပ်တို့သည် ခံစားခွင့်ရရှိကြမည်အကြောင်း ဘုရားသခင်ကိုယ်တော်တိုင်နှင့်လည်းကောင်း၊ သခင်ခရစ်တော်နှင့်လည်းကောင်း၊ ကောင်းကင်တမန်များနှင့်လည်းကောင်း တွေ့တကွပူးပေါင်းအမှုဆောင်ရွက်ခွင့်ရရှိစေရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား မေတ္တာတော်အရှိန်အားဖြင့် ရွေးချယ်ခန့်ထားတော်မူ၏။

ကျွန်ုပ်တို့သည် ကိုယ်တော်ဝေဒနာခံစားမှုမျိုးကိုပါဝင်ဆက်ဆံခွင့်ရရှိခြင်းဖြင့် သခင်ခရစ်တော်နှင့်အတူ ထောက်ထားစာနာသောသဘောကိုရရှိကြမည်။ အခြားသူများ၏ကောင်းကျိုးအတွက် မိမိကိုယ်ကိုစွန့်စားခြင်းအမှုတိုင်းသည် ထိုစွန့်စားသူ၏စိတ်နှလုံးထဲ၌အကျိုးဖြစ်စေသောအမှုကိုပြုတတ်သောသဘောကို တိုးပွားခိုင်မြဲစေလျက် သူ့အားလောက၏ကယ်တင်ရှင်နှင့်သာ၍ နီးကပ်စွာဆက်သွယ်စေ၏။ “ထိုကယ်တင်ရှင်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည်စိမ်းစည်ရှိစေခြင်းငှာ သင်တို့အတွက်ကြောင့်ဆင်းရဲခြင်းကိုခံတော်မူ၏။” ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဖန်ဆင်းတော်မူရာ၌ စီမံထားတော်မူသောအကြံတော်ကို ကျွန်ုပ်တို့သည် ထိုကဲ့သို့ပြည့်စုံစေသောအခါ၌သာ အသက်တာသည် ကျွန်ုပ်တို့အဖို့ ကောင်းချီးမင်္ဂလာဖြစ်လာနိုင်၏။



ခရစ်တော်စီမံတော်မူသည်အတိုင်း မိမိ၏တပည့်တော်များ

ပြုလုပ်ရမည့်အမှုကို သင်သည်ဆောင်ရွက်၍ ကိုယ်တော်အတွက်ဝိညာဉ်များကိုရရှိလျှင် သင်သည်ဘုရားသခင်နှင့်ဆိုင်သောအရာများတွင် သာ၍များသောဗဟုသုတနှင့် သာ၍ကြီးကျယ်သောဉာဏ်ပညာလိုနေသည်ကိုသိရှိလျက် ဖြောင့်မတ်ခြင်းတရားကိုဆာငတ်မွတ်သိပ်လိမ့်မည်။ သင်သည်ခိုင်ခံ့တိုးပွားလာလျက် သင်၏ဝိညာဉ်သည် ကယ်တင်ခြင်းတည်းဟူသောရေတွင်းမှစမ်းရေကိုသာ၍ များပြားစွာသောက်သုံးလိမ့်မည်။ တွေ့ကြုံရသောခုခံတွန်းလှန်မှုနှင့်စုံစမ်းနှောင့်ယှက်ခြင်းတို့သည် သင့်အား သမ္မာကျမ်းစာနှင့်ဆုတောင်းခြင်းအမှုကို အားကိုးစေလိမ့်မည်။ သင်သည်ကျေးဇူးတော်၌လည်းကောင်း၊ သခင်ခရစ်တော်ကိုသိကျွမ်းခြင်း၌လည်းကောင်း ကြီးပွား၍ အဖိုးထိုက်တန်သောဗဟုသုတ၌ တိုးပွားလိမ့်မည်။

ကိုယ်ကျိုးကိုမရှာဘဲ အခြားသူတို့အတွက်အမှုဆောင်ရွက်လိုသောသဘောသည် အကျင့်တည်တံ့ခိုင်ခံ့တိုးပွား၍ သခင်ခရစ်တော်၏အကျင့်ကဲ့သို့ နှစ်သက်ဖွယ်ဖြစ်စေလျက် ၎င်းသဘောမျိုးရှိသူအားငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းကိုပေး၏။ မြင့်မြတ်သောအရာကိုတောင့်တသောစိတ်သည်တိုးပွားလာ၏။ ပျင်းရိခြင်း (သို့မဟုတ်) ကိုယ်ကျိုးရှာခြင်းသဘောများမရှိ။ ခရစ်ယာန်အကျင့်များကို ထိုသို့ကျင့်သောသူတို့သည် ကြီးပွား၍ ဘုရားသခင်အတွက်အမှုဆောင်ရွက်ရန် ခွန်အားနှင့်ပြည့်စုံလာ၏။ သူသည်ဝိညာဉ်ရေး၌ သာ၍ထင်ရှားစွာသိမြင်လာ၍ ယုံကြည်ခြင်း၌တည်ကြည်တိုးပွားခြင်းရှိလျက် ဆုတောင်းခြင်းအမှု၌ ခွန်အားတန်ခိုးသာ၍တိုးပွားလိမ့်မည်။ မိမိတို့၏စိတ်ကူးထဲ၌



လှုပ်ရှားလျက်ရှိသောဘုရားသခင်၏ဝိညာဉ်တော်သည် လူအား ဘုရား

သခင်နှင့်ဆက်ဆံရာ၌သန့်ရှင်းသောညီညွတ်ခြင်းကိုဖြစ်စေ၏။ သူတစ်ပါး၏ကောင်းကျိုးအတွက် ကိုယ်ကျိုးမငဲ့ဘဲ ထိုသို့ကြိုးစားဆောင်ရွက်သောသူတို့သည် အမှန်အားဖြင့် မိမိကိုယ်တိုင်ကယ်တင်ခြင်းခံစားရဖို့သေချာပေသည်။

ကျေးဇူးတော်၌ကြီးပွားဖို့ရန် တစ်ခုတည်းသောနည်းလမ်းကား၊ ကျွန်ုပ်တို့အပေါ်၌ သခင်ခရစ်တော်က ချပေးထားတော်မူသောအလုပ်ကို ကိုယ်ကျိုးမငဲ့ဘဲဆောင်ရွက်ခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့ပေးနိုင်သောအကူအညီကို လိုနေသောသူတို့အားမစ၍ ကောင်းကျိုးပေးရာ၌ မိမိတို့အစွမ်းသတ္တိရှိသမျှဆောင်ရွက်ခြင်းကိုဆိုလိုသည်။ လေ့ကျင့်ခြင်းအားဖြင့် ခွန်အားကိုရရှိ၏။ အသက်ရှင်ရေးသည် လှုပ်ရှားမှုအပေါ်၌တည်၏။ ကျေးဇူးတော်အားဖြင့် သက်ရောက်လာသောကောင်းချီးမင်္ဂလာများကိုသာခံယူနေလျက် သခင်ခရစ်တော်အတွက် ဘာမျှမလုပ်ဘဲနေခြင်းအားဖြင့် ခရစ်ယာန်အသက်တာ၌ တည်နေရသောသူတို့သည် အလုပ်မလုပ်ဘဲ အစားအသောက်ကိုသာသုံးဆောင်နေခြင်းဖြင့် အသက်ရှင်နေရန် ကြိုးစားနေကြပေသည်။ သဘာဝလောကမှာနည်းတူ ဝိညာဉ်လောက၌လည်း ဤသို့သောအခြေအနေသည် အစဉ်သဖြင့်ဆုတ်ယုတ်ပျက်စီးယိုယွင်းခြင်းကိုဖြစ်စေသည်။ မိမိ၏ကိုယ်လက်အင်္ဂါများကိုလှုပ်ရှားစေဖို့မပြုလုပ်သောသူသည် အဆုံး၌ ၎င်းတို့ကိုအသုံးပြုရန်ခွန်အားမရှိဘဲနေလိမ့်မည်။ ထိုနည်းအားဖြင့် ဘုရားသခင်ချပေးတော်မူသောခွန်အားတန်ခိုများကို အသုံးမပြုသောသူသည် သခင်ခရစ်တော်၌ကြီးပွားခြင်းမရှိသည်သာမက မိမိရရှိထားပြီးသောခွန်အားကိုပင်ဆုံးရှုံး၏။



သခင်ခရစ်တော်၏အသင်းတော်သည် လူတို့အားကယ်တင်ရေး

အတွက် ဘုရားသခင်ခန့်ထားတော်မူသောကိုယ်စားလှယ်ဖြစ်၏။ ၎င်း၏တာဝန်ဝတ္တရားကား လောကအား ဧဝံဂေလိတရားကိုဟောပြောခြင်းတည်း။ ၎င်းပြင် ဤတာဝန်သည် ခရစ်ယာန်အပေါင်းတို့အပေါ်၌တည်ရှိ၏။ လူတိုင်းသည်ကယ်တင်ရှင်ကခန့်အပ်တော်မူသောတာဝန်ကို မိမိတို့စွမ်းအားသတ္တိနှင့် အခွင့်အရေးရှိသမျှပြည့်စုံစွာ ဆောင်ရွက်ရကြမည်။ ကျွန်ုပ်တို့အားဖေါ်ပြတော်မူခဲ့သော သခင်ခရစ်တော်၏မေတ္တာတော်သည် ကိုယ်တော်ကိုမသိသောသူအပေါင်းတို့အတွက် ကျွန်ုပ်တို့ကိုအကြွေးတင်နေသောသူဖြစ်စေပြီ။ ဘုရားသခင်သည် ကျွန်ုပ်တို့အားအလင်းတရားကို ကျွန်ုပ်တို့ကိုယ်တိုင်အဖို့သာမဟုတ်ဘဲ ထိုသူတို့အပေါ်၌ထွန်းတောက်စေဖို့ရန်လည်း ချပေးတော်မူ၏။

သခင်ခရစ်တော်၏တပည့်တော်များတို့သည် တာဝန်ဝတ္တရား၌ထကြွလှုပ်ရှားခြင်းရှိလျှင် ဘုရားသခင်ကိုမကိုးကွယ်သောအရပ်ဒေသများတွင် ယနေ့ဧဝံဂေလိတရားကို ကြွေးကြော်နေသူတစ်ယောက်သာရှိသောနေရာတွင် ထောင်ပေါင်းများစွာရှိလိမ့်မည်။ ၎င်းပြင် မိမိတို့ကိုယ်တိုင်အမှုတော်တွင်ပါဝင်ဆောင်ရွက်နိုင်ခွင့်မရကြသောသူတို့သည် မိမိတို့၏ပစ္စည်းဥစ္စာ၊ ရွှေငွေတို့ဖြင့်လည်းကောင်း၊ ထောက်ထားစာနာမှုများ၊ ဆုတောင်းခြင်းများဖြင့်လည်းကောင်း အမှုတော်ကိုထောက်ပံ့ကူညီနိုင်ကြသေးသည်။ ၎င်းပြင် ခရစ်ယာန်နိုင်ငံများတွင် သာ၍စိတ်အားကြီးစွာဖြင့် အမှုဆောင်ရွက်နိုင်လိမ့်မည်။

သခင်ခရစ်တော်အတွက်အမှုဆောင်ရွက်ရန်တာဝန်သည် ကျွန်ုပ်တို့အပေါ်၌တည်ရှိနေလျှင် ကျွန်ုပ်တို့သည် မိမိတို့၏အိမ်ကိုစွန့်၍ ရပ်ဝေးသို့သွားနေစရာမလို။ အိမ်ထောင်နှင့်အသင်းတော်၌လည်းကောင်း၊ မိမိ



တို့၏အပေါင်းအဖေါ်များ၊ မိမိတို့နှင့်အတူအလုပ်လုပ်ကိုင်သောသူတို့

အထဲတွင်လည်းကောင်း ဤအမှုတော်ကိုကျွန်ုပ်တို့ဆောင်ရွက်နိုင်ကြသည်။

မြေကြီးပေါ်၌ ကျွန်ုပ်တို့၏ကယ်တင်ရှင်နေထိုင်သွားသောအသက်တာသည် အများအားဖြင့် နာဇရက်မြို့ရှိလက်သမားအလုပ်ရုံကလေးထဲ၌ စိတ်ရှည်စွာဖြင့်လုပ်ကိုင်ရသောအလုပ်ထဲမှာပင် အချိန်ကုန်ခဲ့ရလေ၏။ အသက်သခင်ဖြစ်တော်မူသောကိုယ်တော်သည် ဆင်းရဲသားများ၊ လယ်ယာလုပ်ကိုင်သူများနှင့်အတူတကွ သွားလာနေထိုင်လျက်ရှိစဉ် ကောင်းကင်တမန်များတို့သည် ကိုယ်တော်ကိုလုပ်ကျွေးပြုစုကြ၏။ ထိုအခါ၌ ကိုယ်တော်ကိုမည်သူမျှအသိအမှတ်မပြု၊ မချီးမမြှောက်ကြချေ။ ကိုယ်တော်သည်ဖျားနာသောသူတို့ကို ကျန်းမာစေသောအခါ (သို့မဟုတ်) ဂါလိလဲအိုင်တွင် လေပြင်းမုန်တိုင်းကြောင့် ပုတ်ခတ်နေသောလှိုင်းများပေါ်၌ လမ်းလျှောက်သွားတော်မူသောအခါမှာကဲ့သို့ပင် ကိုယ်တော်သည် အောက်တန်းကျသောအလုပ်ကိုလုပ်ဆောင်နေသောအခါမှာလည်း မိမိအားခွဲခန့်ပေးထားတော်မူသောအမှုတော်ကို သစ္စာနှင့်ဆောင်ရွက်လျက်ရှိတော်မူ၏။ ထို့အတူ အသက်တာ၌အောက်တန်းအကျဆုံးသောအလုပ်တာဝန်များ၊ အနိမ့်ကျဆုံးသောရာထူးရာခံများတွင် ကျွန်ုပ်တို့သည် သခင်ယေရှုနှင့်အတူ သွားလာလုပ်ကိုင်နိုင်ကြသည်။

တမန်တော်ပေါလုက၊ "ခေါ်တော်မူခြင်းကျေးဇူးကိုခံရသောသူသည် အကြင်အမှုကိုလုပ်နေ၏။ ထိုသို့ဘုရားသခင်ရှေ့တော်၌ လူတိုင်းလုပ်နေစေ" ဟုပြောဆိုထား၏။ (၁ကောရိန်သု ၇း၂၄။) အလုပ်အကိုင်တစ်ခုခုကိုလုပ်ဆောင်ရသောသူသည် မိမိ၏အလုပ်၌သစ္စာရှိခြင်းကြောင့် မိမိသခင်၏ဂုဏ်အသရေကိုထင်ရှားစေသောနည်းလမ်းအား လိုက်နာပြုလုပ်နိုင်သည်။ သူသည်သခင်ခရစ်တော်၏တပည့်အစစ်ဖြစ်လျှင် အရာရာ



တိုင်း၌ မိမိ၏ဘာသာတရားကိုအသုံးချလျက် လူများတို့အားသခင်ခရစ်

တော်၏သဘောကို ထင်ရှားစေလိမ့်မည်။ စက်မှုအလုပ်သမားသည် ဂါလိလဲပြည်၏တောင်များပေါ်၌ အောက်တန်းကျသောအမှုကိစ္စတို့ကို ဆောင်ရွက်တော်မူခဲ့သောကိုယ်တော်အဖို့ သစ္စာရှိစွာကြိုးစားလုပ်ဆောင်သောကိုယ်စားလှယ်တစ်ယောက်ဖြစ်နိုင်သည်။ အခြားသောသူတို့သည် မိမိတို့၏ကောင်းသောအကျင့်ကိုမြင်ခြင်းဖြင့် မိမိတို့ဖန်ဆင်းရှင်နှင့်ရွေးနုတ်ရှင်၏ဘုန်းတော်ကိုထင်ရှားစေကြမည်အကြောင်း ခရစ်တော်၏နာမကိုခံယူသောသူတို့သည် မိမိတို့၏တာဝန်ကိုထမ်းဆောင်ရကြမည်။

အခြားသောသူတို့သည် မိမိတို့ထက်ဥစ္စာ၊ အရည်အချင်းတို့နှင့်အကျိုးကျေးဇူးများကိုသာ လွန်ထူးကဲစွာဖြင့်ရရှိကြသောကြောင့် အများသောသူတို့က မိမိတို့၏ဥစ္စာဘဏ္ဍာများကို သခင်ခရစ်တော်၏အမှုတော်အတွက် မပေးမလှူနိုင်ကြပါဟုဆင်ခြေပေးကြပြီ။ ထူးခြားသောအရည်အချင်းနှင့်ပြည့်စုံသောသူတို့သာ ဘုရားသခင်၏အမှုတော်အတွက် မိမိတို့၏စွမ်းအားသတ္တိကိုအသုံးပြုသင့်ကြသည်ဟု အချို့ကထင်မှတ်ကြပြီ။ မျက်နှာရသောသူတချို့သာခွင့်အရေး၊ ရာထူးရာခံတို့ကိုပေးလျက် အခြားသောသူတို့အားအမှန်ပင်အခွင့်အရေးနှင့်ဆုကျေးဇူးတို့ကိုပါဝင်ခံစားခွင့်မပေးဘဲထားကြသည်ဟု အချို့ကထင်မှတ်ခဲ့ကြပြီ။ သို့ရာတွင် ငွေများကိုအပ်ပေးခြင်းခံရသောဥပမာက ဤကဲ့သို့အနက်အဓိပ္ပါယ်ဖေါ်ပြသည်မဟုတ်။အိမ်ရှင်သည် မိမိ၏ငယ်သားများကိုခေါ်၍ အသီးအသီးတို့ဆိုင်ရာအလုပ်ကိုအပ်ပေး၏။

ကျွန်ုပ်တို့သည် "ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်သကဲ့သို့" (ကောလောသဲ ၃း၂၃။) အသက်တာ၏အောက်တန်းအကျဆုံးသောအလုပ်တာဝန်တို့ကို မေတ္တာစိတ်တို့နှင့်ဆောင်ရွက်ကြရမည်။ ဘုရားသခင်



၏မေတ္တာတော်သည် စိတ်နှလုံးထဲ၌တည်ရှိလျှင် အသက်တာ၌ ၎င်းကို

ထင်ရှားစေလိမ့်မည်။ သခင်ခရစ်တော်၏မွေးကြိုင်သောရနံ့သည် ကျွန်ုပ်တို့ကိုလွှမ်းမိုး၍ ကျွန်ုပ်တို့၏ဩဇာအာဏာသည် သူတစ်ပါးကို ချီးမြှင့်လျက် ကောင်းချီးပေးလိမ့်မည်။

သင်သည်ဘုရားသခင်၏အမှုတော်ကိုမဆောင်ရွက်မီ ကြီးကျယ်သောအခွင့်အရေး(သို့မဟုတ်) ထူးကဲသာလွန်သောစွမ်းအားသတ္တိများကို ရရှိသည်တိုင်အောင် စောင့်ဆိုင်းနေဖို့မလို။ လောကသည် သင့်အား အဘယ်ကဲ့သို့ထင်မှတ်လိမ့်မည်နည်းဟု စဉ်းစားဆင်ခြင်းနေဖို့မသင့်။ သင်၏နေ့စဉ်အသက်တာ၌ သင်၏ယုံကြည်ခြင်းသည် သန့်ရှင်းဖြူစင်၍ ဟုတ်မှန်တည်ကြည်ကြောင်းသက်သေထင်ရှားလျက် သင်သည်အခြား သူတို့အားကောင်းကျိုးပေးကြောင်းကို သူတို့ကအထင်အရှားသိကြလျှင် သင်၏ကြိုးပမ်းမှုသည် လုံးလုံးမဆုံးမရှုံးချေ။

သခင်ယေရှု၏အောက်တန်းအကျဆုံးနှင့်အဆင်းရဲဆုံးသောတပည့် တော်သည် အခြားသူတို့အတွက် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်နိုင်သည်။ သူတို့သည် ထူးခြားသောအလုပ်တစ်ခုခုကိုပြုလုပ်နေသည်ကိုမသိမြင်ဘဲ နေလိမ့်မည်။ သို့ရာတွင် မထင်ရှားသောမိမိတို့၏ဩဇာအားဖြင့် သူတို့သည် သာ၍ကျယ်ပြန့်နက်ရှိုင်းသော ကောင်းချီးမင်္ဂလာလှိုင်းများ ကို အစပြုဖြစ်ပေါ်စေကြလိမ့်မည်။ ၎င်းပြင် နောက်ဆုံးဆုလာဘ်များကို ချပေးသောအချိန်တိုင်အောင် သူတို့ပြုသောအမှု၏အကျိုးကျေးဇူးများကို မသိဘဲနေကြလိမ့်မည်။ သူတို့သည် ကြီးကျယ်သောအမှုတစ်စုံတစ်ခုကို ပြုလုပ်နေကြကြောင်းမသိမမြင်ကြချေ။ သူတို့သည် အောင်မြင်မှုအတွက် မိမိတို့ကိုယ်တိုင်၌စိုးရိမ်ပူပန်ဖို့မလို။ သူတို့သည် ရှေ့သို့ငြိမ်သက်စွာ တိုးတက်သွား၍ ဘုရားသခင်၏စီမံခန့်ခွဲထားသောအလုပ်ကို သစ္စာနှင့်



ဆောင်ရွက်ရန်သာရှိပေသည်။ ၎င်းပြင်သူတို့၏အသက်တာသည်

အချည်းနှီးမဖြစ်ရချေ။ သူတို့၏ဝိညာဉ်သည် သခင်ခရစ်တော်၏ ပုံသဏ္ဍာန်နှင့် တဖြည်းဖြည်းတိုး၍တူညီလာလိမ့်မည်။ သူတို့သည် ဤအသက်တာ၌ ဘုရားသခင်နှင့်အတူ လုပ်ဖေါ်ဆောင်ဖက်များဖြစ်ကြသဖြင့် နောင်လာလတ္တံ့သောအသက်တာကာလ၌ သာ၍မြင့်မြတ်သောအလုပ်နှင့်သင့်လျော်၍ မကုန်မခန်းနိုင်သောစည်းစိမ်ချမ်းသာကို ခံစားရလိမ့်မည်။

---ooo---

ဘုရားသခင်သည်မိမိကိုယ်တော်တိုင်အကြောင်းကို ကျွန်ုပ်တို့အား ထင်ရှားစေရန်သော်လည်းကောင်း၊ ကျွန်ုပ်တို့အား ကိုယ်တော်တိုင်နှင့် ဆက်ဆံမိတ်သဟာယဖွဲ့စေရန်သော်လည်းကောင်း ရှာကြံနေတော်မူသော နည်းလမ်းပေါင်းများစွာရှိပေသည်။ သဘာဝလောကသည် ကျွန်ုပ်တို့အား မရပ်မနားဘဲ အာရုံငါးပါးအားဖြင့်ဖေါ်ပြလျက်ရှိ၏။ ပွင့်လင်းသော စိတ်နှလုံးသည် ဘုရားသခင်၏လက်တော်နှင့်ပြုပြင်သောအရာများ အားဖြင့် ထင်ရှားသောမေတ္တာနှင့်ဘုန်းတော်အကြောင်းတို့ကို စွဲမြဲစွာမှတ်မိသတိရလိမ့်မည်။ သဘာဝ၏အရာဝတ္ထုများအားဖြင့် ဘုရားသခင်နှင့်ဆက်သွယ်ရင်းနှီးရခြင်းအမှုကို အသင့်ရှိသောနားဖြင့်ကြားသိနားလည်နိုင်၏။ စိမ်းလန်းသောလယ်ပြင်များ၊ မြင့်မားသောသစ်ပင်ကြီးများ၊အဖူးအပွင့်များ၊ လွင့်သွားသောမိုးတိမ်များ၊ ကျဆင်းသောမိုးရေများ၊ မရပ်မနားစီး၍ အသံမြည်နေသောချောင်း၊ ကောင်းကင်၏ဘုန်းတော်များတို့သည် ကျွန်ုပ်တို့၏စိတ်နှလုံးများအား ဘုရားသခင့်အကြောင်းကိုကြားပြောလျက် အရာခပ်သိမ်းတို့ကိုဖန်ဆင်းတော်မူသောအရှင်နှင့်အကျွမ်းဝင်ရန် ကျွန်ုပ်တို့အားဖိတ်ခေါ်လျက်ရှိ၏။

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် မိမိ၏အဖိုးထိုက်သောသင်ခန်းစာများကို သဘာဝ၏အရာများနှင့်တွဲ၍ သွန်သင်တော်မူ၏။ လူတို့၏မှုရေးကိစ္စများကြောင့် စိုးရိမ်ပူပန်ခြင်းနှင့်ပြည့်ဝသောအသက်တာ၌ပင် ကိုယ်တော်၏သင်ခန်းစာများကို မကြာခဏမှတ်မိသတိရစေမည်အကြောင်း သစ်ပင်များ၊ ငှက်များ၊ လွင်ပြင်များတွင်ရှိပန်းပင်များ၊ တောတောင်များ၊ ရေကန်၊ ရေအိုင်များ၊ လှပတင့်တယ်သောကောင်းကင်တန်ဆာများနှင့်တကွ နေ့စဉ်အသက်တာ၏အဖြစ်အပျက်အတွေ့အကြုံ



များ၊ ပတ်ဝန်းကျင်အမှုအခင်းများတို့သည် သမ္မာတရားနှင့်ဆက်သွယ်

လျက်ရှိ၏။

ဘုရားသခင်စီမံတော်မူသောအမှုအရာ၌လည်းကောင်း၊ ကျွန်ုပ်တို့၏လောကအိမ်များတွင် ပြင်ဆင်ထားသည့်ရိုးသား၍ဆိတ်ငြိမ်သော တင့်တယ်လှပခြင်း၌လည်းကောင်း ဘုရားသခင်၏သားသမီးတို့အား စိတ်ဝင်စားနှစ်သက်အားရစေခြင်းငှာ ဘုရားသခင်သည် အလိုရှိတော်မူ၏။ ကိုယ်တော်သည်လှပတင့်တယ်သောအရာများကို နှစ်သက်တော်မူ၍ အပြင်အပအားဖြင့် စိတ်ကိုစွဲလမ်းစေသောအရာအပေါ်င်းတို့တွင် ကိုယ်တော်သည် အကျင့်၏တင့်တယ်ခြင်းကို သာ၍နှစ်သက်တော်မူ၏။ ကျွန်ုပ်တို့၌ ပန်းပွင့်များ၏ငြိမ်သက်သောတင့်တယ်ခြင်းကဲ့သို့သော ရိုးသားခြင်းနှင့်ဖြူစင်ခြင်းကိုဖြစ်ပွားစေခြင်းငှာ ဘုရားသခင်သည် အလိုရှိတော်မူ၏။

ကျွန်ုပ်တို့ကသာနားထောင်ကြလျှင် ဘုရားသခင်ဖန်ဆင်းထားတော်မူသောအမှုအရာများတို့သည် ကျွန်ုပ်တို့အားနာထောင်ခြင်း၊ ယုံကြည်အားကိုးခြင်းတို့နှင့်သက်ဆိုင်သောသင်ခန်းစာများကို သွန်သင်ပေးကြလိမ့်မည်။ လဟာပြင်ကြီးထဲတွင် အရာမထင်သောလမ်းကြောင်း၌စီမံခန့်ခွဲထားသောခရီးလမ်းကို ကာလအဆက်ဆက်လျှောက်လိုက်နေကြသော ကြယ်နက္ခတ်တာရာများမှ အသေဆုံးသောအဏုမြူတိုင်အောင် သဘာဝ၏အရာဝတ္ထုများတို့သည် ဘုရားသခင်၏အလိုတော်ကို လိုက်နာကြ၏။ ၎င်းပြင် ဘုရားသခင်သည် အရာခပ်သိမ်းကိုကြည့်ရှုပြုစုတော်မူ၍ ဖန်ဆင်းထားတော်မူသမျှတို့ကို အစဉ်ထောက်မထားတော်မူ၏။ အလွန်ကျယ်ပြန့်သောမိုးကုပ်စက်ဝိုင်းတစ်ဝန်းလုံးတွင်ရှိ မရေမတွက်နိုင်သောကမ္ဘာများတို့ကို ကိုင်စွဲထားတော်မူသောအရှင်သည်



ကြောက်ရွံ့ခြင်းမရှိဘဲ ရိုးသားသောသီချင်းကိုဆိုသောငှက်ကလေးကိုပင်

တစ်ချိန်တည်း၌ စောင့်ရှောက်ကျွေးမွေးတော်မူ၏။ သူတို့သည် ဆုတောင်းသောအခါမှာကဲ့သို့ မိမိတို့၏နေ့စဉ်လုပ်ငန်းဆောင်တာကိုပြုလုပ်ရန် ထွက်သွားသောအခါ ညဥ့်၌အိပ်ပျော်နေစဉ်အခါနှင့် နံနက်အိပ်ရာမှ ထသောအခါ ကြွယ်ဝချမ်းသာသောသူသည် မိမိ၏ခမ်းနားသောအိမ်ကြီး၌ စားသောက်ပွဲကျင်းပနေစဉ်အခါ (သို့မဟုတ်) ဆင်းရဲသူသည် အနည်းငယ်သောစားစရာကိုသုံးဆောင်ရန် မိမိ၏သားသမီးများနှင့်အတူ စုရုံးသောအခါ အသီးအသီးသောသူတို့အား ကောင်းကင်ခမည်းတော်သည် ကြင်နာစောင့်ရှောက်လျက်နေတော်မူ၏။ ဘုရားသခင်ဂရုမစိုက်ဘဲ နေသောမျက်ရည်တစ်ပေါက်မျှမရှိ။ ကိုယ်တော်သတိမမူသောအပြုံး တစ်ချက်မျှမရှိ။

ကျွန်ုပ်တို့ကသာ ဤအချက်ကိုလုံးလုံးယုံကြည်လျှင်မဖြစ်သင့်သောစိုးရိမ်ကြောင့်ကြခြင်းအပေါင်းတို့သည် ကွယ်ပျောက်သွားကြလိမ့်မည်။ ကျွန်ုပ်တို့၏အသက်တာများသည် ယခုကဲ့သို့စိတ်ပျက်ခြင်းအမှုများနှင့်ပြည့်ဝနေလိမ့်မည်မဟုတ်။ အကြောင်းမူကား စိုးရိမ်ပူပန်ခြင်းအမျိုးစုံတို့အားဖြင့် ရှုပ်ထွေးခြင်းဖြစ်တော်မမူသော (သို့မဟုတ်) သူတို့၏ဝန်ထုပ်များအားဖြင့် လွှမ်းမိုးသွားတော်မမူသော ဘုရားသခင်၏ လက်တော်ထဲ၌ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အရာခပ်သိမ်းတို့သည် တည်ရှိနေကြ၏။ ထိုအခါကျွန်ုပ်တို့သည် ဝိညာဉ်ငြိမ်သက်ခြင်းအခွင့်ကို ခံစားရကြလိမ့်မည်။ အများသောသူတို့သည် ကြာမြင့်စွာ ထိုအခွင့်အရေးကိုမရရှိဘဲနေခဲ့ကြပြီ။

ကမ္ဘာမြေကြီး၏နှစ်သက်ဖွယ်သဓာ လှပတင့်တယ်ခြင်းအကြောင်းကို သင်၏အာရုံငါးပါးအားဖြင့်သိရှိရသောအခါ နောင်ကာလ၌ ဖြစ်ပေါ်



လာမည့်အပြစ်ကြောင့် ယိုယွင်းပျက်စီးခြင်းနှင့်သေခြင်းတို့သည်မရှိရာ။

၎င်းပြင် သဘာဝမျက်နှာပြင်ပေါ်တွင် ကျိန်ခြင်းအရိပ်အရောင်များကိုမတွေ့ ရတော့ချေ။ ကယ်တင်ခြင်းခံရမည့်သူတို့နေစရာအရပ်ကို စိတ်ကူးဖြင့် တွေးကြည့်ပါ။ သင်၏စိတ်ထဲ၌ အကောင်းဆုံးတွေးနိုင်သည်ထက် ထိုအရပ်၏ဘုန်းစည်းစိမ်သည် သာ၍ခမ်းနားထွန်းတောက်လိမ့်မည်။ သဘာဝတွင် ဘုရားသခင်ပေးတော်မူသည့်အမျိုးမျိုးသောလက်ဆောင် များ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်အလင်းကိုအမှိန်ဆုံး အခြေအနေ၌သာမြင်ရကြသေး၏။ ကျမ်းစာ၌ ဤကဲ့သို့ရေးသားထား ၏။ "ဘုရားသခင်ကိုချစ်သောလူတို့အဖို့အလို့ငှာ ဘုရားသခင်ပြင်ဆင် တော်မူသောအရာတို့ လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး။" (၁ကောရိန်သု ၂း၉)။

လက်ာဆရာနှင့်သဘာဝလေ့လာသူတို့သည် သဘာဝအကြောင်း များစွာရေးသားဖော်ပြထားကြသည်။ သို့ရာတွင် မိမိခမည်းတော်၏ လက်တော်နှင့်ပြုပြင်တော်မူသောအရာများကို မှတ်မိသတိရ၍ ပန်းပွင့် များ၊ သစ်ပင်ကလေးများနှင့်သစ်ပင်ကြီးများတွင် ကိုယ်တော်၏မေတ္တာ တော်ကိုသိမြင်ရကြသောကြောင့် ကမ္ဘာမြေကြီး၏လှပတင့်တယ်ခြင်း၌ အထူးနှစ်သက်စိတ်ဝင်စားခြင်းရှိလျက် ၎င်း၏အကျိုးကိုခံစားရသူသည် ခရစ်ယာန်ဖြစ်သည်။ တောင်နှင့်လွင်ပြင်၊ မြစ်နှင့်ပင်လယ်တို့ကို လူအား ဘုရားသခင်၏မေတ္တာတော်ကိုဖော်ပြသောအရာများကဲ့သို့ သဘောမထား သောသူတစ်ယောက်မျှ၊ ၎င်း၏ထူးခြားခြင်းအဓိပ္ပါယ်ကို လုံးလုံးနှစ် သက်စိတ်ဝင်စားခြင်းမရှိနိုင်။

မိမိကိုယ်တိုင် ကြည့်ရှုစီမံတော်မူသောအရာများအားဖြင့်လည်း ကောင်း၊ စိတ်နှလုံးထဲ၌ပြုပြင်စီမံတော်မူသော မိမိ၏ဝိညာဉ်တော်အား



ဖြင့်လည်းကောင်း ဘုရားသခင်သည် ကျွန်ုပ်တို့အားစကားပြောတော်

မူ၏။ ကျွန်ုပ်တို့၏စိတ်နှလုံးများကသော ဝေဖန်ပိုင်းခြားသိနားလည်
လိုလျှင် ကျွန်ုပ်တို့၏အခြေအနေနှင့်ပတ်ဝန်းကျင်၏အခြေအနေများ၌
လည်းကောင်း၊ ကျွန်ုပ်တို့ပတ်လည်၌ နေ့စဉ်ပြောင်းလဲဖြစ်ပေါ်နေသော
အမှုများ၌လည်းကောင်း အဖိုးထိုက်သောသင်ခန်းစာများကို ကျွန်ုပ်တို့
တွေ့မြင်နိုင်ကြသည်။ ဘုရားသခင်၏စောင့်ရှောက်ပြုစုခြင်းအမှုများကို
စစ်ဆေးလျက် ဆာလံဆရာက “မြေကြီးသည် ထာဝရဘုရား၏
ကျေးဇူးတော်နှင့်ပြည့်ဝလျက်ရှိ၏။” (ဆာလံကျမ်း ၃၃း၅။) “အကြင်
သူသည်ပညာရှိ၏။ ထိုသူသည် ဤအမှုအရာကိုပြင်ဆင်၍ ထာဝရ
ဘုရား၏ကရုဏာကျေးဇူးတော်ကိုနားလည်လိမ့်မည်။” (ဆာလံကျမ်း
၁၀၇း၄၃။) ဟုဖော်ပြထား၏။

ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိ၏နှုတ်ထွက်စကားတော်(သမ္မ
ကျမ်းစာ)ထဲမှတစ်ဆင့် စကားပြောတော်မူ၏။ ဤနေရာ၌ ဘုရားသခင်
၏သဘောတော်၊ ဂုဏ်အင်္ဂါတော်အကြောင်း၊ လူတို့နှင့်မိမိကိုယ်တော်
တိုင် ဆက်သွယ်ပြုလုပ်တော်မူသော အမှုအရာအကြောင်းနှင့်ရွေးနုတ်
ခြင်းအမှုတော်ကြီးအကြောင်းတို့ကို ထင်ထင်ရှားရှား ကျွန်ုပ်တို့အား
ဖော်ပြထားတော်မူ၏။ ဤနေရာ၌ရှေးဘိုးဘေးများ၊ ပရောဖက်များနှင့်
အခြားသန့်ရှင်းသောရှေးလူကြီးများတို့၏ရာဇဝင်ကို ကျွန်ုပ်တို့အား
ထင်ရှားစွာဖွင့်ပြထားတော်မူ၏။ “သူတို့သည် ငါတို့ကဲ့သို့သော
လောကတရား၌ကျင်လည်သောသူ” (ယာကုပ် ၅း၁၇။) များဖြစ်ကြ
၏။ သူတို့သည် ကျွန်ုပ်တို့နည်းတူ အားလျော့စိတ်ပျက်ဖွယ်အမှုများကို
မည်ကဲ့သို့ကြိုးစားတိုက်လှန်ခဲ့ကြ၍ ကျွန်ုပ်တို့ခံရသည်နည်းတူ စုံစမ်း
သွေးဆောင်ခြင်းကို မည်ကဲ့သို့ခံရလျက် ဆုံးရှုံးခဲ့ကြသော်လည်း ရဲရင့်သော



စိတ်ရှိလာပြန်လျက် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အောင်မြင်

လာကြကြောင်းကို ကျွန်ုပ်တို့သိမြင်ရကြသည်။ ၎င်းပြင် ထိုသို့သိမြင်လာရကြသဖြင့် ကျွန်ုပ်တို့သည်ဖြောင့်မတ်ခြင်းတရားကိုရရှိရန် ကြိုးစားအားထုတ်ကြရာတွင် ရဲရင့်ခြင်းနှင့်ပြည့်စုံလာကြသည်။ သူတို့အားတွေ့ကြုံစေတော်မူခဲ့သောအဖိုးတန်ဗဟုသုတများအကြောင်း၊ သူတို့ခံစားရမည့်အလင်းတရား၊ မေတ္တာနှင့်ကောင်းချီးမင်္ဂလာများအကြောင်း၊ သူတို့အားချပေးသောဆုကျေးဇူးအားဖြင့် သူတို့ပြုလုပ်ခဲ့သောအလုပ်အကြောင်းတို့ကို ကျွန်ုပ်တို့ဖတ်ရကြသောအခါ သူတို့ကိုနှိုးဆော်တိုက်တွန်းသောသဘောသည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ သန့်ရှင်းသောတုပြိုင်ခြင်းသဘောတည်းဟူသောမီးလျှံကို တောက်လောင်စေလျက် အကျင့်တွင်သူတို့ကဲ့သို့ဖြစ်လိုသောဆန္ဒ၊ သူတို့နည်းတူ ဘုရားသခင်နှင့်အတူသွားလာလိုသောဆန္ဒကိုဖြစ်ပေါ်လာစေ၏။

သခင်ယေရှုက ဓမ္မဟောင်းကျမ်းနှင့်ပတ်သက်၍ "ထိုကျမ်းစာပင်ငါ၏သက်သေဖြစ်၏" ဟုမိန့်တော်မူရာ၌၊ (ယောဟန် ၅း၃၉)။ ဓမ္မသစ်ကျမ်းက ကိုယ်တော်၏အကြောင်းကို မည်မျှလောက်သာ၍မှန်ကန်စွာသက်သေခံလိမ့်မည်နည်း။ ကျွန်ုပ်တို့သည် ထာဝရအသက်ကိုရအံ့သောငှာ အာရုံစူးစိုက်ကာ မျှော်လင့်နေကြသောရွေးနုတ်ရှင်ကား၊ ထိုကျမ်းများ၌သက်သေခံထားသော ကိုယ်တော်ပင်ဖြစ်တော်မူ၏။ ကျမ်းစာတစ်အုပ်လုံးက ကိုယ်တော်၏အကြောင်းသက်သေခံသည်မှာမှန်ပါသည်။ "ဖန်ဆင်းတော်မူခြင်းနှင့်ကင်းသောအရာတစ်စုံတစ်ခုမျှမရှိ" (ယောဟန် ၁း၃)။ သောကြောင့် ဖန်ဆင်းခြင်းကြောင်းရေးမှတ်ထားသောပထမမှတ်တမ်းမှစ၍ "ငါသည်အလျင်အမြန်လာမည်" (ဗျာ ၂၂း၁၂။)ဟူသော အဆုံးသတ်ကတိတော်တိုင်အောင် ကျွန်ုပ်တို့သည်



ကိုယ်တော်၏အလုပ်အကိုင်များအကြောင်းကိုဖတ်ရ၍ ကိုယ်တော်၏

စကားသံတော်ကိုကြားနေကြရသည်။ သင်သည် ကယ်တင်ရှင်နှင့် အကျွမ်းဝင်လာလိုလျှင် သမ္မာကျမ်းစာတော်မြတ်ကို သေချာစွာ လေ့ကျက်ပါ။

စိတ်နှလုံးတစ်ခုလုံးကို ဘုရားသခင်၏နှုတ်ထွက်စကားတော်နှင့် ပြည့်ပါစေ။ ၎င်းသည်ပြင်းထန်သောသင်၏ငတ်မွတ်ခြင်းကို ပြေစေသော အသက်ရေဖြစ်၏။ ၎င်းသည်ကောင်းကင်မှလာသောအသက်မုန့်ဖြစ်၏။ သခင်ယေရှုက၊ "လူသား၏အသားကိုမစား၊ အသွေးကိုမသောက်လျှင် သင်တို့၌အသက်မရှိ" (ယောဟန် ၆း၅၃)ဟုမိန့်တော်မူ၏။ တစ်ဖန် ကိုယ်တော်က မိမိကိုယ်တိုင်အကြောင်းနှင့်ပတ်သက်၍ "ငါပြောသော စကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။" (ယော ၆း၆၃)။ ဟုရှင်းလင်းစွာဖော်ပြတော်မူ၏။ ကျွန်ုပ်တို့၏ကိုယ်ကာယသည် ကျွန်ုပ် တို့စားသောက်သောအာဟာရမှဖြစ်ပေါ်လာ၏။ ၎င်းပြင် ကာယနှင့် ဆိုင်သောမူရေးကိစ္စနည်းတူ ဝိညာဉ်ရေးကိစ္စတွင်လည်းဖြစ်ပေသည်။ ကျွန်ုပ်တို့ဆင်ခြင်အောက်မေ့သောအရာအပေါ်၌အမှီပြု၍ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးသည် အစွမ်းသတ္တိနှင့်ခွန်အားကိုရရှိလိမ့်မည်။

ရွေးနုတ်ခြင်းအကြောင်းသည် ကောင်းကင်တမန်များစေ့စေ့ကြည့် ရှုနားလည်လိုသောအချက်တစ်ခုဖြစ်သည်။ ၎င်းသည် မကုန်ဆုံးနိုင်သော ထာဝရကာလအဆက်ဆက် ရွေးနုတ်ခြင်းခံရသူတို့သိကျွမ်းနားလည် သောအချက်နှင့် သီဆိုကြွေးကြော်နေသောအကြောင်းအရာဖြစ်လိမ့်မည်။ ၎င်းအကြောင်းကို ယခုသေချာစွာဆင်ခြင်လေ့လာဖို့မသင့်လျော်သလော။ သခင်ယေရှု၏ကရုဏာတော်နှင့်မေတ္တာတော်၊ ၎င်းပြင် ကျွန်ုပ်တို့ အတွက် ပြုတော်မူသောအသက်စွန့်ခြင်းအမှုကို လေးနက်ကြည်ညိုမြတ်



နိုးစွာဖြင့် ဆင်ခြင်သတိရဖို့သင့်ပေသည်။ ကျွန်ုပ်တို့ကိုရွေးနုတ်တော်မူ၍

ကြားဖျန်ဖြေမှုကိုပြုနေတော်မူသောသူ၏သဘောတော်ကို ကျွန်ုပ်တို့သည် စိတ်ထဲ၌စွဲမြဲစွာမှတ်သားလျက်နေရကြမည်။ မိမိ၏လူတို့ကို အပြစ်မှကယ်နုတ်ရန် ကြွလာတော်မူသောအရှင်၏အမှုတော်ကို ကျွန်ုပ်တို့သည် ဆင်ခြင်အောက်မေ့လျက်နေရကြမည်။ ကျွန်ုပ်တို့သည် ကောင်းကင်နှင့်ဆိုင်သောအကြောင်းအရာကြီးများကို ထိုသို့ကြည့်ရှုဆင်ခြင်ကြသောအခါ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်မေတ္တာသည် သာ၍ခိုင်ခံ့တည်မြဲလာပြီး ကျွန်ုပ်တို့၏ဆုတောင်းချက်များသည် ယုံကြည်ခြင်း၊ ချစ်ခြင်းတို့နှင့် သာ၍ရောနှောနေရမည်ဖြစ်သောကြောင့် ၎င်းတို့ကို ဘုရားသခင်သည် သာ၍လက်ခံတော်မူလိမ့်မည်။ ၎င်းတို့သည်သိသာထင်ရှား၍ စိတ်အားတက်ဖွယ်ဖြစ်လိမ့်မည်။ သခင်ယေရှု၌သာ၍ယုံကြည်ကိုးစားခြင်းနှင့် ကိုယ်တော်အားဖြင့် ဘုရားသခင်ထံချဉ်းကပ်သောသူတို့ကိုကယ်တင်ခြင်းငှာ အဆုံးတိုင်အောင်တတ်စွမ်းနိုင်တော်မူသော ကိုယ်တော်၏ဘုန်းတော်၌ နေ့စဉ်ကိုယ်တိုင်ခံစားရသောဗဟုသုတကိုရရှိကြလိမ့်မည်။

ကျွန်ုပ်တို့သည်ကယ်တင်ရှင်၏စုံလင်ခြင်းအကြောင်းများကို ဆင်ခြင်အောက်မေ့ကြသောအခါ ကိုယ်တော်၏သန့်ရှင်းသောပုံသဏ္ဍာန်မျိုးတွင် လုံးလုံးအသစ်ပြုပြင်ခြင်းခံရဖို့ အလိုရှိလာကြလိမ့်မည်။ ကျွန်ုပ်တို့ကြည်ညိုကိုးကွယ်သောအရှင်နှင့်တူညီလာရန် ဝိညာဉ်၏ငတ်မွတ်ဆာလောင်ခြင်းရှိလာလိမ့်မည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏အကြောင်းကို သာ၍ဆင်ခြင်စဉ်းစားလေ ကျွန်ုပ်တို့သည် ကိုယ်တော်၏အကြောင်းကို သူတစ်ပါးတို့အား သာ၍ပြောပြလျက် လောကအားကိုယ်တော်၏အကြောင်းကို သာ၍ဖော်ပြလေဖြစ်၏။

မဟုတ်။ ရိုးရိုးလူများအတွက်စီမံကြံစည်ထားတော်မူ၏။ ကယ်တင်ခြင်းအတွက်လိုအပ်သောသမ္မာတရားကြီးများသည် နေမွန်းတည့်အချိန်ကဲ့သို့ထင်ရှားကြသည်။ ၎င်းပြင် ထင်ရှားစွာဖော်ပြထားသော ဘုရားသခင်၏အလိုတော်အစား မိမိဝေဖန်ချက်ကိုသာ လိုက်နာသောသူတို့မှလွဲ၍ မည်သူမဆို မှားယွင်း၍ လမ်းလွဲသွားလိမ့်မည်မဟုတ်။

ကျမ်းစာက မည်ကဲ့သို့သွန်သင်သည့်အကြောင်း လူတစ်စုံတစ်ယောက်၏သက်သေခံချက်ကို ကျွန်ုပ်တို့သည်မယူအပ်ဘဲ မိမိတို့ကိုယ်တိုင်သိရှိရန် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို လေ့ကျက်ရကြမည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင် စဉ်းစားဆင်ခြင်ရမည့်အမှုကို အခြားသူတို့အားပြုလုပ်ခိုင်းလျှင် ကျွန်ုပ်တို့၏ခွန်အားသတ္တိများသည် ချို့တဲ့၍အရည်အချင်းများသည်ကျုံ့သွားလိမ့်မည်။ များစွာစိတ်လန်းလာစေဖို့သင့်သောအကြောင်းအရာကြီးများကို လေ့လာမှုချွတ်ယွင်းခြင်းအားဖြင့်ဘုရားသခင်၏နှုတ်ထွက်စကားတော်တွင်ရှိသည့်လေးနက်သောအနက်အဓိပ္ပါယ်ကိုဆွဲထုတ်နိုင်သောအစွမ်းသတ္တိအား ယုတ်လျော့သွားစေလောက်အောင်စိတ်မြင့်မြတ်သောသတ္တိများသည် သေးသိမ်သွားလိမ့်မည်။ ကျမ်းချက်တစ်ခုနှင့်တစ်ခု၊ ဝိညာဉ်ရေးနှင့်ဆိုင်သောအကြောင်းအရာ တစ်ချက်နှင့်တစ်ချက်နှိုင်းယှဉ်လျက် ကျမ်းစာတော်မြတ်၏အကြောင်းအရာများတွင်တစ်ခုနှင့်တစ်ခုဆက်သွယ်မှုတို့ကို စုံစမ်းရှာဖွေရာတွင် စိတ်ကိုအသုံးပြုလျှင် ၎င်းသည် ကျယ်ဝန်းလာလိမ့်မည်။

ကျမ်းစာကိုလေ့ကျက်ခြင်းထက် အဘယ်အရာမျှဝေဖန်ပိုင်းခြားတတ်သောဉာဏ်ကိုမတိုးပွားစေပါ။ ကျမ်းစာတော်မြတ်၏ကျယ်ဝန်း၍ဂုဏ်အသရေတိုးတက်စေသောသမ္မာတရားများလောက် အဘယ်စာအုပ်



မျှဆင်ခြင်ဉာဏ်ကိုမြှင့်တင်ပေး၍ ဉာဏ်စွမ်းများကိုအားဖြည့်စေရန်

တန်ခိုးနှင့်မပြည့်စုံကြချေ။ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုလေ့ကျက်
သင့်သည်အတိုင်း လေ့ကျက်ကြလျှင် လူတို့၌ယခုကာလတွင်တွေ့နိုင်
ခဲသည့်အမြင်ကျယ်သောစိတ်၊ မင့်မြတ်သောအကျင့်၊ ခိုင်ခံ့တည်မြဲသော
ရည်ရွယ်ချက်များနှင့်ပြည့်စုံကြလိမ့်မည်။

သို့ရာတွင် ကျမ်းစာကိုအလျင်အမြန်ဖတ်ရှုခြင်းအားဖြင့် အနည်း
ငယ်သာအကျိုးခံစားရသည်။ တစ်စုံတစ်ယောက်သည် ကျမ်းစာတစ်
အုပ်လုံးကိုကုန်အောင်ဖတ်နိုင်လိမ့်မည်။ သို့ရာတွင် သူသည် ၎င်း၏
တင့်တယ်ခြင်းကိုမမြင် (သို့မဟုတ်) ၎င်း၏နက်နဲလျှို့ဝှက်သောအဓိပ္ပါယ်
တို့ကိုမသိနားမလည်ချေ။ ကျမ်းချက်တစ်ချက်၏ အနက်အဓိပ္ပါယ်သည်
စိတ်ထဲ၌ထင်ရှားရှင်းလင်းလာ၍ ကယ်တင်ခြင်းအကြံတော်နှင့် ၎င်း၏
ဆက်သွယ်မှုသည် ထင်ရှားသိသာလာသည်တိုင်အောင် ၎င်းကျမ်းချက်
ကိုလေ့ကျက်ဖတ်ရှုခြင်းသည် သေချာသောရည်ရွယ်ချက်မရှိ။ တကယ်ပင်
သွန်သင်ဩဝါဒပေးခြင်းကိုဖတ်သွားခြင်းထက် သာ၍အကျိုးရှိပေသည်။
သင်၏ကျမ်းစာအုပ်ကို သင်နှင့်အတူတကွရှိပါစေ။ ၎င်းပြင် သင်၌
အခွင့်သာသောအခါဖတ်ကြည့်ပါ။ ကျမ်းချက်ကိုသင်၏စိတ်ထဲ၌ စွဲမြဲ
စွာမှတ်ထားပါ။ သင်သည် လမ်းလျှောက်သွားနေစဉ်ပင် ကျမ်းချက်
တစ်ချက်ကိုဖတ်၍ ၎င်းအကြောင်းကို ဆင်ခြင်တွေးတောနိုင်သည်။
ထိုနည်းအားဖြင့် ၎င်းကိုသင်၏စိတ်ထဲ၌စွဲမှတ်နိုင်၏။

ကျွန်ုပ်တို့သည် စိတ်ပါစွာဂရုစိုက်ခြင်း ၊ဆုတောင်းခြင်းမရှိဘဲ
လေ့ကျက်လျှင် ပညာကိုမရရှိနိုင်။ သမ္မာကျမ်းစာ၏အချို့အပိုင်းများ
သည် အယူအဆမမှားစေနိုင်လောက်အောင် လွယ်ကူလွန်းလှပေသည်။
သို့ရာတွင် ရုတ်တရက်ကြည့်ရှုလိုက်ရုံဖြင့် အဓိပ္ပါယ်မပေါ်လွင်နိုင်သေး



သောအခြားအချက်များရှိသေးသည်။ ကျမ်းစာတစ်ချက်ကို အခြား

ကျမ်းစာတစ်ချက်နှင့်နှိုင်းယှဉ်ကြည့်ရမည်။ သေသေချာချာစစ်ဆေး ရှာဖွေစူးစမ်း၍ ဆုတောင်းခြင်းနှင့်ပြန်စဉ်းစားဆင်ခြင်ရမည်။ ဤကဲ့သို့ လေ့ကျက်ဖတ်ရှုခြင်းသည် ပြန်၍အကျိုးများစွာဖြစ်ပေါ်လာစေလိမ့်မည်။ မြေကြီးမျက်နှာပြင်အောက်၌ ကွယ်ဝှက်နေသောအဖိုးတန်သတ္တုများ၏ အကြောင်းများကို သတ္တုတွင်းတူးသူသည် တွေ့ရှိရသည်နည်းတူ ဘုရားသခင်၏နှုတ်ထွက်ကျမ်းစာကို ဝှက်ထားသောဘဏ္ဍာကဲ့သို့ကြိုးစား၍ ရှာဖွေစူးစမ်းသောသူသည် သတိနှင့်မရှာသောသူတို့ထံမှ ကွယ်ဝှက်နေသည့်အဖိုးအများဆုံးထိုက်တန်သောသမ္မာတရားများကိုတွေ့ရှိရလိမ့်မည်။ ဝိညာဉ်တော်တိုက်တွန်းနှိုးဆော်ခြင်းဖြင့် ရေးသားထားသောနှုတ်ထွက်စကားများကို စိတ်နှလုံးထဲ၌ဆင်ခြင်အောက်မေ့လျှင် ၎င်းတို့သည် အသက်စမ်းရေတွင်းမှ စီးဆင်းသောစမ်းရေနှင့်တူကြလိမ့်မည်။

ဆုမတောင်းဘဲဘယ်အခါမျှ ကျမ်းစာကိုဖတ်ရှုလေ့ကျက်ခြင်း မပြုရ။ ကျမ်းစာအုပ်ကိုမဖွင့်မီ သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်လမ်းပြခြင်းတန်ခိုးကိုရရှိရန် ကျွန်ုပ်တို့သည် ဆုတောင်းရကြမည်။ နာသနေလသည် သခင်ယေရှုထံလာသောအခါ ကယ်တင်ရှင်က၊ "လှည့်ဖြားခြင်းအပြစ်နှင့်ကင်းလွတ်သောဣသရေလလူစစ်ကိုကြည့်ရှုလော့" ဟုမိန့်တော်မူ၏။ နာသနေလကလည်း၊ "ကိုယ်တော်သည်အဘယ်သို့သောအားဖြင့် အကျွန်ုပ်ကိုသိတော်မူသနည်း" ဟုပြန်၍မေးလျှောက်သော်၊ သခင်ယေရှုက၊ "ဖိလိပ္ပုခေါ်သည် သင့်ကိုမခေါ်မီ သင်သည် သင်္ဘောသဖန်းပင်အောက်၌ရှိသည်ကိုမြင်သည်" ဟုပြန်၍မိန့်တော်မူ၏ (ယောဟန် ၁း၄၇၊၄၈)။ သမ္မာတရားသည် အဘယ်အရာဖြစ်သည်ကိုသိနားလည်မည်အကြောင်း အလင်းတရားကိုရရှိရန် ကျွန်ုပ်တို့သည် သခင်ယေရှုကို



ရှာကြလျှင် ကိုယ်တော်သည်ဆိတ်ကွယ်ရာအရပ်၌ ဆုတောင်းသော

ကျွန်ုပ်တို့ကိုလည်း မြင်တော်မူလိမ့်မည်။ အလင်းနှင့်ပြည့်ဝသော လောကမှကောင်းကင်တမန်တို့သည် ဘုရားသခင်၏လမ်းပြစောင့်ရှောက်ခြင်းကို နှိမ့်ချသောစိတ်နှလုံးဖြင့်ရှာဖွေသောသူတို့နှင့်အတူရှိလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကယ်တင်ရှင်ကိုချီးမြှောက်၍ ဘုန်းတော်ကိုထင်ရှားစေတော်မူ၏။ သခင်ခရစ်တော်ကိုလည်းကောင်း၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းအဖြစ်၌ သန့်စင်ခြင်းကိုလည်းကောင်း၊ ကိုယ်တော်အားဖြင့် ကျွန်ုပ်တို့ရရှိသောကယ်တင်ခြင်းအမှုကြီးကိုလည်းကောင်း ဖော်ပြခြင်းသည် ၎င်း၏အလုပ်ဖြစ်သည်။ သခင်ယေရှုက၊ "ထိုသူသည် ငါနှင့်ဆိုင်သောအရာကိုယူ၍ သင်တို့အားဖော်ပြလိမ့်မည်" ဟုမိန့်တော်မူ၏။ (ယောဟန် ၁၆း၁၄)။ သမ္မာတရား၏ဝိညာဉ်သာလျှင် ဘုရားသခင်၏သမ္မာတရားကိုအကျိုးဖြစ်ထွန်းစေအောင် သွန်သင်တော်မူသောဆရာဖြစ်သည်။ ဘုရားသခင်သည် မိမိ၏သားတော်ကိုလူသတ္တဝါတို့အတွက်စွန့်တော်မူ၍ မိမိ၏ဝိညာဉ်တော်အား လူတို့၏ဆရာနှင့်အစဉ်အဆက်လမ်းပြသူအဖြစ် ခန့်အပ်ထားတော်မူသည့်အတွက်ကြောင့် ဘုရားသခင်သည် လူသတ္တဝါတို့အား မည်မျှလောက်ဂရုစိုက်အရေးယူ၍ ရတော်မူမည်နည်း။

---ooo---

ကျွန်ုပ်ဘုရား။
ကျွန်ုပ်ကိုမြှောက်ထားသော၊
ကပ်တိုင်ဖြစ်ငြား။
စဉ်လျှောက်သီချင်းနှင့်သာ၊
ကိုယ်တော်နှင့်နီးစေပါ။
ကိုယ်တော်နှင့်နီးစေပါ၊
ကျွန်ုပ်ဘုရား။

နေရောင်ကွယ်ဆုံး။
ညဥ့်ချိန်ရောက်ငြားသော်လည်း၊
ကျောက်ကိုခေါင်းအုံး။
အိပ်မက်ထဲမှာလိုရာ၊
ကိုယ်တော်နှင့်နီးစေပါ။
ကိုယ်တော်နှင့်နီးစေပါ၊
ကျွန်ုပ်ဘုရား။

ကောင်းကင်သို့ထောင်ထားသော၊
လှေကားပေါ်လာ။
ပေးတော်မူသမျှသည်၊
မြတ်ကရုဏာ။
ကောင်းကင်သားများခေါ်ရာ၊
ကိုယ်တော်နှင့်နီးစေပါ။
ကိုယ်တော်နှင့်နီးစေပါ၊
ကျွန်ုပ်ဘုရား။

ထိုနောက်နိုးလာပြန်က၊
ချီးမွမ်းပါသည်။
ဝမ်းနည်းကျောက်များထဲမှ၊
ဗေသလတည်း။
ဒုက္ခဆင်းရဲနှင့်သာ၊
ကိုယ်တော်နှင့်နီးစေပါ။
ကိုယ်တော်နှင့်နီးစေပါ၊
ကျွန်ုပ်ဘုရား။

ဝမ်းမြောက်သောတောင်ပံဖြင့်၊
ကောင်းကင်ဖြတ်လျက်။
နေ၊လ၊ကြယ်များကျော်လျက်၊
ထက်သို့ပျံတက်။
စဉ်လျှောက်ဆုပတ္တနာ၊
ကိုယ်တော်နှင့်နီးစေပါ။
ကိုယ်တော်နှင့်နီးစေပါ၊
ကျွန်ုပ်ဘုရား။

သဘာဝနှင့်ဖေါ်ပြခြင်းအားဖြင့်လည်းကောင်း၊ မိမိကိုယ်တိုင် စီမံချပေးတော်မူသောအရာများအားဖြင့်လည်းကောင်း၊ မိမိ၏ဝိညာဉ် တော်ပြုပြင်တော်မူခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်သည် ကျွန်ုပ်တို့အားစကားပြောတော်မူ၏။ သို့ရာတွင် ဤအမှုတို့ဖြင့် မလုံ လောက်သေးပါ။ ကျွန်ုပ်တို့ကလည်း မိမိတို့၏စိတ်နှလုံးထဲ၌ရှိသော အရာများကို ဘုရားသခင်အားဖွင့်ပြရကြမည်။ ဝိညာဉ်တော်အသက်နှင့် အင်အားသတ္တိကိုရရှိရန် ကျွန်ုပ်တို့ကလည်း မိမိတို့၏ကောင်းကင်ခမည်း တော်နှင့်တကယ်ပင်ဆက်သွယ်မှုရှိရမည်။ ကျွန်ုပ်တို့၏စိတ်များသည် ဘုရားသခင်ကိုစွဲလမ်းနိုင်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှု တော်တို့ကိုလည်းကောင်း၊ ကရုဏာတော်တို့ကိုလည်းကောင်း၊ ကောင်း ချီးမင်္ဂလာများကိုလည်းကောင်း ဆင်ခြင်အောက်မေ့နိုင်ကြသည်။ သို့သော် ဤအမှုတို့သည် ဘုရားသခင်နှင့်ပေါင်းသင်းဆက်ဆံခြင်းဖြစ်သည်ဟု လုံးလုံးအဓိပ္ပါယ်မသက်ဝင်ချေ။ ဘုရားသခင်နှင့်ပေါင်းသင်းဆက်ဆံ ခြင်းအခွင့်ရရှိဖို့ရန် ကျွန်ုပ်တို့သည် မိမိတို့၏အသက်တာတွင် တကယ်ပင် ဖြစ်ပျက်သောအကြောင်းအရာအချို့တို့ကို ဘုရားသခင်အားပြောပြရ ကြမည်။

ဆုတောင်းခြင်းသည် စိတ်နှလုံးထဲ၌ရှိသောအရာတို့ကို မိတ်ဆွေ တစ်ဦးအားဖွင့်ပြသကဲ့သို့ ဘုရားသခင်အား ဖွင့်ပြခြင်းဖြစ်၏။ ကျွန်ုပ် တို့သည် မည်ကဲ့သို့သောသူများဖြစ်ကြသည်ကို ဘုရားသခင်အားသိရှိ တော်မူစေဖို့မလိုပါ။ ဘုရားသခင်ကိုလက်ခံနိုင်မည်အကြောင်း ကျွန်ုပ် တို့ကိုယ်ကို ပြုပြင်ပေးတော်မူဖို့သာဖြစ်သည်။ ဆုတောင်းခြင်းသည်



ဘုရားသခင်ကို ကျွန်ုပ်တို့ထံသို့ယူဆောင်ခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့ကို

ဘုရားသခင်ထံတော်သို့ပို့ဆောင်ခြင်းဖြစ်၏။

သခင်ယေရှုသည် မြေကြီးပေါ်၌ရှိတော်မူစဉ်က မိမိ၏တပည့်တော်များအား မည်ကဲ့သို့ဆုတောင်းရမည်ကို သွန်သင်ပေးတော်မူ၏။ မိမိတို့၌နေ့စဉ်လိုသောအရာများကို ဘုရားသခင်အားဖော်ပြရန်နှင့် မိမိတို့၏စိုးရိမ်ပူပန်ခြင်းရှိသမျှတို့ကို ဘုရားသခင်ပေါ်၌ထားရန် ကိုယ်တော်က သူတို့အားညွှန်ပြတော်မူ၏။ သူတို့၏တောင်းလျှောက်ချက်များကို နားညောင်းတော်မူမည်ဟု သူတို့အားပေးတော်မူသော ကတိတော်သည် ကျွန်ုပ်တို့အတွက်လည်းဖြစ်ပေသည်။

သခင်ယေရှုကိုယ်တော်တိုင်သည် သူတို့နှင့်အတူနေထိုင်တော်မူစဉ်အခါက မကြာခဏဆုတောင်းတော်မူတတ်၏။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် အလုပ်ဝတ္တရားနှင့်စုံစမ်းနှောင့်ယှက်ခြင်းကိုရင်ဆိုင်နိုင်မည်အကြောင်း ခွန်အားအသစ်ကိုချပေးတော်မူရန် မိမိ၏ခမည်းတော်ထံတောင်းလျှောက်လျက် အသနားခံသောသူဖြစ်လာတော်မူရာတွင် ကျွန်ုပ်တို့၌လိုအပ်သောအရာနှင့် အားနည်းခြင်းရှိသည်နည်းတူ ကိုယ်တော်၌လည်း ထပ်တူထပ်မျှရှိတော်မူကြောင်းပြ၏။ ကိုယ်တော်သည် အရာခပ်သိမ်း၌ ကျွန်ုပ်တို့အဖို့ပုံသက်သေဖြစ်တော်မူ၏။ "ကိုယ်တော်သည်ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းကိုခံရသောသူဖြစ်လျက်၊" ကျွန်ုပ်တို့၏အားနည်းခြင်းအမှုများတွင် ကျွန်ုပ်တို့၏အစ်ကိုဖြစ်တော်မူ၏။ သို့ရာတွင် အပြစ်နှင့်ကင်းစင်သောအရှင်ဖြစ်သည်အလျောက် အပြစ်သည် ကိုယ်တော်ထံသို့မချဉ်းကပ်နိုင်။ ကိုယ်တော်သည်အပြစ်နှင့်ပြည့်ဝသောလောကကြီးထဲ၌ ဝိညာဉ်တိုက်လှန်ခြင်းနှင့်ညှဉ်းဆဲနှိပ်စက်ခြင်းတို့ကိုခံရပ်နိုင်၏။ ကိုယ်တော်၏



လူ့ဇာတိအဖြစ်သည် ဆုတောင်းခြင်းကိုလိုသောအရာတစ်ခုနှင့်အခွင့်

အရေးတစ်ခုဖြစ်စေ၏။ ကိုယ်တော်သည် မိမိ၏ခမည်းတော်နှင့်မိတ်သဟာယဖွဲ့ခြင်း၌ စိတ်သက်သာခြင်းနှင့်ဝမ်းမြောက်ခြင်းကိုတွေ့ရှိရ၏။ ၎င်းပြင် လူတို့၏ကယ်တင်ရှင်ဖြစ်တော်မူသောဘုရားသခင့်သားတော်သည် ဆုတောင်းဖို့လိုကြောင်းကိုသိရှိတော်မူလျှင် အားနည်းအပြစ်ရှိ၍ သေတတ်သောသူသည် အစဉ်စိတ်အားကြီးစွာဖြင့်ဆုတောင်းဖို့လိုကြောင်းကို သာ၍သိသင့်သည်မဟုတ်လော။

ကျွန်ုပ်တို့၏ကောင်းကင်ခမည်းတော်သည် ကျွန်ုပ်တို့အား ကောင်းချီးမင်္ဂလာများကိုအပြည့်အစုံချပေးတော်မူရန် စောင့်ဆိုင်းလျက်ရှိတော်မူ၏။ အတိုင်းအတာမရှိသောမေတ္တာတော်၏စမ်းရေတွင်း၌ များစွာရေသောက်ဖို့အမှုသည် ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်သည်။ ကျွန်ုပ်တို့သည် အနည်းငယ်သာဆုတောင်းကြသည်မှာ အဘယ်မျှလောက် အံ့သြဖို့ကောင်းသနည်း။ ဘုရားသခင်၏သားသမီးတို့တွင် အောက်တန်းအကျဆုံးသောသူ၏ရိုးသားစွာဆုတောင်းချက်ကို ဘုရားသခင်သည် နားညောင်းတော်မူရန်အသင့်ရှိ၍ အလိုရှိတော်မူ၏။ သို့ရာတွင် ကျွန်ုပ်တို့ကား မိမိတို့၏လိုသောအရာတို့ကို ဘုရားသခင်အားဖော်ပြနိုင်ရန် စိတ်မပါကြကြောင်းများစွာထင်ရှားပေသည်။ မေတ္တာနှင့်ပြည့်ဝတော်မူသော ဘုရားသခင်၏စိတ်နှလုံးတော်သည် လူတို့အားတသလျက် သူတို့တောင်းနိုင်၊ စဉ်းစားနိုင်သည်ထက်ပိုမို၍ သူတို့အားပေးရန် အသင့်ရှိတော်မူသော်လည်း သူတို့သည် အနည်းငယ်သာဆုတောင်းကြ၍ သူတို့၌ အနည်းငယ်သာယုံကြည်ခြင်းရှိသောအခါ စုံစမ်းခြင်းကိုခံနေရကြသည့် သနားစရာကောင်း၍ အားကိုးရာမဲ့ဖြစ်သောလူသတ္တဝါတို့ကို ကောင်းကင်တမန်တို့က မည်ကဲ့သို့ ထင်မှတ်ရကြလိမ့်မည်နည်း။



ကောင်းကင်တမန်တို့သည် ဘုရားသခင်ရှေ့တော်၌ ဦးညွှတ်ချ၍ အထံ

တော်သို့ချဉ်းကပ်ရန်နှစ်သက်ကြသည်။ သူတို့သည် ဘုရားသခင်နှင့် ရင်းနှီးစွာဆက်ဆံပေါင်းသင်းရခြင်းအမှုကို မိမိတို့၏အမြတ်ဆုံးစည်းစိမ်ကဲ့သို့ထင်မှတ်ကြသည်။ သို့သော် ဘုရားသခင်သာလျှင်ပေးနိုင်တော်မူသောအကူအညီကိုများစွာလိုလားကြသည့် လောက၏သားသမီးတို့ကား ဘုရားသခင်၏ဝိညာဉ်တော်အလင်းမရရှိ။ ဘုရားသခင်ကိုယ်တော်တိုင်မိမိနှင့်အတူရှိခြင်းကို အလိုမရှိကြဘဲသွားလာဖို့ရန် စိတ်ကျေနပ်ဟန်ရှိကြပေသည်။

ဆုတောင်းဖို့သတိမပြုတတ်သောသူတို့၏ပတ်ဝန်းကျင်တွင် နတ်ဆိုး၏မှောင်ရိပ်သည်လွှမ်းမိုးလျက်ရှိတတ်၏။ ရန်သူကလေသံဖြင့်ပြောဆိုသွေးဆောင်နေခြင်းဖြင့် သူတို့သည် အပြစ်သွေးဆောင်ရာသို့လိုက်ပါသွားတတ်ကြသည်။ ဆုတောင်းဖို့ရန်ဘုရားသခင်စီမံထားသောအခွင့်အရေးကို သူတို့သည် အသုံးမချသောကြောင့် ဤကဲ့သို့ဖြစ်ရကြ၏။ ဆုတောင်းခြင်းသည် ယုံကြည်သောသူတို့၏လက်ထဲ၌ ဘုရားသခင်၏အတိုင်းအတာမရှိသောဥစ္စာဘဏ္ဍာများအား သိုထားရာကောင်းကင်ဘဏ္ဍာတိုက်ကိုဖွင့်ရန်သော့ဖြစ်သောကြောင့် ဘုရားသခင်၏သားသမီးတို့သည် အဘယ်ကြောင့်ဆုတောင်းဖို့ရန် စိတ်ပါဝင်စားခြင်းမရှိကြသနည်း။ မခြားမလပ်ဆုတောင်းခြင်း၊ သည်းခံလျက်နှင့်စောင့်နေခြင်းမရှိလျှင် ကျွန်ုပ်တို့သည်တိုး၍သတိမပြုဘဲပေါ့လျော့လျက် ဖြောင့်မှန်သောလမ်းမှ လွဲသွားနေကြလိမ့်မည်။ ကျွန်ုပ်တို့သည် စိတ်အားကြီးစွာဖြင့်တောင်းလျှောက်ခြင်း၊ ယုံကြည်ခြင်းအားဖြင့်သွေးဆောင်ခြင်းကိုတားဆီးရန် ကျေးဇူးတော်နှင့်ခွန်အားကိုမရရှိနိုင်အောင် ရန်သူသည် ကျွန်ုပ်တို့အား ကရုဏာတော်ပလ္လင်သို့ချဉ်းကပ်ရာလမ်းကို အစဉ်အမြဲပိတ်ဆို့ထားရန်ကြံစည်နေ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းသံကိုနားညောင်းတော်မူမည်အကြောင်း ကျွန်ုပ်တို့လိုက်နာအပ်သောစည်းကမ်းချက်အချို့ရှိပေသည်။ ပထမဦးဆုံးအချက်တစ်ခုကား၊ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ မစကူညီခြင်းကိုအလိုရှိကြကြောင်းသိနားလည်ရမည်။ ထာဝရဘုရားက၊ "ရေငတ်သောသူအပေါ်မှာ ရေကိုငါသွန်းလောင်း၍ သွေ့ခြောက်သောမြေကိုရေလွှမ်းမိုးစေမည်" ဟုမိန့်တော်မူ၏။ (ဟေရှာယ ၄၄း၃)။ ဖြောင့်မတ်ခြင်းတရားကိုဆာငတ်၍ ဘုရားသခင်ကိုတမ်းတသောသူတို့သည် အမှန်ပင်ဝပြောခြင်းသို့ရောက်ကြလိမ့်မည်။ စိတ်နှလုံးသည် ဝိညာဉ်တော်၏ပြုပြင်ခြင်းတန်ခိုးကိုလက်ခံရမည်။ သို့မဟုတ်လျှင် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုမရနိုင်။

ကျွန်ုပ်တို့၌များစွာအကူအညီလိုနေသောအချက်ပင်လျှင် လုံလောက်သောအကြောင်းရင်းဖြစ်၍ ကျွန်ုပ်တို့အတွက် ၎င်းသည် လျှောက်ပတ်သောထောက်ခံချက်ဖြစ်နေ၏။ သို့ရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ဤအရာများကိုချပေးတော်မူစေရန် ထာဝရဘုရားကိုရှာဖွေရကြမည်။ ကိုယ်တော်က၊ "တောင်းကြလော့၊ တောင်းလျှင်ရမည်" (မဿဲ ၇း၇) ဟုမိန့်တော်မူ၏။ ၎င်းပြင် "မိမိ၏သားတော်ရင်းကို မနှမြောဘဲ၊ ငါတို့ရှိသမျှအဖို့အလိုငှာ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း။ " (ရောမ ၈း၃၂)။

ကျွန်ုပ်တို့သည် စိတ်နှလုံးထဲ၌ အပြစ်ကိုငဲ့ကွက်လျှင်၊ သိသာထင်ရှားသောအပြစ်တစ်စုံတစ်ခုကို စွဲမြဲစွာပြုကျင့်နေလျှင် ထာဝရဘုရားသည် ကျွန်ုပ်တို့၏ဆုတောင်းသံကိုနားညောင်းတော်မမူ။ သို့သော်နောင်တရ၍ နှလုံးကြေကွဲသောသူတို့၏ဆုတောင်းချက်ကိုကား အစဉ်



လက်ခံတော်မူ၏။ သိသာထင်ရှားသောအမှားအားလုံးကို ပြင်ပြီးသော

အခါ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းချက်ကို နားညောင်းတော်မူလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်အားထားနိုင်ကြသည်။ ကျွန်ုပ်တို့၏ကောင်းမှုနှင့် ကိုယ်ကျင့်တရားအားဖြင့်ဘယ်အခါမျှ ဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်တို့သည်မျက်နှာရကြလိမ့်မည်မဟုတ်။ သခင်ယေရှု၏အဖိုးထိုက်တန်သောအမှုအားဖြင့် ကျွန်ုပ်တို့ကိုကယ်တင်တော်မူလိမ့်မည်။ ကိုယ်တော်၏အသွေးတော်သည် ကျွန်ုပ်တို့ကယ်တင်တော်မူလိမ့်မည်။ ကိုယ်တော်၏အသွေးတော်သည် ကျွန်ုပ်တို့ကိုဆေးကြောတော်မူလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့ကိုလက်ခံမည်အကြောင်းလိုက်နာပြုလုပ်စရာအလုပ်တစ်ခု ကျွန်ုပ်တို့၌ရှိပေသည်။

စိတ်အားကြီးစွာဆုတောင်းခြင်းတွင် အခြားအရည်အချင်းတစ်ခုကား ယုံကြည်ခြင်းဖြစ်သည်။ “ဘုရားသခင်အထံတော်သို့ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုလည်းကောင်း ယုံကြည ရမည်။” (ဟေဗြဲ ၁၁း၆)။ သခင်ယေရှုက မိမိ၏တပည့်တော်တို့အား၊ “သင်တို့သည်ဆုကျေးဇူးကိုခံရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်းသမျှတို့ကိုရကြလိမ့်မည်” ဟုမိန့်တော်မူ၏။ (မာကု ၁၁း၂၄)။ ကျွန်ုပ်တို့သည် ကိုယ်တော်၏စကားအတိုင်းပြုကြသလော။

ကတိခံဝန်ချက်သည် ကျယ်ဝန်း၍ အကန့်အသတ်မရှိချေ။ ၎င်းပြင် ကတိထားတော်မူသောအရှင်သည် သစ္စာနှင့်ပြည့်စုံတော်မူ၏။ ကျွန်ုပ်တို့သည် ဆုတောင်းသောအချိန်၌ တောင်းသည်အတိုင်းမရဘဲ ရှိနေကြသောအခါ ထာဝရဘုရားသည် နားညောင်းတော်မူ၍ ကျွန်ုပ်တို့တောင်းဆိုချက်ကိုလိုက်လျောတော်မူမည်ဟု ကျွန်ုပ်တို့ကယုံကြည်လျက်



ရှိနေရကြမည်။ ကျွန်ုပ်တို့သည်အလွန်မှားယွင်းလျက် အမြင်ကျဉ်းတတ်

ကြသဖြင့် ကျွန်ုပ်တို့အဖို့ကောင်းချီးမင်္ဂလာမဖြစ်နိုင်သောအရာကို တစ်ခါတစ်ရံတောင်းတတ်ကြသည်။ ထိုအခါ ကျွန်ုပ်တို့၏ကောင်းကင်ခမည်းတော်သည် ကျွန်ုပ်တို့၏ကောင်းကျိုးအလို့ငှာ အမြတ်ဆုံးသောအရာကိုမေတ္တာနှင့်ချပေးတော်မူသည်။ ၎င်းတို့ကား၊ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှရရှိသောအလင်းတရားအားဖြင့် အရာခပ်သိမ်းတို့ကို မိမိတို့၏အခြေအနေမှန်အတိုင်းမြင်ရကြလျှင် မိမိတို့ကိုယ်တိုင်ပင် အလိုရှိကြမည့်အရာများဖြစ်သတည်း။ ကျွန်ုပ်တို့၏ဆုတောင်းချက်များ အတိုင်းမရရှိသေးဟုထင်ကြလျှင် ကျွန်ုပ်တို့သည် ကတိတော်ကို ဆက်လက်စွဲကိုင်ထားရကြမည်။ အကြောင်းမူကားဆုတောင်းသံကို နားညောင်းတော်မူသောအချိန်သည် ဧကန်အမှန်ပင်ရောက်လာ၍ ကျွန်ုပ်တို့သည် မိမိတို့၌အလိုဆုံးသောအရာကိုရရှိကြလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့အလိုရှိသည်အတိုင်း ဆုတောင်းချက်ကိုအစဉ်သဖြင့် လိုက်လျောလိမ့်မည်ဟူသောအချက်သည် အထင်အမြင်မှားသာဖြစ်သည်။ ဘုရားသခင်သည် မမှားနိုင်လောက်အောင် အလွန်ထူးကဲစွာပညာဉာဏ်နှင့်ပြည့်စုံတော်မူ၍ ဖြောင့်မှန်စွာကျင့်သောသူတို့အား ကောင်းသောအရာတို့ကို မပေးဘဲကနေနိုင်လောက်အောင် အလွန်ပင်ကောင်းမြတ်တော်မူ၏။ ထို့ကြောင့် သင်၏ဆုတောင်းချက်ကိုချက်ချင်းလိုက်လျောတော်မူသည်ကို မတွေ့ရသော်လည်း ဘုရားသခင်ကိုယုံကြည်အားကိုးရန် စိတ်မပျက်ပါနှင့်။ “တောင်းကြလော့၊ တောင်းလျှင်ရမည်” (မ ၇း၇)။ ဟူသည့် သေချာသောကတိတော်ကိုအားကိုးပါ။

ကျွန်ုပ်တို့သည်ယုံကြည်ခြင်းမရှိသေးဘဲမိမိတို့ကိုယ်တိုင်သေချာစွာမမြင်နိုင်သေးသောအရာရှိသမျှတို့ကို ယုံမှားခြင်း၊ စိုးရိမ်ခြင်းနှင့်



ဆွေးနွေးခြင်း (သို့မဟုတ်) ဖြေရှင်းခြင်းပြုကြလျှင် ၎င်းသည် သာ၍

ရှုပ်ထွေးခက်ခဲလာလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် မိမိတို့၌ တကယ်ပင်ဖြစ်ပျက်နေသည်အတိုင်း မိမိတို့၏အားကိုးရာမဲ့ဖြစ်၍ အခြားသူတို့ကိုမှီခိုနေရသည့်အဖြစ်ကိုသိနားလည်လျက် ဘုရားသခင်အထံတော်သို့ချဉ်းကပ်ပြီးနောက် ထာဝရဘုရားသခင်အား ကျွန်ုပ်တို့၌လိုသောအရာများကိုနှိမ့်ချခြင်း၊ ယုံကြည်အားကိုးခြင်းနှင့်ဖေါ်ပြတောင်းပန်လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ကြွေးကြော်သံကိုနားညောင်းနိုင်၍ ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့အလင်းတရားကို ထွန်းတောက်စေတော်မူလိမ့်မည်။ စိတ်ပါစွာဆုတောင်းခြင်းဖြင့် ကျွန်ုပ်တို့သည် အစအဆုံးရှိတော်မူသောအရှင်နှင့်စိတ်သဘောချင်း ဆက်သွယ်ခွင့်ရကြလေသည်။ ကျွန်ုပ်တို့၏ရွေးနုတ်ရှင်သည် ကျွန်ုပ်တို့အပေါ်၌ကြင်နာခြင်း၊ ချစ်ခြင်းနှင့်ငုံ့ကြည့်နေတော်မူသောအချိန်တွင် ကျွန်ုပ်တို့၌ထူးခြားသောအကြောင်းအရာမထင်ရှားသော်လည်း ကိုယ်တော်သည် တကယ်ပင် ထိုသို့ပြုတော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကိုင်တွယ်ခြင်းကိုမသိရကြသော်လည်း ကိုယ်တော်သည် မိမိလက်တော်ကို ကျွန်ုပ်တို့အပေါ်၌ချစ်ခြင်း၊ သနားကြင်နာခြင်းနှင့်တင်ထားလျက်ရှိတော်မူ၏။

ကျွန်ုပ်တို့သည်ဘုရားသခင်ထံတော်မှ ကရုဏာနှင့်ကောင်းချီးမင်္ဂလာကိုတောင်းလျှောက်ရန်ချဉ်းကပ်ကြသောအခါ ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ချစ်တတ်သောသဘော၊ အပြစ်လွှတ်တတ်သောသဘောများရှိရမည်။ ကျွန်ုပ်တို့၌အပြစ်မလွှတ်တတ်သောစိတ်သဘောရှိနေသေးလျှင်



“သူတစ်ပါးသည် အကျွန်ုပ်တို့ကိုပြစ်မှားသောအပြစ်များကို အကျွန်ုပ်

တို့သည်လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူပါ"
(မဿဲ ၆း၁၂။) ဟူ၍ ကျွန်ုပ်တို့သည်ဆုတောင်းနိုင်ကြဦးမည်လော။
ကျွန်ုပ်တို့၏ဆုတောင်းသံကိုနားညောင်းစေဖို့ ကျွန်ုပ်တို့မျှော်လင့်ကြလျှင်
အပြစ်ကိုလည်းလွှတ်ရကြမည်။

မခြားမလပ်ကြိုးစား၍ဆုတောင်းခြင်းအမှုသည်လည်း အကျိုး ခံစားရခြင်း၏အကြောင်းရင်းတစ်ခုဖြစ်၏။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ လည်းကောင်း၊ ကိုယ်တွေ့ဗဟုသုတ၌လည်းကောင်း တိုးပွားလိုလျှင် အစဉ်အမြဲဆုတောင်းရကြမည်။ ကျွန်ုပ်တို့သည် "ဆုတောင်း ခြင်းအမှုကိုအမြဲပြုရကြမည်" (ရောမ ၁၂း၁၂)။ "ဆုတောင်း ခြင်းအမှုကိုအမြဲပြု၍ ကျေးဇူးတော်ကိုချီးမွမ်းလျက် စောင့်ရှောက်ရ ကြမည်။" (ကောလောသဲ ၄း၂)။ ရှင်ပေတရုက၊ "သတိရှိကြလော့။ ဆုတောင်းခြင်းအလိုငှာ စောင့်နေကြလော့" ဟုယုံကြည်သော သူတို့အား ဆုံးမသြဝါဒပေး၏။ (၁ပေတရု ၄း၇)။ ရှင်ပေါလုက၊ "အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းခြင်း ပြုသောအားဖြင့် သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင် အားကြားလျှောက်ကြလော့" ဟုညွှန်ကြားထား၏။ (ဖိလိပ္ပိ ၄း၆။) ရှင်ယုဒက၊ "ချစ်သူတို့၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆုတောင်း မှုကိုပြုလျက် ဘုရားသခင်ကိုချစ်ခြင်းမေတ္တာ၌ ကိုယ်ကိုစောင့်ရှောက် ကြလော့" ဟုဖော်ပြထား၏။ (ယုဒ ၂၀း၂၁။) မခြားမလပ်ဆုတောင်း ခြင်းအမှုသည် လူအား ဘုရားသခင်နှင့်အဆက်မပြတ်ဆက်သွယ်စည်းလုံး စေသဖြင့် ဘုရားသခင်ထံတော်မှအသက်သည် ကျွန်ုပ်တို့၏ကိုယ်ထဲသို့



ဝင်ရောက်၍ ကျွန်ုပ်တို့၏အသက်မှသန့်ရှင်းဖြူစင်ခြင်းသည် ဘုရား

သခင်ထံတော်သို့ရောက်ရှိသွားပြန်သည်။

ဆုတောင်းခြင်းအမှုတွင် ကြိုးစားအားထုတ်ဖို့လိုပေသည်။ သင့်အားအဘယ်ရာကမျှ မတားဆီးမနှောင့်ယှက်ပါစေနှင့်။ သင်၏စိတ်ဝိညာဉ်ကို သခင်ယေရှုနှင့်အမြဲဆက်ဆံနေစေဖို့ရန် တတ်နိုင်သမျှကြိုးစားအားထုတ်ပါ။ ဆုတောင်းခြင်းအမှုကိုပြုလုပ်မည့်နေရာတိုင်းသို့ သွားနိုင်ဖို့ကြိုးစားပါ။ ဘုရားသခင်နှင့်ဆက်ဆံမိတ်သဟာယဖွဲ့ရန် ဇကန်အမှန်ကြိုးစားသောသူတို့သည် ဆုတောင်းစည်းဝေး၌အမြဲရှိကြ၍ မိမိတို့၏တာဝန်ကိုသစ္စာနှင့်ဆောင်ရွက်လျက် မိမိတို့ရနိုင်သောအကျိုးကျေးဇူးများကိုလက်ခံရန် စိတ်အားထက်သန်၍ စိတ်စောလျက်ရှိနေကြသည်ကိုတွေ့မြင်နိုင်သည်။ ကောင်းကင်မှအလင်းရောင်းခြည်ကိုရရှိနိုင်သောနေရာ၌ မိမိတို့ကိုယ်တိုင်ရောက်ရှိနေစေရန် အခွင့်အရေးရှိသမျှကို သူတို့သည်တိုး၍ရှာဖွေကြလိမ့်မည်။

ကျွန်ုပ်တို့သည်အိမ်ထောင်သားများစုရုံး၍ ဆုတောင်းရကြမည်။ ၎င်းပြင်တစ်ဦးတည်း တိတ်ဆိတ်စွာဆုတောင်းခြင်းအမှုကိုလည်း အထူးသဖြင့်မမေ့လျော့သင့်ပေ။ ၎င်းအမှုသည်ဝိညာဉ်အသက်ဖြစ်သည်။ ဆုတောင်းခြင်းအမှုကိုမေ့လျော့အခါ ဝိညာဉ်သည် အသက်ရှင်လျက်တိုးပွားဖို့ရန်မတတ်နိုင်။ အိမ်ထောင်နှင့်(သို့မဟုတ်)လူအများနှင့်ဆုတောင်းခြင်းသည် မလုံလောက်သေး။ ဆိတ်ငြိမ်သောနေရာတွင် ဝိညာဉ်သည်ကြည့်ရှုစစ်ဆေးတော်မူတတ်သော ဘုရားသခင်၏မျက်မှောက်တော်၌မိမိ၏စိတ်ထဲတွင်ရှိသောအရာကိုဖွင့်ပြပါစေ။ လျှို့ဝှက်တိတ်ဆိတ်စွာဆုတောင်းသံကိုနားညောင်းရန် အသင့်ရှိတော်မူသောဘုရားသခင်သာလျှင် ကြားနိုင်တော်မူ၏။ ထိုက်ကဲ့သို့တောင်းလျှောက်သံများ၏တာဝန်



ကို ခြားနားသောနားသည် မခံယူနိုင်။ တိတ်ဆိတ်လျှို့ဝှက်စွာဆုတောင်း

ခြင်းအမှု၌ ပတ်ဝန်းကျင်၏နှောင့်ယှက်မှုများ၊ စိတ်ထကြွစရာအချက်များမရှိချေ။ ငြိမ်သက်တည်ကြည်၍ စိတ်အားကြီးစွာတောင်းလျှောက်ခြင်းဖြစ်၍ ၎င်းသည်ဘုရားသခင်ထံအမှန်ရောက်လိမ့်မည်။ မထင်မရှားသောအရာကိုသိမြင်တော်မူ၍ စိတ်နှလုံးထဲကထွက်လာသောဆုတောင်းချက်ကိုနားညောင်းရန် အသင့်ရှိတော်မူသောအရှင်ထံတော်မှ နှစ်သက်ဖွယ်ဖြစ်၍ အမြဲတည်နေသောတန်ခိုးသည် အစဉ်ထွက်လာလိမ့်မည်။ တည်ကြည်ရိုးသားစွာယုံကြည်ခြင်းဖြင့် ဝိညာဉ်သည် ဘုရားသခင်နှင့်ဆက်ဆံခွင့်ရလျက် စာတန်နှင့်တိုင်ခိုက်ရာတွင် ခွန်အားကိုရရှိတည်မြဲစေရန် မိမိကိုယ်တိုင်ဘုရားသခင်ထံတော်မှ အလင်းရောင်ခြည်များကိုစုရုံးစေလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ခွန်အားတည်းဟူသောရဲတိုက်ဖြစ်တော်မူ၏။

သင်၏လုံခြုံသောအခန်းတွင် ဆိတ်ငြိမ်စွာဆုတောင်းပါ။ သင်သည်နေ့စဉ်လုပ်ငန်းများကိုဆောင်ရွက်နေစဉ် မကြာခဏဘုရားသခင်ထံသို့ သင်၏စိတ်နှလုံးကိုသက်ရောက်သွားပါစေ။ ထိုနည်းဖြင့် ဧနောက်သည် ဘုရားသခင်နှင့်အတူသွားလာ၏။ ဤသို့တိတ်ဆိတ်စွာဆုတောင်းခြင်းအမှုသည် ကျေးဇူးတော်ပလ္လင်ရှေ့၌ အဖိုးထိုက်တန်သောနံ့သာပေါင်းအနံ့ကဲ့သို့တက်လျက်ရှိ၏။ မိမိ၏စိတ်နှလုံးကိုဘုရားသခင်အပေါ်၌ ထိုသို့စွဲမြဲတည်ရှိစေသောသူတို့ကို စာတန်သည်မအောင်နိုင်ရာ။

ဘုရားသခင်အား မိမိတို့လိုသောအရာကိုအသနားခံရန် မည်သည့်နေရာ၊ မည်သည့်အချိန်မျှမသင့်လျော်ဟူ၍မရှိချေ။ စိတ်အားကြီးစွာဖြင့်ဆုတောင်းလျှင် ကျွန်ုပ်တို့စိတ်၌ရှိသောအရာကို ဘုရားသခင်ထံလျှောက်ထားခြင်းအမှုကို မည်သည့်အရာမျှမတားဆီးနိုင်။ နေဟမိသည် မိမိ



အလိုရှိသောအရာကို အာတဇေရဇ်မင်းကြီးရှေ့တော်၌ လျှောက်ထား

နေစဉ် ပြုလုပ်သည်နည်းတူ လမ်း၌လူအစုအဝေးထဲတွင်လည်းကောင်း၊ အလုပ်အကိုင်လုပ်နေသည့်အခါတွင်လည်းကောင်း ကျွန်ုပ်တို့သည် ဘုရားသခင်ထံအသနားခံလျက် မိမိတို့အားလမ်းပြသွန်သင်တော်မူရန် လျှောက်ထားနိုင်ကြသည်။ ကျွန်ုပ်တို့သည် ဘယ်မှာပဲနေသည်ဖြစ်စေ ဘုရားသခင်နှင့်ရင်းနှီးစွာဆက်သွယ်နိုင်သည်။ သခင်ယေရှုသည် ဝိညာဉ်ထဲ၌ ကောင်းကင်မှဧည့်သည်အဖြစ်နှင့်လာရောက်ကိန်းအောင်းနေတော်မူမည်အကြောင်း ကျွန်ုပ်တို့သည် မိမိတို့၏စိတ်နှလုံးတံခါးကိုဖွင့်ထား၍ ဖိတ်ခေါ်ခြင်းပြုရကြမည်။

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်သည် စွန်းထင်းပျက်စီးခြင်းနှင့်ပြည့်ဝနေသော်လည်း ကျွန်ုပ်တို့သည် အနံ့အသက်ကိုမရှူမရှိုက်ရကြဘဲ ကောင်းကင်မှသန့်ရှင်းသောလေထဲတွင် အသက်ရှင်လျက်နေကြမည်။ စိတ်ပါစွာဆုတောင်းရာ၌ ကျွန်ုပ်တို့၏စိတ်နှလုံးကိုဘုရားသခင်ထံမြှင့်တင်ပေးလိုက်ခြင်းဖြင့် ကျွန်ုပ်တို့သည် မစင်ကြယ်မသန့်ရှင်းသောတွေးဆကြံစည်ချက်ရှိသမျှတို့ကို တားဆီးပိတ်ပင်ထားနိုင်ကြသည်။ ဘုရားသခင်၏ထောက်ပံ့ကူညီခြင်းနှင့် ကောင်းချီးမင်္ဂလာကိုလက်ခံရန် မိမိတို့၏စိတ်နှလုံးကိုဖွင့်ထားသောသူတို့သည် မြေကြီးပေါ်မှာထက်သာ၍ သန့်ရှင်းသောပတ်ဝန်းကျင်တွင် သွားလာကြလိမ့်မည်။ ၎င်းပြင် ကောင်းကင်နှင့်အမြဲဆက်သွယ်လျက်ရှိကြလိမ့်မည်။

ကျွန်ုပ်တို့သည်သခင်ယေရှုအကြောင်းကို သာ၍ထင်ရှားစွာသိမြင်ပြီး ထာဝရကာလ၌တကယ်ပင်ဖြစ်မည့်အရာများ၏တန်ဖိုးကို သာ၍ပြည့်စုံစွာသိနားလည်ဖို့သင့်ပေသည်။ ဘုရားသခင့်သားသမီးတို့၏စိတ်နှလုံးထဲ၌ သန့်ရှင်းသောတင့်တယ်ခြင်းနှင့် ပြည့်ဝရမည်။ ၎င်းပြင်

ဤကဲ့သို့ဖြစ်မြောက်စေရန် ကောင်းကင်အရာတို့ကို ဘုရားသခင်က ဖွင့်ပြတော်မူဖို့ ကျွန်ုပ်တို့ကြိုးစားရကြမည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ကောင်းကင်အနံ့အသက်ကို ရှူရှိုက်ဖို့ အခွင့်ပြုတော်မူမည်အကြောင်း ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကို အထက်သို့တက်သွားပါစေ။ ပန်းပွင့်သည် နေဘက်သို့လှည့်နေသည် နည်းတူ မမျှော်လင့်သောစုံစမ်းနှောင့်ယှက်ခြင်းအမှုတိုင်းတွင် ကျွန်ုပ်တို့၏အကြံအစည်များသည် ဘုရားသခင်ဘက်သို့လှည့်နေကြမည် အကြောင်း ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်နီးကပ်စွာနေသင့်သည်။

သင်၌လိုအပ်သောအရာများသည် သင်၏ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ကြောက်လန့်ခြင်းအမှုများတို့ကို ဘုရားသခင် ရှေ့တော်၌အမြဲဖွင့်ပြလော့၊ ဉင်သည် ဘုရားသခင်အားဝန်လေး၍ ပင်ပန်းခြင်းမဖြစ်စေနိုင်။ သင်၏ခေါင်းပေါ်၌ရှိသောဆံပင်များကိုရေ တွက်နိုင်တော်မူသောအရှင်သည် မိမိသားသမီးများ၌လိုသောအရာများကို အမှုမထားဘဲနေတော်မမူပါ။ "ထာဝရဘုရားသည် အလွန်သနားစုံမက် တော်မူ၏။" (ယာကုပ်၊ ၅း၁၁။) မေတ္တာတော်နှင့်ပြည့်ဝသောကိုယ် တော်၏နှလုံးသည် ကျွန်ုပ်တို့၏ဝမ်းနည်းခြင်းအမှု၊ ထိုအကြောင်းကို ကျွန်ုပ်တို့မပြောရုံမျှ ပြုခြင်းအမှုအားဖြင့် ထိခိုက်ခြင်းခံတော်မူရ၏။ စိတ်ကိုရှုပ်ထွေးစေသောအရာရှိသမျှတို့ကို ကိုယ်တော်ထံသို့ယူဆောင် သွားပါ။ကိုယ်တော်သည်လောကဓါတ်တို့ကိုစွဲကိုင်ထားလျက်မိုးကုပ်စက်ဝိုင်း ၏အမှုကိစ္စအပေါင်းတို့ကို စီမံအုပ်ချုပ်တော်မူသဖြင့် ဘယ်အရာမျှ ကိုယ်တော်အဖို့ ဝန်လေးသည်မဟုတ်။ ကျွန်ုပ်တို့၏ငြိမ်းချမ်းရေးနှင့် ဆိုင်သောအမှုတစ်စုံတစ်ခုမျှ ကိုယ်တော်အမှုမထားနိုင်လောက်အောင် သေးငယ်ကြသည်မဟုတ်။ ကျွန်ုပ်တို့၏ကိုယ်တွေ့အဖြစ်အပျက်များတွင်



ကိုယ်တော်မကြည့်ရှုနိုင်လောက်အောင် မည်သည့်အခန်းမျှ မှောင်မိုက်

မနေကြပါ။ ကိုယ်တော်မဖြေရှင်းနိုင်လောက်အောင် ခက်ခဲသောအရှုပ်အထွေးများလည်း တစ်စုံတစ်ခုမျှမရှိပါ။ ကျွန်ုပ်တို့၏ကောင်းကင်ခမည်းတော်ဂရုစိုက်တော်မမူ (သို့မဟုတ်) ချက်ချင်းအရေးမယူဘဲ မည်သည့်ဘေးတစ်စုံတစ်ရာမျှ မိမိ၏သားသမီးတို့အပေါ်မသက်ရောက်နိုင်။ မည်သည့်စိုးရိပ်ပူပန်ခြင်းမျှ ဝိညာဉ်ကိုမနှောင့်ယှက်။ မည်သည့်ဝမ်းမြောက်ခြင်းမျှ မရွှင်မြူး၊ မည်သည့်ရိုးသားသောဆုတောင်းသမျှနှုတ်မှမလွတ်မြောက်နိုင်ရာ။ "စိတ်ကြေမွသောသူတို့ကိုနှစ်သိမ့်စေ၍ သူတို့၏အနာကိုကုတော်မူ၏။" (ဆာလံကျမ်း ၁၄၇း၃)။ မိမိချစ်တော်မူသောသားတော်ကိုစွန့်တော်မူခြင်းအမှု၌ မိမိအပြင် အခြားသူအကျိုးမခံစားအပ်သကဲ့သို့ ဘုရားသခင်နှင့်ဝိညာဉ်အသီးအသီးတို့၏ဆက်သွယ်မှုသည် ထင်ရှားပြည့်စုံလေ၏။

သခင်ယေရှုက "သင်တို့သည် ငါ၏နာမကိုအမှီပြု၍ ဆုတောင်းကြလိမ့်မည်။ သင်တို့အဖို့အလိုငှာ ငါသည်ခမည်းတော်ကိုတောင်းမည်ဟုမဆို။ အကြောင်းမူကား၊ ခမည်းတော်သည် ကိုယ်တော်တိုင် သင်တို့ကိုချစ်တော်မူ၏။" (ယောဟန် ၁၆း၂၆၊၂၇)။ "ငါသည် သင်တို့ကိုရွေးကောက်သဖြင့်..........ငါ၏နာမကိုအမှီပြု၍ ခမည်းတော်မှာတောင်းသမျှတို့ကိုရမည်အကြောင်း သင်တို့ကိုငါခန့်ထား၏။" (ယောဟန် ၁၅း၁၆) ဟုမိန့်တော်မူ၏။ သို့ရာတွင် သခင်ယေရှု၏နာမ၌ဆုတောင်းခြင်းဆိုသည်မှာ၊ ဆုတောင်းခြင်း၏အစနှင့်အဆုံး၌ ကိုယ်တော်၏နာမကိုမြွက်ဆိုရုံသာပြုခြင်းထက် သာသောအမှုတစ်စုံတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကတိတော်များကိုယုံကြည်လျက် ကိုယ်တော်၏ကျေးဇူးတော်ကိုအားကိုးမှီခို၍ ကိုယ်တော်၏အမှုတော်ကို



ထမ်းဆောင်နေကြစဉ် သခင်ယေရှု၏စိတ်သဘောမျိုးနှင့်ဆုတောင်းရ

မည်ကိုဆိုလိုသည်။

ကျွန်ုပ်တို့တွင် တချို့တို့သည်ဆရာကြီးသမားကြီးဖြစ်လာ၍ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းအမှု၌ စိတ်ပါဝင်စားခြင်းရှိလာရန် လောကထဲမှထွက်လာရကြမည်ဟု ဘုရားသခင်က ဆိုလိုတော်မမူပါ။ ကျွန်ုပ်တို့၏အသက်တာသည် သခင်ခရစ်တော်၏အသက်တာမျိုးနှင့်တူရမည်။ ဆိတ်ကွယ်ရာတောင်ပေါ်နှင့် လူအစုအဝေးတို့အထဲတွင် သွားချည်လာချည်နှင့်အချိန်ကုန်စေသောအသက်တာမျိုးဖြစ်ရမည်။ ဘာမျှမပြုလုပ်ဘဲ ဆုတောင်းခြင်းအမှုကိုသာ ပြုနေသောသူသည် မကြာမီဆုတောင်းခြင်းအမှုကိုရပ်စဲစေလိမ့်မည်၊ (သို့မဟုတ်) သူ၏ ဆုတောင်းခြင်းအမှုသည် အပေါ်ယံလုပ်ငန်းမျှသာဖြစ်လာလိမ့်မည်။ လူသည်ပေါင်းသင်းဆက်ဆံရေးအမှုနှင့်ကင်းကွာလျက် ခရစ်ယာန်၏ တာဝန်နှင့် လက်ဝါးကပ်တိုင်ထမ်းဆောင်ခြင်းအလုပ်မှ ဝေးကွာနေသောအခါ မိမိတို့အတွက် စိတ်အားကြီးစွာအမှုဆောင်တော်မူသော သခင်ခရစ်တော်အတွက် စိတ်ပါစွာအမှုဆောင်ရွက်ခြင်းမရှိသောအခါ ဆုတောင်းခြင်းတွင်ပါရှိသောအချက်တို့ကို မေ့လျော့လာကြပြီးလျှင် ဘုရားသခင်ကိုကြည်ညိုသောစိတ်သဘောကင်းလာ၏။ သူတို့၏ ဆုတောင်းချက်များသည် မိမိတစ်ကိုယ်တည်းနှင့်သာဆိုင်လျက် ကိုယ်ကျိုးရှာသောအမှုဖြစ်လာ၏။ သူတို့သည် လူသတ္တဝါတို့၏ ဆင်းရဲဒုက္ခ(သို့မဟုတ်) သခင်ခရစ်တော်၏နိုင်ငံတော်ကိုတည်ထောင်မှုနှင့်စပ်ဆိုင်၍ လိုအပ်သောခွန်းအားသတ္တိကိုရရှိရန် ဆုမတောင်းနိုင်ကြ။

ဘုရားသခင်၏အမှုတော်တွင် ကျွန်ုပ်တို့အချင်းချင်းတို့ကိုအားပေးတိုက်တွန်းခြင်းငှာ ပေါင်းသင်းဆက်ဆံခြင်းအခွင့်ကို အမှုမထားဘဲ



နေသောအခါ ကျွန်ုပ်တို့သည်ဆုံးရှုံးခြင်းခံရကြသည်။ နှုတ်ထွက်စကား

၏သမ္မတရားများသည် ကျွန်ုပ်တို့၏စိတ်ထဲ၌ထင်ရှားခြင်းမရှိ၊ အဓိပ္ပါယ် လေးနက်ခြင်းမရှိတော့ချေ။ ကျွန်ုပ်တို့၏စိတ်နှလုံးများသည် ၎င်းတို့၏ သန့်ရှင်းစေခြင်းတန်ခိုးအားဖြင့် ထွန်းတောက်နိုးကြားခြင်းအမှုကို ရပ်စဲ စေ၍ ကျွန်ုပ်တို့သည်ဝိညာဉ်ရေး၌ ဆုတ်ယုတ်အားနည်းသွားကြ ၏။ ကျွန်ုပ်တို့သည် ခရစ်ယာန်အချင်းချင်ပေါင်းသင်ဆက်ဆံရာတွင် အချင်းချင်းအပေါ်၌ထောက်ထားညှာတာခြင်းသဘောမရှိလျှင် များစွာ ဆုံးရှုံးခြင်းခံရကြ၏။ မိမိအဖို့သာအရာရာကိုပိတ်ပင်ထားသောသူသည် ဘုရားသခင်စီမံခန့်ထားသောနေရာကို ဆက်ခံနေသောသူမဟုတ်၊ ကျွန်ုပ် တို့၏စိတ်ထဲ၌ပေါင်းသင်းဆက်ဆံခြင်းသဘောတိုးပွားလာစေရန် ပြုပြင် ပျိုးထောင်ပေးခြင်းဖြင့် ကျွန်ုပ်တို့သည် အခြားသောသူအားထောက်ထား စာနာလာတတ်ကြသည်။ ၎င်းပြင် ထိုသို့အားဖြင့် ဘုရားသခင်၏အမှု တော်တွင် ကျွန်ုပ်တို့ကိုကြီးပွား၍ ခွန်အားနှင့်ပြည့်စုံလာစေလေသည်။

ခရစ်ယာန်တို့သည် အတူတကွစည်းလုံးညီညွတ်စွာဆက်ဆံလျက် အချင်းချင်းတို့အား ဘုရားသခင်၏မေတ္တာတော်အကြောင်း၊ ရွေးနုတ် ခြင်းနှင့်ဆိုင်သည့်အဖိုးထိုက်သောသမ္မာတရားများအကြောင်းကို ပြောပြ ကြလျှင် သူတို့ကိုယ်တိုင်၏စိတ်နှလုံးများသည် ခွန်အားအသစ်နှင့် ပြည့်ဝလာလျက် အချင်းချင်းတို့ကိုလည်း အားပြည့်စေကြလိမ့်မည်။ ကျွန်ုပ်တို့သည် မိမိတို့၏ကောင်းကင်ခမည်းတော်အကြောင်းကို နေ့စဉ် ပိုသိနားလည်လာလျက် ကိုယ်တော်၏ကျေးဇူးတော်အကြောင်း အသစ် သောကိုယ်တွေ့အဖြစ်အပျက်ကိုရရှိကြလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့ သည် ကိုယ်တော်၏မေတ္တာတော်အကြောင်းကိုပြောပြကြလိမ့်မည်။ ၎င်းပြင် ဤသို့ပြုနေကြစဉ် ကျွန်ုပ်တို့၏စိတ်နှလုံးတို့သည် ပူနွေးလာလျက်



အားပြည့်လာကြလိမ့်မည်။ ကျွန်ုပ်တို့သည်သခင်ယေရှုအကြောင်းကို

သာ၍စဉ်းစားဆင်ခြင်လျက်ပြောပြကြပြီး မိမိတို့အကြောင်းကိုအနည်းငယ်
သာစဉ်းစားလျက်ပြောဆိုကြလျှင် ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်သည်
သာ၍ကြာမြင့်စွာနေတော်မူခွင့်ရလိမ့်မည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစောင့်ရှောက်တော်မူကြောင်း
ထင်ရှားသောသက်သေများရှိသလောက် ကျွန်ုပ်တို့သည် ဘုရားသခင်
၏အကြောင်းကို မကြာခဏစဉ်းစားဆင်ခြင်ကြလျှင် ကျွန်ုပ်တို့သည်
ဘုရားသခင်ကိုအစဉ်သဖြင့် စိတ်စွဲလမ်းလျက် ဘုရားသခင်၏အကြောင်း
ကိုပြောပြ၍ ဘုရားသခင်၏အကြောင်းကိုချီးမွမ်းရန် နှစ်သက်ကြလိမ့်
မည်။ ကျွန်ုပ်တို့သည် မိမိတို့၏မိတ်ဆွေများကိုသာ၍ချစ်ခင်နှစ်သက်
သဖြင့် သူတို့၏အကြောင်းကိုပြောပြတတ်ကြသည်။ သူတို့နှင့်အတူ
တကွ ကျွန်ုပ်တို့သည်ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်းအမှုတို့ကိုဝေငှ
ခံယူတတ်ကြသည်။ သို့သော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လောက
မိတ်ဆွေများကိုချစ်ခင်သည်ထက် ဘုရားသခင်ကိုချစ်ရန် သာလွန်
ကြီးကျယ်သောအကြောင်းရင်းရှိပေသည်။ ၎င်းပြင် ကျွန်ုပ်တို့၏အကြံ
အစည်များတွင် ဘုရားသခင်ကိုရှေးဦးစွာထားခြင်း၊ ဘုရားသခင်၏
ကရုဏာတော်အကြောင်းနှင့်တန်ခိုးတော်အကြောင်းပြောပြခြင်းအမှုတို့
သည် လောကတွင် အမှန်ကန်ဆုံးသောအရာဖြစ်ရပေမည်။ ကျွန်ုပ်တို့၌
ဘုရားသခင်အားပြန်လည်ပေးစရာဘာမျှမရှိရလောက်အောင် ကျွန်ုပ်
တို့သည် ဘုရားသခင်ချပေးတော်မူသည့် များစွာသောဆုကျေးဇူးများကို
သာ အလွန်အမင်းစွဲလမ်းမက်မောနေစေရန် ဘုရားသခင်၏အကြံရှိတော်
မူသည်မဟုတ်။ ၎င်းတို့သည် ဘုရားသခင်၏အကြောင်းကို အစဉ်အမြဲ
သတိရလျက် ကောင်းကင်ကျေးဇူးရှင်နှင့် ကျွန်ုပ်တို့အား မေတ္တာနှင့်



ကျေးဇူးတင်သည့်သဘောတည်းဟူသော အနှောင်အဖွဲ့များအားဖြင့်

စည်းလုံးထားစေရန်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီး၏ နိမ့်သောလွင်ပြင်များတွင် အလွန်နီးကပ်စွာနေကြသည်။ "ယေရှုအားဖြင့် ဘုရားသခင်ထံတော်သို့ချဉ်းကပ်ကြသောသူတို့သည် အစဉ်ကယ်တင်ခြင်းငှာတတ်နိုင်တော်မူသော" (ဟေဗြဲ ၇း၂၅။) သခင်ခရစ်တော်၏ မျက်နှာတော်တွင် ဘုရားသခင်၏ဘုန်းတော်ကို ထွန်းတောက်စေသည့် အထက်သန့်ရှင်းရာအရပ်၏တံခါးကိုဖွင့်ရန် ကျွန်ုပ်တို့သည် အထက်သို့ မြော်ကြည့်ကြကုန်အံ့။

"လူသားတို့၌ပြုတော်မူသောကရုဏာတော်နှင့်အံ့ဩဖွယ်သော အမှုတော်တို့ကိုထောက်၍" (ဆာလံကျမ်း ၁၀၇း၈။) ကျွန်ုပ်တို့သည် ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းသင့်ကြသည်။ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရေးအမှုတွင် ကျွန်ုပ်တို့ကသာတောင်းလျှောက်၍ ခံယူနေခြင်း အမှုများမရှိစေသင့်။ ကျွန်ုပ်တို့သည် မိမိတို့၌လိုသောအရာများကိုသာ အမြဲစဉ်းစားမနေကြပါနှင့်။ ၎င်းပြင် ကျွန်ုပ်တို့ခံစားရသောအကျိုးကျေးဇူး များကိုသာ ဘယ်သောအခါမျှတွေးတောမနေပါနှင့်။ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုသောအရာအတွက် အလွန်အမင်းဆုတောင်းကြသည်မဟုတ်။ သို့ရာတွင် အနည်းယ်သောကျေးဇူးတော်ကိုချီးမွမ်းတတ်ကြသည်။ ကျွန်ုပ် တို့သည် ဘုရားသခင်၏ကရုဏာတော်ကိုအမြဲသဖြင့် ခံယူရရှိနေကြ သော်လည်း ကျွန်ုပ်တို့သည်ကျေးဇူးဆပ်ခြင်းလက္ခဏာကို အနည်းငယ် လောက်သာပြတတ်ကြပါသည်တကား။ ကျွန်ုပ်တို့အဖို့ဘုရားသခင်ပြုတော် မူသောအမှုများအတွက် ကျေးဇူးတော်ကိုအနည်းငယ်သာချီးမွမ်းတတ် ကြပါသည်တကား။



ရှေးအခါကာလက ဣသရေလလူတို့သည် ဘုရားသခင်အား

ဝတ်ပြုရန်စုရုံးကြသောအခါ ထာဝရဘုရားက၊ "ထိုအရပ်တွင်သင်တို့၏ ဘုရားသခင်ထာဝရဘုရားရှေ့တော်၌စားရကြမည်။ ပြုလေရာရာ၌ သင်တို့၏ဘုရားသခင်ထာဝရဘုရားကောင်းချီးပေးတော်မူသဖြင့် ကိုယ်တိုင်မှစ၍ အိမ်သူအိမ်သားတို့သည် ရွှင်လန်းခြင်းကိုပြုရကြမည်။" (တရားဟောရာကျမ်း ၁၂း၇) ဟု ဣသရေလလူတို့အားမှာထားတော်မူ၏။ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန် ပြုသောအမှုတို့ကို ဝမ်းနည်းခြင်း၊ စိတ်ပျက်ညှိုးငယ်ခြင်းမရှိဘဲ အားရဝမ်းမြောက်ခြင်း၊ ချီးမွမ်းသီဆိုခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းအမှုတို့ဖြင့် ပြုအပ်ပေသည်။

ကျွန်ုပ်တို့၏ဘုရားသခင်သည် သနားခြင်းကရုဏာနှင့်ပြည့်စုံတော်မူသောခမည်းတော်ဖြစ်တော်မူ၏။ ဘုရားသခင်အားဝတ်ပြုရခြင်းအမှုတို့ကိုစိတ်ပျက်ညှိုးငယ်ပူဆွေးရာအမှုကိစ္စကဲ့သို့ သဘောမထားအပ်ပေ။ ထာဝရဘုရားအား ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဘုရားသခင်၏အမှုတော်တွင်ပါဝင်သောဆောင်ရွက်ခွင့်ရခြင်းတို့ကို နှစ်သက်ပျော်မွေ့ဖွယ်အမှုများဖြစ်စေရမည်။ ဘုရားသခင်သည် မိမိ၏သားသမီးများအတွက် အလွန်ကြီးကျယ်သောကယ်တင်ခြင်းအမှုကြီးကို စီမံခန့်ခွဲထားသည့်အလျောက် သူတို့သည်ဘုရားသခင်ကိုကိုးကွယ်ရာ၌ မိမိအားခက်ထန်ကြမ်းကြုတ်သောလုပ်ငန်းအုပ်ချုပ်သူကဲ့သို့သဘောထားစေရန် ဘုရားသခင်သည် အလိုရှိတော်မမူ။ ဘုရားသခင်သည် သူတို့၏အကောင်းဆုံးမိတ်ဆွေဖြစ်တော်မူ၏။ ၎င်းပြင် သူတို့သည် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ကြသောအခါ ဘုရားသခင်သည် သူတို့နှင့်အတူရှိတော်မူလျက် သူတို့အား ကောင်းချီးပေး၊ သက်သာစေတော်မူပြီးလျှင် သူတို့၏စိတ်နှလုံးထဲ၌ဝမ်းမြောက်ခြင်း၊ ချစ်ခြင်းနှင့်ပြည့်ဝစေတော်မူ၏။ ဘုရား



သခင်၏သားသမီးတို့အား ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရာ၌ စိတ်

သက်သာခြင်းအခွင့်ကိုရရှိစေရန်သော်လည်းကောင်း၊ မိမိ၏အမှုတော်ကိုဆောင်ရွက်ရာ၌ ခက်ခဲသောအရာများထက် ပျော်မွေ့ဖွယ်ဖြစ်သောအရာများကိုရှာဖွေစေရန်သော်လည်းကောင်း ထာဝရဘုရားသည် အလိုရှိတော်မူ၏။ ဘုရားသခင်အားဝတ်ပြုရန်လာကြသောသူအပေါင်းတို့သည် ဘုရားသခင်၏စောင့်ရှောက်ပြုစုခြင်းအမှုနှင့် ဘုရားသခင်၏မေတ္တာတော်အကြောင်း ဆင်ခြင်အောက်မေ့လျက် မိမိတို့၏နေ့စဉ်အသက်တာ၏လုပ်ငန်းရှိသမျှတွင် အားရဝမ်းမြောက်ခြင်းရှိ၍ အရာခပ်သိမ်းတို့တွင် ဖြောင့်မတ်၊ သစ္စာရှိစွာဖြင့်ဆောင်ရွက်ရန် ကောင်းမြတ်သောဂုဏ်အသရေကိုရရှိနိုင်မည်အကြောင်း ထာဝရဘုရားသည် အလိုရှိတော်မူ၏။

ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်ပတ်လည်တွင် စုရုံးရကြမည်။ ဆင်ခြင်အောက်မေ့ရာ၌လည်းကောင်း၊ စကားပြောရာ၌လည်းကောင်း၊ ဝမ်းမြောက်ဖွယ်အကောင်းဆုံးသော စိတ်ထကြွမှုတို့၌လည်းကောင်း သခင်ခရစ်တော်၏အကြောင်းနှင့် လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းကိုခံရသော ကိုယ်တော်၏အကြောင်းတို့သည် အကြီးဆုံးအချက်ဖြစ်ပါသည်။ ဘုရားသခင်ထံတော်မှ ကျွန်ုပ်တို့ရရှိသောကောင်းချီးမင်္ဂလာရှိသမျှတို့ကို အမြဲဆင်ခြင်အောက်မေ့လျက်နေရကြမည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ကိုယ်တော်၏မေတ္တာတော်အကြောင်းကို ကောင်းစွာသိနားလည်လာကြသောအခါ ကျွန်ုပ်တို့အတွက်လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံရသော လက်တော်များထဲသို့ အရာခပ်သိမ်းရှိသမျှကို ကျွန်ုပ်တို့သည် အပ်နှံထားဖို့အလိုရှိကြလိမ့်မည်။

ကျေးဇူးတော်ချီးမွမ်းခြင်းတောင်ပံများအားဖြင့် ဝိညာဉ်သည် ကောင်းကင်နှင့်သာ၍နီးကပ်စွာတက်ရောက်သွားနိုင်လိမ့်မည်။ ကောင်းကင်



ဗိမာန်တော်ထဲ၌ ဘုရားသခင်သည် သီချင်းနှင့်တူရိယာများအားဖြင့်

ချီးမွမ်းလျက် ဝတ်ပြုကိုးကွယ်ခြင်းကိုခံယူတော်မူ၏။ ၎င်းပြင် ကျွန်ုပ်တို့သည် ကျေးဇူးတင်တတ်သောသဘောကိုဖော်ပြနေကြသောအခါ ကျွန်ုပ်တို့၏ကိုးကွယ်နည်းသည် ကောင်းကင်သားတို့၏ဝတ်ပြုနည်း လောက်နီးစပ်လာလေ၏။ "ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကိုပူဇော်သောသူသည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသောသူဖြစ်၏။ " (ဆာလံကျမ်း ၅၀း၂၃။) မိမိတို့၏ဖန်ဆင်းရှင်ရှေ့တော်သို့ ရှိသေသောဝမ်းမြောက်ခြင်း၊ "ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊ သီချင်းဆိုခြင်းနှင့်" ကျွန်ုပ်တို့ချဉ်းကပ်ကြစို့။" (ဟေရှာယ ၅၁း၃)။

---ooo---

**မိတ်ဆွေယေရှု**

ငါတို့ပြစ်နှင့်ဝမ်းနည်းခြင်းများ၊

ခံရန်မိတ်ဆွေယေရှုရှိ။

ဆုတောင်းခြင်းဖြင့်ထံတော်ချဉ်းကပ်၊
ခွင့်သည်အံ့ဖွယ်ဖြစ်ပေ၏။
ငြိမ်သက်ခြင်းကိုကြိမ်ဖန်စွန့်ပစ်၊
မခံသင့်ဝန်ထမ်းခဲ့ပြီ။
ကိုယ်တော်ထံတွင်ဆုတောင်းခြင်းဖြင့်၊
မယူဆောင်ခြင်းကြောင့်ဖြစ်သည်။

ငါတို့တွင်စုံစမ်းနှောင့်ယှက်ခြင်း၊
ဆင်းရဲဒုက္ခရှိသလား။
ဘယ်ခါမျှစိတ်မပျက်စေရာ၊
ဆုတောင်းလျက်ထံတော်ချဉ်းပါ။
ဝမ်းနည်းခြင်းမျိုးခံမိတ်ဆွေလို၊
သစ္စာရှိသူတွေ့မည်လား။
ငါတို့အားနည်းခြင်းယေရှုသိ၊
ဆုတောင်းလျက်ထံတော်ချဉ်းပါ။

ပင်ပန်းလှစွာဝန်းထုပ်လေး၍၊
အားနည်းလျက်ရှိကြသလား။
ကယ်တင်ရှင်မှီခိုရာဖြစ်ပေ၊
ဆုတောင်းလျက်ထံတော်ချဉ်းပါ။
မိတ်ဆွေများရွံ့ရှာစွန့်ပစ်လျှင်၊
ဆုတောင်းလျက်ထံတော်ချဉ်းပါ။
လက်တော်ဖြင့်ကွယ်ကာစောင့်မမည်၊
ထိုမှာနှစ်သိမ့်ရာကိုရှာ။

အများသောသူတို့သည်အထူးသဖြင့် ခရစ်ယာန်အသက်တာ၌ နုနယ်သေးသောသူတို့သည် ကြိမ်ဖန်များစွာပင် ယုံမှားစရာအချက်ဖြစ်သောဝါဒများနှင့်တွေ့ကြုံရတတ်ကြသည်။ သမ္မာကျမ်းစာတွင် မိမိတို့ကိုယ်တိုင်ရှင်းလင်းဖော်ပြခြင်းငှာ မတတ်နိုင်သောအရာ (သို့မဟုတ်) ကိုယ်တိုင်ပင် မသိနားမလည်နိုင်သောအရာများစွာရှိသဖြင့် ကျမ်းစာ၌သူတို့၏ယုံကြည်ခြင်းကိုပျက်ပြားသွားစေရန် စာတန်သည် ၎င်းတို့ကိုဘုရားသခင်ထံတော်မှလာသော ဖော်ပြချက်ကဲ့သို့အသုံးပြုတတ်၏။ ကျွန်ုပ်တို့သည် မည်ကဲ့သို့နည်းလမ်းမှန်ကိုသိနားလည်နိုင်မည်နည်း။ သမ္မာကျမ်းစာတော်မြတ်သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ဖြစ်သည်မှန်လျှင် ကျွန်ုပ်သည် ဤယုံမှားစရာအချက်နှင့်ရှုပ်ထွေးသောအချက်များမှကင်းရှင်အောင် မည်သို့ပြုရပါမည်နည်းဟု သူတို့ကမေးတတ်ကြသည်။

ကျွန်ုပ်တို့၏ယုံကြည်ချက်ကိုအခြေတည်ရန် လုံလောက်သောသက်သေသာဓကတို့ကိုမဖော်ပြဘဲ ဘုရားသခင်သည် ကျွန်ုပ်တို့အားယုံကြည်စေရန် ဘယ်အခါမျှမိန့်တော်မမူ။ ဘုရားသခင်တည်ရှိတော်မူခြင်း၊ ဘုရားသခင်၏သဘောတော်၊ ဘုန်းတော်၊ ဘုရားသခင်၏နှုတ်ထွက်စကားတော်၌ မှန်ကန်ဖြောင့်မတ်ခြင်းသဘောအကြောင်းမှစ၍ ရှိသမျှသောအချက်တို့သည် ကျွန်ုပ်တို့၏ဆင်ခြင်းဉာဏ်သတ္တိနှင့် ကိုက်ညီသောသက်သေအထောက်အထားများအားဖြင့် မှန်ကန်ကြောင်းထင်ရှားလျက်ရှိကြ၏။ ၎င်းပြင် ဤသက်သေအထောက်အထားများမှ အလွန်များပြားလျက်ရှိ၏။ သို့ရာတွင် ဘုရားသခင်သည် ယုံမှားဖွယ်ရာဖြစ်သောအကြောင်းများကိုလည်း



ဘယ်အခါမျှ ပယ်ရှားတော်မမူသေးပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်

မျက်မြင်တွေ့ရှိရသောအပေါ်၌မဟုတ်ဘဲ သေချာထင်ရှားသောသက်သေ
သာဓကအပေါ်၌ အခြေတည်ရမည်။ ယုံမှားခြင်းရှိသောသူတို့သည်
ထိုသို့ပြုပြင်နိုင်ဖို့အခွင့်ရှိလိမ့်မည်။ သို့သော်သမ္မာတရားကိုဇကေန်အမှန်
သိနားလည်လိုသောသူတို့သည် မိမိတို့၏ယုံကြည်ချက်ကိုအခြေအတည်ရန်
သက်သေအထောက်အထားများစွာကို တွေ့ရှိကြလိမ့်မည်။

ကန့်သတ်ပိုင်းခြားထားသည့်စိတ်ဉာဏ်ရှိသောသူသည် အစအဆုံး
မရှိသော ဘုရားသခင်၏ဘုန်းတော်၊ သဘောတော်(သို့မဟုတ်)
အမှုတော်တို့ကို အပြည့်အစုံနားလည်ဝေဖန်ပိုင်းခြားခြင်းငှာ မတတ်နိုင်
ချေ။ အထက်မြက်ဆုံးသောပညာရှင်၊ အမြင့်ဆုံးသောပညာဗဟုသုတကို
ရရှိသောပါရဂူ၏စိတ်ထဲ၌ပင် ထိုသန့်ရှင်းသောပုဂ္ဂိုလ်တော်မြတ်သည်
အမြဲသဖြင့်နက်နဲသောအရာဖြစ်လျက်ရှိနေလိမ့်ဦးမည်။ "သင်သည်
ဘုရားသခင်၏ဇာတိတော်ကိုစစ်၍မတွေ့နိုင်သလော။ ဘုရားသခင်၏
ဇာတိကိုစစ်၍ အကုန်အစင်နားလည်နိုင်သလော။ မိုးကောင်းကင်ကို
မီသည်ဖြစ်၍ သင်သည် အဘယ်သို့ပြုနိုင်သနည်း။ သေမင်းနိုင်ငံထက်
နက်သည်ဖြစ်၍ သင်သည် အဘယ်သို့သိနိုင်သနည်း။" (ယောဘ
၁၁း၇၊၈)။

"ဘုရားသခင်၏ပညတ်နှင့်ဉာဏ်ပညာတော်သည် အလွန်ကျယ်ဝန်း
နက်နဲစွတကား။ စီရင်တော်မူချက်တို့ကိုလိုက်၍ရှာသော်လည်း မတွေ့
မမီနိုင်" ဟု တမန်တော်ရှင်ပေါလုကဖေါ်ပြထား၏။ (ရောမ ၁၁း၃၃။)
သို့ရာတွင် "မိုးတိမ်နှင့်မှောင်မိုက်တို့သည် ထာဝရဘုရား၏ပတ်ဝန်းကျင်
၌ရှိကြသော်လည်း တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်စွာဆုံးဖြတ်ခြင်း
သည် ပလ္လင်တော်၏တည်ရာဖြစ်၏။" (ဆာလံကျမ်း ၉၇း၂။) ကျွန်ုပ်တို့



သည် အစအဆုံးမရှိသောတန်ခိုးတော်နှင့်အတူ ပူးပေါင်းလျက်ရှိသည့်

အတိုင်းအတာမရှိသောမေတ္တာတော်နှင့် ကရုဏာတော်အကြောင်းကို ပိုင်းခြားသိနားလည်ကြမည်အကြောင်း ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် ပြုတော်မူသောအမှုကိစ္စများနှင့် ဘုရားသခင်အား အမှုကိစ္စတို့ကို ဆောင်ရွက်စေတော်မူရန် နှိုးဆော်တိုက်တွန်းသောရည်ရွယ်ချက်များ အကြောင်းတို့ကို ကျွန်ုပ်တို့သည် ထိုမျှနားလည်ခွင့်ရှိနိုင်ကြပေသည်။ ကျွန်ုပ်တို့သိနားလည်သင့်သလောက် ဘုရားသခင်၏ရည်ရွယ်ချက်တို့ကို ကျွန်ုပ်တို့သိနားလည်ခွင့်ရနိုင်ကြသည်။ ထိုမျှထက်လွန်သောအရာ များအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်၏လက်ရုံးတော်ကိုလည်းကောင်း၊ မေတ္တာနှင့်ပြည့်ဝတော်မူသောသူ၏စိတ်သဘောကိုလည်းကောင်း အားကိုး လျက်နေရကြမည်။

ဘုရားသခင်၏နှုတ်ထွက်စကားတော်သည် ၎င်းကိုရေးသားတော်မူ သောအရှင်ကဲ့သို့ပင် ကန့်သတ်ထားသောဉာဏ်နှင့်ပြည့်စုံသောသတ္တဝါ များက အပြည့်စုံဘယ်အခါမျှနားမလည်နိုင်သော နက်နဲရာနှင့်ပြည့်ဝ လျက်ရှိသည်။ သမ္မာကျမ်းစာတွင် ဖေါ်ပြထားသည့်လောကထဲသို့ အပြစ်တရားဝင်ရောက်ခြင်း၊ သခင်ခရစ်တော်၏လူဇာတိအဖြစ်မွေးဖွား တော်မူခြင်း၊ အသစ်မွေးဖွားခြင်း၊ ထမြောက်ရှင်ပြန်ခြင်းနှင့် အခြား သောအကြောင်းအရာတို့မှုကား လူ၏ဉာဏ်ဖြင့်ရှင်းလင်းဖေါ်ပြရန် (သို့မဟုတ်) ပြည့်စုံစွာနားလည်နိုင်ရန် အလွန်တရာပင်ခက်ခဲနက်နဲသော အရာများဖြစ်ကြပေသည်။သို့ရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်စီမံ တော်မူသောနက်နဲရာများကို မသိနားမလည်နိုင်သောကြောင့် ဘုရား သခင်၏နှုတ်ထွက်စကားတော်ကို ကျွန်ုပ်တို့သည် ယုံမှားစရာအကြောင်း မရှိချေ။ သဘာဝလောကကြီးတွင် ကျွန်ုပ်တို့ချင့်ချိန်တွေးဆခြင်းငှာ



မတတ်နိုင်သောနက်နဲရာများနှင့် ကျွန်ုပ်တို့သည် အမြဲဝန်းရံလျက်ရှိနေ

ကြသည်။ အသက်ရှင်သောသတ္တဝါတို့တွင် အငယ်ဆုံး၊ အယုတ်ဆုံး သောအရာကလေး၏အခက်အခဲကိုပင် ပညာအရှိဆုံးပါရဂူတို့ပင် ဖြေရှင်း ခြင်းငှာ အစွမ်းသတ္တိမရှိကြပါ။ ကျွန်ုပ်တို့မသိနားမလည်နိုင်လောက် အောင် အံ့သြဖွယ်ကောင်းသောအရာများသည် နေရာတိုင်းမှာရှိကြပါ သည်။ ဝိညာဉ်ရေးလောက၌လည်း ကျွန်ုပ်တို့မသိနိုင်သောနက်နဲရာ များရှိသည်ကို ကျွန်ုပ်တို့သည် အံ့သြသင့်ကြသလား။ လူ၏ဉာဏ်သည် အားနည်း၍ ကျဉ်းမြောင်းသောကြောင်းသာ ၎င်းတို့ကိုနားမလည်နိုင်ရန် ခဲယဉ်းကြသည်။ ဘုရားသခင်သည် မိမိ၏သားတော်၊ ဘုန်းတော် အကြောင်းကို ကျမ်းစာတွင်လုံလောက်စွာဖော်ပြတော်မူ၍ ကျွန်ုပ်တို့သည် ဘုရားသခင်စီမံချပေးတော်မူသော နက်နဲရာအပေါင်းတို့ကိုနားလည် နိုင်သောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ထွက်စကားတော် ကို ယုံမှားသံသယဖြစ်ဖို့မသင့်။

ကျမ်းစာထဲ၌ "ခက်ခဲသောအရာအချို့ရှိ၏။ မတတ်သောသူ၊ တည်ကြည်ခြင်းမရှိသောသူတို့သည် ကျမ်းစာ၏အနက်ကိုမှောက်လှန်၍ ကိုယ်ကိုကိုယ်ဖျက်တတ်ကြ၏" ဟုတမန်တော်ပေတရုကဖော်ပြထား ၏။ (၂ပေ ၃း၁၆။) မယုံကြည်သောသူတို့က ကျမ်းစာ၏ခက်ခဲနက်နဲ သောအရာများသည် သမ္မာကျမ်းစာအုပ်မှားကြောင်း ခိုင်လုံသော အကြောင်းရင်းများဖြစ်သည်ဟု ဆင်ခြေပေးကြသည်။ သို့ရာတွင် ထိုသို့မဟုတ်ဘဲ ၎င်းတို့သည် ကျမ်းစာအုပ်ကို ဘုရားသခင်မှုတ်သွင်း တော်မူကြောင်း သာ၍ခိုင်လုံသောသက်သေများဖြစ်ကြသည်။ ၎င်းတွင် ဘုရားသခင်၏အကြောင်းအရာများမပါဘဲ ကျွန်ုပ်တို့အလွယ်တကူ သိရှိနိုင်သောအရာများသာပါရှိလျှင် ကျမ်းစာအုပ်သည် ဘုရားသခင်



ကိုယ်တော်တိုင်စီမံရေးသားတော်မူကြောင်း မမှားနိုင်သောသက်သေကို

ဖေါ်ပြလိမ့်မည်မဟုတ်။ ကျမ်းစာထဲတွင်ပါရှိသောအကြောင်းအရာများ၏ကြီးကျယ်ခမ်းနားခြင်းနှင့် နက်နဲခြင်းအမှုတို့သည် ၎င်းကျမ်းစာကိုဘုရားသခင်၏နှုတ်ထွက်စကားတော်အဖြစ်နှင့် ယုံကြည်အားကိုးသောစိတ်သဘောကိုဖြစ်ပွားလာစေလိမ့်မည်။

သမ္မာကျမ်းစာသည် လူတို့အလိုရှိ၍ တောင့်တနေသောအရာတို့ကိုပြည့်စုံစေရန် သမ္မာတရားကိုလွယ်ကူစွာဖေါ်ပြထားပေသည်။ထိုသမ္မာတရားသည် ပါရဂူမြောက်အောင် အလွန်တတ်မြောက်သိကျွမ်းနားလည်သောသူတို့ကိုပင် အံ့သြမိန်းမောစေသော်လည်း ပညာဉာဏ်နည်းပါး၍အောက်တန်းကျသောသူတို့အား ကယ်တင်ရာလမ်းကို ကောင်းစွာသိရှိနားလည်းစေလေပြီ။ သို့ရာတွင် ဤသို့လွယ်ကူစွာဖေါ်ပြထားသောသမ္မာတရားများတို့သည် လူတို့၏သိနားလည်နိုင်သောဉာဏ်ပညာနှင့်ခွန်အားသတ္တိထက် အနက်အဓိပ္ပါယ်တို့တွင် အလွန်မြင့်မား၊ အလှမ်းဝေးလျက် အစအဆုံးမရှိသောအချက်ကြီးများပေါ်တွင် အမှီပြုလျက်နေကြသည်။ ၎င်းအချက်ကြီးများမှာလည်း ဘုရားသခင်ကဖေါ်ပြမိန့်မြွက်တော်မူသောကြောင့်သာ ကျွန်ုပ်တို့သည် ၎င်းတို့ကိုခံယူရကြပေသည်။ဘုရားသခင်စီမံတော်မူသည့်နည်းအတိုင်း ကယ်တင်ခြင်းခံရရန် ဝိညာဉ်တိုင်းသည် နောင်တရခြင်းအမှု၌ ဘုရားသခင်ထံတော်သို့လည်းကောင်း၊ ယုံကြည်ခြင်းအမှု၌ သခင်ယေရှုထံတော်သို့လည်းကောင်း ခြေလှမ်းနိုင်ကြမည်အကြောင်း ထိုနည်းအားဖြင့် ရွေးနုတ်ခြင်းအကြံတော်ကို ကျွန်ုပ်တို့အားထင်ရှားစွာဖေါ်ပြတော်မူပြီ။ သို့ရာတွင်အလွယ်တကူသိနားလည်နိုင်သော ဤသမ္မာတရားများအောက်၌ ဘုရားသခင့်ဘုန်းတော်ကိုဝှက်ထားသောနက်နဲရာများ၊ ၎င်းတို့ကိုရှာဖွေစူးစမ်း



ရာ၌ လူ၏ဉာဏ်ကိုလွှမ်းမိုးသွားသော်လည်း သမ္မာတရားကိုစိတ်ပါစွာ

ရှာဖွေသူတို့၌သေခြင်း၊ ယုံကြည်အားကိုခြင်းအမှုတို့ကို ဖြစ်ပွားစေသော နက်နဲရာများတည်ရှိနေပေသည်။ သူသည် သမ္မာကျမ်းစာကိုတိုး၍ရှာဖွေစူးစမ်းလေ ၎င်းသည် အသက်ရှင်တော်မူသောဘုရားသခင့်နှုတ်ထွက်စကားတော်ဖြစ်ကြောင်း သူသည်သာ၍သိမြင်နားလည်လာလေဖြစ်၏။ ၎င်းပြင် လူ၏တွေးဆဆင်ခြင်မှုတို့သည် ဘုရားသခင့်ဖော်ပြချက်၏မြင့်မြတ်ခြင်းအဖြစ်ကိုမမီနိုင်သဖြင့် လက်လျှော့ရကြလေသည်။

သမ္မာကျမ်းစာ၏တရားများကို ကျွန်ုပ်တို့သည် ပြည့်စုံစွာဖြင့် နားမလည်နိုင်ဟုဝန်ခံခြင်းမှုကား ကန့်သတ်ထားသောဉာဏ်သည် အကန့်အသတ်မရှိသောဉာဏ်တော်ကိုလှမ်းရန်မထိုက်ဟု ဝန်ခံခြင်းသာဖြစ်၏။ ကန့်သတ်ထားသောဉာဏ်နှင့်ပြည့်စုံသောလူသည် ဉာဏ်ပညာနှင့်ပြည့်စုံတော်မူသောအရှင်၏ရည်ရွယ်ချက်များကိုနားမလည်နိုင်ဟုဝန်ခံခြင်းဖြစ်သည်။

မယုံကြည်သောသူတို့သည် ကျမ်းစာ၏နက်နဲသောအရာရှိသမျှတို့ကို နားမလည်နိုင်သောကြောင့် သူတို့သည်ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုငြင်းပယ်ကြသည်။ ၎င်းပြင် ကျမ်းစာကိုယုံကြည်သည်ဟုဆိုနေကြသောသူအားလုံးတို့သည် ဤအချက်၌ကောင်းကြသည်မဟုတ်။ တမန်တော်ပေါလုက၊ "ညီအစ်ကိုတို့၊ သင်တို့သည် အသက်ရှင်တော်မူသောဘုရားသခင်ထံတော်မှထွက်ခွာခြင်းအားဖြင့် မယုံကြည်တတ်၊ ဆိုးညစ်သောစိတ်နှလုံးမရှိစေခြင်းငှာသတိပြုကြလော့" ဟုပြောဆို၏။ (ဟေဗြဲ ၃း၁၂။) သမ္မာကျမ်းစာ၏သွန်သင်ချက်များကို သေချာစွာစစ်ဆေးရှာဖွေလေ့လာရန် သင့်လျော်ပေသည်။ ၎င်းပြင် ကျမ်းစာထဲ၌ဖော်ပြထားသမျှအတိုင်း "ဘုရားသခင်၏နက်နဲသောအရာများ" ကိုလည်းစူးစမ်း



ရှာဖွေစစ်ဆေးဖို့သင့်ပေသည်။ (၁ကောရိန်သု ၂း၁၀။) "မထင်မရှား

သောအရာတို့သည် ငါတို့ဘုရားသခင်ထာဝရဘုရား၏အင်္ဂါနှင့်အတော ဖြစ်ကြသော်လည်း ဖော်ပြတော်မူသောအရာတို့သည်.....ငါတို့၏......အငန်း အတော့ဖြစ်၏။" (တရားဟောရာကျမ်း ၂၉း၂၉။) သို့ရာတွင် စူးစမ်း စစ်ဆေးရှာဖွေတတ်သောဉာဏ်စွမ်းကို မှောက်လှန်ဖျက်ဆီးခြင်းအမှုသည် စာတန်၏အလုပ်ဖြစ်ပေသည်။ ကျမ်းစာ၏သမ္မာတရားများကိုဆင်ခြင် စဉ်းစားရာ၌ မာနစိတ်အချို့သည်ရောနှောနေသဖြင့် လူတို့သည် မိမိ တို့စိတ်ကျေနပ်လောက်အောင် ကျမ်းစာ၏အစိတ်အပိုင်းတိုင်းကို ရှင်းလင်းမပြနိုင်ကြသောအခါ သည်းမခံနိုင်ကြဘဲ ဆုံးရှုံးပျက်စီးသွားရ ကြလေ၏။ ဝိညာဉ်တော်အားဖြင့် မှုတ်သွင်းထားသောနှုတ်ထွက်စကား တော်များကို မိမိတို့သည် မသိနားမလည်ပါဟူ၍ ဝန်ခံဖို့ရန်အလုပ်သည် သူတို့အဖို့အလွန်ပင်အောက်တန်းကျသည်ဟုထင်မှတ်ကြ၏။ အကူအညီ မလိုဘဲ လူ၏ဉာဏ်စွမ်းအားဖြင့် ကျမ်းစာကိုနားလည်နိုင်လိမ့်မည်ဟု သူတို့ထင်မှတ်ကြသည်။ နောက်မှနားလည်ရန်ခဲယဉ်းသောအခါ ဘုရားသခင် ၏နှုတ်ထွက်စကားတော်မဟုတ်ဟုငြင်းပယ်ကြသေး၏။ ကျမ်းစာမှ ထုတ်နုတ်ဖော်ပြထားသည်ဆိုသောထင်မြင်ချက်အမျိုးနှင့် ဩဝါဒအများ တို့သည် ကျမ်းစာကသွန်သင်သေအချက်များအပေါ်၌ အခြေအမြစ် မတည်ဘဲ ဘုရားသခင်၏သဘောနှင့် ဧကန်အမှန်ဆန့်ကျင်ဘက် ဖြစ်ကြသည်မှာမှန်ပေသည်။ ဤအရာတို့သည် အများသောသူတို့၏ စိတ်ကို ယုံမှားရှုပ်ထွေးစေသောအကြောင်းရင်းများဖြစ်ကြသည်။ သို့ရာတွင် ၎င်းယုံမှားခြင်းတို့သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကြောင့် မဟုတ်ဘဲ လူတို့က ၎င်းတရားတော်ကိုမှောက်မှားအောင် ပြုလုပ်ခြင်း ကြောင့်တည်း။



ဖန်ဆင်းထားတော်မူသောသတ္တဝါတို့သည် ဘုရားသခင်၏

အကြောင်းနှင့်ဘုရားသခင်ပြုတော်မူသောအမှုကိုကိစ္စများအကြောင်းကို ပြည့်စုံစွာနားလည်သိရှိနိုင်ခွင့်ရှိကြလျှင် ဤအခြေအနေသို့ရောက်ရှိနေ သဖြင့် သူတို့သည် သမ္မာတရားကိုတိုး၍ ဆက်လက်စူးစမ်းစရာမလို တော့ချေ။ ဘုရားသခင်ကိုသိကျွမ်းခြင်းပညာ၌ တိုးပွားစရာမလိုတော့ ချေ။ ၎င်းပြင် စိတ်သဘော (သို့မဟုတ်) စိတ်နှလုံးအခြေအနေတိုး၍ ကောင်းမွန်လာအောင်ပြုလုပ်ဖို့မလိုတော့ချေ။ ဘုရားသခင်သည်လည်း အမြင့်မြတ်ဆုံးသောပုဂ္ဂိုလ်ဖြစ်တော့မည်မဟုတ်။ ၎င်းပြင် လူသည် ပညာဉာဏ်အစွမ်းသတ္တိတို့၌အဆုံးသို့ရောက်ရှိနေသဖြင့် ရှေ့သို့တိုးတက် စရာလိုတော့ချေ၊ သို့သော် ထိုသို့မဖြစ်သောကြောင့် ဘုရားသခင်ကို ကျွန်ုပ်တို့ကျေးဇူးတင်ကြစို့။ ဘုရားသခင်သည် အစအဆုံးမရှိ။ ဘုရား သခင်၌ "ပညာဘဏ္ဍာ၊ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက် ရှိ၏။" (ကောလောသဲ ၂း၃။) ၎င်းပြင် ထာဝရကာလအဆက်ဆက် လူတို့သည် ဘုရားသခင်၏ဉာဏ်ပညာတော်၊ ဘုရားသခင်၏ကျေးဇူး ကရုဏာတော်နှင့် ဘုရားသခင်၏တန်ခိုးတော်တည်းဟူသောဘဏ္ဍာများ တို့ကို အမြဲရှာဖွေစူးစမ်းလေ့လာလျက် နေကြလိမ့်မည်။

ဤအသက်တာ၌ပင် မိမိ၏နှုတ်ထွက်စကားတော်ထဲ၌ရှိသော သမ္မာ တရားများကို မိမိ၏လူများအားအစဉ်သဖြင့် ရှင်းလင်းစွာဖွင့်ပြနေရလိမ့် မည်ဟု ဘုရားသခင်သည် အကြံရှိတော်မူ၏။ ဤသိကျွမ်းခြင်းပညာကို ရရှိနိုင်သောနည်းလမ်းတစ်လမ်းသာရှိပေသည်။ကျွန်ုပ်တို့သည်ဝိညာဉ်တော်၏ ပြုပြင်ခြင်းတန်ခိုးအားဖြင့် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို နားလည်နိုင်ကြသည်။ ထိုဝိညာဉ်တော်အားဖြင့်ပင် နှုတ်ထွက်စကားတော်ကို ပေးတော်မူ၏။ "ဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏



ဝိညာဉ်တော်မှတစ်ပါး အဘယ်သူမျှမသိ။" "အကြောင်းမူကား၊ ဝိညာဉ်

တော်သည် ဘုရားသခင်၏နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသော အရာတို့ကိုစစ်တော်မူ၏။" (၁ကောရိန်သု ၂း၁၁၊၁၀။) ၎င်းပြင် ကယ်တင်ရှင်က မိမိ၏တပည့်တော်တို့အား အောက်ပါအတိုင်းကတိ ထားတော်မူခဲ့၏။ "သမ္မတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကိုသင်တို့အား အကြွင်းမဲ့သွန်သင် ပြသလိမ့်မည်။.......အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အားဖေါ်ပြလိမ့်မည်။" (ယောဟန် ၁၆း၁၃၊၁၄။)

လူအား မိမိ၏ဆင်ခြင်တတ်သောဉာဏ်အစွမ်းသတ္တိကို မှန်မှန် အသုံးချလေ့ကျင့်ပေးစေဖို့ ဘုရားသခင်သည် အလိုရှိတော်မူ၏။ ၎င်းပြင် ကျမ်းစာကိုလေ့ကျက်ဖတ်ရှုခြင်းအမှုသည် အခြားသောစာပေများကို လေ့လာစတ်ရှုခြင်းထက် ဉာဏ်သတ္တိကိုတိုးပွားခိုင်ခံ့၍ မြင့်တင်ပေးလေ သည်။ သို့ရာတွင် ကျွန်ုပ်တို့သည် တွေးဆဆင်ခြင်ရာ၌ မိမိကိုယ်ကို ဘုရားသခင်လောက်တတ်သိကျွမ်းကျင်သည်ဟု အထင်မကြီးအပ်ကြပေ။ လူသတ္တဝါဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏ဆင်ခြင်စဉ်းစားဉာဏ်သည် အားနည်းညံ့ဖျင်း၏။ အထင်ရှားဆုံးသောသမ္မာတရားများကို နားမလည် နိုင်စေခြင်းငှာ ကျမ်းစာများကိုဖုံးကွယ်မနေစေကြလိုလျှင် ကျွန်ုပ်တို့၌ ကလေးသူငယ်ကဲ့သို့ရိုးသားခြင်းနှင့်ယုံကြည်ခြင်းရှိလျက် သန့်ရှင်းသော ဝိညာဉ်တော်၏အကူအညီကို တောင်းလျှောက်ပြီးလျှင် ကျမ်းစာကို လေ့ကျက်ဖတ်ရှုရန်အသင့်ရှိရကြမည်။ ဘုရားသခင်၏တန်ခိုးတော်နှင့် ဉာဏ်ပညာတော်အကြောင်းကိုသိရှိနားလည်၍ မိမိတို့သည် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းအဖြစ်ကိုနားလည်ခြင်းငှာ အစွမ်းသတ္တိမရှိကြောင်း ကိုသိရှိရခြင်းအမှုသည် ကျွန်ုပ်တို့အား နှိမ့်ချသောသဘောကိုရရှိစေသဖြင့်



ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုဖွင့်၍ ဖတ်ကြသော

အခါ ဘုရားသခင်ကိုယ်တော်တိုင်၏မျက်မှောက်၌ ကျွန်ုပ်တို့ရောက်ရှိနေသကဲ့သို့ သန့်ရှင်ကြောက်ရွံ့ရှိသေခြင်းရှိရကြမည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာတော်မြတ်ထံသို့လာကြသောအခါ ကျွန်ုပ်တို့၏စဉ်းစားဆင်ခြင်တတ်သောစိတ်သဘောသည် ၎င်းထက်သာလွန်ထူးကဲသော ဩဇာအာဏာရှိသေးကြောင်းကိုဝန်ခံလျက် ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်ဉာဏ်အစွမ်းသတ္တိရှိသမျှတို့သည် "ငါဖြစ်သည်" ဟုမိန့်တော်မူသောအရှင်ဘုရားသခင်ရှေ့တော်၌ ဦးညွတ်အရိုအသေပြုရကြမည်။

အမြင်အားဖြင့်ခက်ခဲသည်၊ ဖုံးကွယ်နေသည်ဟုထင်ရသောအရာများစွာရှိသဖြင့် ၎င်းတို့ကိုနားလည်နိုင်ရန် ကြိုးစားရှာဖွေသောသူတို့အား ဘုရားသခင်သည် ၎င်းတို့ကိုထင်ရှားလွယ်ကူလာအောင်ဖော်ပြတော်မူလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏စောင့်ရှောက်လမ်းပြခြင်းကိုမခံရလျှင် ကျမ်းစာကိုအစဉ်သဖြင့်တိုက်လှန်နေကြလန့်မည်၊ (သို့မဟုတ်) ၎င်းတို့ကိုတလွဲအနက်ကောက်ယူလျက်နေကြလိမ့်မည်။ အကျိုးမခံစားရသည့်အပြင် အများသောသူတို့၌ အသေအချာပင်အကျိုးပျက်စေအောင် ကျမ်းစာအုပ်ကိုဖတ်ရှုသာဖြင့်များစွာဖတ်နေသည်လည်းရှိပေသည်။ ရိုသေခြင်း၊ ဆုတောင်းခြင်းမရှိဘဲ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုဖွင့်ဖတ်သောအခါ ဘုရားသခင်၌သာ စိတ်စွဲလမ်းခြင်း၊ ဆင်ခြင်အောက်မေ့ခြင်းစိတ်သဘောမရှိသောအခါ (သို့မဟုတ်) ဆင်ခြင်စွဲလမ်းမှုတို့သည် ဘုရားသခင်၏အလိုတော်နှင့်မညီမညွတ်ရှိနေသောအခါ စိတ်သဘောသည် ယုံမှားသံသယဖြင့်ဖုံးလွှမ်းနေလေသည်။ ၎င်းပြင် ထိုအခါ၌ ကျမ်းစာကိုလေ့ကျက်ရာတွင် ယုံမှားခြင်းအမှုတို့သည် တိုးပွားများပြားခိုင်ခံ့လေ၏။ ရန်သူသည် သူ၏



စိတ်ကိုစိုးမိုးအုပ်ချုပ်လာလျက် မမှန်သောအဓိပ္ပါယ်တို့ကိုဖော်ပြအကြံ

ပေးလိမ့်မည်။ လူတို့သည် စကားပြောရာ၌လည်းကောင်း၊ အပြုအမူ အနေအထိုင်တို့၌လည်းကောင်း ဘုရားသခင်၏အလိုတော်နှင့်ညီစေရန် မကြိုးစားသောအခါ သူတို့သည် မည်မျှပင်ပညာတတ်သော်လည်း ကျမ်းစာကိုလေ့လာဖတ်ရှုခြင်းအမှု၌ အလွဲနားလည်တတ်ကြသည်။ ၎င်းပြင် ထိုသူတို့ကဖော်ပြသောအနက်အဓိပ္ပါယ်တို့ကိုယုံကြည်အားကိုး လျှင် ဘေးမကင်းချေ။ ကျမ်းစာ၌ အမှားကိုလိုက်ရှာနေသောသူ၌ ဝိညာဉ်ထိုးထွင်းဉာဏ်မရှိချေ။ အမှန်အားဖြင့် ထင်ရှားလွယ်ကူသော အရာများ၌ပင် သူတို့သည် ယုံမှားစရာအကြောင်းများတို့ကို အမြင် ကျဉ်းသောသဘောနှင့်တွေ့မြင်ရကြလိမ့်မည်။

အများအားဖြင့်ယုံမှားခြင်း၊အလွဲထင်မြင်ခြင်းတို့သည် မည်မျှပင် လျှို့ဝှက်စေကာမူ အပြစ်ကိုနှစ်သက်ခြင်းသည် ၎င်းတို့ကိုဖြစ်စေသော အကြောင်းရင်းအမှန်ပင်ဖြစ်ပေသည်။ ဘုရားသခင်၏နှုတ်ထွက်စကား တော်၌ သွန်သင်ဩဝါဒပေးချက်များနှင့် ကန့်သတ်ချုပ်ချယ်ထားချက် များတို့ကို မာနကြီးသောသူ၊ စိတ်ထဲ၌အပြစ်ကိုနှစ်သက်သောသူတို့သည် လက်ခံလိုသောစိတ်သဘောမရှိကြ။ ၎င်းပြင် နှုတ်ထွက်စကားတော်က ပညတ်ထားသောအချက်တို့ကို နားမထောင်လိုသောဆန္ဒမရှိသောသူတို့ သည် ၎င်း၏ထောက်ခံချက်ကိုအလွယ်တကူနှင့် ယုံမှားသံသယဖြစ် တတ်ကြသည်။ သမ္မာတရားကိုထိရောက်စွာနားလည်နိုင်ဖို့ရန် ကျွန်ုပ် တို့၌ သမ္မာတရားကိုစိတ်အားထက်သန်စွာ သိနားလည်လိုသောဆန္ဒနှင့် ၎င်းကိုစိတ်ပါစွာနားထောင်လိုသောသဘောရှိရကြမည်။ ဤကဲ့သို့စိတ် သဘောမျိုးနှင့်ကျမ်းစာတော်မြတ်ကိုလေ့ကျက်ဖတ်ရှုရန် လာကြသော သူအပေါင်းတို့အား ကျမ်းစာတော်မြတ်သည် ဘုရားသခင်၏နှုတ်ထွက်စကား



တော်ဖြစ်ကြောင်း ဖော်ပြသောသက်သေသာဓကများစွာတို့ကို တွေ့ရှိ

ရကြလိမ့်မည်။ ၎င်းပြင်သူတို့သည် ကယ်တင်ခြင်းခံစားရအံ့သောငှာ ပညာရှိသောသူများဖြစ်လာကြမည်အကြောင်း ကျမ်းစာတော်မြတ်၏ သမ္မာတရားများကိုနားလည်ရသောအကျိုးကျေးဇူးကို ရရှိကြလိမ့်မည်။

"ဘုရားသခင်၏အလိုတော်သို့ လိုက်ချင်သောသူမည်သည်ကား ဤဘုရားသခင်၏တရားတော်ကိုပိုင်းခြား၍သိသိလိမ့်မည်"ဟုသခင်ခရစ်တော်ကမိန့်တော်မူ၏။ (ယောဟန် ၇း၁၇။) သင်မသိနားမလည်သောအရာတို့ကို မေးမြန်း၍ အကြောင်းမဲ့အပြစ်ရှာနေကြမည့်အစား သင့်အပေါ်၌အဆင်သင့် ထွန်းတောက်နေသောအလင်းတရားကိုသတိပြုပါ။ သို့ပြုလျှင် သင်သည် သာ၍ထွန်းထောက်သောအလင်းကိုရရှိလိမ့်မည်။ သင်နားလည်နိုင် လောက်အောင် သင့်အားထင်ရှားစွာဖေါ်ပြထားပြီးသောတာဝန်ဝတ္တရားရှိ သမျှတို့ကို သခင်ခရစ်တော်၏ကျေးဇူးတော်အားဖြင့် ဆောင်ရွက်လော့၊ သို့ပြုလျှင် ယခုသင်ယုံမှားနေသောအရာတို့ကိုနားလည်လာ၍ လိုက်နာ ပြုကျင့်ရန်တတ်စွမ်းနိုင်လိမ့်မည်။

ပါရဂူမြောက်အောင်တတ်ကျွမ်းသောသူနှင့်ဘာမျှမဖတ်တတ် နိုင်လောက်အောင် ပညာမဲ့သောသူမှစ၍ လူအပေါင်းတို့အတွက် သက်သေသာဓကတစ်ခုရှိသည်။ ၎င်းကား ကိုယ်တွေ့အဖြစ်အပျက် တည်းဟူသောသက်သေသာဓကဖြစ်ပေသည်။ ဘုရားသခင်၏နှုတ်ထွက် စကားတော်ကျမ်းစာတော်မြတ်သည် အစစ်အမှန်ဖြစ်ကြောင်း ကျွန်ုပ်တို့ ကိုယ်တိုင်စစ်ဆေးရှာဖွေရန် ဘုရားသခင်က ကျွန်ုပ်တို့အားမိန့်မှာတော်မူ၏။ "ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည်အကြောင်းကိုမြည်းစမ်း၍ သိမှတ်ကြလော့" (ဆာလံကျမ်း ၃၄း၈။) ဟုဘုရားသခင်က ကျွန်ုပ် တို့အားမှာထားတော်မူ၏။ အခြားသောသူတို့၏စကားကို အားကိုးမည့်



အစား ကျွန်ုပ်တို့ကိုယ်တိုင်မြည်းစမ်းကြည့်ရကြမည်။ ကိုယ်တော်က၊

"တောင်းကြလော့၊ တောင်းလျှောင်ရကြလိမ့်မည်" ဟုမိန့်တော်မူ၏။ (ယောဟန် ၁၆း၂၄။) ဘုရားသခင်၏ကတိတော်များသည် ပြည့်စုံခြင်းသို့ရောက်လိမ့်မည်။ ၎င်းတို့သည် ဘယ်အခါမျှမပျက်ကွက်ခဲ့ကြချေ။ ဘယ်အခါမျှပျက်ကွက်နိုင်လိမ့်မည်မဟုတ်။ ကျွန်ုပ်တို့သည် သခင်ယေရှု ထံတော်သို့ချဉ်းကပ်၍ ကိုယ်တော်၏စုံလင်သောမေတ္တာတော်၌ အားရ ဝမ်းမြောက်ခြင်းရှိကြသောအခါ ကျွန်ုပ်တို့၏ယုံမှားခြင်းနှင့်မှောင်မိုက် သည် ကိုယ်တော်၏အလင်းတော်ရှေ့တွင် ကွယ်ပျောက်သွားကြလိမ့်မည်။

ဘုရားသခင်သည် "မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနုတ်၍ ချစ်တော်မူသောသားတော်၏နိုင်ငံတော်ထဲသို့သွင်းတော်မူ၏။" ဟု တမန်တော်ရှင်ပေါလုကဖော်ပြထား၏။ (ကောလောသဲ ၁း၁၃)။ သေခြင်း မှအသက်ရှင်ခြင်းသို့ကူးပြောင်းသောသူတိုင်းသည်ကား၊ "ဘုရားသခင် သည် သစ္စာစောင့်တော်မူသည်ဟု တံဆိပ်ခတ်နိုင်သောအခွင့်ရှိ၏။" (ယောဟန် ၃း၃၃။) ကျွန်ုပ်တို့သည် အကူအညီကိုအလိုရှိရာ သခင် ယေရှု၌တွေ့ရှိရ၏။ လိုသောအရာရှိသမျှတို့ကိုချပေး၍ ကျွန်ုပ်ဝိညာဉ်၏ ငတ်မွတ်ခြင်းကိုပြေစေတော်မူ၏။ ၎င်းပြင် သမ္မာကျမ်းစာတော်မြတ် သည် ယခုတွင် ကျွန်ုပ်အတွက် သခင်ယေရှု၌ဖော်ပြချက်ဖြစ်လာ၏။ သင်က ကျွန်ုပ်အားဘာကြောင့်သခင်ယေရှု၌ ယုံကြည်ခြင်းရှိသနည်းဟု မေးသလော။ အကြောင်းကား ကိုယ်တော်သည်ကျွန်ုပ်အတွက် ကယ်တင် ရှင်သခင်ဘုရားဖြစ်တော်မူ၏။ ဘာကြောင့်ကျွန်ုပ်သည် သမ္မာကျမ်းစာ တော်မြတ်၌ ယုံကြည်ခြင်းရှိသနည်း၊ အကြောင်းကား၊ ၎င်းသည် ကျွန်ုပ်ဝိညာဉ်ဖို့မိန့်မြွက်တော်မူသောဘုရားသခင်၏အသံတော်ဖြစ်ကြောင်း ကျွန်ုပ်တွေ့ရှိရပြီဟု သူကသက်သေခံနိုင်၏။ သမ္မာကျမ်းစာတော်



မြတ်သည် မှန်ကန်သည်။ သခင်ယေရှုသည် ဘုရားသခင်၏သားတော်

ဖြစ်တော်မူသည်ဟု ကျွန်ုပ်တို့ကိုယ်တိုင်၌သက်သေကိုရရှိကြလိမ့်မည်။ ကျွန်ုပ်တို့သည်လှည့်စားမှုနှင့်ပြင်ဆင်သောယုံတမ်းစကားကိုမလိုက်ဘဲ နေကြသည်ကိုသိရှိကြ၏။

ရှင်ပေတရုက မိမိညီအစ်ကိုများအား၊ "ကျေးဇူးတော်၌လည်း ကောင်း၊ ငါတို့ကိုကယ်တင်တော်မူသော သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌လည်းကောင်း ကြီးပွားကြလော့" ဟုဆုံးမသြဝါဒပေး ထား၏။ (၂ပေတရု ၃း၁၈။) ဘုရားသခင်၏လူမျိုးတို့သည် ကျေးဇူး တော်၌ကြီးပွားလျက်နေကြသောအခါ သူတို့သည် ဘုရားသခင်၏နှုတ်ထွက် စကားတော်ကိုသာ၍ထင်ရှားစွာ နားလည်နိုင်သောဉာဏ်ကိုအမြဲ ရရှိလျက်နေကြလိမ့်မည်။ ၎င်းတွင် သန့်ရှင်းသောသမ္မာတရားများ၌ အသစ်သောအလင်းနှင့် တင့်တယ်လှပခြင်းကို သူတို့သေချာထင်ရှား စွာသိမြင်ကြလိမ့်မည်။ ကာလအဆက်ဆက် ဤအချက်သည်မှန်ကန် ကြောင်း အသင်းတော်ရာဇဝင်၌ထင်ရှားလျက်ရှိခဲ့၏။ ၎င်းပြင် ထိုနည်း တူ ၎င်းသည်အဆုံးတိုင်အောင်ဆက်လက်၍ ဖြစ်လျက်နေကြလိမ့်မည်။ "ဖြောင့်မတ်သောသူတို့၏လမ်းသည် တက်သောအရုဏ်ကဲ့သို့ဖြစ်၍ နေထွက်သည်တိုင်အောင် တိုးပွားထွန်းလင်းတတ်၏။" (သု ၄း၁၈။)

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် နောင်ထာဝရကာလကို မြော်ဆနိုင်သဖြင့် လူ၏အစွမ်းသတ္တိရှိသမျှသည် ဘုရားသခင်၏စွမ်းအား သတ္တိများနှင့်ပူးပေါင်း၍ ဝိညာဉ်၏တန်ခိုးရှိသမျှသည် အလင်း၏အမြစ် ဖြစ်တော်မူသောအရှင်နှင့်တိုက်ရိုက်ဆက်သွယ်ခြင်းရှိလျက် ပညာဉာဏ် တို့တွင်တိုးပွားခြင်းအလိုငှာ ဘုရားသခင်၏ကတိခံဝန်တော်မူချက်ကို ဆွဲကိုင်ထားနိုင်ကြသည်။ ဘုရားသခင်စီမံချပေးထားတော်မူသောအရာ



များ၌ ကျွန်ုပ်တို့အားစိတ်ရှုပ်ထွေးစေသောအရာရှိသမျှတို့သည် ထိုအခါ၌

ထင်ရှားလိမ့်မည်ဖြစ်၍ ကျွန်ုပ်တို့သည် အားရဝမ်းမြောက်ကြလိမ့်မည်။ နားမလည်နိုင်သောအရာတို့သည် လွယ်ကူရှင်းလင်းသွားကြလိမ့်မည်။ ကျွန်ုပ်တို့၏ကန့်သတ်ထားသောဉာဏ်က ရှုပ်ထွေးခြင်းနှင့်ပျက်စီးနေသော ရည်ရွယ်ချက်များတို့ကိုသာ တွေ့ရှိရသောနေရာတွင် ကျွန်ုပ်တို့သည် အစုံအလင်ဆုံးနှင့်အတင့်တယ်ဆုံးညီညွတ်မှုကိုတွေ့ရှိရကြလိမ့်မည်။ "ယခုတွင်ငါတို့သည် မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏။ ထိုအခါ မူကား၊ မျက်မှောက်ထင်ထင်မြင်ရကြလိမ့်မည်။" (၁ကော ၁၃း၁၂)။

---ooo---

ဘုရားသခင်၏သားသမီးများတို့သည် သခင်ခရစ်တော်၏ ကိုယ်စားလှယ်များအဖြစ်နှင့်ခေါ်တော်မူခြင်းခံရကြသဖြင့် ထာဝရဘုရား၏ကောင်းမြတ်ခြင်းနှင့်သနားကြင်နာခြင်းအကြောင်းကိုဖော်ပြရကြမည်။ သခင်ယေရှုသည် ခမည်းတော်၏သဘောတော်၊ ဘုန်းတော်အစစ်အမှန်ကို ကျွန်ုပ်တို့အား ထင်ရှားစေတော်မူသည်နည်းတူ ကိုယ်တော်၏ကြင်နာသနားတတ်သောမေတ္တာတော်အကြောင်းကို မသိသေးသောလောကအား သခင်ခရစ်တော်၏အကြောင်းကို ကျွန်ုပ်တို့သည်ဖော်ပြရကြမည်။ “ကိုယ်တော်သည် အကျွန်ုပ်ကို ဤလောကသို့စေလွှတ်တော်မူသည်နည်းတူ အကျွန်ုပ်သည် သူတို့၌ရှိ၍ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ရှိတော်မူသောအားဖြင့် ..........ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်း..........လောကသားသည် သိစေခြင်းငှာ” ဟုသခင်ယေရှုကမိန့်တော်မူ၏။ (ယောဟန် ၁၇း၁၈၊၂၃)။ တမန်တော်ရှင်ပေါလုက သခင်ယေရှု၏တပည့်တော်တို့အား “သင်တို့သည် ငါတို့ပြုစုသော ‘ခရစ်တော်၏စာ’ ထင်ရှားစွာဖြစ်ကြ၏။” “လူအပေါင်းတို့သိ၍ဖတ်တတ်သော ‘ငါတို့၏စာ’ ပင်ဖြစ်သတည်းဟုဖော်ပြ၏။ (၂ကောရိန်သု ၃း၃၊၂။) မိမိ၏သားသမီးတိုင်းတို့တွင် သခင်ယေရှုသည် လောကအဖို့စာတစ်စောင်စီပို့ပေးလိုက်တော်မူ၏။ သင်သည် သခင်ခရစ်တော၏တပည့်တော်ဖြစ်လျှင် ကိုယ်တော်သည်သင်နေသောအရပ်တွင်ရှိသောအိမ်ထောင်၊ ရပ်ရွာ၊ လမ်းသို့ပေးရန်စာတစ်စောင်ကို သင်၌ပေးလိုက်တော်မူ၏။ သင်၏အထဲ၌ ကိန်းအောင်းနေတော်မူသောသခင်ယေရှုသည် မိမိနှင့်မကျွမ်းသောသူတို့၏စိတ်နှလုံးထဲ၌ စကားပြောဆိုရန်အလိုရှိတော်မူ၏။



သူတို့သည်ကျမ်းစာကိုမဖတ်ဘဲနေတတ်ကြသည်၊(သို့မဟုတ်)ကျမ်းစာ

၏စာမျက်နှာထဲမှ သူတို့အားပြောဆိုနေသောအသံကိုမကြားဘဲနေတတ်ကြသည်။ ဘုရားသခင်ပြုတော်မူသောအမှုများတွင် ဘုရားသခင်၏မေတ္တာတော်ကို သူတို့သည်မမြင်တတ်ချေ။ သို့ရာတွင် သင်သည်သခင်ခရစ်တော်၏ကိုယ်စားလှယ်အစစ်အမှန်ဖြစ်လျှင် သူတို့သည်သင့်အား ဘုရားသခင်၏ကောင်းမြတ်ခြင်းကရုဏာတော်ကို သိနားလည်လာကြလိမ့်မည်။ ၎င်းပြင် သူတို့သည် ကိုယ်တော်ကိုချစ်ခင်၍ ကိုးကွယ်လာကြလိမ့်မည်။

ခရစ်ယာန်တို့သည် ကောင်းကင်သို့သွားရာလမ်းခရီးတွင်မီးတိုင်ကိုကိုင်ဆောင်လမ်းပြရသူများဖြစ်ကြသည်။သူတို့သည်မိမိတို့အပေါ်၌သခင်ခရစ်တော်ထံမှထွန်းတောက်နေသောအလင်းကို တစ်ဖန်ပြန်၍လောကတွင်လင်းစေရကြမည်။ မိမိတို့အား အခြားသောသူတို့သည်သခင်ခရစ်တော်အကြောင်းနှင့် ကိုယ်တော်၏အမှုတော်အကြောင်းအားမှန်ကန်သောထင်မြင်ချက်ကိုရရှိကြမည်အကြောင်း မိမိတို့၌ကောင်းမွန်သင့်လျော်သောအပြုအမူ၊ အနေအထိုင်နှင့်အကျင့်များရှိရကြမည်။

ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ကိုယ်စားလှယ်များအမှန်ဖြစ်ကြလျှင် ကိုယ်တော်၏အမှုတော်ကို တကယ်ပင်ဖြစ်သည်အတိုင်းနှစ်သက်စွဲလမ်းဖွယ်ဖြစ်စေရန် ကြိုးစားရကြမည်။ မိမိတို့၏စိတ်ဝိညာဉ်များထဲ၌စိတ်ပျက်ဝမ်းနည်းခြင်း၊ စိတ်ညှိုးငယ်ခြင်းအကြောင်းများကိုစုအောင်းစေ၍ အမြဲညည်းညူအပြစ်တင်နေတတ်သောခရစ်ယာန်သည်အခြားသောသူတို့အား ဘုရားသခင့်အကြောင်းနှင့် ခရစ်ယာန်အသက်တာအကြောင်းကို အမှားဖေါ်ပြနေကြလေသည်။ ဘုရားသခင်သည်မိမိတို့၏သားသမီးများအား ပျော်ရွှင်စွာနေစေဖို့နှစ်သက်တော်မမူဟု



သူတို့က ထင်မှတ်စွဲလမ်းစေသဖြင့် သူတို့သည် ကျွန်ုပ်တို့၏ကောင်းကင်

ခမည်းတော်၏အကြောင်းအား မမှန်သောသက်သေကိုပြနေကြသည်။

ဘုရားသခင်၏သားသမီးများတို့ကို ယုံမှားစိတ်ပျက်စေအောင် သွေးဆောင်နိုင်သောအခါ စာတန်သည် အလွန်တရာပင်အားရရွှင်မြူး၏။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကယ်တင်လိုသောဆန္ဒနှင့်ကယ်တင်နိုင်သောတန်ခိုးကို ကျွန်ုပ်တို့သည်ယုံမှားလျက် ဘုရားသခင်ကိုမယုံကြည်မကိုးစားဘဲနေသည်ကို စာတန်သည်မြင်လို၏။ ထာဝရဘုရားစီမံလုပ်တော်မူသောအရာများအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား ဘေးဥပဒ်သက်ရောက်စေသည်ဟု ကျွန်ုပ်တို့ကိုထင်မှတ်စေရန် စာတန်သည် နှစ်သက်လိုလား၏။ ထာဝရဘုရားသည် သနားခြင်းကရုဏာ၊ ထောက်ထားစာနာခြင်းသဘောနှင့်ကင်းတော်မူသည်ဟု ဖေါ်ပြခြင်းသည် စာတန်၏အလုပ်ဖြစ်သည်။ ထာဝရဘုရားအကြောင်းနှင့်စပ်ဆိုင်သောသမ္မာတရားကို သူသည်အလွဲဖေါ်ပြ၏။ ဘုရားသခင်အကြောင်းနှင့်သက်ဆိုင်၍ မှားသောထင်မြင်ချက်များကိုတွေးတောစေ၏။ ကျွန်ုပ်တို့၏ကောင်းကင်ခမည်းတော်အကြောင်းနှင့်စပ်ဆိုင်၍ မှန်သောတရား၌စွဲလမ်းရမည့်အစား ကျွန်ုပ်တို့သည် မကြာခဏစာတန်က အလွဲဖေါ်ပြသောအရာများပေါ်တွင် စိတ်စွဲလမ်းလျက် ဘုရားသခင်ကိုယုံကြည်အားကိုးခြင်းမပြုဘဲညည်းညူအပြစ်တင်လျက်နေခြင်းဖြင့် ဘုရားသခင်ကိုရှုတ်ချကြ၏။ စာတန်သည် ဘာသာတရားရေးနှင့်ဆိုင်သောအသက်တာကို စိတ်ပျက်ငြီးငွေ့ဖွယ်အသက်တာမျိုးဖြစ်စေရန် အစဉ်အမြဲကြံစည်ကြိုးစားလျက်နေ၏။ ၎င်းအသက်တာသည် ပင်ပန်းငြီးငွေ့ဖွယ်ဖြစ်၍ ခက်ခဲသည်ဟုထင်မြင်စေရန် သူသည်အလိုရှိ၍ ခရစ်ယာန်သည် မိမိ၏အသက်တာ၌ ဘာသာရေးနှင့်စပ်ဆိုင်သော ဤထင်မြင်ချက်



မျိုးကိုဖေါ်ပြသောအခါ သူသည် မိမိ၏ယုံမှားခြင်းအားဖြင့် စာတန်၏

အမှားကိုထောက်ခံလျက်နေ၏။

အများသောသူတို့သည် အသက်တာလမ်းခရီးကိုလိုက်လျှောက်နေရာတွင် မိမိတို့၏အမှာများ၊ မအောင်မြင်ဘဲဆုံးရှုံးမှုများနှင့်စိတ်ပျက်အားလျော့မှုများအပေါ်၌သာ စိတ်စွဲလမ်းလျက်နေတတ်ကြသည်။ ကျွန်ုပ်စာရေးသူသည် ဥရောပတိုက်တွင်ရှိစဉ်အခါ ဤကဲ့သို့ပြုနေလျက် အလွန်စိတ်ဆင်းရဲခြင်းရောက်သောညီမတစ်ယောက်က ကျွန်ုပ်ထံစာရေးလျက်အားပေးတိုက်တွန်းစကားများကိုအလိုရှိကြောင်း တောင်းပန်ပါသည်။ သူမ၏စာကို ကျွန်ုပ်ဖတ်ပြီးသောညဥ့်၌ ကျွန်ုပ်သည် ဥယျာဉ်ထဲတွင်ရောက်ရှိနေသည်ဟုအိပ်မက်မြင်ရ၏။ ၎င်းပြင် ဥယျာဉ်ရှင်ဟုထင်ရသောလူတစ်ယောက်က ကျွန်ုပ်အား ဥယျာဉ်ထဲတွင်ရှိလမ်းများ၌ လိုက်လံပြသနေ၏။ ကျွန်ုပ်သည်ပန်းများကိုခူးလျက် ၎င်းတို့၏အနံ့များကိုအာရုံခံစားနေစဉ် ကျွန်ုပ်၏အနား၌လျှောင်နေသော ဤညီမသည်မိမိ၏လမ်း၌ကျရောက်နေသည့် အရုပ်ဆိုးသောဆူးပင်များကို ကျွန်ုပ်အားပြနေ၏။ထိုနေရာ၌သူမသည် ညည်းညူလျက် စိတ်ပျက်ဝမ်းနည်းနေ၏၊ သူမသည် လမ်းပြသောသူ၏လမ်း၌မလျှောက်ဘဲ ဆူးပင်များရှိရာလမ်းတွင်လျှောက်နေ၏။ "ဒီလှပတဲ့ဥယျာဉ်ဟာ ဆူးပင်တွေကြောင့်ပျက်စီးနေတာဟာ ဘယ်လောက်နမြောဖို့ကောင်းသလဲ" ဟုသူမကညည်းညူနေ၏။ ထိုအခါ လမ်းပြသောသူက၊ "ဆူးပင်တွေနေပါစေ၊ ခင်ဗျားကိုဒါတွေကစူးကုန်လိမ့်မယ်၊ နှင်းဆီပန်းတွေ၊ နှင်းပန်းတွေနဲ့ပန်းရောင်ပန်းကလေးတွေကိုသာ ခူးပါ" ဟုပြောဆိုလေ၏။

သင်၏ကိုယ်တွေ့အဖြစ်အပျက်များတွင် ကြည်လင်တောက်ပသောအချက်ကလေးများအချို့မရှိခဲ့တော့ဘူးလား။ ဘုရားသခင်၏ဝိညာဉ်



တော်ပြုပြင်ခြင်းခံရသောအားဖြင့် သခင်၏စိတ်နှလုံးထဲ၌ တုန်လှုပ်ခြင်း

ဖြစ်စေသည့် အဖိုးထိုက်သောအချိန်အခါအချို့ သင်၌မရှိခဲ့ဘူးလား။ သင့်အသက်တာ၏ကိုယ်တွေ့အဖြစ်အပျက်များကိုပြန်၍ ကြည့်သောအခါ နှစ်သက်ဖွယ်ကောင်းသောအချက်အချို့ကို သင်သည်မတွေ့ဘူးလား။ ဘုရားသခင်၏ကတိတော်များသည် မွှေးကြိုင်သောပန်းများကဲ့သို့ သင်၏အသက်တာလမ်းခရီးတွင် နေရာတိုင်း၌ရှိနေကြသည်မဟုတ်လော။ ၎င်းတို့၏လှပတင့်တယ်ခြင်းနှင့်မွှေးကြိုင်ခြင်းသည် သင်၏စိတ်နှလုံးကိုဝမ်းမြောက်ခြင်းနှင့်ပြည့်ဝစေဖို့အခွင့်မပြုဘူးလား။

ဆူးပင်များသည် သင့်ကိုစူး၍စိတ်ပျက်စေလိမ့်မည်။ ၎င်းပြင် သင်သည် ၎င်းတို့ကိုသာရွေးဆွတ်၍ အခြားသူများကိုပေးလျှင် သင့်ကိုယ်တိုင်ဘုရားသခင်၏ကရုဏာတော်ကို ဂရုမစိုက်အမှုမထားဘဲနေသည့်အပြင် သင်၏ပတ်လည်၌ရှိသောသူတို့အား အသက်တာလမ်းခရီး၌ လျှောက်မသွားစေရန် သင်သည်တားဆီးပိတ်ပင်နေသည်မဟုတ်လော။

လွန်ခဲ့သောနေ့ရက်ကာလများက အပြစ်များနှင့်စိတ်ပျက်ဖွယ်ရာများဖြစ်သော စိတ်မကောင်းဖွယ်ရာအကြောင်းအရာများကို ဆင်ခြင်တွေးတောနေခြင်း၊ စိတ်ပျက်လာအောင် ၎င်းတို့အကြောင်းကို ထပ်တလဲလဲပြောဆိုလျက် ညည်းညူနေခြင်းအမှုတို့ကိုပြုလုပ်နေဖို့မသင့်ပေ။ စိတ်ပျက်နေသောဝိညာဉ်တော်သည် မှောင်မိုက်နှင့်ဖုံးလုပ်နေ၍ မိမိ၏စိတ်ဝိညာဉ်ထဲမှ ဘုရားသခင်၏အလင်းရောင်ကို ကွယ်ထားသဖြင့် အခြားသူတို့၏လမ်းခရီးတွင် မှောင်ရိပ်ကိုကျရောက်စေ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့အားဖေါ်ပြတော်မူသည့် အလွန်တင့်တယ်သောအကြောင်းအရာများတွက် ဘုရားသခင်အား ကျေးဇူးတင်ကြစို့။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာတော်နှင့်သက်ဆိုင်သည့်



မင်္ဂလာရှိသောကတိတော်များကို တစ်ခါတည်းစုရုံးပြီးဖေါ်ပြကြပါစို့။

ဘုရားသခင်၏သားတော်သည် လူတို့အား စာတန်၏ဩဇာအာဏာ လက်အောက်မှ ကယ်တင်နိုင်မည်အကြောင်း မိမိ၏ဘုရားသခင်အဖြစ်တော်ကို လူဇာတိအဖြစ်နှင့်ခြုံတော်မူလျက် မိမိခမည်းတော်၏ပလ္လင်တော်မှထွက် ခွာလာတော်မူသည့်အကြောင်း ဘုရားသခင်အဖြစ်တော်ကို မိမိ၏ဘုန်းတော် အားဖြင့်ထင်ရှားရာ ယခုရောက်ရှိနေတော်မူသည့်အခန်းကို သူတို့အား ထင်ရှားစေပြီးလျှင် ကောင်းကင်အကြောင်းအရာကို လူတို့အားဖွင့်ပြ တောမူလျက် ကျွန်ုပ်တို့အတွက် ကိုယ်တော်သည်အောင်မြင်တော်မူသည့် အကြောင်း အပြစ်ကဆွဲချထားသောပျင်စီးခြင်းချိုင့်ထဲမှ ကျဆုံးသော လူသားကိုဆွဲတင်၍ တစ်ဖန်အစအဆုံးမရှိသောဘုရားသခင်နှင့်ဆက် သွယ်စေလျက် ကျွန်ုပ်တို့၏ကယ်တင်ရှင်ကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်စီမံတော်မူသော စုံစမ်းနှောင့်ယှက်ခြင်းကိုခံရပ်နိုင်သော ကြောင့် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံနှင့်ခြုံပြီးလျှင် ဘုရား သခင်၏ပလ္လင်တော်တိုင်အောင်ချီးမြှောက်ခြင်းခံရသည့်အကြောင်းမှ စသော ဤအကြောင်းအရာများတို့ကို ဘုရားသခင်က ကျွန်ုပ်တို့အား ဆင်ခြင်စဉ်းစားစေဖို့အလိုရှိတော်မူ၏။

ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာနှင့်ကတိတော်များကို မယုံကြည်အားမကိုးဘဲနေတတ်ကြသောအခါ ကျွန်ုပ်တို့သည် ဘုရား သခင်ကိုရှုတ်ချ၍ သန့်ရှင်းသောဝိညာဉ်တော်ကိုစိတ်နာစေကြ၏။ မိခင် တစ်ဦးသည် မိမိ၏သားသမီးတို့အား အကျိုးကျေးဇူးခံစားစေ၍ ကိုယ်စိတ်ချမ်းသာစေရန်အတွက် တစ်သက်ပတ်လုံးကြိုးပမ်းခဲ့ပြီးသော အခါ သားသမီးများက သူမသည် မိမိတို့ကိုကောင်းစွာမပြုစုသကဲ့သို့ အမြဲပဲ မိခင်အားညည်းညူအပြစ်တင်နေကြလျှင် သူမ၏စိတ်ထဲ၌



မည်ကဲ့သို့ဖြစ်နေမည်နည်း။ သူတို့သည်အကယ်၍ မိခင်၏မေတ္တာကို

မယုံကြည်လျှင် သူမ၏စိတ်ကိုကြေကွဲစေလိမ့်မည်။ မိမိတို့၏သားသမီးတို့က ထိုသို့ပြုတတ်ကြလျှင် မိဘတစ်စုံတစ်ယောက်သည် စိတ်ထဲ၌မည်ကဲ့သို့ဖြစ်နေမည်နည်း။ ကျွန်ုပ်တို့သည်ထာဝရအသက်ကိုရရှိမည်အကြောင်း မိမိ၏တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူစေသောမေတ္တာတော်ကို ကျွန်ုပ်တို့သည် ယုံမှားသံသယရှိကြသောအခါ ကျွန်ုပ်တို့၏ကောင်းကင်ခမည်းတော်သည် ကျွန်ုပ်တို့ကိုမည်ကဲ့သို့ထင်မှတ်တော်မူလိမ့်မည်နည်း။ တမန်တော်ရှင်ပေါလုက၊ "မိမိသားတော်ရင်းကိုမနှမြောဘဲ ငါတို့ရှိသမျှအဖို့အလိုငှာ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း" ဟုရေးသားထား၏။ (ရောမ ၈း၃၂။) သို့ရာတွင်ဂရုစိုက်တော်မမူ၊ သူတစ်ပါးကိုသာချစ်တော်မူသည်။ ငါ့ကိုချစ်တော်မမူဟုလူမည်မျှတို့သည် ပြောဆိုနေကြသနည်း။

ဤအရာအလုံးစုံတို့သည် သင်၏ဝိညာဉ်ကိုဘေးဖြစ်စေလိမ့်မည်။ ယုံမှားခြင်းနှင့်သင်ပြောဆိုသောစကားရှိသမျှသည် သင့်အားသွေးဆောင်ရန် စာတန်သည်ဖိတ်ခေါ်နေ၏။ ၎င်းသည် သင့်ကိုတိုး၍ယုံမှားစေရန်တိုက်တွန်းစေပြီး သင့်အားစောင့်ရှောက်ပြုစုနေသောကောင်းကင်တမန်များကို စိတ်နာစေ၏။ စာတန်သည် သင့်အားသွေးဆောင်းသောအခါယုံမှားစရာအချက် (သို့မဟုတ်) မရှင်းလင်းသောအချက်တစ်စုံတစ်ရာကိုမျှသင့်နှုတ်မှမထွက်ပါစေနှင့်။ သင်သည်စာတန်၏အကြံပေးချက်များကိုလက်ခံရန်အခွင့်ပြုလျှင် သင်၏စိတ်သည် ယုံမှာခြင်းဆန့်ကျင်ဘက်ဆင်ခြေတက်ခြင်းနှင့်ပြည့်ဝလိမ့်မည်။ သင်၏စိတ်ထဲ၌ဖြစ်ပေါ်လာသော



ထင်မြင်ချက်တို့ကိုဖော်ပြပြောဆိုလျှင် သင်ဖော်ပြသောယုံမှားချက်တို့

သည် သင့်ကိုယ်၌ဒဏ်ပြန်လိမ့်မည်မကသေးဘဲ ၎င်းသည် အခြားသော အသက်တာ၌လည်း ဆိုးကျိုးတည်းဟူသောအသီးကို ဖြစ်ပွားစေသော မျိုးစေ့ဖြစ်၍ သင့်စကားကြောင့်ဖြစ်ပေါ်လာသောဆိုးကျိုးကို ကန့်ကွက် တားဆီးခြင်းငှာတတ်နိုင်လိမ့်မည်မဟုတ်။ သင့်ကိုယ်တိုင်သည် သွေး ဆောင်ခြင်း၏အချိန်ကာလအတောအတွင်း၌ စာတန်လက်မှလွတ်စရာ လမ်းကိုတွေ့ကောင်းတွေ့နိုင်မည်ဖြစ်သော်လည်း သင်၏စကားအားဖြင့် သွေးဆောင်ရာသို့ပါသွားသောအခြားသူတို့သည် သင်၏အကြံပေးခဲ့သော ယုံမှားချက်မှ လွတ်မြောက်စရာလမ်းကိုမတွေ့ဘဲ ရှိနေတတ်ကြသည်။ ဝိညာဉ်ခွန်အားနှင့်အသက်ကိုပေးမည့်အရာများကိုသာ ကျွန်ုပ်တို့သည် ပြောဆိုကြဖို့ မည်မျှအရေးကြီးသနည်း။

သင်၏ကောင်းကင်အရှင်သခင်အကြောင်းကို လောကအား သင်သည် မည်ကဲ့သို့သောသတင်းကိုကြားပြောလျက်နေသည်ကို ကောင်းကင်တမန်တို့သည် နားထောင်လျက်နေကြသည်။ သင်ပြော ဆိုသောစကားများတို့သည် ခမည်းတော်ရှေ့၌ သင့်အတွက် ဖျန်ဖြေ တောင်းပန်နေတော်မူသောအရှင်၏အကြောင်းဖြစ်ပါစေ။ သင်သည် မိတ်ဆွေတစ်ယောက်နှင့်တွေ့ကြုံနှုတ်ဆက်သောအခါ သင်သည်နှုတ်၌ လည်းကောင်း၊ စိတ်ထဲ၌လည်းကောင်း ဘုရားသခင်၏ကျေးဇူးကို ချီးမွမ်းပါ။ ဤကဲ့သို့ပြုလျှင် သူသည်သခင်ယေရှု၏အကြောင်းကို ဆင်ခြင်စဉ်းစားလိမ့်မည်။

လူအပေါင်းတို့၌မခံနိုင်အောင် ပြင်းသောပူဆွေးခြင်း၊ မတားဆီး နိုင်အောင် ခက်ခဲသောသွေးဆောင်ခြင်းမှစသော စုံစမ်းခြင်းများရှိကြပေ သည်။ သင်၏ဒုက္ခဆင်းရဲမှုတို့ကို သေခြင်းနှင့်မကင်းသော လူအချင်းချင်း



တို့အားမဖေါ်ပြဘဲ ဘုရားသခင်ထံဆုတောင်းခြင်းဖြင့် ယူဆောင်သွားပါ။

ဘယ်သောအခါမျှ ယုံမှားစရာစကား (သို့မဟုတ်) စိတ်ပျက်စရာစကား တစ်ခွန်းကိုမျှမပြောဖို့ရန် အကျင့်လုပ်ပါ။ မျှော်လင့်စရာစကားနှင့် သန့်ရှင်းသောအားပေးစကားများဖြင့် အခြားသူတို့၏အသက်တာကို ရွှင်ပျလာစေလျက် သူတို့၏ကြိုးပမ်းမှုတို့ကို တိုးတက်ခိုင်မြဲလာအောင် သင်သည်များစွာပြုလုပ်နိုင်သည်။

မိမိကိုယ်တိုင်၌လည်းကောင်း၊ အပြစ်တန်ခိုး၌လည်းကောင်း တိုက်လှန်ရာတွင် နစ်မွန်းလုမတတ်ရှိလျက် သွေးဆောင်ခြင်းကို နာကြည်းစွာခံစားနေရသော်လည်း ရဲရင့်တည်ကြည်သောသူများစွာ ရှိကြသည်။ ထိုကဲ့သို့ခက်ခဲစွာတိုက်လှန်ရန် ကြိုးစားနေသောသူတစ်စုံ တစ်ယောက်အား စိတ်မပျက်ပါစေနှင့်။ မိမိ၏အသက်တာလမ်းခရီး တွင်ဆက်လက်သွားစေရန် အားတက်ဖွယ်မျှော်လင့်စရာစကားများဖြင့် တိုက်တွန်းအားပေးပါ။ ထိုသို့အားဖြင့် သခင်ခရစ်တော်၏အလင်းသည် သင့်ထံမှထွန်းတောက်သွားလိမ့်မည်။ "ငါတို့တွင် အဘယ်သူကိုမျှ ကိုယ်အဖို့အလိုငှာ အသက်မရှင်။" (ရောမ ၁၄း၇။) ကျွန်ုပ်တို့၏မထင် ရှားမသိသာသောပုံသက်သေအကျင့်ခလေ့များအားဖြင့် အခြားသောသူ သည် ခွန်အားတိုးတက်လာကြလိမ့်မည်၊ (သို့မဟုတ်) အားလျော့စိတ်ပျက် ပြီးလျှင် သခင်ခရစ်တော်နှင့်သမ္မာတရားလမ်းမှ ဆုတ်ခွာသွားလိမ့်မည်။

သခင်ခရစ်တော်၏အသက်တာနှင့်ဂုဏ်တော်၊ သဘောတော်တို့ အကြောင်းကို မှားယွင်းစွာယူဆထင်မြင်ကြသောသူအများရှိကြသည်။ ကိုယ်တော်သည်ချစ်ခင်နှစ်သက်ခြင်း၊ ရွှင်ပျခြင်းသဘောများနှင့်ကင်း၍ ခက်ထန်တင်းမာသောမျက်နှာထားရှိလျက် အားရစရာလက္ခဏာနှင့် မပြည့်စုံဟုသူတို့ကထင်မှတ်ကြသည်။ အများအားဖြင့် ဘာသာရေးနှင့်



စပ်ဆိုင်သောအဖြစ်အပျက်တစ်ခုလုံးတွင် ဤကဲ့သို့စိတ်ပျက်ဖွယ်အခြင်း

အရာများကိုသာ ခြယ်လှယ်ဖေါ်ပြထားပေသည်။

သခင်ယေရှုသည်ငိုကြွေးတော်မူ၍ ဘယ်အခါမျှပြုံးတော်မူသည်ကိုမတွေ့ရဟု မကြာခဏပြောဆိုတတ်ကြသည်။ အမှန်အားဖြင့် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ဝမ်းနည်းခြင်းနှင့်ပြည့်ဝလျက် စိတ်ပျက်ဖွယ်သောအကြောင်းများကို ကြုံတွေ့တော်မူရသောပုဂ္ဂိုလ်ဖြစ်တော်မူ၏။ အကြောင်းကား ကိုယ်တော်၏စိတ်နှလုံးသည် လူတို့၏ဒုက္ခဆင်းရဲအပေါင်းတို့ကိုခံယူနေတော်မူရ၏။ သို့ရာတွင် ကိုယ်တော်၏အသက်တာသည် မိမိကိုယ်ကိုငြင်းပယ်သောအရာဖြစ်၍ ခံစားမှု၊ စိုးရိမ်ခြင်းများနှင့်ဖုံးအုပ်နေသော်လည်း ကိုယ်တော်၏စိတ်သဘောကား ကြေမွခြင်းရှိတော်မမူ။ ကိုယ်တော်၏မျက်နှာတော်သည် စိတ်ပျက်ဝမ်းနည်းခြင်းလက္ခဏာကိုမဆောင်ဘဲ အစဉ်သဖြင့် တည်ကြည်ငြိမ်သက်သောပုံပန်းရှိပေသည်။ ကိုယတော်၏စိတ်နှလုံးသည် အသက်ရေစီးရာစမ်းတွင်းဖြစ်၍ ကိုယ်တော်၏ကြွတော်မူရာအရပ်ရပ်တိုင်း၌ ငြိမ်သက်အေးချမ်းခြင်း၊ ဝမ်းမြောက်ရွှင်မြူးခြင်းအကြောင်းများကို ယူဆောင်သွားတော်မူ၏။

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် အလွန်ပင်တည်ကြည်၍ စိတ်အားထက်သန်ခြင်းရှိလျက် ဘယ်အခါမျှစိတ်ပျက်ညှိုးငယ်သုန်မှုန်နေတော်မူသည်မဟုတ်။ ကိုယ်တော်ကိုအတုယူသောသူ၏အသက်တာသည် စိတ်အားထက်သန်သောရည်ရွယ်ချက်များနှင့်ပြည့်စုံ၏။ မိမိတို့အသီးအသီး၌ တာဝန်ဝတ္တရားရှိကြောင်းကို လေးလေးနက်နက်သိရှိနားလည်လာလိမ့်မည်။ ပေါ့ဆမှုကိုပယ်ရှားလိမ့်မည်။ ကြမ်းတမ်းသောပျော်ရွှင်မှုများ၊ ရက်စက်စွာပြက်ရယ်ပြုမှုများရှိလိမ့်မည်မဟုတ်။ သခင်ယေရှု၏ဘာသာတရားသည် မြစ်ရေကဲ့သို့ ငြိမ်သက်ခြင်းကိုပေး၏။



ၡင်းသည် ပျော်ရွှင်ခြင်းအသွင်အပြင်ကိုမဖျက်ဆီးချေ။ ရွှင်လန်းအားရ

ခြင်းအဖြစ်ကိုမကန့်ကွက်၊ ရွှင်ပျပြုံးချိုသောမျက်နှာကို မှုန်သုန်သွား
အောင်မပြုလုပ်။ သခင်ခရစ်တော်သည် သူတစ်ပါးကိုစေခိုင်းဖို့မဟုတ်ဘဲ
သူတစ်ပါး၏အစေကိုခံခြင်းငှာကြွလာတော်မူ၏။ ၎င်းပြင် ကိုယ်တော်၏
မေတ္တာတော်သည် စိတ်နှလုံးထဲ၌စိုးမိုးနေသောအခါ ကျွန်ုပ်တို့သည်
ကိုယ်တော်၏ပုံသက်သေကို လိုက်လျှောက်ကြလိမ့်မည်။

ကျွန်ုပ်တို့၏စိတ်များထဲ၌ အခြားသောသူတို့၏ကြမ်းတမ်း၍
မတရားသောအပြုအမူတို့ကိုသာ အမြဲသဖြင့်ထိပ်ဆုံးမှထားနေကြလျှင်
သခင်ခရစ်တော်သည် ကျွန်ုပ်တို့ကိုချစ်သည်နည်းတူ သူတို့အားချစ်နိုင်
ဖို့ရန် မတတ်နိုင်ဘဲရှိနေသည်ကို ကျွန်ုပ်တို့တွေ့ရကြလိမ့်မည်။ သို့ရာ
တွင် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏အံ့ဩဖွယ်မေတ္တာနှင့်ကရုဏာ
တော်တို့ကို စွဲမြဲမှတ်ယူနေကြလျှင် ထိုသို့သောသဘောမျိုးကို သူတစ်ပါး
အပေါ်၌ထားနိုင်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် မမြင်ဘဲမနေနိုင်သော
အပြစ်နှင့်မစုံလင်သောအမှုတို့ကို ဂရုမစိုက်ဘဲ အချင်းချင်းချစ်ခင်ရိုသေ
လေးစားရကြမည်။ နှိမ့်ချခြင်းနှင့်ကိုယ်ကိုအထင်မကြီးခြင်းသဘောများ
ကိုပွားများစေလျက် သူတစ်ပါးတို့၏အပြစ်ကိုကြင်နာစွာသည်းခံရကြ
မည်။ ဤသို့ပြုခြင်းသည် သူတစ်ပါးအား အထင်သေးစေအပ်သော
ကိုယ်ကျိုးရှာခြင်းအမှုအပေါင်းကိုပယ်ရှား၍ ကျွန်ုပ်တို့အား သဘော
ထားကြီး၍ ကြင်နာသနားတတ်သောသူများဖြစ်စေလိမ့်မည်။

ဆာလံဆရာက၊ "ထာဝရဘုရားကိုခိုလှုံ၍ ကောင်းသောအကျင့်
ကိုကျင့်လော့၊ ပြည်တော်၌နေ၍ သစ္စာတရားကိုကျက်စားလော့" ဟု
ဆိုထား၏။ (ဆာလံကျမ်း ၃၇း၃)။"ထာဝရဘုရားကိုခိုလှုံလော့။"
နေ့အသီးအသီးသည် တာဝန်များ၊ စိုးရိမ်ပူပန်စရာများ၊ ရှုပ်ထွေးပွေလီ



မှုများနှင့်ပြည့်ဝလျက်နေ၏။ ၎င်းပြင် ကျွန်ုပ်တို့သည်တွေ့ဆုံကြသော

အခါ မိမိတို့၏အခက်အခဲများနှင့်စုံစမ်းနှောင့်ယှက်ခြင်းများကိုပြောပြရန် အဘယ်မျှလောက်အလိုရှိကြသနည်း။ ကျွန်ုပ်တို့တောင်းလျှောက်ချက်များကိုနားညောင်း၍ ဒုက္ခရောက်သောအခါတိုင်း၌ ကျွန်ုပ်တို့အားအလွယ်တကူမစကူညီရန် အသင့်ရှိတော်မူလျက် သနားကြင်နာ၍ချစ်ခင်မြတ်နိုးတော်မူသောကယ်တင်ရှင်သည် ကျွန်ုပ်တို့၌မရှိဟု သူတစ်ပါးတို့အားထင်မှတ်စေလောက်အောင် များစွာသောဒုက္ခဆင်းရဲတို့ကိုလည်းကောင်း၊ များစွာသောစိုးရိမ်ကြောက်လန့်ခြင်းအမှုကိုလည်းကောင်း၊ များစွာသောပူပန်သောကတို့ကိုလည်းကောင်း ဖော်ပြပြောဆိုနေတတ်ကြသည်။

အချို့တို့သည် အစဉ်သဖြင့်စိုးရိမ်ပူပန်လျက် သက်သက်ဒုက္ခရှာနေတတ်ကြသည်။ နေ့တိုင်းသူတို့သည် ဘုရားသခင်၏မေတ္တာတော်အကြောင်းကို ထင်ရှားစေသောလက္ခဏာသက်သေအများနှင့်ဝန်းရံလျက်ရှိကြသည်။ နေ့တိုင်းသူတို့သည် ဘုရားသခင်ချပေးတော်မူသောကောင်းချီးမင်္ဂလာများကိုခံစားနေကြသည်။သို့ရာတွင် ဤလက်ရှိခံစားနေရသောမင်္ဂလာများကို  သူတို့သည် သတိမမူချေ။ မိမိတို့အပေါ်၌ရောက်ရှိလာလိမ့်မည်ဟုစိုးရိမ်လျက် မနှစ်မြို့ဖွယ်သောအရာတို့ကိုသူတို့သည် အစဉ်သဖြင့်တွေးတောလျက်နေတတ်ကြသည်၊ (သို့မဟုတ်) အခက်အခဲတစ်စုံတစ်ခုဧကန်အမှန်ပင်ဖြစ်ပေါ်လာလိမ့်မည်။သို့သော်၎င်းသည် မည်မျှသေးငယ်သောအရာဖြစ်သော်လည်း ကျေးဇူးတင်စရာဖြစ်စေသောအကြောင်းအရာများစွာတို့ကို မမြင်စေနိုင်လောက်အောင်၎င်းတို့က သူတို့၏မျက်နှာကိုကွယ်ထား၏။ သူတို့သည် စိတ်မငြိမ်မသက်ဖြစ်ခြင်း၊ဝမ်းနည်းပူဆွေးခြင်းတို့ကိုသာ ဂရုစိုက်နေကြခြင်းကြောင့်



မိမိတို့၏အားကိုးစရာဖြစ်သော ဘုရားသခင်ထံသို့မပို့ဘဲ မိမိတို့ကိုယ်တိုင်

တွေ့ဆုံအရေးယူနေသောအခက်ခဲများသည် သူတို့အားဘုရားသခင် ထံမှဝေးကွာသွားစေတတ်၏။

ထိုသို့ကျွန်ုပ်တို့သည် ယုံမှားဖို့သင့်သလား။ အဘယ်ကြောင့် ကျွန်ုပ်တို့သည် ကျေးဇူးမဲ့လျက် အားကိုးရာမဲ့ဖြစ်ရကြမည်နည်း။ သခင်ယေရှုသည် ကျွန်ုပ်တို့၏မှုရေးကိစ္စတို့တွင် စိတ်ဝင်စားလျက် ရှိကြသည်။ ကျွန်ုပ်တို့သည် နေ့စဉ်အသက်တာ၏အရှုပ်အထွေးများနှင့် စိုးရိမ်သောကများအားဖြင့် မိမိတို့၏စိတ်ကိုအနှောင့်အယှက်ဖြစ်စေရန် အခွင့်မပေးသင့်ပေ။ ထိုသို့ပြုလျှင် ကျွန်ုပ်တို့သည် အစဉ်သဖြင့်စိတ်တို ဒေါသထွက်လျက်နေတတ်ကြသည်။ စုံစမ်းနှောင့်ယှက်ခြင်းကိုခံနိုင်ရန် အကူအညီမပေးဘဲ ကျွန်ုပ်တို့အားအမျက်ထွက်စေ၍ ပင်ပန်းသော စိုးရိမ်ကြောင့်ကြမှုတစ်စုံတစ်ခုကိုမျှ ကျွန်ုပ်တို့သည် ရာကြံအရေးယူ နေဖို့မသင့်ပေ။

သင်သည်အလုပ်အကိုင်၌ရှုပ်ထွေးခြင်းရှိတတ်သည်။ သင်၏ မျှော်လင့်ချက်တို့သည် သာ၍စိတ်ပျက်ဖွယ်ဖြစ်လာ၍ အရှုံးနှင့်တွေ့ကြုံ ကောင်းတွေ့ကြုံရလိမ့်မည်။ သို့သော်စိတ်မပျက်ပါနှင့်၊ သင်၏စိုးရိမ် ပူပန်ခြင်းတို့ကို ဘုရားသခင်အားအပ်နှံထား၍ စိတ်နှလုံးတည်ကြည်ငြိမ် သက်ခြင်းရှိစေလျက် စိတ်ပျော်ရွှင်စွာနေပါ။ သင်၏အမှုကိစ္စများတို့ကို အမြော်အမြင်ဉာဏ်ပညာဖြင့်စီမံဆောင်ရွက်နိုင်ဆုတောင်းပါ။ ထို နည်းအားဖြင့် အဆုံးအရှုံးအပျက်အစီးတို့ကို တားဆီးကာကွယ်ပါ။ သင့်လျော်သောအကျိုးကျေးဇူးခံစားရန် သင့်တာဝန်ကိုတတ်နိုင်သမျှ ထမ်းဆောင်ပါ။ သခင်ယေရှုက အထူးအကူအညီပေးမည်ဟု ကတိထား



တော်မူသော်လည်း မိမိတို့၏ကြိုးပမ်းမှုကို မပြုအပ်ဟုဆိုလိုတော်မမူ။

ကျွန်ုပ်တို့ကိုမစတော်မူသောအရှင်ကိုအားကိုးလျက်နေစဉ် သင်သည် တတ်နိုင်သမျှကြိုးစားအားထုတ်လုပ်ဆောင်လျက် ခံစားရသောအကျိုး အပြစ်ကို ဝမ်းသာစွာလက်ခံပါ။

မိမိ၏လူများအား စိုးရိမ်ပူပန်ခြင်းများဖြင့် ပင်ပန်းလေးလံ နေစေခြင်းငှာ ဘုရားသခင်သည် အလိုတော်မရှိပါ။ သို့ရာတွင် ကျွန်ုပ်တို့၏ထာဝရဘုရားသည် ကျွန်ုပ်တို့ကိုလှည့်စားတော်မမူပါ။ ဘုရား သခင်က ကျွန်ုပ်တို့အားမကြောက်ကြနှင့်။ သင်တို့အသက်တာလမ်း၌ ဘေးဒုက္ခများမရှိဟုမိန့်မြွက်တော်မမူပါ။ စုံစမ်းနှောင့်ယှက်ခြင်းအမှုနှင့် ဘေးဒုက္ခများရှိသည်ကို ဘုရားသခင်သိတော်မူ၍ ကျွန်ုပ်တို့နှင့်ထင်ရှား စွာဆက်ဆံဆောင်ရွက်တော်မူ၏။ ဘုရားသခင်သည် မိမိ၏လူတို့အား အပြစ်၊ မကောင်းမှုများနှင့်ပြည့်ဝသောလောကထဲမှနုတ်ဆောင်သွားရန် ကြံရွယ်တော်မမူဘဲ သူတို့အားအဘယ်အခါမျှ မပျက်စီးနိုင်သော ခိုကိုးရာအရပ်ကိုညွှန်ပြတော်မူ၏။ မိမိတပည့်တော်များအတွက် ကိုယ်တော်၏ဆုတောင်းချက်ကား၊ "ဤသူတို့ကို ဤလောကမှနုတ် ယူတော်မူမည်အကြောင်း အကျွန်ုပ်တောင့်သည်မဟုတ်ပါ။ မကောင်း သောအမှုအရာနှင့်ကင်းလွတ်စေခြင်းငှာ စောင့်မတော်မူမည်အကြောင်း ကိုသာ တောင်းပါ၏။" (ယောဟန် ၁၇း၁၅။) ကိုယ်တော်က၊ "သင်တို့သည် လောက၌ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်၊ ငါသည်လောကကိုအောင်မြင်ပြီ" ဟုမိန့်တော်မူ၏။ (ယောဟန် ၁၆း၃၃။)

တောင်ပေါ်၌ သခင်ခရစ်တော်ဟောတော်မူသောဘုရားသခင်၏ တရားတော်တွင် ဘုရားသခင်၌ယုံကြည်အားကိုးဖို့လိုကြောင်းနှင့်စပ်ဆိုင်၍



ကိုယ်တော်က မိမိ၏တပည့်တော်တို့အား အဖိုးထိုက်သောသင်ခန်းစာ

များကို သွန်သင်တော်မူ၏။ ကာလအဆက်ဆက်ရှိ ဘုရားသခင်၏ သားသမီးများကို အားပေးတိုက်တွန်းရန် ဤသင်ခန်းစာများကိုရည်ရွယ် စီမံထားတော်မူ၍ ၎င်းတို့သည် ကျွန်ုပ်တို့၏ခေတ်ကာလတိုင်အောင် သွန်သင်ဆုံးမခြင်း၊ နှစ်သိမ့်သက်သာစေခြင်းအလို၌ တည်ရှိလျက် နေကြသေးသည်။ ကယ်တင်ရှင်သည် မိမိ၏တပည့်တော်တို့အား ကောင်းကင်ငှက်များကိုညွှန်ပြတော်မူ။ ထိုငှက်များတို့သည် ပူပန်ခြင်းကင်းလျက် ချီးမွမ်းသီချင်းများကိုကြွေးကြော်နေကြ၏။ အကြောင်းကား "၎င်းတို့သည် မျိုးစေ့ကိုမကြဲ၊ စပါးကိုမရိတ်ကြချေ။" သို့ရာတွင် ကြီးမြတ်တော်မူသောခမည်းတော်သည် ၎င်းတို့၌လိုသောအရာတို့ကို ချပေးတော်မူ၏။ ကယ်တင်ရှင်က "ထိုငှက်တို့ထက် သင်တို့သည် အလွန်မြတ်သည်မဟုတ်လော" (မဿဲ ၆း၂၆။) ဟုမေးတော်မူ၏။ လူနှင့်တိရစ္ဆာန်တို့အားလိုသောအရာတို့ကိုစီမံချပေးတော်မူသောအရှင် ကိုယ်တော်မြတ်သည် မိမိ၏လက်များကိုဖွင့်ထားလျက် မိမိ၏သတ္တဝါအပေါင်းတို့အား ကျွေးမွေးပေးကမ်းတော်မူ၏။ ကောင်းကင်ငှက်တို့ကို ဘုရားသခင်သည် မိမိ၏မျက်စိအောက်၌ တကယ်ပင်ကျွေးမွေးနေတော်မူသည်မဟုတ်ပါ။ သူတို့၏နှုတ်သီးများထဲသို့အစာကိုချပေးနေတော်မဟုတ်ပါ။ သို့သော်သူတို့လိုသောအရာများကိုရရှိနိုင်စေခြင်း၌ စီမံထားတော်မူ၏။ သူတို့အတွက်အနှံ့အပြားချပေးထားသောစပါးမျိုးစေ့တို့ကို သူတို့သည် ကောက်ယူရကြမည်။ သူတို့သည် မိမိတို့၏အသိုက်ငယ်ကလေးများအတွက် အရာဝတ္ထုများကိုရှာဖွေပြင်ဆင်ရကြမည်။ သူတို့၏သားငယ်များကို အစာရှာကျွေးရမည်။ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သူတို့ကိုကျွေးမွေးတော်မူသောကြောင့် သူတို့သည်



မိမိတို့၏လုပ်ငန်းကိုလုပ်ကိုင်ကြရန် သီချင်းဆိုလျက်ထွက်သွားကြ၏။

ထိုကြောင့် ထိုငှက်တို့ထက်သင်တို့သည် အလွန်မြတ်သည်မဟုတ်လော။ အသိဉာဏ်နှင့်ပြည့်စုံ၍ ဝိညာဉ်ရေးနှင့်ဆိုင်သောကိုးကွယ်မှုတွင် အခွင့်ထူးရရှိသောသင်တို့သည် ကောင်းကင်ငှက်တို့ထက်သာ၍ အဖိုးထိုက်တန်ကြသည်မဟုတ်လော။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုယုံကြည်လျှင် ကျွန်ုပ်တို့ကိုစီမံဖန်ဆင်းတော်မူသောအရှင်၊ ကျွန်ုပ်တို့၏အသက်ကိုစောင့်ရှောက်ပြုစုတော်မူသောအရှင်၊ မိမိပုံသဏ္ဌာန်တော်နှင့်အညီ ကျွန်ုပ်တို့ကိုပြုပြင်ဖန်ဆင်းတော်မူသောအရှင်သည် ကျွန်ုပ်တို့၌လိုသောအရာများကို စီမံချပေးတော်မူ၏။

သခင်ခရစ်တော်သည် တပည့်တော်တို့အားလယ်ပြင်ထဲ၌များပြားစွာပေါက်နေသောပန်းများကို ညွှန်ပြတော်မူ၏။ ၎င်းပန်းများသည် လူတို့အား ကောင်းကင်ခမည်းတော်က ဖေါ်ပြထားသောလက္ခဏာအဖြစ်သို့ထင်ရှားစေဖို့ပေးထားတော်မူသော ရိုးရိုးလှပတင့်တယ်ခြင်းဖြင့် အရောင်တဖိတ်ဖိတ်တောက်လျက်ရှိကြ၏။ ကိုယ်တော်က၊ “တောနှင်းပင်တို့သည် အဘယ်သို့သောအားဖြင့်ကြီးပွားသည်ကို ဆင်ခြင်အောက်မေ့ကြလော့” ဟုမိန့်တော်မူ၏။ ဤသဘာဝပန်းများတို့၏ရိုးရိုးလှပတင့်တယ်ခြင်းအဖြစ်သည် ရှောလမုန်မင်းကြီး၏ခမ်းနားကြီးကျယ်ခြင်းတို့ထက် သာလွန်ထူးကဲပြိုင်ဘက်ကင်းကြပေသည်။ လူ၏အစွမ်းသတ္တိဖြင့်ပြုလုပ်နိုင်သည့်အလွန်ခမ်းနားတောက်ပသောအဝတ်တန်ဆာများပင်လျှင် ဘုရားသခင်ဖန်ဆင်းထားတော်မူသောပန်းများ၏သဘာဝတင့်တယ်ခြင်း၊ အရောင်တောက်နေသောလှပခြင်းတို့ကိုမမီနိုင်ချေ။ သခင်ယေရှုက၊ “ယုံကြည်အားနည်းသောသူတို့၊ ယနေ့အသက်ရှင်လျက် နက်ဖြန်မီးဖိုထဲသို့ရောက်သော တောမြတ်ပင်ကို ဘုရားသခင်သည် ထိုသို့သောအဝတ်နှင့်



ဖုံးလွှမ်းတော်မူလျှင်၊ ထိုမျှမက သင်တို့ကိုအဝတ်နှင့်ဖုံးလွှမ်းတော်မူမည်

မဟုတ်လော” (မဿဲ ၆း၂၈၊၃၀။) ဟုမေးတော်မူ၏။ တစ်နေ့အတွင်း ပျက်စီးရသော ရိုးရိုးပန်းပွင့်ကလေးများအား ပန်းချီဆရာတော်ကြီး ဖြစ်တော်မူသော ဘုရားသခင်သည် နူးညံ့တင့်တယ်သောအရောင်အမျိုး မျိုးဖြင့် ချယ်လှယ်တော်မူလျှင် မိမိ၏ပုံသဏ္ဌာန်ဖြင့် ပြုပြင်ဖန်ဆင်းထား တော်မူသောလူတို့ကို သာလွန်ထူးကဲစွာဖြင့်စောင့်ရှောက်ပြုစုတော်မူမည် မဟုတ်လော။ သခင်ခရစ်တော်မိန့်တော်မူသော ဤသင်ခန်းစာသည် ယုံကြည်သောစိတ်နှင့်ကင်းမဲ့သူတို့၏စိုးရိမ်ပူပန်သောက၊ အရှုပ်အထွေး နှင့် ယုံမှားသံသယများအတွက် ဆုံးမပြစ်တင်စကားဖြစ်လေ၏။

ထာဝရဘုရားသည် မိမိ၏သားသမီးအပေါင်းတို့အား ပျော်ရွှင် အေးချမ်း၍ မိမိ၏အလိုတော်ကိုလိုက်နာစေရန် အလိုရှိတော်မူ၏။ သခင်ယေရှုက၊ “ငါ၏ငြိမ်သက်ခြင်းကို သင်တို့အားငါပေး၏။ လောက သားတို့ ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်။” (ယောဟန် ၁၄း၂၇။) “သင်တို့၌ ငါ၀မ်းမြောက်စရာအကြောင်း တည်စေခြင်းငှာလည်းကောင်း၊ သင်တို့ ၀မ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှာလည်းကောင်း ဤစကားကို သင်တို့အားငါဟောပြော၏” (ယောဟန် ၁၅း၁၁။) ဟုမိန့်တော်မူ၏။

တစ်ကိုယ်ကောင်းကြံသောသဘောဖြင့် မိမိပြုအပ်သောတာဝန် ၀တ္တရားလမ်းမှလွဲလျက် ရှာဖွေနေသောပျော်မွေ့ခြင်းအမှုသည် ညီညွတ် မှုမရှိ၊ မှုမမှန်ဘဲ ခဏသာတည်၏။ ၎င်းသည် ပျောက်ပျက်သွား၍ စိတ်ဝိညာဉ်ကိုငြီးငွေ့ခြင်း၊ ၀မ်းနည်းခြင်းနှင့်ပြည့်စုံစေ၏။ သို့ရာတွင် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ခြင်းအလုပ်၌ အားရနှစ်သက် ခြင်းနှင့်စိတ်ကျေနပ်မှုကိုရရှိစေ၏။ ခရစ်ယာန်သည် မသေချာသော



လမ်းခရီး၌လျှောက်သွားရန် စွန့်ပစ်ထားခြင်းခံနေရသည်မဟုတ်ပါ။

သူသည် အကျိုးမဲ့သောဝမ်းနည်းစိတ်ပျက်ခြင်းအမှုတို့တွင် စွန့်ပစ်ထား ခြင်းခံနေရသည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဤအသက်တာ၌ပျော်မွေ့ စရာအချက်ကိုမရရှိလျှင် နောင်ကာလအသက်တာကို မြော်ကိုးခြင်း၌ ဝမ်းမြောက်ပျော်မွေ့ခြင်းရှိနိုင်ကြပါသေးသည်။

သို့ရာတွင် ဤယခုမျက်မှောက်ကာလ၌ပင် ခရစ်ယာန်တို့သည် သခင်ခရစ်တော်နှင့်ဆက်ဆံမိတ်သဟာယဖွဲ့ခြင်းတည်းဟူသော မွေ့လျော် စရာအချက်ကိုရရှိနိုင်ကြသည်။ သူတို့သည် ကိုယ်တော်၏မေတ္တာရောင် ခြည်အလင်းနှင့်ကိုယ်တော်အမြဲတည်ရှိတော်မူခြင်ဖြင့် စိတ်သက်သာမှု တို့ကိုရရှိနိုင်ကြသည်။ အသက်တာ၌ခြေလှမ်းတိုင်းသည် ကျွန်ုပ်တို့အား သခင်ယေရှုနှင့်သာ၍နီးကပ်စေနိုင်၏။ ကိုယ်တော်၏မေတ္တာတော် အကြောင်းသာ၍နက်နဲသောဗဟုသုတအတွေ့အကြုံကို ကျွန်ုပ်တို့အား ပေးနိုင်၏။ ၎င်းပြင်ငြိမ်သက်ခြင်းနှင့်ယှဉ်သောမင်္ဂလာအိမ်တော်သို့ ကျွန်ုပ်တို့အား တစ်လှမ်းသာ၍နီးကပ်လာစေနိုင်၏။ ထို့ကြောင့် ကျွန်ုပ် တို့သည် ယုံကြည်အားကိုးမှုကိုမစွန့်မပယ်ကြပါနှင့်၊ ယခင်ကထက် သာ၍ မြဲမြဲတည်ကြည်စွာစိတ်ချယုံကြည်ပါစို့။ "ထာဝရဘုရားသည် ငါတို့ကိုယခုတိုင်အောင်မစတော်မူပြီ။" (၁ရာဇဝင် ၇း၁၂။) ၎င်းပြင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအဆုံးတိုင်အောင်ကူညီမစတော်မူမည်။ ထာဝရဘုရားသည် ကျွန်ုပ်တို့စိတ်ချမ်းသာစေရန်သော်လည်းကောင်း၊ ဖျက်ဆီးသောသူ၏လက်မှ ကျွန်ုပ်တို့ကိုကယ်ဆယ်ရန်သော်လည်းကောင်း မည်သည့်အမှုများကိုပြုလုပ်တော်မူခဲ့ကြောင်း သတိပေးသောအရာများ ဖြစ်သည့် အထိမ်းအမှတ်ကျောက်တိုင်များကိုကြည့်ရှုကြပါစို့။ ဘုရားသခင် သုတ်ပစ်တော်မူသောမျက်ရည်များ၊ သက်သာအောင်ပြုတော်မူသော



ဝေဒနာများ၊ ဖယ်ရှားတော်မူသောစိုးရိမ်ပူပန်မှုများ၊ဖယ်ရှားတော်မူသော

ကြောက်လန့်ဖွယ်ရာများ၊ ဖြည့်စွက်တော်မူသောရှားပါးဆင်းရဲမှုများ၊ ချပေးတော်မူသောကောင်းချီးမင်္ဂလာများမှစ၍ ဘုရားသခင်သည် ကျွန်ုပ်တို့အားပြတော်မူခဲ့သောကရုဏာတော်အပေါင်းတို့ကို ကျွန်ုပ်တို့သည် စိတ်ထဲ၌ အမြဲစွဲမှတ်ထားလျက်နေကြပါစို့။ ထိုသို့အားဖြင့် ကျွန်ုပ်တို့၏ ကျန်သေးသောအသက်တာလမ်းခရီးတစ်လျှောက်လုံး၌ရှိနေသောအရာ ခပ်သိမ်းအတွက် ကျွန်ုပ်တို့ကိုခွန်အားနှင့်ပြည့်စုံစေလိမ့်မည်။

ရောက်လာလတ္တံ့သောတိုက်လှန်မှုတွင် ကျွန်ုပ်တို့သည် အသစ်သောရှုပ်ထွေးခက်ခဲမှုတို့ကို ကြိုတင်၍တွေးတောမနေနိုင်။ သို့သော် လွန်ခဲ့သောနေ့ရက်ကဖြစ်ပျက်ခဲ့သောအကြောင်းတို့နှင့်တကွ ရှေ့တွင် ကျရောက်မည့်အခြင်းအရာတို့ကိုကြည့်ရှုလျက်၊ "ထာဝရဘုရားသည် ငါတို့ကိုယခုတိုင်အောင်မစတော်မူပြီ။" (၁ရာဇဝင် ၇း၁၂။) "သင်၏ နေ့ရက်ကာလဖြစ်သည်အတိုင်း သင့်အစွမ်းသတ္တိဖြစ်လိမ့်မည်" (တရားဟောရာကျမ်း ၃၃း၂၅။) ဟုပြောဆိုနိုင်ကြသည်။ ကျွန်ုပ်တို့ ခံရပ်နိုင်လောက်အောင် ပေးထားသောအစွမ်းသတ္တိထက် ပိုမိုလွန်ကဲသော စုံစမ်းနှောင့်ယှက်ခြင်းမျိုးရှိရလိမ့်မည်မဟုတ်ပါ။ထို့ကြောင့် မည်သည့်အမှု ပင်ရောက်ရှိစေကာမူ၊ စုံစမ်းခြင်းနှင့်ညီမျှသောခွန်အားသတ္တိကိုပေးတော်မူမည်ဟုယုံကြည်လျက် ကျွန်ုပ်တို့တွေ့ကြုံရသောနေရာ၌ပင် အမှုတော်ကိုထမ်းဆောင်ကြပါစို့။

များမကြာမီ ဘုရားသခင်၏သားသမီးတို့အား လက်ခံရန် ကောင်းကင်တံခါးများကိုဖွင့်ထားလိမ့်မည်။ ၎င်းပြင် ဘုန်းတော်နှင့် ပြည့်ဝသောဘုရင်မင်းမြတ်၏နှုတ်တော်မှကောင်းချီးမင်္ဂလာစကားသံများကို အသာယာဆုံးသော သီချင်းသံကဲ့သို့သူတို့သည် အောက်ပါအတိုင်း



ကြားရကြလိမ့်မည်။ "ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာကိုခံသော

သူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကိုလာ၍ အမွေခံကြလော့။” မဿဲ ၂၅း၃၄။

ထိုအခါသခင်ယေရှုသည် သူတို့အတွက်ပြင်ဆင်နေတော်မူသော အိမ်တော်သို့ ရွေးနုတ်ခြင်းခံရသောသူတို့ကို ခရီးဦးကြိုပြုလျက် လက်ခံတော်မူလိမ့်မည်။ ထိုအရပ်၌လူတို့သည် ယုတ်မာသောသူ၊ မုသားပြောသောသူ၊ မသန့်ရှင်းသောသူ၊ မယုံကြည်သောသူတို့နှင့်မပေါင်းဖေါ်ရဘဲ စာတန်ကိုအောင်မြင်သောသူတို့နှင့် ပေါင်းသင်းဆက်ဆံရကြလိမ့်မည်။ ၎င်းပြင် ဘုရားသခင်၏ကရုဏာကျေးဇူးတော်အားဖြင့် စုံလင်သောအကျင့်ကိုရရှိကြလိမ့်မည်။ သူတို့အား ဤမြေကြီးပေါ်၌ နှောင့်ယှက်တတ်သည့်အပြစ်ပြုလိုသောသဘော၊ မစုံလင်သောအဖြစ်ရှိသမျှတို့ကို သခင်ခရစ်တော်၏အသွေးတော်အားဖြင့် ဆေးကြော်ပြီးလေပြီ။ ၎င်းပြင် နေ၏တောက်ပခြင်းထက် အလွန်သာယာသော ကိုယ်တော်၏ဘုန်းတော်မှကောင်းမြတ်၍ တောက်ပထွန်းလင်းသော အလင်းရောင်ကို သူတို့အားပေးတော်မူလိမ့်မည်။ ကိုယ်တော်၏ စုံလင်သောအကျင့်တည်းဟူသည့် တင့်တယ်သောအကျင့်ကို သူတို့အားဖြင့် ထွန်းလင်းစေသဖြင့် ဤလောကရှိ ပြင်ပတင့်တယ်ခမ်းနားခြင်းထက်သာလွန်၍ အဖိုးထိုက်တန်လေသည်။ သူတို့သည်ကြီးမြတ်၍ဖြူသောပလ္လင်တော်ရှေ့၌ ကောင်းကင်တမန်တို့၏ ဂုဏ်အသရေနှင့် အခွင့်အရေးများကိုခံယူရရှိလျက် အပြစ်ကင်းစင်စွာနေရကြလေသည်။

မိမိရထိုက်သည့်ဘုန်းတော်နှင့်စပ်ဆိုင်သော အမွေတော်ကိုထောက်ရှုလျက်၊ “လူသည်မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်



သနည်း။” (မဿဲ ၁၆း၂၆။) သူသည်လောက၌ဆင်းရဲနေသော်လည်း၊

လောကသည်အဘယ်အခါမျှမပေးနိုင်သော စည်းစိမ်နှင့်ဂုဏ်အသရေကို မိမိကိုယ်တိုင်၌ပိုင်ဆိုင်ရရှိထားလေပြီ။ အပြစ်မှရွေးနုတ်၍ ဆေးကြော ခြင်းခံရလျက် ဘုရားသခင်၏အမှုတော်အတွင် မိမိ၏မြင့်မြတ်သော အစွမ်းသတ္တိများကို ဆက်ကပ်ပူဇော်ထားသောဝိညာဉ်သည် လွန်ကဲစွာ အဖိုးထိုက်တန်ပေသည်။ ၎င်းပြင် ကောင်းကင်၌ဘုရားသခင်ရှေ့၊ သန့်ရှင်းသောကောင်းကင်တမန်တို့ရှေ့တွင် ရွေးနုတ်ခြင်းခံရသောဝိညာဉ် တစ်ပါးအတွက် ဝမ်းမြောက်ခြင်းရှိ၏။ သန့်ရှင်းသောအောင်မြင်ခြင်း နှင့်ဆိုင်သောသီချင်းများတွင် ထင်ရှားသောဝမ်းမြောက်ခြင်းဖြစ်သတည်း။

---ooo---